www.burmeseclassic.com

TWO CATS PUBLICATION
မောင်မျိုး
စီစဉ်သည်

ကလျာ
[ဝိဇ္ဇာသိပ္ပံ]

# ဖွဲ့ကာပင်တောင်ဒြေ
# ချစ်ခိုပါစေသည်

BURMESE CLASSIC .com

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၏

# ဖွဲ့ကပင်တောင်ခြေ ချစ်ရိပ်ဝေသည်

ပထမအကြိမ် - ၁၉၈၈ ခု၊ ဇူလိုင်လ
ဒုတိယအကြိမ် - ၂၀၁၁ ခု၊ မတ်လ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဤဝတ္ထုတွင် ကရင်ပြည်နယ်နှင့်ပတ်သက်သော သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ရိုးရာယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး စသည်တို့ကို အလျဉ်းသင့်သလို အနည်းအကျဉ်း ထည့်သွင်းရေးသားထားပါသည်။

ဤသို့ ရေးသားနိုင်ရန်အတွက် ကျမ်းများစွာကို လေ့လာမှီငြမ်းကိုးကားခဲ့ရပါ၏။

ထိုစာအုပ်များကို ရေးသားပြုစုထားကြသော စာပေပညာရှင်အပေါင်းအား ဂါရဝပြုအပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထု ရေးသားနိုင်ရန်အတွက် ဘားအံခရီးသို့ ကူညီလိုက်ပို့သူ တူမ "အင်္ဂစသာ" အားလည်းကောင်း. . .

သွားလာရန် ခက်ခဲလှသော ဆဒ္ဒန်ဂူခရီးစဉ်နှင့် ဘားအံမြို့တွင်း၊ မြို့ပြင်၊ ဇွဲကပင်ဝန်းကျင်အနှံ့သို့ အချိန်ကုန် အပင်ပန်းခံကာ လိုက်ပို့ပေးကြသော ဘားအံမြို့မှ "ဆရာနှင့်နွယ်" တို့အား လည်းကောင်း. . .

အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)





၁၉၈၁ ခုနှစ်. . .

တမိုးလုံး မှိုင်းမှောင်နေသည်။

မုတ္တမပင်လယ်ပြင်မှာ မိုးသက်မုန်တိုင်း ကျနေကြောင်း သေချာပြီ။

ဤ "သံလွင်မြစ်"ရိုးတစ်လျှောက်မှာ လှိုင်းကြမ်းကြီးများ လှိုက်လှိုက်ခုန်နေ၏။

လေသည် ပို၍ ဖိအားပြင်းစွာ တိုက်ခတ်လာသည်။ မိုးစက်မိုးပေါက်များကလည်း အစုဟုန်ကြမ်းစွာ ကျဆင်းလာပြီးသည်နှင့်. . .

"ဟော. . . လေအော်သံပဲ"

"ဟုတ်တယ်၊ မိုးသက်မုန်တိုင်း ဒီဘက်ကို ရောက်လာပြီ"

"ဘယ်လိုလုပ်ကြမလဲ"

"မလွတ်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရေစီးသန်လွန်းသော သံလွင်မြစ်၏ အကျယ်ဆုံးသော နေရာမှာ မုန်တိုင်းမိတော့မည့် စက်လှေတစ်စင်း. . .။

စက်ချွတ်ယွင်းချိန်မှာမှ မုန်တိုင်းနှင့် လာတိုးနေရသည့် အဖြစ်. . .

စက်လှေပေါ်မှာလည်း လူသုံးယောက်တည်း။

အချင်းချင်း စိတ်ဝမ်းကွဲ၍ လမ်းခွဲလာခဲ့ကြသော မှောင်ခိုစက်လှေ. . .

ကုန်က အနင့်. .

အဖိုးတန်ပစ္စည်းကအပြည့်. . .

လူသားသုံးယောက်၏ တက်ကြွခဲ့ကြသော လောဘများကို မုန်တိုင်းက တိုက်ခတ်ပယ်ရှားပစ်လိုက်ပြီ။

အားလုံး သွေးပျက်တော့မတတ်. . .

ဘာမှလုပ်လို့မရတော့မှန်း သိပါလျက်နှင့် စက်လှေပေါ်တွင် ပြေးကြလွှားကြ. . .

ကြောက်မက်ဖွယ် အော်မြည်သံနှင့်အတူ လေသည် ကြမ်းတမ်းရက်စက်စွာ တရကြမ်း မွှေယမ်းလာသည်။

"ဘယ်လိုလုပ်ကြမလဲ"

"လှေမှောက်တော့မယ်"

"ဟုတ်တယ်၊ နစ်တော့မယ်"

တစ်ယောက်နှင့်တစ်ယောက် မဝေးကွာလှပါပဲနှင့် အသံကုန် ကျုံး၍ ဟစ်အော်လေမှ ကြားသာရုံ. . .

မိုးသံလေသံနှင့် လှိုင်းကြမ်းသံကြီးများကြားမှာ လူသားတို့၏ အသံသည် ထွင်းဖောက်ရန် ခဲယဉ်းစွာဖြင့် သေးငယ်





တိုးတိမ်နေတော့သည်။

"အိတ်တွေ ပစ်ချမှဖြစ်မယ်"

"မလုပ်ပါနဲ့ ဟိုးမှာ ကျွန်းလေး ပျပျမြင်ရတယ်၊ ရောက်အောင်သွားဖို့ ကြိုးစားမယ်"

"မင်း လောဘကြီးမနေနဲ့"

"ဟုတ်တယ်၊ လှေနစ်ရင် အားလုံးသေကုန်မယ်"

နှစ်ယောက်နှင့်တစ်ယောက်မို့ နှစ်ယောက်၏ဆန္ဒအရ မြွေရေခွံအိတ်ကြီးရှစ်အိတ်ကို သုံးယောက်သား မနည်းမ၍ မြစ်အတွင်းသို့ ပစ်ချလိုက်ရသည်။

အသက်ဘေး လုနေကြရချိန်မို့သာ မိုးရေဝင်နေသော မှောင်ခိုအိတ်ကြီးများကို နိုင်ကြခြင်းဖြစ်သည်။

လှေက ပေါ့သွား၍ ပိုလူးလာသည်။

ထိုသို့ အလူးလူးအလိမ့်လိမ့်ဖြစ်နေစဉ် လေပြင်းတစ်ချက်အဝှေ့မှာ. . .

"အာ"

"ဟာ. . ."

လှေနံပေါ်မှ တစ်ယောက် ရေထဲသို့ ကစဉ့်ကလျားကျသွားချေပြီ. . .။

ကျန်နှစ်ယောက်က အနီးကပ်မြင်လိုက်ရသော်လည်း ကူချိန်ကယ်ချိန် မရလိုက်ကြ။

သူ့ကိုယ်ခန္ဓာသည်ပင်လျှင် တစ်ကြိမ်တစ်ခါမျှ ပြန်ပေါ်မလာတော့. . .

လှိုင်းကြမ်းအောက်မှာ စုန်းစုန်းမြုပ်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤအဖြစ်ကိုကြည့်ပြီး "ကိုမြတ်သာ"ဆိုသော သူသည် ရွှဲနစ်နေသော ကိုယ်ခန္ဓာနှင့် မိုးလေများကြားမှ ကျန် တစ်ယောက်ဆီသို့ ပြေးလာရင်း. . .

"ကို. . . ကိုရဲသွေး၊ ကျုပ်ကြောက်တယ်ဗျ. . . ကျုပ် ကြောက်တယ်"

ကိုမြတ်သာက ငယ်သံပါအောင် အော်ရင်း သူထံသို့ ခက်ခဲစွာ လျှောက်လာနေသော သူ့သူငယ်ချင်းအား အကြင်နာ လက်ဖြင့် "ကိုရဲသွေး"က လှမ်းလင့်လျက်. . .

"မကြောက်နဲ့၊ မကြောက်နဲ့၊ ဒီလာခဲ့"

အသံကုန် အော် အားပေးလိုက်ချိန်မှာ ကိုမြတ်သာက အားနှင့် ပြေးအလာ. . .

"အား"

"အမယ်လေးဗျ"

ကိုမြတ်သာ မထိန်းနိုင်သော အရှိန်နှင့် ဝင်တိုက်လိုက် သဖြင့်. . .

နှစ်ယောက်သား လက်ချင်းချိတ်ဆက်မိချိန်မှာ အရှိန်နှင့် လဲကျသွားကြသည်။

တစ်ယောက်က လှေအတွင်း။

တစ်ယောက်က လှေ၏ပြင်ပ။

"ဆွဲ"

"ဆွဲ"

ရေထဲမှနေ၍ အသံနက်ကြီးဖြင့် ကြောက်အားလန့်အား ကြုံးအော်နေသော ကိုရဲသွေး၏လက်ဖြန်ကို ကိုမြတ်သာက





တအားဆုပ်၍ ဆွဲတင်နေရှာပါသော်လည်း. . .

လေကထန်

လှိုင်းကကြီး

မိုးက တအားရွာချနေ၍ ဘယ်လိုမှ မအောင်မြင်ကြ၊ ဘယ်သူမှ နေရာကမရွေ့ကြ။

ကိုမြတ်သာ၏ လက်တစ်ဘက်က တိုင်ကို တအားဆွဲ လျက် တစ်ဘက်က ကိုရဲသွေး၏လက်ကို ဆုပ်လျက်. . .

ရေထဲမှ ကိုရဲသွေးသည်လည်း သေအံ့မူးမူးကာလမှ လူသားတစ်ဦး၏ မျက်နှာအတိုင်း ကြောက်ရွံ့ထိတ်လန့်ခြင်း ကြီးစွာဖြင့် ရှိနေရှာသည်။

သူ ဘာမှထပ်ပြော၍မရ. . .

ရေပေါ် ပေါ်လာလိုက်၊ လှိုင်းလုံးကြီးက ဖုံးသွား လိုက်. . .

ကိုရဲသွေး၏လက်ကို ဆွဲထားဆဲမှာ ကိုမြတ်သာ၏ မျက်လုံးထဲတွင်. . .

လှေအတွင်းမှာရှိနေသော ရွှေချောင်းများ အစီအရီ ပေါ်လာသည်။

"ရွှေ. . ."

"ရွှေတွေ. . . ရွှေတွေ"

ဤရွှေတွေကို တစ်ကိုယ်တည်း အပိုင်စီးဖို့ အခွင့်အရေး ကြုံလာပြီဆိုသော အသိသည် လျှပ်ရောင်ကဲ့သို့ တစ်ချက် လက်သွားသည်နှင့်. . .

"သွားပေတော့ ကိုရဲသွေးရေ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှပင် အသံထွက်သွားလိုက်မိသလား မသိတော့ပါ၊ ဆွဲထားသော သူ့လက်ကို ဖြေလွှတ်လိုက်သည်နှင့်. . .

"အား. . . ဟာ"

"အား"

ရေပေါ် ပေါ်လာသော ကိုရဲသွေး၏ မျက်လုံးကြီးမှာ ကျွတ်ထွက်မတတ် ပြူးကျယ်ရင်း. . .

"သူ့ကို တမင်လွှတ်လိုက်လေခြင်း"

ဆိုသောအသိဖြင့် ကြည့်သွားသော သူ့မျက်နှာကြီးသည် စက္ကန့်ပိုင်း အတွင်းမှာပင် လှိုင်းလုံးကြီးက ဖုံးအုပ်သွားလေတော့သည်။

ကိုမြတ်သာမှာ မုန်တိုင်းကျနေသည်ဆိုသည့် အဖြစ်ကိုပင် မေ့လျော့သွားသလို လှေဝမ်းထဲမှ ရွှေချောင်းများ ရှိရာသို့ ဆင်းရန် ထလာဆဲမှာ မြစ်ပြင်ကို လှမ်းကြည့်လိုက်မိသည်။

"ဟို. . . ဟိုဟာ ကိုရဲသွေးများလား"

ဝေးဝေးဆီမှာ မည်းမည်းအရာလေးတစ်ခု လိမ့်မျောနေသည်ကို ဝိုးတဝါး သူမြင်လိုက်ရသည်။

သူကဲ့သို့ပင် ကိုရဲသွေးသည်လည်း ပင်လယ်ပျော်တစ်ဦး။ ရေကူးကျင်လည်လွန်းသူတစ်ဦးပင်။

ကိုရဲသွေး အသက်ရှင်လျက် ကူးခတ်သွားမည်ကို စိုးကြောက်လွန်းသော အကြည့်ဖြင့် လှမ်းကြည့်နေဆဲမှာပင်. . .

လေက ပို၍ ကြမ်းလာပြန်သည်။

ကိုမြတ်သာသည်. . .





ရွှေချောင်းများကို အမိအရပိုက်ယူကာ ကမ်းခြေဘက်သို့ ကူးပြေးရကောင်းမလား. . .

ဤလှေထဲမှာပင် မုန်တိုင်းဆဲချိန်အထိ စောင့်နေရကောင်းမလားဟု စဉ်းစားနေဆဲမှာ. . .

လေနီကြမ်းတစ်လုံး ဆောင့်တိုးလိုက်သဖြင့် သူမတ်တတ်က ပစ်လဲကျသွားသည်။

အုတ်ဆက်အနီးကို လှေနံရုံနှင့် အရှိန်ပြင်းစွာ ရိုက်မိသဖြင့် နာကျင်မူးဝေမှုကို တစ်ချက်ခံစားလိုက်ရပြီး နောက်မှာ. . .

မိုးပြင်း လေပြင်းကိုလည်းကောင်း. . .

လှိုင်းလုံးကြီးများကြားမှာ ချာချာလည်နေသော လှေ၏ အဖြစ်ကိုလည်းကောင်း. . .

သူ ဘာမှမကြား၊ မသိ၊ မထိတွေ့၊ မခံစားရတော့ပါဘဲနှင့်. . .

တစ်မိုးလုံး တမြေလုံး တလောကလုံး မှောင်အတိ ကျသွားခဲ့လေသတည်း။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ၁ ။

၁၉၈၆ ခုနှစ်. . .

ရန်ကုန်ဆေးရုံကြီးမှာ နောက်ဆုံးနှစ် သူနာပြုသင်တန်းသူ အဖြစ် "နန်းဝေဝေ" လက်တွေ့ဆင်းနေရချိန်. . .

"သိပ်ပင်ပန်းနေလား နန်းဝေဝေ"

"ဩော်. . . ဒေါက်တာ"

"ဟာဗျာ. . . ဒေါက်တာလို့ မခေါ်ပါနဲ့ဦး နန်းဝေဝေရဲ့၊ ခုမှ ဟောက်စ်ပဲ ရှိသေးတာ"

"ဩော်. . . ဟောက်စ်ဆာဂျင် တစ်နှစ်ပြီးရင် ဆရာဝန်ဖြစ်တော့မှာပဲ၊ ခုလည်း ဖြစ်နေပါပြီလေ"

"ဒါပေမယ့် ဒေါက်တာလို့ မခေါ်နဲ့ဗျာ"

"ဒေါက်တာလို့ မခေါ်စေချင်ရင် ဆရာလို့ ခေါ်ရုံပါပဲ၊ ကဲ. . . နန်းဝေ အလုပ်ရှိသေးလို့ပါ"

"ဒေါက်တာနေမင်းထက်" သူ့ကိုကြည့်၍ ကျန်ရစ်မည်ဆိုသည်ကို သိပါလျက် တမင် ထွက်လာခဲ့သည်။





နာတာရှည်အဘိုးကြီး လူနာတစ်ဦးအတွက် ဆေးထိုးပေးမည့် ဘလူးစတပ်ဖ်(ထဘီအပြာဝတ်ဆရာမကြီး)ကို ကူညီပေးရန် နန်းဝေဝေ ရပ်စောင့်နေရသည်။

လူနာအဘိုးကြီးက အားကိုးသော မျက်လုံးဖြင့်ကြည့်ပြီး ပြုံးပြနေရှာပါသော်လည်း သူ့အပြုံးက အားနည်းလှချေသည်။

စတပ်ဖ်ပြန်ထွက်သွားသည်။

လူနာစောင့် မရှိရှာသော အဘိုးကြီးကို သနားစိတ်ဖြင့် လိုအပ်သည်များကို ကူညီပေးပြီးချိန်မှာ. . .

"ဒေါက်တာနေမင်းထက်က အတင်းစကားလိုက်ပြောနေတာတော်င် ယူက ကွေ့ရှောင်နေပါလား"

"မလိုအပ်ပါဘူး ဥမ္မာရယ်"

"ဘယ့်နှယ့် မလိုအပ်ရမှာလဲ"

'လှဥမ္မာ'၏ စကားဆုံးသည်နှင့် အသားမည်းမည်း၊ အရုပ်ဆိုးဆိုး အညာသူ မစန်းကြည်က. . .

"တို့ကျတော့လည်း ဘယ်ဆရာဝန်ကမှ မကြိုက်ပါလားနော်၊ ဆေးကျောင်းသားတွေကို မှန်းတော့လည်း ငါ့ကို အဒေါ်လို့ ခေါ်သွားတယ်ဟဲ့"

လှဥမ္မာ ရယ်မောလျက်. . .

"ဥမ္မာတို့တော့ ဆရာဝန်ကတော် ဖြစ်ရမယ်ဆိုရင် အခုလားပဲ"

"တော်စမ်းပါ ဥမ္မာရယ်၊ သူတို့ဆရာဝန်တွေက တို့လို သူနာပြု ဆရာမတွေကို မမှန်းပါဘူးကွာ"

"အောင်မာ ဘာလို့ မမှန်းရမှာလဲ၊ ဆရာဝန်နဲ့ သူနာပြု



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ဇနီးမောင်နှံတွေ မြန်မာပြည်အနှံ့ ရှိပါတယ်နော်"

"နန်းဝေကတော့ မမှန်းဘူးဥမ္မာ၊ ရလည်း မလိုချင်ဘူး"

"ပြတ်သားလှချည်လားဟ"

"ကိုယ့်ဘဝ ကိုယ်သိလို့ပါကွယ်၊ နန်းဝေတို့က ဆင်းရဲတယ်မဟုတ်လား"

"ဟော့. . . ယောကျ်ားတွေ လိုက်တဲ့နေရာမှာ ချမ်းသာဆင်းရဲက အဓိက မဟုတ်ဘူးကွ၊ အလှပေါ်မှာ မူတည်တာ၊ နန်းဝေက ဒီလောက် ရက်ရက်စက်စက် လှတာကိုး. . ."

"တော်ပါတော့ ဥမ္မာရယ်"

စိတ်ရှုပ်လာသည်နှင့် သူတို့အနားမှ ထွက်ခွာပြီး ဝဒ်အပြင်သို့ အထွက်တွင် ဒေါက်တာနေမင်းထက်နှင့် မျက်နှာချင်းဆိုင် မမျှော်လင့်ဘဲ ဆုံဖြစ်ပြန်သည်။

သူက ထွက်၍မရအောင် တမင် ရှေ့က ပိတ်ရပ်ထား၏။

ဝေဖန်သော မျက်ဝန်းများနှင့် ကြည့်နေကြမည့် ကျောဘက်ဆီမှ ဥမ္မာတို့၏ မျက်နှာကို ရှေ့မှာ ရှိနေသည်သို့ မြင်ယောင်မိ၏။

"ဂျူတီချိန်ပြီးရင် ကျွန်တော့်ကို စကားခဏ ပြောခွင့်ပြုပါ နန်းဝေဝေ"

"နန်းဝေ ဘာမှမပြောချင်ပါဘူး"

"နန်းဝေဝေ ပြောစရာ မလိုပါဘူး၊ ကျွန်တော်ပြောတာကို နားထောင်ဖို့ပါ"

"ခွင့်လွှတ်ပါရှင်၊ ကျေးဇူးပြုပြီး နန်းဝေရှေ့က ဖယ်ပါ။ နောင်လည်း မနှောင့်ယှက်ပါနဲ့"





စကားက ယဉ်ကျေးသော်လည်း အသံက မပျော့ပြောင်းနွဲ့. . .

မျက်နှာမှာလည်း အပြုံးမဲ့စွာ ခပ်တည်တည် တင်းတင်းပင်။ သူ့ရှေ့မှ ပတ်ကွေ့ပြီး ဖြတ်ထွက်လာခဲ့ရတော့သည်. . .

လှသော နန်းဝေဝေ ခုလို ကြုံရဆုံရသည်မှာ မဆန်းတော့ပါ။

နန်းဝေဝေ ဘယ်သူ့ကိုမှ မစဉ်းစားနိုင်အား. . .

အထူးသဖြင့် ယခုလို ကိုယ့်ကို ပစ်ခွာသွားမည့် ကိုယ့်ထက်အဆင့်မြင့်သူကို နန်းဝေဝေ လုံးဝ စိတ်မဝင်စားခဲ့ပါချေ။

◈ ◈ ◈

၁၉၈၇ ခုနှစ်. . .

"စိတ်မဝင်စားဘူး ဟုတ်လား၊ အံ့ပါ့အေ၊ ဆရာဝန်လေးတစ်ယောက်ကို ညည်းက ဘာလို့ စိတ်မဝင်စားရတာလဲ"

"သြော်. . . မေမေရယ်"

"ခုဆို သင်တန်းလည်း ပြီးသွားပြီ၊ အိမ်ထောင်ပြုလို့လည်း ရပြီ မဟုတ်လား"

"သမီးမှ အိမ်ထောင်မပြုချင်သေးတာ"

"ကျုပ်ကို ဘယ်အထိ ဒုက္ခပေးချင်နေသေးလို့လဲ"

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းတက်တုန်းကလည်း ဖေးတဲ့စတိုင်ပင်က မဖြစ်စလောက်နဲ့မို့ ငါ့မှာ ကုန်လိုက်ရတာ သောက်သောက်လဲ"

မိခင်ကို နန်းဝေဝေ ဝမ်းနည်းအားငယ်စွာ ကြည့်နေမိသည်။

"ခုလည်း အလုပ်က ဘယ်တော့ရမယ်မှန်း မသိသေးဘူး"

သူနာပြုသင်တန်းအောင်ပြီးပါလျက် အလုပ်လက်မဲ့ဖြစ်နေရသော မိမိဘဝကို နန်းဝေဝေ မချင့်မရဲ ဖြစ်နေမိသည်။

"ဟိုဆရာဝန်လေးလည်း အလုပ်မရသေးပါဘူး၊ ဒါပေမယ့် ဆရာဝန်ဆိုတာ ဆေးခန်းဖွင့်စားလို့ရတယ်၊ ရတဲ့ဆေးခွဲတမ်းကို မှောင်ခိုပြန်ရောင်းစားလို့ရတယ်"

စကား ပစ်ပစပ်များတတ်လွန်းသော မေမေ့ကို နန်းဝေဝေ ဘာငြင်းချက်မှ မပွားလိုတော့ပါ။

"သင်တန်းသူဘဝတုန်းကတည်းက ညည်းက ရှောင်ဖယ်ဖယ် လုပ်ခဲ့တာတောင် ဟိုက မရမက လိုက်ရှာပြီး အိမ်ရောက်လာတာ"

ဒေါက်တာနေမင်းထက်ကို မေမေ "ဒေါ်ဖြူဖြူထွန်း" အလွန်အမင်း သဘောကျနေသည်ဟု နန်းဝေဝေ ထင်ခဲ့သည်၊

ကိုယ့်သမီးလေး ကောင်းစားစေချင်၍ နေမင်းထက်နှင့် သဘောတူရှာသည်ဟု မေမေ့ကို နန်းဝေဝေ အထင်တကြီး ရှိခဲ့မိပါသည်။

"ဒီကိစ္စကို ညည်း ဘယ်လိုဆုံးဖြတ်မှာလဲ"

"မေမေရယ်၊ သူက ဆရာဝန်ဖြစ်ရုံမက သူ့မိဘတွေက သိပ်ချမ်းသာကြတာ"





"ချမ်းသာတာ ပိုမကောင်းဘူးလား"

"သူ့မိဘတွေက သမီးလိုမိန်းကလေးကို သဘောတူမတဲ့လား မေမေရဲ့၊ တစ်ခုခု ကွဲဖို့ပဲရှိတယ်"

"ဘာ. . ."

"သူ့ကို ပြန်ချစ်မိရင် အရှက်ရင်လည်း ကွဲရမယ်၊ အသည်းရင်လည်း ကွဲရမယ်၊ အဲ. . . နှစ်ခုစလုံး. . ."

"တော်စမ်း. . . အသည်းတွေ၊ အဆုတ်တွေ၊ နှလုံးတွေ သုံးလုံးတွေ ငါမကြားချင်ဘူး၊ ညည်းအဖေ အဲဒီလို ပြောခဲ့တာတွေကြောင့် ငါ အခုလို ခွေးဘဝ ရောက်နေရတာပေါ့"

"ဖေဖေ့မှာ ဘာအပြစ်မှ မရှိပါဘူး မေမေရယ်"

"မိန်းမကို ချမ်းချမ်းသာသာ မထားနိုင်တဲ့အပြစ်ထက်ကြီးတဲ့အပြစ် မရှိဘူးဟေ့"

"မေမေ အဲဒီလိုပြောပြောနေလို့ ဖေဖေ ခုလို ဖြစ်သွားရတာ"

"အောင်မယ်. . . သူ့အဖေထိတော့ နာတတ်လိုက်ဘာ"

"ဖေဖေသာ ဒီခရီးက ပြန်လာနိုင်ခဲ့ရင် မေမေ့ရဲ့ဆန္ဒတွေ ပြည့်ဝမှာပါ"

"တော်စမ်းပါအေ၊ သေခါနီးမှာတောင် ငါ့လက်ဝတ်လက်စားတွေ ချွတ်ယူသွားလို့ တက်တက်ပြောင်ခဲ့ပြီပဲ"

"ဖေဖေဟာ ဒီလိုလူစား မဟုတ်ပါဘူး၊ ပြီးတော့ ဖေဖေ သေပြီလို့လည်း သမီးမယုံကြည်နိုင်ဘူး၊ တစ်နေ့နေ့ ပြန်ရောက်လာမယ်လို့ သမီး မျှော်လင့်နေဆဲပဲ မေမေ"

"မုန်တိုင်းမိပြီး လှေမှောက်သွားပါတယ်ဆိုမှ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်ရှင်နေသေးရင် နေမတွဲလား၊ ဒီလောက်. . . ဟင်း”

ဒေါ်ဖြူဖြူထွန်း၏ မျက်စောင်းစူးစူးက နန်းဝေဝေ တစ်ကိုယ်လုံးကို လွှမ်းခြုံ၏။

တစ်ဦးတည်းသောသမီးလေးကို ချစ်တတ်လွန်းစွာ ဂရုစိုက် အလိုလိုက်ကာ အရိပ်ကြည့်နေတတ်ရှာသော ဖခင်ကြီး၏ရုပ်သွင်သည် နန်းဝေဝေ၏ အတွေးမှာ ထာဝရပုံရိပ် ထင်၏။

“ဒီမှာနန်းဝေ”

“ဟုတ်ကဲ့မေမေ”

“ညည်းတက်ချင်တယ်ဆိုတဲ့ သူနာပြုသင်တန်းလည်း သုံးနှစ်ခွဲလုံးလုံး ငါထားပေးခဲ့ပြီးပြီ၊ ငါ့မှာလည်း ‘ကိုတင်မောင်’ တစ်ယောက် ကူညီနေပေလို့သာပေါ့၊ ဒီတော့ ငါပြောချင်တာက ဒေါက်တာနေမင်းထက်ကို လက်ခံပြီး သူနဲ့ လက်ထပ်လိုက်ကြ၊ ငါလည်း ငါ့ဘဝ ငါလျှောက်ရဦးမယ်”

မေမေဆိုလိုသည့် အဓိပ္ပာယ်ကို ရင်ထဲမှာ စူးနစ်နာကျင်စွာ သိလာရပါ၏။

ကိုတင်မောင်ဆိုသောသူနှင့် မေမေ. . .

မိခင်နှင့် သားသမီးမို့ ဘာမှမပြောသာ. . .

“ညည်းအလုပ်က ဘယ်လောက်ကြာကြာ ထိုင်စောင့်ရမလဲ မသိဘူး၊ သုံးလေးနှစ်တောင် ကြာချင်ကြာမှာ၊ ဒီအတွင်း ဘာလုပ်စားမလဲဟင် နန်းဝေ”

“မေမေရယ်”

“အလုပ်မရှိ အကိုင်မရှိနဲ့ ထိုင်နေရမယ့်အတူတူ ယောကျ်ားသာ ယူလိုက်ပါအေ”





“သမီး အလုပ်ရှာပါ့မယ် မေမေ”

“ဟဲ့. . . အစိုးရကမှ မခန့်တာ”

“ခန့်စာမရခင် အပြင်အလုပ် လုပ်ပါ့မယ်”

“ဘာလဲ အပြင်အလုပ်ဆိုတာ”

“လူနာစောင့်ပါ”

“ဘာ. . . ”

“အထူးသူနာပြုဆိုတဲ့ စပါယ်ရှယ်လ်နပ်စ် အလုပ်ပါ မေမေ”

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ၂ ။

၁၉၈၈ ခုနှစ်. . .

"ဒေါ်လှမြိုင်"သည် ယခုအပတ်မှာလည်း အော်ပရေးရှင်း ဆိုသော ခွဲစိတ်ကုသမှုတွင် မပါဝင်နိုင်. . .

ဗိုက်ခွဲရမည့်လူနာများစာရင်းမှာ ထိပ်ဆုံးက ပါဝင်နေပါလျက် ယခုအပတ်လည်း ကျန်ခဲ့ပြန်ပြီ။

အထက်သွေး ၂၀၀၊ အောက်သွေး ၁၁၀ အထိ တက်လာသည့်အတွက်ကြောင့်ပင်။

ပင်ကိုက သွေးတိုးရောဂါ ရှိရသည့်အထဲ ဗိုက်ခွဲရမည် ဆိုသော ကြောက်လန့်မှုအတွက် သွေးတိုးလာခြင်းဖြစ်သည်။

ဒေါ်လှမြိုင်၏ ပုံမှန်သွေးချိန် အထက်သွေး ၁၂၀ နှင့် အောက်သွေး ၈၀ အထိ ချရပေဦးမည်။

သွေးတိုးရောဂါနှင့်အတူ သွေးဆင်းရောဂါလည်း အမြင်း အထန် ခံစားနေရ၍ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ တက်ရောက် ကုသနေရရှာသော သားအိမ်ရောဂါဝေဒနာရှင် ဒေါ်လှမြိုင်။





"ဒုက္ခပါပဲ ဆရာမလေးရယ်၊ ဆင်းပြန်ပြီ"

"မကြောက်နဲ့လေ ဒေါ်ဒေါ်၊ ဆေးရုံပေါ်မှာပဲ သွေးဆင်း များရင် သွေးပြန်သွင်းရမှာပေါ့"

"မဟုတ်ပါဘူး၊ ဆရာမလေးကို အားနာလို့ပါ"

"ဟာ. . . ဒေါ်ဒေါ်ကလည်း၊ လူနာနဲ့ ဆရာမကြားမှာ အားနာတဲ့စကား မရှိကောင်းပါဘူးရှင်"

နန်းဝေဝေက အားပေးရင်း ကန့်လန့်ကာကို ကာလိုက်သည်။

ပြီးတော့ ဒေါ်လှမြိုင်၏ ကိုယ်ခန္ဓာမှ အညစ်အကြေးများကို သုတ်သင်ပြီး အတွင်းခံလဲ၊ ထဘီလဲပေးလိုက်ရပါ၏။

ကိုယ် သင်ယူထားသည့် အတတ်ပညာကိုက လူနာဖြစ်သမျှ ရောဂါကို ကျွမ်းကျင်နိုင်နင်းစွာ စေတနာရှေ့ထား၍ ပြုစုဖို့ပါ။

သူနာပြုဆိုသော အမည်ကိုက နာမကျန်းသူကို ပြုစုရမည့် အဓိပ္ပာယ်ပဲလေ. . .

ဘာအညစ်အကြေးပဲဖြစ်ဖြစ် မရွံမရှာဘဲ စေတနာ သန့်သန့်နှင့် ပြုစုပေးရမည်က ကိုယ့်ဝတ္တရားဟု နန်းဝေဝေ ခံယူထားနှင့်ပြီးသားပါ။

"ဒေါ်ဒေါ် မောသွားလားဟင်၊ ဘာလီရည်လေး သောက်ဦးမလား"

"အေးကွယ်"

လိမ္မော်ဘာလီပုလင်းမှ အရည်နှင့် ရေခဲဘူးထဲမှ ရေခဲနှင့် ရေတို့ကို ရောစပ်ပြီး ခေါက်၍ရသော ပိုက်ကလေးနှင့် သူ့ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



နားမှာကပ်ပြီး တိုက်ပေးလိုက်ရသည်။

"ကောင်းလိုက်တာကွယ်။ ရင်ထဲကို အေးသွားတာပဲ"

"ထပ်ယူဦးမလား ဒေါ်ဒေါ်"

"တော်ပြီ"

"နေသာရဲ့လားဟင်"

"တစ်ခါတစ်ခါ အခုလို အဆင်းများရင် ရင်ထဲက လှိုးလှိုး လှပ်လှပ် ဖြစ်လာတယ်ကွယ်"

သူ့ ရင်ကိုဖိပြီး ပြောနေရှာသော ဒေါ်လှမြိုင်. . .

"ဒီစီဘလောက်မှာ တက်နေရတဲ့လူနာတိုင်း ဒီလို ဝေဒနာချည်းပဲလေ ဒေါ်ဒေါ်၊ ကိုယ်တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ ဘာအားငယ်စရာရှိလဲ"

"အားငယ်တာတော့ မဟုတ်ပါဘူး၊ အသက်ကြီးမှ ဖြစ်တော့ စိတ်ညစ်တာပါ"

"ရောဂါဆိုတာ ဒီလိုပေါ့ ဒေါ်ဒေါ်ရယ်"

"အေးလေ. . . မိန်းမဖြစ်ရတာများ မကောင်းလိုက်တာ၊ ယောကျ်ားတွေထက် ကိုယ်ခန္ဓာမှာ ဒီပစ္စည်းတစ်ခုပဲ အပိုပါတယ်။ ဒါက ဒုက္ခပေးလိုက်တာ ကြည့်ပါဦး"

"ရှင်. . ."

"အသက် ဆယ့်နှစ်နှစ်၊ ခရီးသွားတာတို့၊ အလှူမင်္ဂလာဆောင် သွားဖို့ ကြုံတာတို့နဲ့များဆုံရင် ဘယ်လောက် ဒုက္ခရောက်သလဲကွယ်၊ ပြီးတော့ ဒီသားအိမ်ပါလို့ သားသမီးမွေးလိုက်ရတဲ့ဒုက္ခတွေ၊ ပြီးတော့ ခုလို အသက်ကြီးပြီး သေွးဆုံးခါနီးမှာ ဒီသားအိမ်ကပဲ လာပြီး ရောဂါဖြစ်ရပြန်ပြီ"





"ဒေါ်ဒေါ်ရယ်၊ အခု ဆေးရုံပေါ်တောင် ရောက်နေပြီ၊ ခွဲစိတ်ကုသပြီး သားအိမ်နဲ့သားဥအိမ်ကို ထုတ်ပစ်လိုက်ရင် အားလုံးကောင်းသွားမှာပါ ဒေါ်ဒေါ်ရဲ့"

"ဗိုက်ကြီးတစ်ခုလုံး ခွဲရမှာ ကြောက်စရာကြီးကွယ်"

"ဒီခေတ်မှာ ခွဲစိတ်ကုသတာ ရိုးနေပါပြီ ဒေါ်ဒေါ်ရယ်၊ ကဲပါ. . . ဒါတွေမေ့ထားလိုက်ပါ"

"မေ့ထားလို့လည်း မရသေးဘူး ဆရာမလေးရဲ့၊ ခွဲပြီးတဲ့အထိ တွေးပါရစေဦး၊ ဆရာမလေးကိုလည်း တောင်းပန်ထားပါရစေ"

"ပြောပါ၊ ဘာများလဲ ဒေါ်ဒေါ်ရယ်"

"ဗိုက်ခွဲပြီး ဆေးရုံကဆင်းတဲ့အထိ လိုက်ကြည့်ပေးပါနော်"

"လိုက်ခဲ့မှာပေါ့ ဒေါ်ဒေါ်ရဲ့၊ ဆေးရုံကဆင်းပြီး တစ်ပတ်လောက် ကျွန်မလိုက်ကြည့်ပေးရင် ကောင်းသွားမှာပါ"

"တစ်ပတ်. . ."

"ဟုတ်ကဲ့၊ ဆေးရုံကဆင်းပြီး တစ်ပတ်ဆို ချုပ်ရိုးက ကျက်သွားမှာပါ"

"ရန်ကုန်အိမ်ကို မဟုတ်ဘူး၊ ဒေါ်ဒေါ်တို့မြို့အထိ လိုက်ခဲ့ပါလို့ ပြောချင်တာ"

"ရှင်. . ."

"ဆရာမလေးရဲ့ အပြုအစုခံရတာ ဒေါ်ဒေါ် စိတ်ချမ်းသာလွန်းလို့ပါကွယ်"

"ဝမ်းသာပါတယ် ဒေါ်ဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဒေါ်ဒေါ်နဲ့ လိုက်ခဲ့ပေးပါ၊ အားလုံးတာဝန်ယူတဲ့အပြင် အခုပေးတာရဲ့ နှစ်ဆပေးပါ့မယ်"

"ကျွန်မကိုခေါ်ရင် ဒေါ်ဒေါ် တာဝန်ကြီးနေပါ့မယ်၊ ဒေါ်ဒေါ်တို့မြို့မှာလည်း သူနာပြုဆရာမတွေ ရှိမှာပေါ့၊ ပြီးတော့ ဆရာမခေါ်ထားလောက်အောင်လည်း မလိုအပ်ပါဘူး ဒေါ်ဒေါ်ရဲ့"

ဆက်လက်ပြီး ဒေါ်လှမြိုင်ကို နှစ်သိမ့်ရပါ၏။

ဒေါ်လှမြိုင်မှာ အသက်ငါးဆယ်အရွယ်ကျကာမှ သားအိမ်ရောဂါဖြစ်ရရှာသည်။

သူ့သားအိမ်မှ အသားစတိုယူပြီး ဘိုင်အို(ပ)စီ(Biopsy) ခေါ် ဓာတုဗေဒနှင့် စမ်းသပ်ကြည့်ရာ ကင်ဆာရောဂါ စတင်ဖြစ်နေသည်ကို တွေ့ရသဖြင့် အမြန်ဆုံး သားအိမ်ကိုထုတ်ရန် စီစဉ်နေရခြင်းဖြစ်ပါ၏။

ဒေါ်လှမြိုင်သည် ရိုးသားပြီး သဘောထားကောင်းရုံမက အလွန်အားငယ် ကြောက်ရွံ့တတ်သော အမျိုးသမီးကြီးပါ. . .။

ဤလူနာသည် "အထူးသူနာပြု ဆရာမလေး" နန်းဝေဝေမှ နန်းဝေဝေ ဖြစ်နေရှာလေပြီ။

ပိုစတင်မကျ၊ ခန့်စာမရသေးသော နန်းဝေဝေမှာ အဒေါ်ဝမ်းကွဲဖြစ်သူ သူနာပြုဆရာမကြီးနှင့် နားလည်မှု အကူအညီယူကာ ဤဆေးရုံမှာ လူနာစောင့်ခွင့်ရနေခြင်းဖြစ်ပါ၏။

နံနက်ခုနစ်နာရီမှ ညခုနစ်နာရီအထိတိုင်အောင် ယခုကဲ့သို့ အညစ်အကြေးမှအစ ရေပတ်တိုက်ခြင်း၊ ခေါင်းဖြီးပေးခြင်းအထိ တရုံမလပ် လုပ်ကိုင်ပေးရသည်။





နန်းဝေဝေ၏ တစ်နေ့တာ လုပ်အားခက သုံးဆယ့်ငါးကျပ် ဖြစ်ပါ၏။

အိမ်ပြန်သည်နှင့် မိခင်၏လက်သို့ သုံးဆယ့်ငါးကျပ်လုံး အပ်လိုက်ပါသည်။ ပြီးမှ လမ်းစရိတ်နှင့် သုံးဖို့ မေမေက ပြန်ပေးသည်။

မေမေ "ဒေါ်ဖြူဖြူထွန်း"၏ မျက်နှာတွင် ကာလများစွာပျောက်ဆုံးနေခဲ့သော အပြုံးများကို ပြန်လည်၍ တွေ့မြင်ရသည်။

သမီးထံမှ လုပ်အားခ ရရှိသည်ထက် နန်းဝေဝေ အိမ်မှာ တစ်နေကုန် မရှိခြင်းကို ပို၍ နှစ်ခြိုက်ခြင်း ရှိနေကြောင်း နန်းဝေဝေ သိပါသော်လည်း. . .

သမီးတစ်ယောက်အနေနှင့် မပြောအပ် မပြောသင့်ရုံမက မပြောဝံ့သဖြင့် ငြိမ်နေရခြင်းပါ။

နန်းဝေဝေ မရှိသော နေ့ခင်းတစ်ချိန်လုံး "ကိုတင်မောင်" ရောက်ရှိနေတတ်သည်ဟု အိမ်နီးနားချင်းများထံမှ နန်းဝေဝေ သိရှိပြီးပါပြီ။

သိက္ခာမဲ့သော ရုပ်သွင်နှင့် ကိုတင်မောင်၏ ပြုံးဖြီးဖြီး မျက်နှာထားကြီးကို နန်းဝေဝေ ရွံလှသည်။

ပထွေးတော်ရမည့်သူမို့လည်း ပို၍ မကြည့်ချင်။

ကိုယ့်ဖခင်နေရာသို့ အစားဝင်လာမည့် လူစိမ်းကို ဘယ်နည်းနှင့်မှ မေတ္တာတရားထား၍ ရနိုင်မည်မဟုတ်ပါ။

"အင်း. . . တော်ပါသေးတယ်လေ၊ အလုပ်မရခင် စပ်ကြား ခုလို အလုပ်ကလေး လုပ်ခွင့်ရနေလို့"



www.burmeseclassic.com

www.burmeseclassic.com



"သူနာပြုအတတ်ပညာဆိုတာလည်း အချိန်မရွေး သုံးလို့ရတာပါပဲ၊ မေမေပြောသလို ဆရာဝန်မှ အမြဲအသုံးကျနေတာ မဟုတ်ပါဘူး"

"ဩော်. . . ဆရာဝန်ဆိုလို့ ငါ့ကို စိတ်ဝင်စားလှပါချည်ရဲ့ ဆိုတဲ့ ဒေါက်တာနေမင်းထက်တစ်ယောက်နဲ့ မတွေ့တာလည်း တစ်နှစ်ခွဲလောက်တောင် ရှိသွားပြီ၊ ခုလောက်ရှိ ချစ်သူတွေ့သွားရောပေါ့၊ ငါနဲ့ လုံးဝ အဆက်အသွယ် ပြတ်သွားကြပြီ၊ ဒါပဲကောင်းပါတယ်လေ"

အတွေးမဆုံးမီ ဒေါ်လှမြိုင်က လက်တို့ခေါ်လိုက်၍ နန်းဝေဝေ လန့်သွားမိသည်။

"ဘာတွေတွေးနေတာလဲ"

"ဩော်. . . ဟော် ဘာမှမဟုတ်ပါဘူး ဒေါ်ဒေါ်"

ရိုးရိုးသားသား မြန်မာဆန်ဆန် အမျိုးသမီးကြီးမို့ "အန်တီ"ခေါ်၍ မကြိုက်ဟုဆိုသဖြင့် "ဒေါ်ဒေါ်"ဟု ခေါ်ရသည်။

မြန်မာပြည်မှာ နေကြသူများအနေဖြင့် အန်တီအစား ဒေါ်ဒေါ်ဟု ပြောင်းခေါ်သင့်ပြီဟု နန်းဝေဝေ ဒေါ်လှမြိုင်နှင့် တွေ့မှ တွေးမိလာသည်။

"ဒေါ်ဒေါ်ကတော့ ဒေါ်ဒေါ်နဲ့မှား လိုက်သင့်မလိုက်သင့် တွေးနေသလားလို့ပါ"

"ဒေါ်ဒေါ့်ကို ရန်ကုန်ကလို့ပဲ ထင်နေတာ၊ လိပ်စာပေးထားတာလည်း ရန်ကုန်စမ်းချောင်းလိပ်စာနော်"





"အဲဒါက သမီးကြီးအိမ်ပါ၊ ဒေါ်ဒေါ်နေတာက ဘားအံမှာပါ"

"ဘားအံ"

နန်းဝေဝေ တအံ့တဩကြီး ရွတ်ဆိုလိုက်မိသည်။

"ဟုတ်တယ်၊ ကရင်ပြည်နယ်ရဲ့မြို့တော်လေ၊ ဆရာမလေး ရောက်ဖူးလားဟင်"

"ဟင့်အင်း. . . မရောက်ဖူးပါဘူး"

"ဒါဖြင့် လိုက်ခဲ့ပါလားဟင်၊ မြို့က သိပ်လှတာ ဆရာမလေးရဲ့"

"ဟုတ်ကဲ့၊ မြန်မာတစ်ပြည်လုံးမှာ အဲဒီ ဘားအံဆိုတဲ့မြို့ကို ကျွန်မ စိတ်အဝင်စားဆုံးပါပဲ ဒေါ်ဒေါ်"

"ဟုတ်လား၊ မြို့က သိပ်လှတာကိုး၊ ဒါဖြင့် လိုက်မယ် မဟုတ်လားဟင်"

"ကျွန်မ. . . ကျွန်မ မေမေကို မေးပါရစေဦး ဒေါ်ဒေါ်"

ဒေါ်လှမြိုင်က ဘစ်ထစ်အေးသွားသလို သူ့မျက်နှာမှာ မျှော်လင့်ခြင်းများဖြင့် ပြုံးသွားသည်။

နန်းဝေဝေသည်မူ. . .

ကရင်ပြည်နယ်၏ မြို့တော်မို့မဟုတ်၊ သိပ်လှသော မြို့မို့ မဟုတ်ပါ။

နန်းဝေဝေ စိတ်ဝင်စားသည်က သီးခြား။

ဤ ဘားအံ့ဆိုသော မြို့သို့ စီးပွားရှာရန်ကိစ္စနှင့် ထွက်သွားရှာလေသည့် ချစ်လှစွာသောဖခင်ကြီး "ဦးရဲသွေး"မှာ ယနေ့ထိ ပြန်မလာ၍. . .



www.burmeseclassic.com

www.burmeseclassic.com



နန်းဝေဝေ ဤမြို့ကို စိတ်အဝင်စားဆုံး ဖြစ်နေရခြင်းပါတည်း။

"ဘားအံ ဆိုတဲ့ မြို့လေးကို ငါဖြစ်အောင် လိုက်သွားနိုင်ရင် . . .

ဖေဖေရဲ့ သတင်းအစအနလေးများ ရနိုင်လေမလားကွယ်"

◈ ◈ ◈





အခန်း ။ ၃ ။

အိမ်ပေါ်တက်ကတည်းက အိမ်ထဲမှာ ကိုတင်မောင်ရှိနေပြီဖြစ်ကြောင်း နန်းဝေဝေ သိလိုက်ရသည်။

အိမ်ထဲသို့ မဝင်ရဲတော့. . .

ဖိနပ်ချွတ်မှ ခုံတန်းလျားလေးမှာ ထိုင်လိုက်ရသည်။

ကိုယ့်သမီးလေး မိုးလင်းမှ မိုးချုပ်သည့်တိုင်အောင် တပင်တပန်း အလုပ်လုပ်ပြီး ပြန်လာခဲ့ရပါလားဟု မေမေ တွေးမပေးပါလား. . . ။

သည်အချိန်လောက်မှာ သမီးပြန်လာမည့်အချိန်ဆိုသည်ကို မေ့ထားရက်သည့် မေမေ. . .

ဒေါ်လှမြိုင်၏ သမီးအိမ်မှာ ကားရှိသည်။ သူတို့နေတာက စမ်းချောင်း၊ နန်းဝေဝေတို့နေသည်က ကြည့်မြင်တိုင်မို့ သိပ်ပြီး တကူးတကန့် မဟုတ်ပါဟုဆိုကာ ညနေတိုင်း ကားနှင့် လမ်းထိပ်အထိ ပြန်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အဝင်လမ်းက ကျဉ်းလွန်းသဖြင့် ကားပြန်ကွေ့ရန် ခက်ခဲလှသည့်အတွက် လမ်းထိပ်မှာဆင်း၍ လမ်းတွင်းသို့ လျှောက်လာနေကျပါ။

မနက် ခုနစ်နာရီမီအောင်ဖြင့် ကိုယ့်အစီအစဉ်ဖြင့်ကိုယ် အမှတ် ၁၃ (သို့မဟုတ်) ၃၃-၃၄ ကားစီးပြီး ဂျင်မခါနာ မှတ်တိုင်မှာဆင်းကာ ဒပ်ဖရင်ကုန်းကို ကုန်းကြောင်း တက်ရသည်။

ညဆရာမနှင့် တာဝန်ချင်း ပြောင်းလဲရန် နံနက် ခုနစ်နာရီ မထိုးမီ အရောက်သွားရသည်က နေ့စဉ်. . .

.အစိုးရထံမှ တရားဝင်ခန့်စာနှင့် လုပ်ရပါလျှင် ဤမျှလောက် အောက်ကျစရာမရှိ ဤမျှလောက် ပင်ပန်းစရာမလိုပါ။ ဂျူတီချိန်ဝင်ရုံသာ

တာဝန်ကျ ဆရာမတစ်ယောက်အနေဖြင့် ဆေးရုံရောက် လူနာတိုင်း၏ လေးစားအားကိုးမှုကို ခံယူရမည့်ဘဝ။

ယခုတော့ ဆယ့်နှစ်နာရီပတ်လုံး ကိုယ့်ဘဝကို လူနာ တစ်ယောက်တည်းအတွက် အပ်နှံကာ ချေး၊ သေး၊ အညစ် အကြေးကအစ လုပ်ကိုင်ပေးနေရသည့်ဘဝ. . .။

မြန်မာပြည်မှ လူသားသန်းပေါင်းလေးဆယ်မှာ မွေးသည် မှ သေသည်အထိ ကျန်းကျန်းမာမာ နေသွားရသူများ တစ်ယောက်မှ မရှိနိုင်ပါ။

လူသားတိုင်း ရောဂါ အကြီးအသေးတွေ ဖြစ်နေကြပါလျက် ကျန်းမာရေးဝန်ထမ်းတွေ များစွာ လိုအပ်နေပါလျက် ဆရာဝန်တွေ သူနာပြုဆရာမတွေ အလုပ်လက်မဲ့ ဖြစ်နေရသည့်





အဖြစ်က ရင်နာစရာ ကောင်းလှပါဘိသည်။

"သူ့သမီးလာခါနီးတာနဲ့ မောင့်ကိုနှင်ပြီ"

တစ်ယောက်တည်း တွေးနေဆဲ အခန်းတွင်းမှ ကိုတင်မောင်၏အသံ ပျံ့လွင့်လာသဖြင့် တစ်ကိုယ်လုံး ရှက်သွေးဖြင့် ရှိန်းနွေးလာ၏။ နားရွက်၊ မျက်နှာ စသည်များလည်း နီမြန်းလာပါလိမ့်မည်။

"အင်းလေ. . . အခုလိုနေချင်ရင် လက်ထပ်ပါ ဆိုတော့ဖြင့် မထပ်ဘဲနဲ့"

"အဲဒါက မ အတွက်ပါ၊ မမှာက သမီးချောချောလေး ရှိနေတော့ သမီးကိုပါ ကြံချင်လို့ဆိုပြီး အထင်ခံရမှာစိုးလို့ပါလို့ မောင် မကို ဘယ်နှခါ ပြောရမလဲ မရဲ့"

နန်းဝေဝေ အိမ်ပေါ်မှ ဆင်းသက်လာခဲ့သည်။

မြေကြီးပေါ်မှာ ခြေတစ်နေရာ ရပ်စရာမှလွဲ၍ နန်းဝေဝေ အတွက် နားခိုစရာနေရာအားလုံး ပျောက်ဆုံးသွားသည့်ပမာ ရင်မှာ နင့်နေအောင် ခံစားလိုက်ရသည်။

ဖေဖေရှိစဉ်က အလှအပ တပ်မက်တတ်ရုံမှလွဲပြီး မေမေ ဖောက်ပြန်ခြင်း မရှိခဲ့ပါ။

ယခုလို လင်မဲ့ မိန်းမတစ်ယောက်ဘဝမှာလည်း သိက္ခာကို ဆက်လက်ထိန်းထားသင့်သည်ဟု နန်းဝေဝေ ထင်သော်လည်း မိခင်မို့ ဖွင့်မပြောရဲခဲ့။

ယခုတော့. . .

သူတို့နှစ်ဦး၏ကြားတွင် နန်းဝေဝေသည် ဆူးညှောင့် ခလုတ်တစ်ခု ဖြစ်နေလေသလား. . .။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဖြစ်လာလျှင် ကိုယ်သည် အများအတွက် မဟုတ်သည့်တိုင် တစ်စုံတစ်ယောက်အတွက် လိုအပ်နေသူ၊ သို့မဟုတ် မိသားစုတစ်စုအတွက် မြတ်နိုးစရာ ကောင်းသူအဖြစ် နှင့်သာ အသက်ရှင်သင့်သည်။

ကိုယ်သည် ဘယ်သူ့ကိုမှလည်း အကျိုးမပြုနိုင်၊ သူ တစ်ပါးကလည်း ကိုယ့်ကို မလိုအပ်တော့သော အဖြစ်မျိုး ရောက်ရှိလာခဲ့လျှင် ဤလောကမှာ နေချင်ဖွယ်ရာ မကောင်း နိုင်တော့ပါ။

နန်းဝေဝေကို အစိုးရကလည်း မလိုချင်၊ မိခင်ကလည်း မလိုလားသည့်အဖြစ်များ ရောက်နေပြီလား။

ဟု အားငယ်စွာ တွေးလာမိသည်။

မေမေပြောသလို အိမ်ထောင်ပြုသင့်သည်ဟု ဆိုသည့် တိုင်အောင် ဒေါက်တာနေမင်းထက် အပါအဝင် နန်းဝေဝေကို လိုက်ခဲ့သူများစွာ ဘယ်ရောက်ကုန်ကြပြီလဲ မသိ. . .

ကိုယ်ကလည်း ဘယ်သူ့ကိုမှ စိတ်မဝင်စား၍ လက်လှမ်း မီရာမှာပင် လက်ထပ်ရမည့်သူကို ရှာမတွေ့။

အပျိုစင် မိန်းကလေးတို့၏ ရည်မှန်းချက်အတိုင်း ကိုယ့် ချစ်သူသည်သာ ကိုယ်နှင့် လက်ထပ်ရမည့်သူအဖြစ် ခံယူထား ပါသော်လည်း ယခုအချိန်ထိ နန်းဝေဝေမှာ ချစ်သူမရှိသေး။

ဖေဖေရှိစဉ်က နန်းဝေဝေသည် ဤအိမ်လေးအတွင်းမှာ မြတ်နိုးအပ်သော လူသား၊ အထွတ်အမြတ်ထားခြင်း ခံခဲ့ရသော သမီးလေး။

ဖေဖေသည် အရွယ်လွန်မှ ရရှိသည့် သူ၏ တစ်ဦးတည်း သော သမီးလေးကို သူ၏ နှလုံးသည်းပွတ်ထက် ပို၍ချစ်ပြီး သူ့ဘဝထက် ပိုမြတ်နိုးကြောင်း နန်းဝေဝေ ခံစား ခံယူလိုက်ရ ပါသေးသည်။

"နန်းဝေဝေ အပျိုဦးလေးဖြစ်စမှာ ခွဲခွာသွားရရှာတဲ့ ဖေဖေရယ်"

ပန်းဟိုက်နွမ်းလျ အားငယ်စွာ ခြေစုံရပ်၍ တွေးနေဆဲ နောက်မှ ခြေသံလို ကြားသဖြင့် ဖျပ်ခနဲ လှည့်အကြည့်. . .

"အမယ်လေး"

အနီးကပ် မြင်လိုက်ရသော ကိုတင်မောင်၏ အဆီပြန် မျက်နှာကြီး. . .

"အဟဲ. . . အိမ်ထဲဝင်တော့လေ နန်းဝေ၊ ကိုယ်ပြန်တော့ မယ်နော်"

နန်းဝေဝေ ခေါင်းညိတ်၍ပင် မပြလိုက်မိ၊ လန့်ထိတ် သောရင်ဖြင့် သူ့ကျောပြင်ကို ကြည့်ပြီးမှ အိမ်ဘက်သို့ ခြေဦး ရွေ့ရ၏။

"အိမ်ထဲမဝင်ဘဲ အိမ်ရှေ့မှာ ဘာလုပ်နေတာလဲ ပေတတ်ကြီး"

မေမေ့ကိုလည်း မကြည့်ရဲ၊ ဘာစကားမှလည်း ပြန် ပြောရဲတော့ပါဘဲနှင့် အိမ်နောက်ဖေးသို့ ဝင်ကာ လက်ကို ဝင်ကြွယ်စွာ ဆေးပြီးမှ အဝတ်အစားလဲလိုက်ရသည်။

ဒေါ်ဖြူဖြူထွန်းကလည်း သူ့အဖြစ်ကို မလုံမလဲဖြစ်ကာ သမီးကို နောက်ထပ် ဘာစကားမှ မပြောလာ. . .







www.burmeseclassic.com

www.burmeseclassic.com



ထမင်းအုပ်ဆောင်းကို ဖွင့်လိုက်ပြီး အေးစက်နေသော ထမင်းဟင်းများကို စားရသည်။

ကြက်သားဟင်းလေးက နည်းသော်လည်း ပန်းကန်ထဲမှာ အသည်းဖတ်ကလေးတစ်ဖတ်။

ကြက်၏အသည်း စားရသူတို့သည် အိမ်၏ အထွတ်အမြတ်ထားရသော ပုဂ္ဂိုလ်ဟု နန်းဝေဝေသိ၏။

မိခင်တစ်ယောက်၏ရင်မှာ သားသမီးအတွက် စေတနာ ခန်းခြောက်ခြင်း ဘယ်သောအခါမှ မရှိနိုင်ပါလားဟု နန်းဝေဝေ သိလာရခြင်းနှင့်အတူ. . .

ပွဲစားယောင်ယောင်နှင့် အပြောအချွဲကောင်းရုံမှလွဲပြီး အလုပ်အကိုင် အတည်တကျမရှိသော ကိုတင်မောင်ကို မေမေ သည် မိုက်မဲစွာ ချစ်နေပြီဟုလည်း တစ်ဆက်တည်း တွေးမိလာရ ပါ၏။

သြော်. . . မိန်းမသားတို့သည် အချစ်ကို ကိုးကွယ် တတ်၏။

အချစ်နှင့် ပတ်သက်လာလျှင် သတ္တိကြီးစွာဖြင့် ရင်ဆိုင် ရဲ၏။

မိုက်မဲစွာလည်း အချစ်ကြီးတတ်ကြလေသည်။

ဤခံစားချက်များကို "သိက္ခာထိန်းရသော မြန်မာ မိန်းမသား"ဟူသော အသိတရား။ ဆင်ခြင်တုံတရားများဖြင့် ချေဖျက်နိုင်ကြပါစေသတည်း။

◈ ◈ ◈



အခန်း ॥ ၄ ॥

"ဘားအံ"ဆိုသော ကရင်ပြည်နယ်၏ မြို့တော်ကို ခြေမချမီကတည်းက "စောထူးသာ"ကို နန်းဝေဝေ တွေ့ရသည်။

စိန်ပန်းပြာ သဘော်ာပေါ်မှ တစ်ဆင့် ဘားအံမြေသို့ ခြေမချဖြစ်မီမှာ ကြွက်သားဆိုင်များဖြင့် သန်မာသော လက် တစ်ဖက်က လှမ်းကြိုသဖြင့် အလိုက်သင့် လက်ကမ်းလိုက်ရ သည်။

နန်းဝေဝေ၏ အေးစက်နေသော လက်နုနုလေးကို သူ၏ နွေးထွေးသောလက်ဖြင့် ခိုင်မြဲစွာ တွဲယူပြီး မြေပြင်ပေါ်သို့ ဆင်းသက်စေခဲ့သော စောထူးသာ. . .

အသက်က နှစ်ဆယ်နှင့် နှစ်ဆယ့်ငါးကြားလောက် ရှိမည်။ အသားဖြူသူများ နေလောင်သည့်အခါ အသားရောင် နီစပ်စပ်ဖြစ်နေတတ်သည်။ စောထူးသာ၏ အသားကလည်း ဤပုံစံမျိုးပါပင်။

အရပ်က သိပ်မရှည်လှ။ မျက်နှာဝိုင်းဝိုင်း၊ နှာတံက



www.burmeseclassic.com

www.burmeseclassic.com



သိပ်မပေါ်၊ မျက်ဝန်းဝိုင်းဝိုင်းက တောက်ရှန်းနေ၏။ ထူထဲသော နှုတ်ခမ်းကို တင်းတင်းစေ့ထားချိန်မှာ ခက်ထန် တင်းတည်နေဟန် ရှိသော်လည်း သူပြုံးလိုက်သည့်အခါ ဖြူဖွေးညီညာသည့် သွားများ အထင်းသားနှင့် အပြုံးလှသူတစ်ဦး ဖြစ်ပါ၏။

သူ၏ သန့်စင်တည်ကြည်သော စိတ်ထားကို သူ၏ အပြုံးများက ထုတ်ဖော်ပြသနေသည့်အသွင် မြင်ရသည်။

"သူက ဘယ်သူလဲဟင်"

စောထူးသာကို မှတ်ချက်ချနေဆဲ သူကလည်း နန်းဝေဝေသို့ လက်ညှိုးညွှန်၍ ဒေါ်လှမြိုင်ကို မေးနေ၏။

"အဲဒါ ဒေါ်ဒေါ်ရဲ့ သူနာပြုဆရာမလေးပဲ ထူးသာ၊ သိပ်တော်တယ်၊ လိုက်ခဲ့ဖို့ မနည်းခေါ်ခဲ့ရတာ၊ သူ့နာမည်က နန်းဝေဝေတဲ့"

"ဘာ၊ နန်းဝေဝေ ဟုတ်လား"

"အေး"

"ဒီကရင်ပြည်ကို ရောက်လာသူရဲ့ နာမည်က နန်းဝေဝေတဲ့လားဗျ"

"ရှင်"

စောထူးသာ၏ စကားဆန်းကြောင့် နန်းဝေဝေ တအံ့တသြ ကြည့်မိ၏။

"ကရင်ရာဇဝင်သမိုင်းမှာ စောနန်းဝေဆိုတဲ့ မိဖုရားလေးဟာ ရင်ကွဲနာကျပြီး. . ."

"အို. . . ထူးသာကလည်း၊ ဆရာမလေး ရှက်နေပါ့မယ်ကွယ်"





"အဲဗျာ ဆောရီး၊ ကဲ လာကြ၊ ကားအဆင်သင့်ပဲ၊ ဒေါ်ဒေါ်ရှေ့ခန်းကတက်"

စောထူးသာက ဒေါ်လှမြိုင်ကို ဖေးမတွဲယူပြီး ကားရှေ့ခန်းမှာ ထိုင်စေသည်။

ကားကို သူကိုယ်တိုင်မောင်းမည်။

လာကြိုသူအားလုံးနှင့် နန်းဝေဝေတို့က ဟိုင်းလပ်(က်စ်) လေးချိပ်ကား၏ နောက်ခန်းမှ ထိုင်ကြရသည်။

ကားတစ်စင်း အပြည့်ပါပဲ။

မျက်နှာစိမ်းဖြစ်သော နန်းဝေဝေဆီသို့သာ အားလုံး၏ အကြည့်များက ပေါင်းဆုံကျရောက်လာ၏။

ပစ်မှတ်တစ်ခုတည်းရှိရာသို့ မြားတံပေါင်းများစွာ စူးနစ်စိုက်ဝင်လာသည့် သဘောပင်. . .

နန်းဝေဝေမှာ အနေရခက်စွာဖြင့် သူတို့ဖြတ်ကူးခဲ့သော "မြိုင်ကလေးဘက်ကမ်း"နှင့် သံလွင်မြစ်ပြင်ဘက်သို့ လှည့်ငေးနေရ၏။

"မေမေ ငှားလာတဲ့ ဆရာမကလည်း အတော်လှပါလား"

အမျိုးသမီးငယ်တစ်ဦး၏ စကားက ချီးမွမ်းခြင်းဖြစ်သော်လည်း သူ့မျက်နှာပြင်မှာ မုဒိတာမထင်။

သူတစ်ပါး၏ အောင်မြင် ပိုင်ဆိုင်မှုများကို ဝမ်းမြောက်တတ်သည့် မုဒိတာမျက်ဝန်း မရှိလျှင် နေပါစေ. . .

"ငှားလာတဲ့"

ဆိုသော နှိမ့်ချသည့်စကား၊ နှိမ့်ချသည့် အကြည့်များကို နန်းဝေဝေ မရင်ဆိုင်လိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ကားသည် သံလွင်မြစ်နှင့် ပြိုင်နေသော ဥယျာဉ်လမ်းအတိုင်းလာ၍ ကူးဆိပ်လမ်းကို ဖြတ်ထွက်ပြီး သုခမိန်လမ်းရှည်ကြီးအတိုင်း မောင်းလာသည်။

သစ်တောဦးစီးဌာန၏ ရုက္ခဗေဒဥယျာဉ် ခြံဝင်းနှင့် ဘားမဲတောင်တည်ရှိရာ ကုန်းမြေတို့ကို လွန်လာခဲ့ပြီးနောက်မှာ. . .

ကြီးမားကျယ်ပြန့်လှသော ခြံဝင်းကြီးတစ်ခုတွင်းသို့ ကားက ချိုးကွေ့ဝင်၏။

ကျွဲကော၊ ကြက်မောက်၊ ဒညင်း၊ ဒူးရင်း၊ မင်းဂွတ်ဗန့်ဗွေး ပင်များဖြင့် အုပ်ဆိုင်းမှိုင်းညို့နေသော ခြံကျယ်ကြီးကို ဖြတ်သန်း ဝင်ရောက်လာပြီးမှ ကြီးမားခန့်ထည်သော နှစ်ထပ်တိုက်ဖြူဖြူကြီးကို ဘွားခနဲ တွေ့လာရသည်။

သုခမိန်လမ်းအတိုင်း ဖြတ်သန်းသွားခဲ့လျှင် ဤတိုက်ကြီးကို မမြင်သာနိုင်. . .

အားလုံးက သူ့ကို ဝိုင်းကြည့်နေမှန်းသိ၍ နန်းဝေဝေ ဘယ်သူ့ကိုမှ ပြန်မကြည့်မိအောင် သတိထား၍ နေရသည်။

ကားရပ်ပြီးသည်နှင့် ဒေါ်လှမြိုင်၏အေးမှု စီးလာသော အသက်ငါးဆယ်နီးပါးအရွယ် တိုက်ပုံအင်္ကျီနှင့် သူဌေးရုပ်ပေါ်နေသော ခပ်ခန့်ခန့် အမျိုးသားကြီးတစ်ဦးက ကားပေါ်မှ အလျှင်ဆုံး ဆင်းလိုက်၏။

"ဖေဖေတို့ အခန်းသော့ သမီးရဲ့ စလင်းဘက်ထဲမှာ ဖေဖေ"

စောစောဆီက နန်းဝေဝေကို ရှိမ့်ချသလိုကြည့်၍ စကား





ပြောသော အမျိုးသမီးငယ်က သူ့အိတ်ကိုဖွင့်ရင်း အော်ပြောလိုက်၍. . .

"သမီးပဲ အလျင်ဆင်းပြီး အခန်းတံခါး သွားဖွင့်ထားလိုက်စမ်းရှန်း"

ဆန်းပြားသော အမည်ပိုင်ရှင် မိန်းကလေးက အားလုံးကို ကျော်လွှားတိုးတိုက်ပြီး ကားပေါ်မှ ဆင်းသွား၏။

"ရှန်း. . . တဲ့"

◇ ◇ ◇

ဆေးရုံပေါ်မှာ သုံးနိုင်ဖြုန်းနိုင်စဉ်ကတည်းက ဒေါ်လှမြိုင်ဆိုသော အမျိုးသမီးကြီးမှာ ချမ်းသာကြွယ်ဝမှန်း နန်းဝေဝေ သိခဲ့ပါ၏။

သို့တိုင် ယခုလောက် ကြီးကျယ်စွာ ချမ်းသာလိမ့်မည်ဟုတော့ မသိခဲ့။

တိုက်ကြီး၏အတွင်းမှာ နန်းဝေဝေ မမြင်ဖူးသော နိုင်ငံခြား အသုံးအဆောင်ပစ္စည်းပေါင်း မြောက်မြားစွာ. . .

"မနက်က ထမင်းစားကောင်းရဲ့လား ဆရာမလေး"

"ဟုတ်ကဲ့၊ စားကောင်းပါတယ် ဒေါ်ဒေါ်"

"နေရတာရော ပျော်ရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှမြိုင်ကိုကြည့်ပြီး ခေါင်းညိတ်ကာ ပြုံးပြလိုက်ရပါ၏။

တကယ်တော့လည်း တာဝန်အရ ရောက်နေရသော မိန်းကလေးတစ်ယောက်အနေနှင့် ဘယ်မှာများ ပျော်နိုင်ပါ့မလဲလေ. . .။

"အနာဆေးထည့်ကြစို့နော် ဒေါ်ဒေါ်"

"ကြောက်တယ်ကွယ်၊ ဖြည်းဖြည်းလုပ်နော်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ပြည်ရှိတဲ့နေရာကိုတော့ ခပ်ဖိဖိလေး ညှစ်ရတာပါ၊ ဒါမှ ပြည်ကုန်ပြီး အနာမြန်မြန်ကျက်မှာမို့ပါ"

"လုပ်ပါကွယ်၊ ကျက်ချင်လှပါပြီ"

ဒေါ်လှမြိုင်၏ ထဘီကိုဖြေပြီး ဝမ်းပြင်ကို လှပ်ကြည့်ရ၏။ ချုပ်ရိုးအချက်ပေါင်း ဆယ့်သုံးချက်ရှိသည့်အနက် ထက်ဝက်မျှပင် ကျက်ပါသေးသည်။

ဆရာဝန်၏ ကုသမှုနောက်မှာ သူနာပြုစုခြင်းကလည်း အထူးအရေးကြီးလှပါပေသည်။ ဗိုက်ခွဲခြင်း အောင်မြင်ပါလျက် အနာမကျက်ဘဲ ပေါ့ပေါ့ဆဆနေ့သူများ ဒုက္ခရောက်ဖူးခဲ့ကြသည်။

နန်းဝေဝေသည် ဒေါ်လှမြိုင်ကို လူနာတစ်ယောက်အဖြစ်သာမက ချစ်ခင်သနားကြင်နာစိတ်ဖြင့် အထူးတလည် ယုယုယယ ပြုစုပေးပါ၏။

ကိုယ့်မိခင်အိမ်မှာပင် နေရထိုင်ရ ကျဉ်းကျပ်လှသော ဘဝတွင် ယခုလို နယ်မြေသစ်သို့ လိုက်ပါလာခွင့်ရခြင်းအတွက် ဒေါ်လှမြိုင်ကို ပို၍ပင် ကျေးဇူးတင်နေမိပါ၏။





"နာလားဟင် ဒေါ်ဒေါ်"

"မနာလှပါဘူး၊ ခံနိုင်ပါတယ်"

"ဒီချုပ်ရိုးတစ်ချက်ပြီးရင် ပြီးပါပြီ"

"ရတယ်. . . ရတယ်. . . အား"

နန်းဝေဝေကို အားနာလှပါသော်လည်း ကြောက်တတ်သော ဒေါ်လှမြိုင် တစ်ချက်တော့ အော်လိုက်သေးသည်။

"ကဲ. . . ပြီးပါပြီ ဒေါ်ဒေါ်၊ ဆေးသောက်ပြီး တစ်ရေးအိပ်လိုက်ပါဦးနော်"

"နေဦး၊ ဆရာမလေးသွားပြီးမှပဲ အိပ်မယ်"

"ဟင်. . . ကျွန်မ ဘယ်သွားရမှာလဲ ဒေါ်ဒေါ်"

"သြော်. . . ရောက်နေတာ နှစ်ရက်ရှိပြီ ဘယ်မှ မသွားရသေးလို့ ရွှေယဉ်မျှော်ဘုရားနဲ့ ဈေးကို လိုက်ပို့ခိုင်းမလို့၊ ပြီးတော့ ဖွဲ့ကပင်တောင်အထိ"

"ကျေးဇူးပါပဲ ဒေါ်ဒေါ်၊ ဖွဲ့ကပင်တောင်ဆိုတာကို သံလွင်မြစ် ဖြတ်ကူးလာတုန်းက အဝေးအချာ မြင်ရပြီးကတည်းက သွားချင်နေတာ"

"ကားမှာထားတယ်၊ လာလိမ့်မယ်"

"ကျွန်မကို တကူးတကကန့်ကြီး ပို့ရမှာဆိုရင်တော့ နေပါစေ ဒေါ်ဒေါ်"

"ဖြစ်ပါတယ်၊ စောထူးသာက သိပ်သဘောကောင်းတာ"

"စောထူးသာ. . ."

"ဟုတ်တယ်လေ၊ ဒေါ်ဒေါ်တို့ လာတဲ့နေ့က လာကြိုတဲ့ သူငယ်ပေါ့၊ ဆရာမလေးကိုတောင် ကရင်ပြည်နယ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီနာမည် မှည့်ရမလားလို့ ဆိုခဲ့တဲ့သူလေ"

"ဟုတ်ကဲ့. . . ကျွန်မ မှတ်မိပါတယ်"

"အဲ. . . သူလိုက်ပို့ လိမ့်မယ်"

နှစ်ယောက်တည်း သွားရမှာလားဟု မေးချင်သော်လည်း မမေးရဲခဲ့။

သည်ကရင်ပြည်နယ်ကို စတင်ခြေချစဉ်က တိုယ့်လက်ကို ဆွဲယူကြိုဆိုခဲ့သော စောထူးသာဆိုသည့်သူ. . .။

ထိုစဉ် ဒေါ်လှမြိုင်၏ခင်ပွန်း အခန်းတွင်းသို့ ဝင်လာပြီး. . .

"ကိုယ် ရောက်ခဲ့ပြီ၊ ညနေကျရင် လာလိမ့်မယ်"

"ဝမ်းသာပါတယ်၊ ကျွန်မကလည်း ဒီဆရာဝန် ဆို ဒီဆရာဝန်ပဲဖြစ်နေလို့ပါ"

"သိပါတယ်ကွာ၊ ဆရာမတောင် ဒီဆရာမမှ ဒီဆရာမ ဖြစ်နေလို့ ဆရာမလေး နန်းဝေဝေတောင် ဘားအံအထိ ပါလာခဲ့ပြီပဲ"

ဒေါ်လှမြိုင်၏ ခင်ပွန်းသည်ကို လေးစားထိတ်ရှုံ့စွာ ကြည့်ပြီး ပြုံး၍ ပြလိုက်ရပါ၏။

ဤအဘိုးကြီးသည် အိမ်မှာ ခြေညောင်းလတ်ဆန့် အားပါးတရ ထိုင်နေရသည်ကို တစ်ခါမှ မတွေ့ရသေး. . .

တရစပ် လှုပ်ရှားလုပ်ကိုင်နေရသော သူဌေးကြီးတစ်ဦး ပါပေ။

"ဆရာမရော ပျင်းနေပြီလား"

"ကျွန်မ မပျင်းတတ်ပါဘူးရှင်"





"ဘယ်တော့ပြန်မယ် စိတ်ကူးထားလဲ"

"ဒေါ်ဒေါ်ကို ပြုစုဖို့ မလိုတဲ့နေ့မှာ ပြန်ပါ့မယ်ဦး"

"အဟား. . . မလှမြိုင်ကတော့ အမြဲပြုစုဖို့ လိုတယ်လို့ ပြောနေတော့မှာပဲ"

"ဟုတ်တယ်၊ ဆရာမလေးကိုတော့ ပြန်မလွှတ်နိုင်သေးဘူးရှင်"

"သူက ကြောက်တတ်တယ် ဆရာမရဲ့၊ ရောဂါဖြစ်ရင်လည်း သည်းတတ်တယ်"

"ဒေါ်ဒေါ့်ရောဂါကလည်း ကြီးပါတယ် ဦး"

"ဟုတ်ပါတယ်၊ ဆရာမလည်း ပျော်သလောက်၊ မင်းလည်း ထားနိုင်သလောက်သာ ထားပေတော့ကွာ၊ ကဲ. . . ငါ နက်ဖြန် မော်လမြိုင်သွားဖို့ ကိစ္စအတွက် ဗိုလ်ချုပ်လမ်း ခဏသွားလိုက်ဦးမယ်"

"ဆရာဝန်က ညနေ လာမှာနော်"

"ငါ သေသေချာချာ ပြောခဲ့ပါပြီကွာ"

"ဪ. . . တော်တော်ကြာ စောထူးသာ လာလိမ့်မယ်၊ ဆရာမလေးကို ဖွဲကပင် ပို့ခိုင်းမလို့"

ဒေါ်လှမြိုင်၏ခင်ပွန်းက တစ်ချက် တွေဝေသွားပြီးမှ. . .

"ဖွဲကပင်အထိတော့ မသွားနဲ့ဦး၊ မြို့ထဲပဲ ပို့ချင်ပို့"

"ဘာဖြစ်လို့လဲဟင်၊ မအားလို့လား"

"အို. . . ဘယ့်နှယ် မအားရမှာလဲ၊ ဓာတ်ဆီဈေးတွေ တက်နေလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ကိုမြတ်သာတစ်ယောက်ဟာလေ တကယ် ကပ်စေးနည်းတယ်"

နန်းဝေဝေမှာ သူတို့လင်မယားကြားမှာ ဘာမှ ဝင်မပြော သာ၍သာ ငြိမ်နေရပါသော်လည်း ရင်ထဲမှ ခံပြင်းစိတ်က အပြည့်။

"ဒေါ်လှမြိုင် ရိုးသား သဘောကောင်းသလောက် သူ့ သမီး ရွှန်းက မာနကြီးလှတယ်"

"သူ့ယောကျာ်းကလည်း သိပ်ခေတနော့ နည်းမယ့် သူဌေး တစ်ဦးဖြစ်လိမ့်မယ်"

"နာမည်ကိုက ဦးမြတ်သာတဲ့"

❖ ❖ ❖





အခန်း ။ ၅ ။

"ရွှေယဉ်မျှော် ပြည်တော်စေစေတီ. . . တဲ့"

"ဒါ ရှေးဟောင်းဘုရားပဲလားဟင်"

"အင်မတန်မှ လွမ်းမောဖွယ်ကောင်းတဲ့ သမိုင်းကြောင်း တွေ ရှိခဲ့တဲ့ ဘုရားကုန်းမြေပါ နန်းဝေဝေ၊ နန်းဝေဝေဆိုတဲ့ အမည်နဲ့လည်း ပတ်သက်နေတယ် သိလား"

"အဲဒီစကားကို နန်းဝေ ရောက်တဲ့နေ့ကပဲ ကိုစောထူးသာ ပြောခဲ့ဖူးတယ်လေ၊ အဲဒါလည်း သိပါရစေလားရှင်"

"ပြောပြမယ် နန်းဝေဝေ၊ ဒါပေမယ့် ရုပ်ရှင်ဇာတ်ကား တစ်ခုစာလောက်ရှိတယ်"

"အလွမ်းပုံပြင်လားဟင်"

"အင်း. . . ပုံပြင်ဆန်တဲ့ တကယ့် သမိုင်းကြောင်းပါပဲ၊ အဲဒါကို ဖွဲ့ကပင်တောင်နဲ့ ရေတံခွန် သွားတဲ့နေ့ကျမှ ပြောပြမယ်၊ ၊တော့ ဘုရားကုန်းတော်ပေါ်က ရှုခင်းတွေ ကြည့်ရအောင်၊ လာ နန်းဝေဝေ"



www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်ပြတ်သားသော စောထူးသာသည် ဘာမှ ထပ်ပြောတော့မည်မဟုတ်မှန်း သိ၍ နန်းဝေဝေ ထပ်၍ မမေး ဖြစ်တော့ပါ။

"အစက ရ,ကောက်နဲ့ ပေါင်းတာပါ။ ခုနောက်ပိုင်းမှာမှ ယ,ပက်လက်နဲ့ပေါင်းတာ၊ တကယ်တော့ ဒီဘုရားရဲ့ သမိုင်း ကြောင်းနဲ့ဆိုရင် ရ,ကောက်နဲ့ပေါင်းရတဲ့ "ရွှေရင်မျှော်"က ပိုပြီး အဓိပ္ပာယ်ရှိတယ်၊ ရွှေရင်နဲ့အမျှ မျှော်နေရတယ်လို့ အဓိပ္ပာယ် ရပါတယ်"

ဤဘုရား၏ လွမ်းမောဖွယ် သမိုင်းကြောင်းကို သိခွင့် မရမီမှာပင် ရင်ထဲ၌ ဆွတ်ကျင် ကြေကွဲနေမိသည်။

ရွှေယဉ်မျှော်ကုန်းတော်၏ အောက်ခြေတွင် သံလွင်မြစ် သည် အလျဉ်မပြတ် စီးဆင်းနေ၏၊

ဤမြစ်သည် ပြည်နယ်လေးခုကို ဖြတ်သန်းစီးဆင်းသော ပြည်ထောင်စု ချစ်ကြည်ရေး မြစ်လည်း ဖြစ်၏။

တောင်ပိုင်းရှမ်းပြည်နယ် တစ်ခွင်လုံးကို ဖြတ်သန်းကာ ကယားပြည်နယ် ရှားတောအနီးမှ စီးဆင်းလျက် နမ့်ပွန်မြစ် ထူးချောင်းတို့နှင့် ပေါင်းဆုံကာ ကယားပြည်နယ် တစ်ခွင်လုံးကို ဦးခိုက်ပြီး စီးဆင်းခဲ့သော မြစ်သံလွင်သည်. . .

ဤကရင်ပြည်နယ်ကို အေးချမ်းမှုအပေါင်း မျှဝေလျက် မွန်ပြည်နယ်အတွင်းသို့ စီးဝင်ပြီး နောက်မှာမှ မုတ္တမပင်လယ် ပြင်အတွင်း၌ သူ့ဘဝ ချုပ်ငြိမ်း၏။

မြစ်မကြီးများဖြစ်သော ဧရာဝတီ၊ စစ်တောင်း၊ ချင်းတွင်း





စသည်တို့မှာ ရှည်ဝေးသော်လည်း ဤသို့ တိုင်းရင်းသားပေါင်းစုံ တို့ရှိရာအရပ်ကို ဖြန့်သန်းမျှဝေနိုင်ခြင်း မရှိကြချေ။

ဒါကြောင့်သာ "ချစ်သောသံလွင်"ဟု တင်စားကြခြင်းဖြစ် ကြောင်း နန်းဝေဝေ သဘောပေါက်ခဲ့ရပါပြီ။

"ဟိုးအလျင်က ဒီရွှေရင်မျှော်ကုန်းရဲ့ အောက်ခြေမှာ သဘော်ဆိပ်ပဲ၊ နောက် ဒီဘုရားမတည်ခင် ကိုလိုနီခေတ်က ဒီနေရာမှာ ဗိုလ်တဲဆောက်ထားတယ်တဲ့၊ အောက်ခြေမှာလည်း ရေမှတ်တိုင်စိုက်ထားတယ်တဲ့"

"ဟုတ်ကဲ့'

"ဘားအံမှာရှိကြတဲ့ ဗုဒ္ဓသာသနာကို ထွန်းကားစေလိုတဲ့ လူကြီးပိုင်းက ဒီရွှေရင်မျှော်ကုန်းမြေပေါ်မှာ တစ်ချိန်က ဘုရား တည်ခဲ့တဲ့ သမိုင်းကြောင်းရှိတယ်၊ သစ်သားတံခွန်တိုင်လည်း အထင်အရှားရှိနေတယ်ဆိုပြီး ဒီကုန်းမြေတစ်ခုလုံးကို ဘုရား ဝတ္တကမြေအဖြစ် ပြန်လည်ပေးအပ်ဖို့ ရှေ့နေဟူစိန်နဲ့အတူ ဆောင်ရွက်ခဲ့လို့ မြန်မာသက္ကရာဇ် ၁၃၁၅ ခုနှစ်မှာ ဝတ္တကမြေ အဖြစ် ပြန်လည်ရရှိခဲ့တယ်"

"အခုဆို သုံးဆယ့်ငါးနှစ် ရှိပြီပေါ့နော်"

"ဝတ္တကမြေဖြစ်ပြီး နှစ်နှစ်အကြာ ၁၃၁၇ ခုဆိုတော့ ခရစ်သက္ကရာဇ် ၁၉၅၅ ခုနှစ်ပေါ့၊ အဲဒီနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ မှာ "မန်းမြစိန်" ကြီးမှူးပြီး ဗုဒ္ဓဂါယာက ပင့်ဆောင်လာတဲ့ ဘုရားရဲ့ ဖွားဖက်တော်တစ်ခုဖြစ်တဲ့ ဗောဓိညောင်ပင်ပျိုကို စိုက်ပျိုးခဲ့တယ်"

"ဘုရားရှေ့မှာ ဝေဆာနေတဲ့ အပင်ကြီးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှေးက သစ်သားတံခွန်တိုင်အတောင်းကိုလည်း အုတ်နဲ့ငုံပြီး စေတနာရှင် ညီအစ်မသုံးဦးက ပြန်လည်တည်ဆောက်ခဲ့တယ်"

"ဘုရားတည်တော့ရော"

"ကရင်ပြည်မှာ နေထိုင်ကြတဲ့ ကရင်၊ မြန်မာ၊ ရှမ်း၊ ပအိုဝ်းစတဲ့ ဗုဒ္ဓဘာသာဝင်လူမျိုးစုံရဲ့ လုပ်အားနဲ့ ဘုရားတည်ခဲ့တာ၊ ၁၉၅၈ ခုနှစ်မှာ စတည်ပြီး ၇ နှစ်အကြာ ၁၉၆၅ ခုနှစ်မှာ ပြီးစီးခဲ့တယ်"

"ရွှေယဉ်မျှော် ပြည်တော်ဇေဒီလို့ ရေးထားတယ်နော်"

"ဟုတ်တယ်၊ ကြေးပိဿာချိန် ၁၅၀၀ ရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်ကိုပါ ပူဇော်ခဲ့ကြပြန်တယ်"

"ကိုစောထူးသာက ဗုဒ္ဓဘာသာလားဟင်"

"ဒါပေါ့ဗျာ၊ ဒါကြောင့် ရှင်းပြနိုင်တာပေါ့၊ ကဲ. . . လာဘုရားဖူးရအောင်"

နန်းဝေဝေ တွေ့ခဲ့ရသော ဩနာပြုသင်တန်းသူ ကရင်မလေးများမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြ၍ စောထူးသာကို မေးကြည့်ဖြစ်ရခြင်းပါ။

စောထူးသာ ဦးချ၏။ နန်းဝေဝေကတော့ ငါးပါးသီလဆုံးအောင် ပူဇော်ကန်တော့ပြီးချိန်မှာ. . .

"ရန်ကုန်က မေမေကျန်းမာပါစေ"

"ဒီဘားအံနယ်မြေမှာ ပျောက်ဆုံးနေတဲ့ ဖေဖေ့ကို ရှာဖွေခွင့် ရရှိပါစေ"

"ဖေဖေ့ကို ပြန်လည်၍ တွေ့ဆုံပါရစေ"





ဆိုသော ပန်ဆုများကို ရင်နှင့်တလှိုက် ဆုတောင်းလိုက်မိပါ၏။

"လာ. . . ဟိုဘက်က ဖားနဂါးကို သွားကြည့်ရအောင်"

ဘုရားရင်ပြင်ကိုပတ်၍ အနောက်ဘက်သို့သွားပြီး အနိမ့်လေးကို ဆင်းလိုက်သည့်အခါမှာ. . .

ပါးပြင်းထောင်နေသော နဂါးကြီးတစ်ကောင်နှင့်မှို့ရှက်သဏ္ဍာန် ကျောက်ထီးဆောင်းထားသော ဖားရုပ်ကြီးတစ်ခုကို တွေ့လိုက်ရ၍. . .

"အဲဒီဖားကြီးနဲ့ နဂါးကြီးက ဘာအထိမ်းအမှတ်နဲ့လုပ်ထားတာလဲဟင်"

"ကျွန်တော် ရှင်းပြရမှာ မေ့သွားတယ်၊ ဒါက ရှေးအဘွားကြီးအဘိုးကြီးတွေ ပြောပြောတတ်တဲ့အလုပ်ပဲ၊ အဲဒီအကြောင်းသိချင်ရင် ဖားနဂါးသမိုင်းစာအုပ် ဝယ်ပေးမယ်၊ ဖတ်ကြည့်. . . ဟုတ်ပလား"

"ကောင်းပါပြီလေ"

နောက်ထပ် သူ့ကို ဘာမှမမေးဖြစ်အောင် နန်းဝေဝေ ထိန်းထားပါတော့မည်။

"ဟုတ်တာပေါ့လေ၊ ဒေါ်ဒေါ် ဒေါ်လှမြိုင်က ခိုင်းလို့သာ ငါ့ကိုလိုက်ပို့ရတာ၊ သူ့တာဝန်ထက်ပိုပြီး လုပ်မပေးချင်ဘူး ထင်ပါရဲ့"

နန်းဝေဝေမှာ သံလွင်မြစ်ကို စုန်ဆင်းလာနေသော ရစ်ထပ်သင်္ဘောကို လှမ်းကြည့်နေမိသည်။

မြစ်ကြောင်းသည် ကွေ့ဝိုက်လွန်းလှချေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်တန်းခြင်းမရှိသည်ကပင် ပို၍ သဘာဝအလှတို ဖြစ်ထွန်းစေနိုင်သည်ဟု ထင်မိ၏။

ဤကရင်ပြည်နယ်တစ်ခုလုံးမှာ ထုံးကျောက်တောင်များ အလွန်ပေါများ၏။

ရေစီးသန်လွန်းသော သံလွင်မြစ် ဖြတ်သန်းစီးဆင်းသည့် အပြင် ပင်လယ်နှင့်လည်း နီးကပ်လွန်းသဖြင့် ရေတိုက်စားရာမှ နှစ်ပေါင်းများစွာ ကြာလာသည့်အခါ ကျောက်တောင်ကြီးများ သာ အပုံလိုက် အပုံလိုက် ကျန်တော့သည်။

ဤဘားအံမြို့ကို ဇွေကပင်တောင်၊ ထမင်းဆုပ်တောင်(သံလွင်မြစ်လယ်တွင်ရှိသည်)၊ ဘားကပ်တောင်(ဘားအံ တစ်ဘက်ကမ်း)၊ ရသေ့ပြန်တောင်၊ ဘားပုတောင်၊ မင်းဇီတောင်၊ ဇွဲကပင်တောင်၊ တောင်ညိုတောင်နှင့် ဖားမဲတောင် စသော တောင်ကိုးလုံးဖြင့် ဝိုင်းပတ်ကာရံထားပေသည်။

ဘားအံဆိုသော ရွှေမြို့တော်ကို ဖခင်ကြီးထွက်သွားချိန်မှ စ၍ စိတ်ဝင်စားခြင်းကြီးစွာဖြင့် လတ်လှမ်းမိသမျှ လေ့လာ ထားခဲ့ပြီးပါပြီ။

သံလွင်မြစ်ကို ကန့်လန့်ဖြတ်လျက် ကူးနေကြသော ပဲ့ချိတ် ကလေးများတွင်လည်း ခရီးသည်များက ပြတ်သည်မရှိ။

တစ်ယောက်တစ်ကျပ်မျှသာ ကူးခပေးရသော သဘော်ာ က အချိန်နှင့်ထွက်သည်။

အချိန်မရွေး ကူးနိုင်သော တစ်ယောက်သုံးကျပ်ပေးရ သည့် ပဲ့ချိပ်ကလေးနှင့် အလှယ်တကူ ကူးသန်းလျှက်ရှိကြပါ၏။

တစ်ဘက်ကမ်းတွင် မြိုင်ကလေး. . .





ဘားအံသို့တိုင် ကားလမ်းခရီးမပေါက်ပါ။

မြိုင်ကလေးရွာမှတစ်ဆင့် ကားကို ဇက်ခရပ်ဖ်ခေါ် ဖောင်ကြီးဖြင့် ကားငယ်တစ်စင်း နှစ်ဆယ်ကျပ်ဖြင့် ကူးနေကြ သည်။

သံလွင်မြစ်၏ အနောက်ဘက်ကမ်းဖြစ်သော မြိုင်ကလေး နှင့် လှကာရွာအနီးမှ "ဘိလပ်မြေစက်ရုံ"ကြီးကလည်း ကြီးကျယ် ခမ်းနားလှပါပေသည်။

မြိုင်ကလေးဘက်ကမ်းတွင် ၁၉၈၈ ခု၊ မတ်လ ၂၇ ရက် နေ့ကမှ ဖွင့်လှစ်သည့် သထုံဘားအံ မီးရထားလမ်းနှင့် ဘူတာ ရုံငယ်လေးလည်း ရှိပါ၏။

ထိုဘူတာရုံ၏ အနောက်ဘက်တွင် မြင့်မားမှိုင်းညို့နေ သော တောင်တစ်လုံးကို နီးကပ်စွာ မြင်နေရသော်လည်း ဘာတောင်မှန်းမသိ။

သူတို့လည်း မမေးချင်တော့ပါ။

"ရှုခင်းက လှတယ်နော် နန်းဝေဝေ"

"ဟုတ်ကဲ့"

"မျက်စိရှင်းတော့ သဘာဝအလှတွေ ပေါ်လာတာပေါ့၊ ရန်တုန်ကတော့ မျက်စိနောက်လှတယ်"

"ဟုတ်ပါတယ်"

"ဟိုဘက်ကမ်းကိုလည်း လိုက်ပို့ပါဦးမယ်"

"နေပါစေ. . . အားနာပါတယ်၊ အခုတောင် ဒေါ်ဒေါ်က အတင်းသွားခိုင်းလို့ပါ"

"နန်းဝေဝေက မလည်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဖူးတဲ့နယ်မြေမို့ လည်းနေချင်ပါတယ်၊ ဒါပေမယ့် ကျွန်မက ဟိုမေးဒီမေးလုပ်မိတော့ ကိုစောထူးသာ စိတ်ရှုပ်သွားလားလို့ပါ"

"ဘယ့်နှယ့် စိတ်မရှုပ်ရမှာလဲ၊ အဲဒီရာဇဝင်တွေ သမိုင်းကြောင်းတွေကို ပြောမပြတတ်လို့ပါ၊ ခဗတ်ချင်ရင်တော့ ကျွန်တော့်အမေဆီ တစ်နေ့လောက် လိုက်ခဲ့လေ၊ အမေက အားကြီး ပြောတတ်တာ"

"ဖြည်းဖြည်းပေါ့၊ ကဲ. . . ပြန်ကြမလား"

"နန်းဝေဝေ ပြန်ချင်ပြီလား"

"အမှန်ပြောရရင် တစ်နေ့ကုန်တောင် ဒီသံလွင်မြစ်ကမ်းခြေမှာ ထိုင်နေချင်ပါတယ် ကိုစောထူးသာ၊ ဒါပေမယ့် တာဝန်က ရှိသေးတယ်လေ"

"ဘာတာဝန်လဲ"

"ဪ. . . ဒေါ်ဒေါ့်ကို ကြည့်ဖို့ပေါ့"

"နေကောင်းနေပြီပဲ၊ ဘာလုပ်ပေးစရာလိုသေးလဲ"

"ဘာပဲဖြစ်ဖြစ် မနက်ခုနစ်နာရီကနေ ညခုနစ်နာရီအထိ ဒေါ်ဒေါ့်နားမှာနေပြီး သူလိုအပ်သမျှ လုပ်ပေးရမှာ ကျွန်မရဲ့ တာဝန်ပါ ကိုစောထူးသာ"

"နန်းဝေဝေနဲ့ ဒေါ်လှမြိုင်တို့က ခင်ကြသိကြလို့ လိုက်လာပြီး ကုသပေးနေတာ မဟုတ်ဘူးလား"

"ကုသပေးရအောင် ကျွန်မက ဆရာဝန်မှ မဟုတ်တာ"

"ဒါဖြင့် ခင်ဗျားကဘာလဲ"

"အို. . . တစ်အိမ်တည်းနေပြီး ဒါတောင် မသိဘူးလား၊





သူနာပြုဆရာမပေါ့ရှင်"

"လုံချည်အနီတွေ အပြာတွေလည်း ဝတ်မထားပါလား"

"ဪ. . . ခက်လိုက်တာ၊ ဆေးရုံပေါ်မှာမှ မဟုတ်တာ"

"ဦးထုပ်ဖြူလည်း မဆောင်းရဘူးလား"

"တမင်များ အရွဲ့တိုက်မေးနေတာလားရှင်"

"ဟာ. . . အရွဲ့တိုက်တယ်ဆိုတာ ယောကျ်ားစကားမှ မဟုတ်တာ"

စောထူးသာ၏ မျက်နှာမှာ တည်နေသော်လည်း သူ့မျက်ဝန်းမှာ သိဝှက်ခြင်း၊ ကောက်ကျစ်ခြင်းများ ကင်းရှင်းမက ဟန်ဆောင်ခြင်းကိုပါ မမြင်ရပါချေ။

သူတကယ် နားမလည်၍ မေးနေခြင်းဖြစ်ကြောင်း သိသာပါ၍. . .

"ဆေးရုံမှာ ဆိုရင်တော့ ဆေးရုံဝတ်စုံ ဝတ်ရမှာပေါ့၊ အိမ်မှာလိုက်ရတဲ့ အထူးသူနာပြုဆိုတော့ အဲဒီတာဝန်ဝတ်စုံ မလိုပါဘူးလေ"

"အထူးသူနာပြုဆိုတာ ဘာလဲ"

"လူတစ်ယောက်တည်းက ငှားထားတဲ့ သူနာပြုဆရာမပါ"

"ဪ. . . ကျွန်တော်က နန်းဝေဝေကို ဒေါ်ဒေါ်တို့နဲ့ ရင်းနှီးတဲ့ သူဌေး အသိုင်းအဝိုင်းထဲက ဆေးပညာ တတ်ကျွမ်းလို့ ခေါ်လာတာမှတ်နေတာ၊ နန်းဝေက သိပ်လှတော့ သူဌေးသမီး ရုပ် ပေါက်နေတာကိုဗျ"

"မဟုတ်ရပါဘူးရှင်၊ ဒေါ်ဒေါ်နဲ့လည်း အစက မသိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငှားမှ တွေ့ဖူးတာပါ၊ ဆေးရုံပေါ်မှာတော့ တစ်နေ့ သုံးဆယ့်ငါးကျပ် ရပါတယ်၊ ဒေါ်ဒေါ်က ဒီကို လိုက်ခဲ့ပါ၊ စရိတ်ငြိမ်းနဲ့ တစ်နေ့ ငါးဆယ်ပေးမယ်ဆိုလို့ လိုက်လာခဲ့တာပါ"

"ဩော်. . . ဒါဖြင့်ရင် ခင်ဗျားလည်း ကျွန်တော့်လို အလုပ်သမားပါပဲလား"

"ကိုစောထူးသာကရော ဘာလုပ်ရတာလဲဟင်"

"ဆရာက ခန့်တုန်းကတော့ သူ့အလုပ်ရုံရဲ့ စာရေးတဲ့ဗျာ လုပ်ရတာကတော့ ဆန့်ဝယ်၊ ဆီဝယ်၊ တားမောင်း၊ ကျောင်းပို့ သူတို့ခိုင်းသမျှ အကုန်လုပ်ရတာပါပဲ"

"ဒါပေါ့လေ၊ အလုပ်သမားဆိုတာ တာဝန်ချိန်မှာ ကိုယ့်ဘဝကို အလုပ်ရှင်ဆီမှာ အပ်ထားရတာပဲ ခိုင်းချင်တာ ခိုင်းပါစေပေါ့"

"အေးဗျ"

"ဒါနဲ့ ရှင်းက ဘယ်နှတန်းကျောင်းသူလဲဟင်"

"ဖားအံကောလိပ်ကျောင်းသူလေ"

"ဩော်"

"အဲဒါတောင် မသိဘူးလား။ တစ်အိမ်တည်းနေပြီး"

"ရှင်းက ကျွန်မကို စကားမပြောပါဘူး ကိုစောထူးသာ၊ ထမင်းတောင် တစ်ဝိုင်းတည်း မစားပါဘူးရှင်၊ သူစားပြီးမှ စားရပါတယ်"

"ဟင်"

ကိုစောထူးသာ၏ မျက်ဝန်းများ အရောင်ပြောင်းသွားသည်။





သူ့စိတ်ထင်က သူဌေးမိသားစု၏ မိတ်ဆွေ သူဌေးသမီးတို့ သူက တာဝန်အရ အောက်ကျခံ၍ လိုက်ပို့ပေးရသည်ဟု ထင်ခဲ့၏။

စောထူးသာအနေနှင့် အောက်ကျခြင်း၊ အထက်စီးက နေရာယူခြင်း စသော ခံယူချက်မျိုး မရှိခဲ့ပါ၊ ကျရောက်လာသော တာဝန်ကို ကျေပွန်မည်၊ သစ္စာရှိမည်၊ မှန်ကန်ခြင်းအတွက် ဘာမဆို ရင်ဆိုင်ရဲသည်။ မှန်တာလုပ်ရမည်ဆိုလျှင် ဘယ်သူ့မှ မကြောက်သော စောထူးသာ။

နန်းဝေဝေကို တွေ့စကပင် လှသော၊ ချမ်းသာသော အမျိုးသမီးငယ်အဖြစ် သူထက် တစ်ဆင့်မြင့်၍ မြင်ခဲ့မိ၏။

ယခုတော့ တစ်နေ့တာ ငွေငါးဆယ်ရဖို့အတွက် ရေခြားမြေခြား ဒေသသို့ တစ်ယောက်တည်း လိုက်လာရရှာသော အလုပ်သမ ဆရာမလေး နန်းဝေဝေပါတကား။

"မြန်ကြစို့နော်၊ ဒေါ်ဒေါ့်ကို ရေပတ်တိုက်ပြီး သနပ်ခါး သွေးလိမ်းပေးရဦးမယ်"

"ဈေးဝင်ချင်ရင်ပို့လိုက်လို့ ဆရာကတော်က မှာလိုက်သေးတယ်လေ"

"ဈေးမဝင်တော့ပါဘူး၊ ဝယ်ချင်စရာ တွေ့နေပါဦးမယ်"

"ဈေးဝင်တယ်ဆိုတာ ဝယ်ချင်စရာတွေ့ရင် ဝယ်ရအောင်လို့လေ"

"ဝယ်ချင်စရာ တွေ့နေမှာစိုးလို့ကို မဝင်ချင်တာပါ"

နန်းဝေဝေ၏ စကားအဓိပ္ပာယ်ကို သူနားမလည်စွာ ကြည့်နေမှန်းသိ၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရမယ့် ပိုက်ဆံကိုစုပြီး မေမေ့ဆီကို ပို့ပေးချင်လို့ပါ"

"ဩော်"

"ဒီဖားအံကာ မြဝတီ ဆိုတဲ့ နယ်ခြားလမ်းနဲ့နီးတော့ ယိုးဒယားပစ္စည်းတွေ သိပ်ပေါတာမဟုတ်လား၊ လူငယ်ဆိုတော့လည်း ဝယ်ချင်မိမှာပဲလေ၊ မေမေ့ဆီ ငွေမပို့နိုင်မှာစိုးလို့ တမင်ကို မဝင်တော့ဘူးလို့ ပြောတာပါ၊ ကဲ... ပြန်ကြစို့နော်"

"ကောင်းပြီ ကျွန်တော် နားလည်ပြီ"

"ကျွန်မကို ခုလို လိုက်ပို့ပေးတဲ့အတွက် တကယ်ပဲ ကျေးဇူးတင်ပါတယ် ကိုစောထူးသာ"

"မလိုပါဘူး၊ ကျွန်တော်တတ်နိုင်တာ ကူညီပေးပါ့မယ်၊ လိုတဲ့အကူအညီလည်း ပြောနော်...ဟုတ်လား"

"ဟုတ်ကဲ့"

ရွှေယဉ်မျှော် ကုန်းတော်၏ မြောက်ဘက်ရှိ လှေကားမှ ယှဉ်တွဲလျက် ဆင်းသက်ခဲ့ကြသည်။

ဒီရေတက်ချိန်မို့ မြေနှင့်ရေသည် ညီတော့မတတ်...

သံလွင်အနောက်ဘက်ကမ်းရှိ ဖားပူ၊ ခဲတောက်၊ တျူပိုက်၊ မုတ္တတိ၊ ဖားနွဲ့ကျွန်း၊ မိကုရင်ကြီးရွာ၊ ဝဋ်ကြီး စသည့် ရွာစဉ်များသို့ သွားမည့် စက်တပ်လှေနှင့် ဟိုဘက်ကမ်း သည်ဘက်ကမ်း ကူးနေကြသော လက်လှော်လှေများက ကမ်းဆိပ်မှာ အပြည့်..

ရွှေယဉ်မျှော်ဘုရားလမ်းပေါ်မှာ ဆိုက်ရပ်ထားသော ဟိုင်းလပ်(က်စ်)ကားပေါ်သို့ တက်လိုက်ရသည်။

စောထူးသာ ဖွင့်ပေးသော ရှေ့ခန်းမှာပင် သူနှင့်ယှဉ်လျက် အလာတုန်းကကဲ့သို့ပင် အတူပြန်ခဲ့ကြရပါ၏။





"မနန်းဝေဝေ အဖေက ဘာအလုပ်လုပ်လဲ"

"အဖေနဲ့ အတူမနေပါဘူး"

"အဖေနဲ့အမေက ကွဲနေကြသလား"

"အဖေက အဝေးရောက်နေတာပါ"

"သားအမိနှစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"ဒါဆို ကျွန်တော်နဲ့ ဘဝတူပဲ"

"ကိုစောထူးသာရဲ့အဖေ ဘယ်တုန်းက ဆုံးတာလဲဟင်"

"မဆုံးသေးဘူးဗျ"

"ဟာ... မေးမိတာ အားနာစရာတော့ ဖြစ်ကုန်ပြီ"

"အားမနာပါနဲ့၊ ကျွန်တော်တော့ ဘယ်တော့မှ အားမနာဘူး"

နန်းဝေဝေ ပြုံးပြီး သူ့ကိုကြည့်မိ၏။ သူ့မျက်နှာကလည်း အသွားတုန်းကထက် ပို၍ ကြည်ကြည်လင်လင်ရှိနေ၏။

"ဒါဖြင့် ကိုစောထူးသာရဲ့အဖေက ဘယ်မှာလဲဟင်"

"ကျွန်တော် ငယ်ငယ်ကတည်းက ကွဲသွားပြီး ရန်ကုန်ပြောင်းသွားတယ်တဲ့၊ ကျွန်တော့်အဖေကို ကျွန်တော် လုံးဝ မမှတ်မိဘူး"

"နောက်ပိုင်း ပြန်မတွေ့ကြဘူးလားဟင်"

"တို့သားအမိကို မချစ်လို့ ပစ်သွားတဲ့အဖေကို သွားမရှာနဲ့ ဆိုလို့ ကျွန်တော်လည်း ရန်ကုန်ရောက်ပေမယ့် မရှာတော့ပါဘူး"

"ကိုစောထူးသာကရော ကိုယ့်အဖေကို ကိုယ် မတွေ့ချင်ဘူးလားဟင်၊ ကျွန်မတော့ ဖေဖေ့ကို သိပ်တွေ့ချင်တာပဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သားထက်စာရင် အဖေက ပိုပြီး တွေ့ချင်သင့်တာပေါ့ဗျ၊ သူကတောင် မလာတာ ကျွန်တော်တလည်း မရှာပါဘူး"

နန်းဝေဝေ ဘာမှ ထပ်မပြောတော့ပါ။

စောထူးသာနှင့် သည်ထက်ပို၍ ရင်းနှီးခွင့် ရချင်မိသည်။

မိမိ၏ အဖြစ်ပျက်အလုံးစုံကို ပြောပြပြီး တူညီရှာဖွေပေးဖို့ ပြောမည်ဟု တွေးမိလာသည်။

"ကိုစောထူးသာတို့က ဘားအံဇာတိပဲပေါ့နော်"

"ကျွန်တော့်ကို ကော့ကရိတ်ဘက်က တောရွာလေး တစ်ရွာမှာ မွေးတာ၊ အမေက ကရင်အမျိုးသမီး"

"အဖေကရော ကရင်အမျိုးသားပဲ မဟုတ်လား"

"မဟုတ်ဘူး၊ မြန်မာအစစ်"

"ဟုတ်လား"

"အမိုးကပြောတယ်၊ နင့်အဖေက လူလည်၊ စီးပွားရေးလည်း သိပ်အကွက်မြင်တာ၊ ဒါပေမယ့် စိတ်ထားမကောင်းဘူးတဲ့၊ ဒါကြောင့် ကျွန်တော်လည်း သိပ်မတွေ့ချင်ပါဘူး"

"အခု ကိုစောထူးသာတို့ သားအမိက ဘယ်အရပ်မှာ နေကြတာလဲဟင်"

"ဘားအံ လေယာဉ်ကွင်းနားမှာ"

"အဝေးကြီးလား"

"နှစ်မိုင်ကျော်လောက်ပဲ ရှိမှာပါ၊ ဘားအံ လှိုင်းဘွဲ့ သွားကားလမ်းမကြီးရဲ့ ဝဲဘက်အခြမ်းမှာ၊ ခြံက အကျယ်ကြီး၊ စိုက်ပျိုးရေးလည်း လုပ်ထားတယ်"

"ကျွန်မ လာလည်လို့ရမလား"





စောထူးသာကို အကြောင်းစုံ ဖွင့်ပြောချင်၍ ပွင့်လင်းစွာ မေးဖြစ်၏။

"သိပ်ရတာပေါ့၊ ကျွန်တော့်နားရက် တနင်္ဂနွေနေ့မှာ ဆရာကတော်ဆီက ခွင့်တောင်းပြီး ခေါ်သွားမယ်၊ အမိုးကလည်း ဝမ်းသာမှာ"

"ကျွန်မကလည်း ဝမ်းသာမှာပါ ကိုစောထူးသာ"

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ၆ ။

ဒေါ်လှမြိုင်၏ အခြေအနေမှာ လုံးဝ စိတ်ချရသည့် အဆင့်မှာ မရှိပါ။

သားအိမ်၌ ကင်ဆာဆဲလ်များ တွေ့ရ၍ ထုတ်ပစ်လိုက်သော်လည်း ပျံ့နှံ့မှု အတိုင်းအတာကို မသိရသေး။

သူ့အိမ်ပြန်ရောက်၍ တက်ကြွနေသည်က လွဲ၍ ကိုယ်ခန္ဓာက ဖျတ်လတ်ခြင်းမရှိလှ။

နည်းနည်း လှုပ်ရှုံနှင့် များများမောနေတတ်သော ဒေါ်လှမြိုင်ပါ။

သူ့ဝမ်းတွင်း၌ ကင်ဆာ အမြစ်တွယ်ခြင်း ရှိမရှိကို မသိနိုင်ပါသော်လည်း. . .

ကျေးဇူးရှင် ဒေါ်လှမြိုင် သက်သာနိုင်သမျှ သက်သာအောင် အလူးဂရုစိုက်၍ ပြုစုပေးမည်ဟု နန်းဝေဝေ သန္နိဋ္ဌာန် ချထားပြီးဖြစ်ပါ၏။





ဒေါ်လှမြိုင်၏ဆံပင်ကို အုန်းဆီတည့်ပြီး ဖြီးပေးနေဆဲ အခန်းတွင်းသို့ ရွှန်း ဝင်လာပြီး. . .

“ဟိုစားပွဲကို သေသေချာချာ ရှင်းထားနော်၊ ဆရာဝန် သွားခေါ်နေပြီ”

စားပွဲပေါ်မှာ ဘီးနှင့် အုန်းဆီပုလင်း တင်ထားရုံမှလွဲ၍ ရှင်းလင်းပြီးသားပါ။

“ဆရာဝန်ပြောတာကို သေသေချာချာ မှတ်ထားနော် ဆရာမ”

“ဟုတ်ကဲ့”

“မေမေ့ အသည်းစွဲ ဆရာဝန်ကလည်း သဒ္ဒန်ဂူသွားရင်း သိတာပတိုးရွာမှာ ညအိပ်နေလို့တဲ့လေ၊ သူ လျှောက်လည်နေမှာပေါ့”

“ဆရာလာရင် တိုက်ဖို့ အအေးလေးဘာလေးလည်း လုပ်ထားဦးနော် သမီး”

“အားလုံး အဆင်သင့်ပဲ မေမေ၊ ဆရာက ဒူးရင်းသီးကြိုက်တယ်ဆိုလို့ ယိုးဒယားမျိုး ဒူးရင်းသီးလည်း ခွဲခိုင်းပြီး အမြွာတွေအသင့်ပဲ”

ရွှန်းသည် သူ့အမေနှင့် ရွှန်းရွှန်းဝေအောင် ပြောပါသော်လည်း နန်းဝေဝေကိုမူ တန်းတူထား၍ စကားမပြောပါ။

ရုပ်က သိပ်မလှသော်လည်း ယနေ့ပြင်ထားပုံက သူနှင့်လိုက်ဖက်၍ လှနေသည်။ အကျီပွပွ၊ ထဘီတိုတိုနှင့် ဆံပင်အပေါ်မှ တစ်ဝက်ကို စုစည်းပြီး အောက်က တစ်ဝက်ကို ဖြေချထားပုံက ပုံကျစွာ လှနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အကျီရောင်နှင့် လိုက်ဖက်သော ခရမ်းရောင် နှုတ်ခမ်းနှင့် လက်သည်းကိုပါ ခရမ်းရောင် ဆိုးထားသည်။ လက်ပတ်နာရီနှင့် ရွှေလက်ကောက်ကို တစ်ဘက်တည်းမှာ ဝတ်ထား၏။

ရွှန်းကို ကြည့်ရသည်မှာ ကင်ဆာရောဂါရှင် မိခင်၏ သမီးနှင့် မတူ. . .

စတိတ်ချ်ရှိုးတစ်ခုကို သွားဆိုမည့် အဆိုတော်တစ်ဦးနှင့် တူလှသည်။

သူ တစ်နေရာရာ သွားစရာရှိ၍ နန်းဝေဝေကို မှာကြားနေခြင်းဖြစ်ပါလိမ့်မည်။

"ဟော. . . လာပြီ၊ ဆရာလာပြီ မေမေ"

ဆရာဝန် ရောက်လာတော့မည်မို့ သူနာပြုဆရာမလေး နန်းဝေဝေမှာ သတိအနေအထားဖြင့် လူနာ၏ ခုတင်ဘေးမှာ ခပ်မတ်မတ် ရပ်နေရပါ၏။

စောသာထူးက ဆေးအိတ်ကို အခန်းတွင်းမှာ ချခဲ့ပြီး နန်းဝေဝေကို ပြုံးပြ၏။

ချက်ချင်းပင် သူ ပြန်ထွက်သွားတော့သည်။

"လာပါဆရာ၊ ကြွပါ"

အသံစာစာလေးကို သာသာယာယာဖြစ်အောင် ပြောပြီး ရွှန်းက ဆရာဝန်ကို ဦးဆောင်ခေါ်လာသည်။

"ဟာ. . ."

ဆရာဝန်၏ မျက်နှာကို မြင်လိုက်ရချိန်မှာ နန်းဝေဝေ ရှော့ခ် မရရုံတမယ်လန့်ဖျပ်သွားရပါပြီ။

ရွှန်းတို့ အားကိုးကြသော သူတို့၏ မိသားစုဆရာဝန်မှာ





တစ်ချိန်က နန်းဝေဝေကို အကြာကြီး လိုက်ခဲ့ဖူးသော

"ဒေါက်တာနေမင်းထက်"

တွဲကွာနေကြသည်မှာ နှစ်နှစ်ကျော်ခဲ့ပြီမို့ သူ့ဘဝလည်း ပြောင်းလဲလောက်ပေပြီ။

နန်းဝေဝေကို သူ မမြင်သေး. . .

လူနာဆီသာ အာရုံရောက်နေ၏။

"အန်တီ ပြန်လာပြီဆိုတာ ကြားတယ်၊ ခရီးလွန်နေလို့ ဒီနေ့မှ လာကြည့်ရတာ၊ နေကောင်းတယ် မဟုတ်လား၊ အော်ပရေးရှင်း အောင်မြင်လို့ ဝမ်းသာနေတာ"

သူတို့ချင်း အတော်ရင်းနှီးပုံရသည်။

ဒေါက်တာနေမင်းထက်က ဒေါ်လှမြိုင်၏ ခုတင်ပေါ်တွင် ဝင်ထိုင်၍ ဒေါ်လှမြိုင်၏လက်ကို ဆုပ်ကိုင်ရင်း စကားပြောနေကြသည်။

"ဆေးရုံက ဘာဆေးတွေ ညွှန်လိုက်လဲ၊ ဆေးရုံဆင်းလက်မှတ် ခဏလောက်"

နန်းဝေဝေ အဆင်သင့်ပြင်ထားပြီးသားပါ။

ဆရာဝန်သည် ခွဲစိတ်မှတ်တမ်းကို ကြည့်မည်၊ ဆေးရုံမှ အထူးကုဆရာဝန် ညွှန်ကြားလိုက်သောဆေးကို ဆက်ထိုးရမည်။ အဖျားအနာ၊ ချောင်းဆိုး ခေါင်းကိုက်လောက် ကိုဖြင့် ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ကုရမည်ဟု နန်းဝေဝေ သိပြီးသားပါ။

နန်းဝေဝေက စားပွဲပေါ်မှ စာရွက်ကို လက်နှစ်ဘက်ဖြင့် ကမ်းပေးရင်း ခေါင်းငုံ့ထားလိုက်သည်။

သူ့ကို မကြည့်လိုပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက မနှုတ်ဆက်စေချင်ပါ။ ဒေါက်တာနေမင်းထက်နှင့် သိကြောင်းကိုလည်း ဤအိမ်မှလူများ မသိစေလိုပါ။

နေမင်းထက်ကိုယ်တိုင်က မမှတ်မိလို့ဖြစ်စေ၊ မှတ်မိပါလျက် မသိချင်ဟန်ဆောင်လို့ပဲဖြစ်စေ နေပါစေတော့. . .

"သူလည်း ခုလောက်ရှိ အိမ်ထောင်ရှက်သား ကျလောက်ရောပေါ့လေ"

တစ်ကိုယ်တည်း တွေးရင်း ထစောင်းအနေအထားဖြင့် ခေါင်းငုံ့ထားဆဲမှာ. . .

"နန်း. . . နန်းဝေ. . . ဟင်"

သူ့ထံမှ အံ့ဩလွန်းသော ခံစားမှု အသံဖြင့်ပင်. . .

"ဘယ်လိုကနေဘယ်လို နန်းဝေ ဒီရောက်နေတာလဲဟင်၊ နန်းဝေကို ပြန်တွေ့ရ ဆုံရလိမ့်မယ်လို့ လုံးဝ မမျှော်လင့်ခဲ့ဘူး၊ အံ့ရော နန်းဝေရယ်"

သူ့ကို မြင်လိုက်ရစဉ်ကထက်ပင် သူ့စကားများက ရင်ကို တုန်လှုပ်စေပါ၏။

သူ သည်မျှ တလှိုက်တလှဲ ဖြစ်သွားလိမ့်မည်ဟုလည်း မထင်ခဲ့. . .

နန်းဝေဝေ ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့ သွေးဆုတ်မတတ် ဖြူရော်သွားသော ရွှန်း၏ အံ့ဩမှုမျက်နှာ. . .

နေမင်းထက်ကလည်း နေမင်းထက်ပါပဲ၊ ပြေးဖက်မတတ် နန်းဝေဝေအနီးသို့ ကပ်ရပ်ရင်း ပြောလာခြင်းဖြစ်ပါ၏။

"ဖြေပါဦး၊ ဘာကြောင့် ဘားအံ့ရောက်လာတာလဲဟင်၊ ဒီမှာ ပိုစတင်ကျတာလား"





"အလုပ်မရသေးပါဘူး၊ စပါယ်ရှယ်လ်နပ်စ်အဖြစ်နဲ့ လိုက်လာတာပါ"

မျက်နှာကို အတတ်နိုင်ဆုံး တည်အောင်ထားပြီး မျက်ဝန်းချင်း မဆုံမိအောင် သတိထား၍ ဖြေကြားလိုက်ရသည်။

"ကိုယ် ဒီရောက်နေတာ တစ်နှစ်ကျော်သွားပြီ၊ ဒဂုံသံလွင်ကားဂိတ်နားမှာ ဆေးခန်းဖွင့်ထားတယ်"

"ဟုတ်ကဲ့၊ ကဲ. . . လူနာကို ကြည့်ပါဦးဆရာ"

"နန်းဝေကလည်းဗျာ၊ ကျွန်တော်မကြိုက်မှန်း သိရဲ့သားနဲ့ ခုထိ ဆရာခေါ်တုန်းပါပဲလား"

"ဆရာနဲ့ ဆရာမလေးက နဂိုကတည်းက အသိတွေကိုး၊ ဟန်ကျလိုက်တာဆရာရယ်"

ဒေါ်လှမြိုင်က အရိုးခံစိတ်ထားနှင့် ဝမ်းသာစကား ပြောသော်လည်း ရွှန်း၏ မျက်နှာတစ်ခုလုံး ဝန်တိုခြင်းများ ဖုံးလွှမ်းလျက် အလှပျက်သွားရှာခဲ့ပြီ။

"သိရဲ့ဘယ်ကမလဲ၊ ကျွန်တော်က သူ့ကို သိပ်ခင်တာ အန်တီရဲ့၊ ရန်ကုန်ဆေးရုံကြီးမှာ အတူတူ အလုပ်လုပ်လာကြတာလေ"

"သြော်. . . သြော်. . . မိတ်ဆွေရင်းတွေ ပြန်တွေ့ကြတာပေါ့လေ၊ ဆရာမလေးက ရုပ်ချောသလောက် သဘောကလည်းကောင်း အပြုအစုကလည်းတော်လို့ ဒီဘားအံ့အထိ လိုက်ခဲ့ဖို့ မနည်းခေါ်ခဲ့ရတာ ဆရာရဲ့"

"နန်းဝေကို ပြန်တွေ့ခွင့်ရလို့ အန်တီ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ သွေးချိန်ရန်အတွက် ဒေါ်လှမြိုင်လက်ကို ပတ်ပေးနေရသည့် နန်းဝေဝေ၏လက်များ တုန်နေသည်။

ဒေါက်တာနေမင်းထက်သည် သူ့အတွက် လှိုက်လှဲသောရင်၊ ဝမ်းမြောက်လွန်းသော စကားများဖြင့် ကြိုလိမ့်မည်ဟု လုံးဝမထင်ခဲ့. . .

သူကိုယ်တိုင်က သတိသိပ်မရ၍ နေမင်းထက်ကလည်း မေ့လောက်ပြီဟု ထင်ထားမိခဲ့သည်။

ယခုတော့. . .

သူ့ဟန်ပန် သူ့စကားသံနှင့် သူ့အမူအရာတို့သည် နန်းဝေဝေအပေါ်မှာ တကယ့်ကို လှိုက်လှဲစွာ ကြိုဆိုနေသည့်ဟန်က အထင်းသား. . .

နန်းဝေဝေမှာ အတတ်နိုင်ဆုံး မျက်နှာကို တည်တည်ငြိမ်ငြိမ် ထားရသည်။

ဒေါက်တာနေမင်းထက်နှင့် ပြန်လည်၍ တွေ့ဆုံရသည်ကို ဝမ်းမြောက်ခြင်း မဖြစ်မိရိုးအမှန်ပါ။

စိတ်ရှုပ်ထွေးဖွယ် ပြဿနာတစ်ခုနှင့် ကြုံလိုက်ရသလို ရင်ထဲမှာ နောက်ကျိသွားသည်။

အကြီးအကျယ် အတဲခတ်နေသော ရှွန်းကိုလည်း ရင်မဆိုင်ရဲသလိုပါ။

အလွန်ရိုးသားရှာသည့် ဒေါ်လှမြိုင်ကမူ သူချစ်သော ဆရာမလေးနှင့် သူအားကိုးသော ဆရာဝန်တို့ချင်း သိကျွမ်းနေကြသည်ဆို၍ သူ့ခမျာ ဝမ်းသာနေရှာသည်။





သူ့သမီး၏ အမူအရာ ပျက်ယွင်းမှုကိုလည်း သူ အကဲမခတ်တတ်ရှာ. . .

သွေးချိန်၊ နှလုံးခုန်နှုန်းတိုင်း၊ ဆေးထိုး စသည့် ဆောင်ရွက်ဖွယ်များ ပြီးသွားချိန်မှာ. . .

"ဒေါ်ဒေါ် နေသာတယ်မဟုတ်လားဟင်"

"ကောင်းပါတယ် ဆရာမလေးရဲ့၊ ဘာဖြစ်လို့လဲ"

"ကျွန်မ ထမင်းသွားစားချင်လို့ပါ"

"စားလေ၊ သွားစားပါ"

အမှန်တော့ နန်းဝေဝေအနေနှင့် ထမင်းစားခန်း ဝင်၍ ကြိုက်သလို ထည့်စားနိုင်သော အခွင့်အရေးမရှိပါ၊ စားချိန်တန်မှ. . .

"ဆရာမ၊ ထမင်းစားမယ်"

ဆိုပြီး အိမ်ဖော်များလာခေါ်မှ စားရသော ဘဝပါ။

ယခုတော့ နန်းဝေဝေ ထမင်းစားခွင့်ကို ရှွန်းက လိုလိုလားလား ပေးပါလိမ့်မည်။

"နန်းဝေ"

အခန်းတွင်းမှ ထွက်ခါနီးတွင် ဒေါက်တာနေမင်းထက်က လှမ်းခေါ်လိုက်ပြီး. . .

"နန်းဝေကို ပြောစရာတွေ ရှိနေလို့"

"ထမင်းဆာလို့ပါ၊ ခွင့်လွှတ်ပါ"

ဇွတ်ထွက်လာခဲ့ရပါ၏။

မီးဖိုခန်းဝင်ပြီး ထမင်းစားခွင့်တောင်းတော့ အိမ်ဖော်များက တအံ့တဩဖြစ်နေကြပါသော်လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



နန်းဝေဝေကို ချစ်ကြည်စိတ်ဖြင့် အရေးတယူ ထည့်ကျွေးကြရှာပါသည်။

ရင်တွင်းမှာ တင်းကျပ်ပြည့်နင့်နေ၍ ထမင်းလည်းကောင်းစွာစား၍ မဝင်ပါ။

ကားထွက်သွားသံ ကြားရသည်။

အိမ်ဖော်များ စားစရာ ဇန်းကို ပြန်သယ်လာကြပြီး ထမင်းစား စားပွဲပေါ်မှာ လာချ၏။

အအေးတစ်ခွက်သာ ကုန်သည်။ ရွှန်း ဖတ်ဖတ်မောအောင် ပြင်ထားသော မုန့်နှင့် အသီးအနှံများက အရာမယွင်း. . .

အလှတွေ အကြီးအကျယ်ပြင်ထား၍ အပြင်များ သွားမလာဟု ထင်ခဲ့မိသည်။

ဒေါက်တာနေမင်းထက်အတွက် ပြင်ဆင်ထားခြင်းပါလားဟု နန်းဝေဝေ သိလာရပါပြီ။

"ဆရာမ"

ထမင်းစားနေသည့် နန်းဝေဝေဘေးတွင် ရွှန်း လာထိုင်၏။

ဒေါက်တာနေမင်းထက်နှင့်ပတ်သက်၍ သူ့အား အပြစ်ဖို့စကားများ ပြောလာလိမ့်မည်ဟု နန်းဝေဝေ စိုးရွံ့စွာ ထင်ခဲ့မိပါသော်လည်း. . .

"ဆရာမကို ဒေါက်တာက တအားခင်ပုံရတယ်နော်၊ ဆရာမကတော့ ခပ်တည်တည်ပဲ၊ အဲဒါ ဘာဖြစ်လို့လဲဟင်"





"တည်တာမဟုတ်ဘူး၊ သူက ဆရာဝန်မို့ လေးစားတဲ့သဘောပါ"

"ဆရာမနဲ့ခင်တာ ကြာပြီလား"

"ဟုတ်ကဲ့၊ သူဆေးကျောင်းသားဘဝကတည်းကပါ"

"သူ့ဦးလေးတစ်ယောက်က လူဝင်မှုကြီးကြပ်ရေးအရာရှိအဖြစ် ဒီကိုပြောင်းလာတယ်၊ သူကလည်း အလုပ်မဝင်ရသေးတော့ ဒီမှာ ဆေးခန်းလာဖွင့်တာ"

"ဪ. . ."

"ဆရာမ"

"ပြောပါ ရွှန်း"

"သူ့ မိဘတွေက အရမ်းချမ်းသာလားဟင်"

"ချမ်းသာတယ်လို့ ကြားပါတယ်၊ ခုနစ်မိုင်ခွဲမှာ တိုက်နဲ့ ခြံကျယ်နဲ့ နေတယ်လို့ သူပြောပြဖူးတယ်"

"သူတို့ ဘာကားစီးလဲဟင်"

"ဟိုတုန်းကတော့ ရွှေအိုရောင် ကော်ရိုလာ ကားလေးပဲ၊ နောက်ပိုင်းတော့ မသိဘူး"

"နောက်ပိုင်းတော့ ဆရာမနဲ့ မတွေ့ကြဘူးလားဟင်"

"နှစ်နှစ်ကျော်အတွင်းမှာ ဒီနေ့ ပထမဆုံးအကြိမ် ပြန်တွေ့ခြင်းပါ"

"သူမှာ အစ်မတစ်ယောက်နဲ့ ညီအစ်ကိုနှစ်ယောက်တည်း ရှိတယ်ဆို"

"ဟုတ်ပါလိမ့်မယ်၊ ဒီအထိတော့ နန်းဝေမသိပါဘူး ရွှန်း"

"ရွှန်းကို တလွဲမထင်နဲ့နော်၊ နောက်တစ်ခု မေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ၊ နန်းဝေသိတာဆို ဖြေပါ့မယ်"

"သူမှာ ရည်းစားရှိလားဟင်"

ရွှန်းကို အံ့ဩစွာ ကြည့်မိသည်။ ယောကျ်ားတစ်ယောက်အတွက် သည်အထိ အရှက်မဲ့စွာ စူးစမ်းရဲသော ရွှန်းပါလား။

"ဆေးရုံမှာတုန်းကတော့ ဘယ်သူနဲ့မှ တွဲတာ မတွေ့မိပါဘူး"

"ဆေးကျောင်းသူထဲက ဖြစ်ဖြစ်၊ ဆရာဝန်မတစ်ယောက်နဲ့ ဖြစ်ဖြစ် တွဲတာများ မြင်မိသလားလို့ပါ၊ နပ်စ်မတော့ မှန်းမှာမဟုတ်ပါဘူး"

နှိမ့်ချလာသူကို နှိမ့်ချအထင်သေးစွာ ပြန်လည်ကြည့်မိ၏။ ရင်မှ မာနသည် နိုးကြွလာ၏။

မိန်းမကောင်းတို့၏ အလှမာန၊ သိက္ခာမာန. . .

"နန်းဝေကို အသေအလဲ လိုက်နေတာ၊ နန်းဝေက ပြန်မကြိုက်တာ"

ဟု ပြောလုလု နှုတ်ခမ်းကို ထမင်းလုပ်နှင့် ပိတ်လိုက်ရသည်။

"ထမင်းရှင်ပါလား"

ဟူသော သတိတရားသည် မာနနှင့် ဒေါသတို့ကို ချက်ချင်း ဖြုံခွင်းပစ်လိုက်ပါ၏။

"ရွှန်း လာစကားပြောနေတာနဲ့ပဲ ဆရာမတော့ ထမင်းစားပျက်ပြီ"

"ရပါတယ် ရွှန်းရယ်"

ရွှန်းက သူပြောချင်တာ ပြောပြီး ထမင်းစားခန်းမှ





ပြန်လည်ထွက်ခွာသွားလေမှ နန်းဝေဝေ၏ရင်မှ သက်ပြင်းမောကို ချဖြစ်သည်။

"အင်း. . . တော်ပါသေးရဲ့"

"ငါထွက်လာတာ ကံကောင်းဖို့ပဲ၊ ငါကသာ လိုက်လိုက်လျောလျောနဲ့ ဒေါက်တာနေမင်းထက်ကို စကားပြောမိရင် ရွှန်းကငါ့ကို ဘယ်လောက်များ ရန်ငြိုးဖွဲ့လိုက်မလဲဆိုတာ"

"ခုတော့ ငါက ခပ်တည်တည်နေတာ သူမြင်သွားပြီ၊ သူလက်ခံသွားပြီလေ"

မိမိ၏ ရှောင်ဖယ်မှုအတွက် ရွှန်းအပေါ်မှာ အကျိုးသက်ရောက်မှု ရှိပါသော်လည်း ဒေါက်တာနေမင်းထက်အနေနှင့် သူ့ကို ဘယ်လို ထင်သွားရှာလေမလဲ။

ဒေါက်တာနေမင်းထက် ချစ်ခွင့်တောင်းစဉ်က သူ့ကို ပြန်မချစ်နိုင်ခဲ့သည်မှလွဲ၍ သူ့ကို မမုန်းခဲ့ပါ။ မုန်းစရာအကြောင်းလည်း မရှိခဲ့ပါ။

အကယ်၍ ရွှန်းသည်သာ ဒေါက်တာနေမင်းထက်၏ အရှေ့မှပိတ်ကာ၍ ရပ်မနေပါဘူး ဆိုပါလျှင်. . .

တစ်မြေ တစ်ရေမှာ မိတ်ဟောင်းဆွေဟောင်း တစ်ယောက်အဖြစ်နှင့် နန်းဝေဝေ အားတက်စွာ ခင်မင်မိလေမလား မပြောတတ်ပါ။

"ခုတော့ ခုလို ခပ်စိမ်းစိမ်းနေတာပဲ ကောင်းပါတယ်လေ"

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ။ ၇ ။

ညဘက်ကျမှ လုပ်ငန်းကို လုပ်နေကြခြင်းမှာ ရိုးသားခြင်း မဖြစ်နိုင်ကြောင်း ဤအိမ်ရောက်ချိန်မှစ၍ နန်းဝေဝေ သိလာခဲ့ရသည်။

“ဘာလုပ်ကြတာပါလိမ့်”

ဟု သိချင်စိတ် ရှိမိပါသော်လည်း သိနိုင်အောင် အနည်းငယ်သော်မှ မကြိုးစားခဲ့ပါ။

သူတစ်ပါးအိမ်တွင် နေထိုင်စဉ်အတွင်း သူတစ်ပါး၏ အကြောင်းအရာကို စပ်စုခြင်းမှာ အောက်တန်းကျလှသော လုပ်ရပ်ဖြစ်ပေသည်။

“ဟာ. . . ဆရာမ၊ စွပ်ပြုတ်ထဲကို ဒီအချိုမှုန့် မထည့်နဲ့လေ”

ဟင်းချိုမှုန့်ထည့်ထားသော ပုလင်းထဲမှာ ကုန်နေ၍ ဖောက်ထည့်မည် ပြုသည်။ ဒေါ်လှမြိုင်အတွက် စွပ်ပြုတ်ပန်းကန်





ကလည်း အနားမှာမို့ အိမ်ဖော်မိန်းကလေးက အလန့်တကြား တား၏။

“ဒီမှာ ရော့ အသစ်၊ အဲဒီအထုပ်က အိမ်ကလုပ်တာ မကောင်းဘူး”

“ဒီအိမ်မှာ အချိုမှုန့် လုပ်တယ်လား”

“အင်းလေ၊ အကြီးအကျယ်ပေါ့၊ ဆရာမ မသိဘူးလား”

“မသိပါဘူးကွယ်”

“ဒီမြို့မှာတော့ မရောင်းပါဘူး၊ မော်လမြိုင်ကတစ်ဆင့် ရန်ကုန်တင်တာပါ”

“ဪ. . . ဪ”

နန်းဝေဝေ နားလည်လိုက်ပါပြီ။

အချိုမှုန့်အတု လုပ်နေသည်ဟု. . .

ဦးမြတ်သာသည် ဤစီးပွားရေးတစ်ခုတည်းဖြင့် ဟုတ်မည်မထင်။ အခြားသော ကြီးပွားရာ ကြီးပွားကြောင်းများကိုလည်း တရားသောနည်းနှင့်ဖြစ်စေ၊ မတရားသောနည်းနှင့် ဖြစ်စေ လုပ်မည့်သူဟု နန်းဝေဝေ မှန်းဆမိပါ၏။

အိမ်ဖော်လေးပေးသော အချိုမှုန့်ကိုခပ်ပြီး ဗန်းကို သယ်၍ ဒေါ်လှမြိုင်၏အခန်းသို့ လာခဲ့ရပါသည်။

ဤအိပ်ခန်းကျယ်အတွင်းမှာ ဗီရိုကြီးများနှင့် မီးခံသေတ္တာ နှစ်လုံးကိုပါမြင်ရ၍ နန်းဝေဝေ အနေကျုံ့မိပါ၏။

သူတို့၏အဖိုးတန်ပစ္စည်း တစ်စုံတစ်ခု ပျောက်ရှသွားလျှင် နန်းဝေဝေကို သံသယရှိကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာ အခန်းတွင်း ဝင်လာချိန်မှာ နန်းဝေဝေ အမြတမ်း အပြင်သို့ ထွက်ပေးပါသည်။

ညဘက်တွင်ဖြင့် သူတို့ဇနီးမောင်နှံ အိပ်ခန်းတွင်းသို့ ဝင်စရာမလိုတော့ပါ။

နန်းဝေဝေအတွက် သီးသန့်ပေးထားသော အပေါ်ထပ်မှ အိပ်ခန်းငယ်တစ်ခုတွင် တက်၍ အိပ်လိုက်ရုံသာ. . .

"စွပ်ပြုတ်လဲ သောက်ရတာများတော့ မသောက်ချင်တော့ ပါဘူး ဆရာမလေးရယ်"

"ဒါလေးတစ်ပန်းကန်တော့ ကြိုးစားသောက်လိုက်ပါနော် ဒေါ်ဒေါ်"

"တော်ရုံတန်ရုံအစာလည်း ဆရာမလေးကို အားနာတာနဲ့ ပဲ စားဖြစ်ရော"

ဒေါ်လှမြိုင်က ရယ်မော၍ပြောသဖြင့် နန်းဝေဝေပါ လိုက်လှဲစွာ ပြုံးဖြစ်ပါ၏။

"စောစောက သမီးကြီးဆီက ဖုန်းလာသေးတယ်၊ အမေ နေကောင်းရဲ့လား နေ့တိုင်း မေးရှာတယ်"

"ရန်ကုန်နဲ့ဘားအံ အော်တိုဖုန်းရသွားတာ သိပ်အဆင် ပြေတာပဲနော်"

"ဟုတ်ပ၊ အလျင်တုန်းကဆို အော်ရတာ လိပ်ခေါင်း ထွက်မတတ်၊ အခုဆို တယ်လီဖုန်းလည်းရ၊ တီဗွီကြည့်လို့လည်းရ၊ ဘားအံ့ရန်ကုန် ပြေးဆွဲနေတဲ့ ကားတွေတာလည်း ဥဒတိုဆိုတော့ ဆက်သွယ်ရတာ လွယ်သွားပါပြီ"

"ရန်ကုန်မှာ ကြားရတာက ဘားအံဟာ မအေးသလိုလို





ကရင်ပြည်နယ်သွားရင်ပဲ အန္တရာယ်ဖြစ်တော့မလိုလိုပဲလေ"

"အင်း. . . မအေးတဲ့အခါတွေလည်း ရှိတယ်လေ၊ ဒါပေ မယ့် အလာလမ်း တစ်လျှောက်မှာ စစ်တပ်တွေကို ဆက်နေတာ ပဲ၊ မတွေ့ဘူးလား"

"ဟုတ်ကဲ့. . . တွေ့ခဲ့ပါတယ်"

"ဒုံသမိတံတားဆောက်လိုက်တော့ ကားလမ်းက တိုက် ရိုက် ပေါက်သွားတယ်၊ အဲ့ဒီမှာ အသွားအလာ ပိုလွယ်သွား တာပေါ့"

"ဟုတ်ကဲ့"

"အလာတုန်းက ဘယ်မှမဝင်ခဲ့ရဘူး၊ အဲဒီ ဒုံသမိတံတား ကို ဆင်းကြည့်ဖို့နဲ့ ဘုရင့်ညီဂူကို သွားဖို့ စောထူးသာကို ပြောရ ဦးမယ်"

"ဒီကရင်ပြည်နယ်မှာ သဘာဝကျောက်ဂူတွေ သိပ်ပေါ တယ်နော် ဒေါ်ဒေါ်"

"ဆန္ဒန်ဂူဆိုရင် မြန်မာမပြောနဲ့၊ ကမ္ဘာကတောင် အံ့ဩ ရမယ့်ဂူပဲ"

"ဆန္ဒန်ဂူ"

"ဟုတ်တယ်၊ ဘုရားအလောင်း ဆန္ဒဆင်မင်းဘဝက နေသွားခဲ့တဲ့ဂူလို့ အဆိုရှိတယ်၊ ဖြစ်နိုင်မှာပါ၊ ဒီဂူတွေဟာ ဘူမိဗေဒသက်တမ်းနဲ့ တွက်လိုက်ရင် နှစ်ပေါင်းသန်းချီပြီး ရှိနေတာပဲ"

"ဟုတ်ကဲ့. . . ဒီကိုရောက်တုန်း နေရာအနှံ့သွားချင်မိတာ တော့ အမှန်ပါပဲ၊ ဒါပေမယ့် ကားနဲ့သွားရတဲ့ နေရာတွေဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ဆိုးစျေးကြီးလို့ အားနာမိတယ်ဒေါ်ဒေါ်"

"အလကား၊ ကိုမြတ်သာတာ တပ်စေးနည်းနေတာပါ နေဦး၊ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ သူ မော်လမြိုင်သွားလိမ့်မယ်၊ ဒီတော့မှ စောထူးသာကို ပို့ခိုင်းမယ်"

"ကိုစောထူးသာကိုလည်း အားနာစရာပါ"

"ဟင်. . . သူ့ကိုတော့ လုံးဝအားမနာနဲ့၊ အင်မတန်ခိုင်းလို့ကောင်းတဲ့ ကောင်လေး၊ စေတနာလည်းကောင်းတယ်၊ သိပ်လည်း သစ္စာရှိတယ်"

"ဟုတ်ကဲ့"

ဒေါ်လှမြိုင်စကားစပြတ်သွားချိန်လေးမှာ စွပ်ပြုတ်ကို ဝင်အောင် တိုက်ရပါသည်။

"သနားပါတယ်၊ သားအမိနှစ်ယောက်တည်း နေကြတယ် ဒီအိမ်မှာ စားစရာအကောင်းလေးများ စောထူးသာကို ကျွေးရင် သူမစားဘူး၊ သူ့အမေအတွက် ယူသွားရှာတာ"

"သူ့အမေနဲ့ ဒေါ်ဒေါ် တွေ့ဖူးလားဟင်"

"မတွေ့ဖူးဘူး၊ သူတို့နေတာက အဝေးကြီးရယ်၊ သိပ်ရိုးသားတဲ့ ကရင်မကြီးလို့ ပြောတာပဲ"

"ဟုတ်ကဲ့၊ ကျွန်မကိုတောင် အလည်ခေါ်နေသေးတယ်"

"သွားလည်ပါလား"

"ဒေါ်ဒေါ် ခွင့်ပြုတဲ့နေ့ စောထူးသာ အားတဲ့နေ့မှာ လိုက်လည်ပါရစေနော်"

"အင်း. . . အင်း၊ ဒါပေမယ့် နေဦး၊ ကိုမြတ်သာသွားမှ"

"ဟုတ်ကဲ့"





"သူသွားမှ စောထူးသာလည်း အားရမှာလေ"

"ဟုတ်တာပေါ့"

"စောထူးသာကို သူသိပ်ချစ်တယ်၊ သူ့အားကိုးလောက်အောင်လည်း ဟိုကောင်လေးက တော်တယ်၊ တစ်ခါတစ်ခါကျတော့လည်း ဆူလိုက် ဟောက်လိုက်နဲ့ပါကွယ်"

"ဆူလည်း ခံတယ်လား"

"ခံရှာတယ်၊ စောထူးသာက သူ့ကို ကြောက်လည်းကြောက်တယ်၊ နှစ်လည်းချစ်ရှာပါတယ်"

"ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ့်အလုပ်သမားနဲ့ ကိုယ်နဲ့ အဆင်ပြေအောင် စိတ်ချမ်းသာစရာပဲပေါ့"

"စောထူးသာနဲ့ ကိုမြတ်သာကတော့ အင်မတန် အဆင်ပြေပဲ"

"ဝမ်းသာပါတယ်၊ ကျွန်မကိုလည်း ဒေါ်ဒေါ်မကြိုက်တာ ရှိရင် ပြောပါနော်"

"လိုလေသေးမရှိ ကြိုက်ပါတယ်ကွယ်"

"ပြီးတော့ တစ်ခုလည်း ပြောချင်ပါသေးတယ်"

"ဘာများလဲ"

"ဒေါ်ဒေါ်နေကောင်းလို့ ကျွန်မကို မငှားချင်ရင်လည်း ပြောပါနော် ဒေါ်ဒေါ်"

"ဆရာမလေးက ပြန်ချင်လို့လားဟင်"

"ကျွန်မ မပြန်ချင်သေးပါဘူး ဒေါ်ဒေါ်"

အမှန်အတိုင်း ပြောလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်မှာ တစ်ပတ်သာ ရှိသေးသည်၊ ဘားအံ ဝန်းကျင်လည်း ဘယ်ကိုမှ မရောက်သေး။

အရေးအကြီးဆုံးဖြစ်သည့် ဖခင်ကြီး၏ သတင်းအစအန ကို စုံစမ်းရန်ကိစ္စကိုလည်း ဘာမှ လုပ်ခွင့်မရသဲနှင့် နန်းဝေဝေ မပြန်လိုသေးပါ။

ပြီးတော့ အိမ်မှာကလည်း. . .

"မပြန်ချင်ရင် နေစမ်းပါတော်၊ လူတစ်ယောက်တိုးလို့ လည်း ပိုချက်ရတာ မဟုတ်ဘူး၊ ပြီးတော့ ကြီးကျယ်လို့ ပြောတာ မဟုတ်ဘူး၊ တစ်နေ့ ငွေငါးဆယ်ဆိုတာလည်း ဒေါ်ဒေါ့်အတွက် ဘာမှဖြစ်လောက်တာ မဟုတ်ပါဘူး"

"ဒေါ်ဒေါ်ကတော့ ဟုတ်ပါတယ်၊ ဦးမြတ်သာက ကပ်စေးနည်းတယ်လို့ ဒေါ်ဒေါ်က ပြောထားတော့. . ."

"ကိစ္စမရှိပါဘူး၊ ဒီပစ္စည်းအားလုံးဟာ ဒေါ်ဒေါ့်ဘက်က ပါလာတာတွေပါ"

"ဒေါ်ဒေါ့်မိဘတွေက ချမ်းသာတာပေါ့နော်"

"ပြည်သူပိုင်မသိမ်းခင်ကတော့ ရာဘာခြံတွေ အများကြီး ပိုင်တဲ့ ရာဘာသူဌေးတွေပေါ့ကွယ်၊ လိုင်စင်နဲ့ ခနောက်စိမ်းနဲ့ ခဲ၊ ခဲမဖြူမိုင်းတွင်းတွေလည်း တူးခွင့်ရခဲ့ကြတယ်"

"ဒီကရင်ပြည်နယ်မှာ ခနောက်စိမ်း အများဆုံး ထွက်ရှိ မက ကြေးနီနဲ့ အဖြိုက်နက် သတ္တုသိုက်များလည်း ရှိတယ်လို့ နန်းဝေတို့ စာသင်ရဖူးပါတယ်"

"ဟုတ်တယ်။ သယံဇာတတွေကတော့ အများကြီးပါ မထုတ်လုပ်နိုင်တာက ခက်နေတာ၊ အဲ. . . ဆက်ပြောရရင်





တော့ ဒေါ်ဒေါ်ရဲ့မိဘတွေက ကိုမြတ်သာနဲ့ သဘောမတူကြဘူး လေ"

"ဩော်"

"သူကလည်း ဟိုတုန်းကတော့ အလုပ်အကိုင် အတည် တကျ မရှိဘဲနဲ့ ဒီကို ရောက်လာတာ၊ သူ့ဇာတိက သာယာ ဝတီက"

နန်းဝေဝေ စိတ်ဝင်စားစွာ နားထောင်ဖြစ်ပါ၏။

"ဒေါ်ဒေါ်က ဘားအံဇာတိ"

"ကရင်လားဟင်"

"မဟုတ်ဘူး၊ ကရင်ပြည်နယ်လို့ သတ်မှတ်လိုက်ပေမယ့် ဒေါ်ဒေါ်တို့လို မြန်မာစစ်စစ်တွေနဲ့ မွန်တွေလည်း အများကြီး နေကြတာပါ"

"ဟုတ်တဲ့ ဒေါ်ဒေါ်"

"သူနဲ့ အကြောင်းပါပြီး အခု ရန်ကုန်မှာ အိမ်ထောင်ကျ နေတဲ့ သမီးကြီး ခင်ခင်ဦး မွေးပြီးမှ အဖေနဲ့အမေ ဆုံးကြတာ"

"ဩော်. . . ဒီတော့လည်း ဦးက အလုပ်တွေ ပိုင်ပိုင် နိုင်နိုင် လုပ်သွားနိုင်တာပေါ့နော်"

"သိပ် အလုပ်မဖြစ်လှသေးဘူးကွယ့်၊ လွန်ခဲ့တဲ့ ခုနစ်နှစ် ရှစ်နှစ်လောက်ကမှ တစ်ဟုန်တိုး တက်လာတာ"

နန်းဝေဝေ ခေါင်းညိတ်ပြရင်း ဒေါ်လှမြိုင်၏ စကားဆက် ကို စောင့်နေမိသည်။ ဒေါ်လှမြိုင်က လေသံကိုနှိမ့်ပြီး. . .

"သူနဲ့ သူ့မိတ်ဆွေတွေ ဟိုဘက်ကမ်းကို အစိမ်း သွား ရောင်းကြတယ်တဲ့၊ အဲဒါလည်း ပြန်လာမှ သူပြောလို့ သိရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အစိမ်း. . . အစိမ်းဆိုတာ ဘာလဲဟင် ဒေါ်ဒေါ်"

"ကျောက်စိမ်းကို ပြောတာပေါ့ကွယ်"

"ဩော်"

"ဘယ်သူမှ မပြောနဲ့နော်"

"စိတ်ချပါဒေါ်ဒေါ်၊ ကျွန်မ ကတိပေးပါတယ်"

"အင်း. . . အဲဒီအစိမ်းက အောင်သလို၊ ငွေမယူချင်တာနဲ့ ရွှေချောင်းနဲ့ပစ္စည်းတွေဝယ်ပြီး အပြန်မှာ မုန်တိုင်းမိကြသတဲ့ကွယ်"

"ရေလမ်းနဲ့လည်း သွားလို့ရတယ်လား"

"အဖမ်းအဆီးလွတ်အောင် ရတဲ့ဘက်က လှည့်သွားရတာပေါ့"

"စွန့်စားရတာပေါ့နော်"

"ဒါပေါ့၊ မုန်တိုင်းမိပြီး သူ့မိတ်ဆွေတချို့တောင် ရေနစ်ပြီး သေကြတယ်တဲ့၊ သူလည်း လှေတစ်စင်းနဲ့ မျောသွားသေးဆိုပဲ၊ ကံကောင်းချင်တော့ သူလည်း သတိပြန်ရရော ကျွန်းတစ်ခုအနီးမှာ လှေက လွင့်မျောနေလို့ မနည်းတပ်ရဆိုပဲ"

"အသက်စွန့်ရတာပဲနော်"

"ဒါပေါ့၊ တော်တော်နဲ့ ပြန်မလာလို့ ဒေါ်ဒေါ်ဖြင့် သေပြီတောင်မှတ်တာ"

သူ့ခင်ပွန်း၏ အောင်မြင်မှုကို အားပါးတရ ပြောနေရှာသော ဒေါ်လှမြိုင်. . .

အကယ်၍သာ နှန်းဝေဝေသည် စကားများတတ်သော စပ်စုတတ်သော မိန်းကလေးတစ်ဦး ဖြစ်ခဲ့ပါမူ. . .





သူနဲ့ ဘယ်သူတွေများ ပါသွားသလဲ ဒေါ်ဒေါ်ဟု ဆိုလိုက်ရုံဖြင့် ဒေါ်လှမြိုင် ရွှတ်ပြမည့် နာမည်ထဲတွင်. . .

"ဦးရဲသွေး"

ဆိုတာ ပါလာပါလိမ့်မည်။

ယခုတော့ နှန်းဝေဝေ၏ သိုသိပ်ခြင်း၊ နားလည်မှုရှိခြင်းများ လွန်ကဲမိသည့်အတွက် တွေ့တွေ့လေး လွဲနေရသည့်အဖြစ်ကို နှန်းဝေဝေ မသိရှာ. . .

"သူ တိတ်တိတ်ကလေး ပြန်ရောက်လာပြီး သူနဲ့အတူသွားခဲ့တဲ့ သားမယားတွေလည်း ပေးသေးတယ် ပြောတာပဲ၊ ပေးလည်း ပေးသင့်ပါတယ်၊ သူတို့ခမျာ အသက်တောင် စွန့်လိုက်ကြရတာ မဟုတ်လား"

"ဟုတ်တာပေါ့ ဒေါ်ဒေါ်"

"အဲဒီက ကျန်တာရတာတောင် ရွှေတွေ အတော်များတာပဲ၊ အဲဒါတွေက သူဟာသူ သိမ်းထားတာ ဆရာမရဲ့၊ အခုရင်းနှီးရှာဖွေနေတာတွေက ဒေါ်ဒေါ့် ကိုယ်ပိုင်ငွေတွေပါ၊ ဒါကြောင့် အားမနာနဲ့လို့ ဆရာမလေးကို ပြောတာပေါ့"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ရယ်"

နှန်းဝေဝေသည် ဒေါ်လှမြိုင်သို့ ဘာမှထပ်၍ မမေးဖြစ်ပါသော်လည်း စွပ်ပြုတ်ပန်းကန်ကို ဆေးရင်း အတွေးထဲမှာဖြင့်. . .

"ဩော်. . . ဖေဖေကလည်း မေမေက ချို့တဲ့တယ်လို့ ညည်းလွန်းလို့ စွန့်ပြီး စီးပွားရှာတော့မယ်ဆိုတဲ့ စိတ်နဲ့ ဒီဘားအံဘက်ကို ထွက်လာခဲ့ရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြတ်သာတို့လို လှိုင်းလေမိပြီး ပင်လယ်ထဲမှာများ သေသွားရှာပြီလား"

"ရှာဖွေရေးနဲ့တွေ့လို့ အဖမ်းခံရပြီး ထောင်ကျနေလေသလား"

"ဓားပြသူပုန်တွေရဲ့ ကျည်ဆန်ပဲ မှန်ရှာလေသလား"

"ဒါမှမဟုတ် မေမေ့ကို စိတ်ပျက်ပြီး တို့သားအမိကို ပစ်သွားတာလား"

"တစ်ဘက်နိုင်ငံမှာဖြစ်ဖြစ် တစ်နေရာမှာဖြစ်ဖြစ် ကြီးပွားချမ်းသာနေသလားကွယ်"

"မေမေတောင် ကိုတင်မောင်နဲ့ တွဲနေသေးတာ၊ ဖေဖေလည်း နောက်အိမ်ထောင်များ ပြုလိုက်ပြီလား"

"အို. . . မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ပါဘူးလေ. . ."

"ဖေဖေဟာ ငါ့ကို သိပ်ချစ်ရှာတာပါ၊ ငါ့ကို ဘယ်နည်းနဲ့မှ ပစ်ထားရက်မှာ မဟုတ်ပါဘူး"

"ဒါကိုတော့ ငါယုံကြည်တယ်"

"ပြီးတော့ ဖေဖေသေပြီလို့ ငါ လက်မခံနိုင်ဘူး"

"ငါ့အဖေဟာ တစ်နေရာရာမှာ အသက်ရှင်လျက် ရှိနေမယ်လို့ ငါ့စိတ်ထဲမှာ သိနေသလိုပါပဲ"

"ဖေဖေရယ်. . ."

"ချစ်လှစွာသော နန်းဝေရဲ့ဖေဖေနဲ့ အမြန်ဆုံး တွေ့ဆုံခွင့် ရရှိနိုင်ပါစေသားရှင်"

◇ ◇ ◇





အခန်း ॥ ၈ ॥

"အန်တီ၊ အန်တီ ဆရာမကို ကျွန်တော့်ဆေးခန်း ခဏခေါ် သွားပါရစေနော်"

"ခေါ် သွားပါဆရာ၊ ကျွန်မလည်း နေကောင်းနေတာပဲ"

"နေပါစေ ဒေါ်ဒေါ်၊ ကျွန်မ လိုက်မသွားပါရစေနဲ့"

"နန်းဝေဝေကို ကိုယ်ဘာမှ မပြောတော့ဘူးနော်၊ ဒေါ်ဒေါ်က နန်းဝေဘဝကို ငှားထားတာပါလို့ နန်းဝေက ပြောလို့ အန်တီ့ကိုပဲ တိုက်ရိုက် ခွင့်တောင်းပါရစေ"

"ဘာများပါလိမ့် ဆရာရယ်"

"ဒေါ်ဒေါ်လည်း အတော်လေး ကျန်းမာရေးကောင်းနေပါပြီ၊ ညနေပိုင်းဆိုရင် အိမ်သားတွေလည်း ရှိနေကြလို့ နန်းဝေဝေကို ညနေပိုင်းမှာ ကျွန်တော့်ဆေးခန်းမှာ ခဏ လာကူညီပေးပါလို့ အကူအညီတောင်းချင်လို့ပါ"

"ကျွန်မ မလုပ်နိုင်ပါဘူး ကိုနေမင်းထက်"

နန်းဝေဝေ၏ တည်တည်တင်းတင်း မျက်နှာနှင့် ပြတ်သားသော စကားသံကို ဒေါ်လှမြိုင်ကပင် အားနာသွားကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ၊ မလုပ်ချင်ကာမှနေ၊ ခဏတဖြုတ်တော့ လိုက်လည်ပါဦးလား ဆရာမလေးရယ်"

"နန်းဝေဝေ ဘာလို့ ကိုယ့်ပေါ် ဒီလောက်တောင် ခါးခါးသီးသီး ဖြစ်နေတာလဲဟင်၊ နန်းဝေဝေ မုန်းလောက်အောင်လည်း ကိုယ်ဘာမှ မလုပ်ခဲ့ရပါလား"

လူနာ ဒေါ်လှမြိုင်ကို အလယ်မှာထားပြီး ဒေါက်တာနေမင်းထက်က တည်ကြည်ပြတ်သားသော စကားများကို ပြောလိုက်၏။

"ဟုတ်သားပဲ ဆရာမလေးရယ်၊ မိတ်ဆွေဟောင်းတွေ တစ်နယ်တကျေးမှာ ပြန်တွေ့ကြရတာ အလျှင်တကထက်တောင် ပိုပြီး ခင်ကြဖို့ ကောင်းပါသေးတယ်"

နန်းဝေဝေ၏ တင်းမာမှုကို သူတို့နှစ်ဦး၏ စကားများက ရိုက်ပုတ်နှင်ထုတ်လိုက်သည်သို့ ရှိပါချေ၏။

အမှန်တော့ ဒေါက်တာ နေမင်းထက်အပေါ်မှာ သည်မျှ တင်းမာနေစရာ အကြောင်းမရှိပါ။

ရှွန်းကြောင့်သာ ဖြစ်ပါ၏။

ဒေါက်တာနေမင်းထက်ကို အခိုက်ကြီးခိုက်နေသော ရှွန်း၏ ရှုတ်ချကြည့်ကို အကြည့်မခံနိုင်ခြင်းနှင့်. . .

ဆရာဝန်နှင့် သူနာပြုဆရာမ တန်သလား။

သူလို သူဌေးသမီးနှင့်သာ လိုက်ဖက်သည်ဆိုသော ရှွန်း၏ အကြည့်နှင့် အပြောများကို ခံရမည်ကြောက်လွန်း၍ ဒေါက်တာနေမင်းထက်အပေါ် သည်မျှ တင်းမာနေမိခြင်းသာပါ။





အမှန်တော့ သူပြောသလိုပင် သူ့ကို မုန်းလောက်အောင်လည်း သူ ဘာမှ မလုပ်ခဲ့ရှာပါ။

ဆေးရုံမှာ နန်းဝေဝေကို ချစ်စကားပြောသည်။ နန်းဝေဝေ လက်မခံခဲ့။

သင်တန်းပြီးချိန်မှာ နန်းဝေဝေ၏အိမ်ကို စုံစမ်းရှာဖွေပြီး ဧည့်သည်အဖြစ်နှင့် တည်ကြည်စွာ လာလည်သည်။

ပြီးတော့ နန်းဝေဝေကို ချစ်ကြောင်း ပြောရုံမက လက်ထပ်ဖို့အထိ ခွင့်တောင်းခဲ့ရှာသည်။

ချမ်းသာသော ဆရာဝန်တစ်ယောက်သည် ဆင်းရဲသော သူနာပြုဆရာမလေး တစ်ယောက်ကို အမှန်တကယ် ချစ်နိုင်လိမ့်မည်ဟု မထင်ခဲ့၊ လုံးဝမယုံကြည်ခဲ့၍ အပြင်းအထန် ငြင်းဆန်ခဲ့မိခြင်းဖြစ်ပါ၏။

သည်နောက် သူ ပေါ်မလာတော့ပါ။

ဒေါက်တာနေမင်းထက်နှင့် ပတ်သက်သော အကြောင်းအရာများကို ပြန်လည် ဇတွေးမိခြင်းနှင့်အတူ. . .

"မိမိ၏ ဆက်ဆံမှု ရိုင်းပျခြင်း"အတွက် နောင်တစိတ်သည် ဖြည်းဖြည်းချင်း ဝင်၏။

"ကျွန်မကို ခွင့်လွှတ်ပေးပါ"

"ဝမ်းသာပါတယ် နန်းဝေဝေ"

"ဆရာနဲ့ ဆရာမလေးတို့ ပြေလည်သွားကြရင် ဒေါ်ဒေါ် ဝမ်းသာပါတယ်ကွယ်"

ဒေါ်လှမြိုင်၏စကားကြောင့် မာန်ပြေစ နန်းဝေဝေ၏ ရင်မှာ အရှက်ဝေရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဆေးထိုးဖို့ လိုသေးလားဟင်"
"ကိုစ် ပြည့်သွားပြီလေ"
"ဩော်. . . ဟုတ်ကဲ့၊ အားဆေးများ ထပ်ထိုးဦးမလား လို့ပါ"
"မထိုးတော့ဘူး၊ အန်တီ့ကိုလည်း ကြည့်ရင်း နန်းဝေဝေ ကိုလည်း တွေ့ချင်လို့ တမင်လာခဲ့တာပါ"
ရွှန်း အိမ်မှာမရှိသည့်ကိုပင် ဝမ်းသာရပါသေးသည်။
စောထူးသာမောင်းသော ကားနှင့် ရွှန်းတစ်ယောက် နံနက်စာ ထမင်းစားပြီးကတည်းက ထွက်သွားခဲ့သည်။
"ဆရာလည်း မတ်တတ်ကြီး၊ ထိုင်ပါဦး၊ ဧည့်ခန်းမှာ ထိုင်ကြရအောင်လေ"
ဒေါ်လှမြိုင်က ဦးဆောင်ထ၍ နန်းဝေဝေနှင့် ဒေါက်တာ နေမင်းထက်တို့ တစ်ဘက်စီတွဲပြီး ဧည့်ခန်းသို့ လာဖြစ်ကြသည်။
"သမီး အပြင်သွားနေလို့ ဆရာမလေးကပဲ ဆရာစားဖို့ တစ်ခုခု သွားလုပ်ခိုင်းချည်ပါကွယ်"
"ဟာ. . . နေပါစေ အန်တီ"
နန်းဝေဝေ နောက်ဖေးဘက်သို့ ထွက်လာခဲ့ပြီး တော်ဖီ နှင့် မုန့်နှင့် ဧည့်ခံရန် ကိုယ်တိုင်ပင် ကော်ဖီဖျော်လိုက်ပါသည်။
ဒေါ်လှမြိုင်သည် အန်တီဟုခေါ်တာ မကြိုက်ကြောင်း ဒေါက်တာနေမင်းထက် သိဟန်မတူ။
ဒေါ်လှမြိုင်ကလည်း တားရမှာ အားနာ၍ဖြစ်မည်။
ဒေါ်လှမြိုင်တစ်ဦးတည်းကိုနန်းဝေဝေက ဒေါ်ဒေါ်. . .
ဒေါက်တာနေမင်းထက်က အန်တီ. . .





နန်းဝေဝေက တွေးရင်း ကော်ဖီဖျော်ပြီး၍ ဗန်းကလေးနှင့် ထွက်လာခဲ့သည်။
ဒေါက်တာနေမင်းထက် ကော်ဖီသောက်နေစဉ်မှာ သတိရလာမိသည်။
ရန်ကုန်အိမ်တွင် လာလည်စဉ်က ကော်ဖီပင် မတိုက်လိုက်နိုင်။ နန်းဝေဝေတို့အိမ်မှာ ဖေဖေမရှိချိန်မှစပြီး ကော်ဖီဖြတ်ထားရသည်။ နို့ဆီတစ်ဘူးက သုံးဆယ်ကျော်သတဲ့။
ယခုခေတ် နို့ဆီဈေး သကြားဈေးကြောင့် မြို့ပေါ်မှာ နေပြီး ကော်ဖီမသောက်နိုင်ကြသည့်အိမ်များ ပို၍ပို၍ များပြားခဲ့လေပြီ။
"ကျွန်တော် ထပ်ဖိတ်ပါရစေ၊ ကျွန်တော့်ဆေးခန်းကို ဒဏ်လိုက်လည်ပါ နန်းဝေဝေ၊ ချက်ချင်း ပြန်ပို့ပါ့မယ်"
"ဆရာ့မှာ ကားပါလို့လား"
"ဦးလေးရုံးကကား ခဏဆွဲလာတာပါ"
"ဒရိုင်ဘာပါလား"
"ပါပါတယ် အန်တီ"
"ဒါဖြင့် ပြန်လွှတ်လိုက်ပါ"
"ဗျာ. . . ဘာဖြစ်လို့လဲ"
"အိမ်ကကားနဲ့ပဲ သွားကြပါ၊ ကိုသိန်းကို ပို့ခိုင်းမယ်၊ ဆရာမလေး ပြန်တော့လည်း အဆင်ပြေတာပေါ့"
ဒေါ်လှမြိုင်ကပါ ပါဝင်၍ စီစဉ်ပေးနေသဖြင့် နန်းဝေဝေ ပြေင်းသာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်တွင် တိုင်းလပ်(က်စ်)တစ်စင်း၊ ပါပလစ်ကာတစ်စင်း ရှိပါ၏။ ဤမြို့မှာ ဆလွန်းတားစီးသူနည်းသည်၊ ပစ္စည်းလည်းတင်၍ရ ခရီးဝေးအတွက်လည်း ကောင်းသဖြင့် ပစ်ကပ်ကားသာ အစီးများကြပါ၏။

သည်လိုနှင့်. . .

နန်းဝေဝေ အဝတ်အစားလဲပြီးချိန်မှာ ပါပလစ်ကာကား၏ ရှေ့ခန်းမှာ ဒေါက်တာနေမင်းထက်၊ မှန်ချပ်ခြားသောကားနောက်ခန်းမှာ နန်းဝေဝေ လိုက်ပါလျက်. . .

ဒေါက်တာနေမင်းထက်၏ ကိုယ်ပိုင်ဆေးခန်းရှိရာ ဗိုလ်ချုပ်လမ်းပေါ်သို့ ဦးတည်မောင်းနှင်ပါ၏။

အပြစ်မဲ့သော ဒေါက်တာနေမင်းထက်ကို အပြစ်ဖွဲ့သော စကားမျိုး မပြောတော့ပါ ဟူ၍လည်း ဆုံးဖြတ်လိုက်ပါ၏၊

"ဒေါက်တာနေမင်းထက်နဲ့ ကိုစောထူးသာတို့ကို မိတ်ဆွေရင်းများအဖြစ်နဲ့ ခင်မင်ပါ့မယ် ဒါမှ ငါ့ရဲ့ ဘားအံမြို့သို့ ရောက်လာခြင်းရဲ့ ရည်ရွယ်ချက်ကို ဖွင့်ပြောပြီး အကူတောင်းလို့ ရမှာ"

"ဖေဖေ့ရှာဖွေရေးမှာ ကူညီပေးပါလို့ ပြောလိုက်တော့မယ်"

မှန်ချပ်ခြားနေပါလျှက် နောက်ဘက်သို့ လှည့်ကြည့်လာသော ဒေါက်တာနေမင်းထက်ကို နန်းဝေဝေမှာ ကြည်လင်ရွှင်ပျသော အပြုံးဖြင့် ပြုံးပြမြစ်လိုက်ပါ၏။





အခန်း ။ ၉ ။

"မနေ့က ဒေါက်တာနေမင်းထက်ရဲ့ 'မေတ္တာဝေ' ဆေးခန်းကို နန်းဝေဝေ လိုက်လည်တယ်ဆို"

"ဟုတ်တယ် ကိုစောထူးသာ"

"အဲဒီဆရာဝန်လေးက သဘောကောင်းတယ်နော်"

"အရိုးခံစိတ်နှင့် အကောင်းမြင်ဝါဒရှိသော စောထူးသာပါတကား. . .

"အခုသွားမှာ ကိုစောထူးသာတို့ အိမ်ဘက်လား"

"မဟုတ်ဘူး။ တောင်နဲ့မြောက်နဲ့ တခြားစီပဲ"

"ဒီကားကို အဝေးကြီးသုံးလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဆရာမှ မရှိဘဲ"

"ရှုန်းကရော"

"ရတယ်၊ သူက ယောကျ်ားလေးတွေကလွဲရင် ဘာမှ စိတ်မဝင်စားဘူး"

"ဟင်. . ."

"တစ်လောကလုံးမှာ သူ စိတ်မဝင်စားတဲ့ ယောကျ်ားဆိုလို့ စောထူးသာတစ်ယောက်ပဲရှိတယ်"

"အို. . ."



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ရယ်မောဖြစ်ကြပါ၏။

ရွှန်းသည် ယောကျ်ားတိုင်းတို စိတ်ဝင်စားတတ်သော မိန်းကလေးအမျိုးအစားထဲမှာ ပါဝင်သည်။

သို့သော်. . .

သူက ချစ်ခွင့်ရချင်သည်မျိုး မဟုတ်။

သူ့ကို ချစ်ကြသည်၊ လိုက်ကြသည်၊ ခိုက်ကြသည် ဆိုသည်ကို ဂုဏ်ယူဝင့်ကြွားချင်သောသူ. . .

ဒေါက်တာနေမင်းထက်ကိုလည်း သည်သဘောမျိုးနှင့် လိုက်လေသလား၊ တကယ်ပဲ ရယူပိုင်ဆိုင်ချင်စိတ် ရှိသလားဖြင့် နန်းဝေဝေ မသိနိုင်ပါ။

"ဘာပဲဖြစ်ဖြစ် ယနေ့ လည်ပတ်ခွင့်ကို ဒေါ်လှမြိုင်က ပေးလိုက်သဖြင့် အနှောင်အဖွဲ့မှ လွတ်သွားသော ငှက်ငယ်လေးတစ်ကောင်လို စိတ်လက်ပေါ့ပါးစွာ နန်းဝေဝေ ပျော်မိပါ၏။

သွားရမည့်နေရာကလည်း မြန်မာပြည်၏ အလှအပဆုံးများထဲမှ တစ်ခုအပါအဝင်ဖြစ်သော နာမည်ကျော်. . .

"ဖွဲ့ကပင်တောင်"

ဘားအံမြို့၏ အရှေ့တောင်ဘက်သို့ ထွက်ခဲ့ကြသည်။ မြို့နှင့် ခုနစ်မိုင်မျှ ဝေးကွာပါသော်လည်း ဘယ်နေရာက ကြည့်ကြည့် အထင်းသား မြင်နိုင်သော ဖွဲ့ကာပင်. . .

ပုပ္ပါးတောင်ကလပ်နှင့် ဤဖွဲ့ကပင်တောင်တို့ကို မရောက်ဖူးလျှင်သာ ရှိမည်။ မြန်မာပြည်သူပြည်သားတိုင်း မြင်ရုံနှင့် သိနိုင်ကြသည့်အထင်ကရတောင်များ ဖြစ်ကြသေသည်။





"ကိုစောထူးသာ ကားမောင်းရင်း စကားပြောလို့ရလားဟင်"

"ဟာ. . . ရတာပေါ့၊ လမ်းကရှင်းနေတာပဲ၊ နန်းဝေဝေ ဘာအကြောင်း ပြောချင်လို့လဲ"

"နန်းဝေရဲ့အကြောင်း"

"နားထောင်ချင်တယ်၊ ပြော"

"နန်းဝေ ဒီ ဘားအံကိုလာတာ ရည်ရွယ်ချက်ရှိပါတယ်"

"ဘာလုပ်ချင်လို့လဲ"

"နန်းဝေရဲ့အဖေကို ရှာချင်လို့"

"ဟင်"

"ဟုတ်ပါတယ် ကိုစောထူးသာ၊ လွန်ခဲ့တဲ့ ခုနစ်နှစ်ကျော်ကတည်းက နန်းဝေရဲ့အဖေဟာ ဒီဘားအံမြို့က သူ့မိတ်ဆွေဆီမှာ စီးပွားရှာရအောင် လာခဲ့ပါတယ်"

"သူ့မိတ်ဆွေက ဘယ်သူတဲ့လဲ"

"မေးမထားမိလို့ပေါ့၊ ဖေဖေကလည်း လျှို့ဝှက်စွာ လာရတော့"

"နိုင်ငံရေးကိစ္စလား"

"အို. . . မဟုတ်ပါဘူး၊ စီးပွားရေးကိစ္စပါ"

ဘားအံမြို့ပြင်သို့ ရောက်ခဲ့ကြပြီး မှိုင်းညို့စိမ့်ဝေသော တောအုပ်များ. . .

လွင်ပြင်ပြန့်များ အလယ်မှာ ထီးတည်းမားမား ထိုးထွက်နေသော ထုံးကျောက်တောင်ကြီးများ. . .

"ဆက်ပြောပါဦး နန်းဝေဝေ"



www.burmeseclassic.com

www.burmeseclassic.com



"နန်းဝေ အလုံးစုံပဲ ပြောပါရစေတော့ ကိုစောထူးသာ၊ ဖေဖေဟာ ရန်ကုန်မှာ စီးပွားရေး သိပ်အဆင်မပြေတော့ မေမေကလည်း တဆူဆူပဲ၊ ဒါနဲ့ မေမေရဲ့ စိန်နားကပ်နဲ့ ရွှေထည်တွေကို ရောင်းပြီး ကျောက်စိမ်းဝယ်တယ်၊ သူ့သူငယ်ချင်းနဲ့ စပ်တူတဲ့၊ အဲဒီကျောက်စိမ်းက သိပ် အရည်ကောင်းတယ်တဲ့၊ တစ်ဘက်နိုင်ငံရောက်ရင် သိန်းလေးငါးဆယ်အထိ ရနိုင်တယ်ဆိုပြီး ထွက်သွားလိုက်တာ ဒီနေ့အထိ ပြန်မလာတော့ဘူး ကိုစောထူးသာ ရယ်"

"သူနဲ့ စပ်တူလုပ်တယ်ဆိုတဲ့သူကို နန်းဝေဝေ မြင်ဖူးလိုက်သလား"

"မမြင်ဖူးပါဘူး၊ ဖေဖေဟာ သူ့လုပ်ငန်းနဲ့ ပတ်သက်တဲ့ သူတွေကို ဘယ်တော့မှ အိမ်ကိုခေါ် လာလေ့ မရှိပါဘူး၊ မေမေကလည်း ဖေဖေ့အပေါ် မှာ ဆိုးတယ်လေ"

"နန်းဝေဝေ ဖေဖေက ဘယ်လိုပုံစံမျိုးလဲဟင်၊ ဒီဘားအံက ကုန်သည်တွေနဲ့ မှောင်ခိုသမား တော်တော်များများကို ကျွန်တော်သိပါတယ်"

"အသားညိုညို အရပ်ရှည်ရှည် မျက်ခုံးကောင်းကောင်းနဲ့ အမြဲပြုံးနေတဲ့ မျက်နှာပိုင်ရှင်ပါ၊ အသက်က ငါးဆယ်ပြည့်ခါနီး"

"ကျွန်တော် ကြိုးစား စုံစမ်းပေးမယ်"

"နန်းဝေကိုလေ ရွှေတွေပုံပေးလည်း မလိုချင်ဘူး၊ ဘာနဲ့မှလည်း မလဲနိုင်ဘူး၊ နန်းဝေ ဖေဖေကိုပဲ နန်းဝေ တွေ့ချင်တယ် ကိုစောထူးသာရယ်"

"နာမည်က ဘယ်သူတဲ့လဲ"





"ဦးရဲသွေးတဲ့"

"အသက်ရှင်လျက် ရှိပါစေလို့သာ နန်းဝေဝေ ဆုတောင်းပါ၊ ကျွန်တော် ရအောင်ရှာပေးမယ်"

"နန်းဝေ အားတက်လိုက်တာ၊ အို. . . ကြည့်ပါဦး၊ မေ့နေလိုက်တာ အရေးကြီးတာတော့ မပြောမိဘူး"

"ဘာလဲ"

"ဓာတ်ပုံလေ၊ ဖေဖေ့ဓာတ်ပုံ"

နန်းဝေဝေက သူ့အိတ်ထဲမှ စက္ကူအိတ်ကလေးနှင့် ထည့်ထားသော ဓာတ်ပုံနှစ်ပုံကို ထုတ်လိုက်ချိန်မှာ စောထူးသာက လမ်းဘေးသို့ ကားကို ထိုးရပ်လိုက်သည်။

လိုင်စင်ပုံ အနီးကပ်မျက်နှာ တစ်ပုံ. . .

စတာပ်အစိမ်းလေးနှင့် နန်းဝေဝေ၏နောက်က မတ်တတ်ရပ်လျက် ဦးရဲသွေးနှင့် ဒေါ်ဖြူဖြူထွန်း။

"နန်းဝေဝေ မေမေက အတော်ချောတာပဲ၊ ဒါကြောင့် နန်းဝေဝေလည်း သိပ်လှတာ၊ နန်းဝေဝေ မေမေလည်း သိပ်ခံစားနေရရှာမှာပဲနော်၊ သူ့ယောကျ်ားကို သူ နေ့တိုင်း မျှော်နေမှာပဲ"

လေးလံနက်ရှိုင်းသော သက်ပြင်းကို ချလိုက်ရင်း နန်းဝေဝေ ရှေ့တည့်တည့်ကို ကြည့်နေလျက်က ခေါင်းကို ဖြည်းညင်းစွာ ခါပြလိုက်သည်။

"နန်းဝေ ဒီကိုလိုက်လာဖြစ်တာ မေမေ့ကြောင့်လည်း ပါတယ် ကိုစောထူးသာ"

"နန်းဝေဝေမေမေက ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောဖြစ်မီ မျက်ရည်က အလျှင် ဝေလာသည်

“နန်းဝေ အားကိုးရမယ့် မိတ်ဆွေရင်းတစ်ယောက်အဖြစ်နဲ့ မရှက်ဘဲ ပြောပါရစေတော့ ကိုစောထူးသာရှယ်၊ မေမေဟာ ကိုတင်မောင် ဆိုတဲ့လူနဲ့. . .”

“ကျွန်တော်နားလည်ပြီ၊ မငိုပါနဲ့ဗျာ၊ ကျွန်တော် ကူညီမယ်”

စွန်းစမျက်ရည်ကို လက်ကိုင်ပဝါနှင့် သုတ်ဖယ်ပြီး နောက်ထပ်မျက်ရည်မကျဖြစ်အောင် အားခဲ၍ ထိန်းလိုက်ရသည်။

အကြင်နာမျက်ဝန်းနှင့် နန်းဝေဝေကို အကြာကြီး စိုက်ကြည့်နေပြီးမှ စောထူးသာ ကားစက်နှိုးသည်။

နန်းဝေဝေ၏ရင်ထဲမှာ “ဖေဖေ့ကို တွေ့ဆုံခွင့်ရရန်” ဆိုသော ဆန္ဒတစ်ခုမှလွဲ၍ ဘာမှမရှိ။ စောထူးသာနှင့် နှစ်ယောက်တည်း ဆုံရချိန်မှာ မျက်ရည်မကျသင့် ဆိုသည်ကိုလည်း သတိမရနိုင်ပါ။

“ဇွဲကပင်ဆိုတာ ကျိုက်ထီးရိုးတို့၊ စစ်တိုင်းတောင်တို့လောက် မြင့်တာမဟုတ်ဘူး နန်းဝေဝေရဲ့၊ ၁၃၇၂ ပေပဲ ရှိတာ ဒါပေမယ့် သိပ်မတ်စောက်လွန်းအားကြီးလို့ အတက်ကြမ်းပြီး ပင်ပန်းတယ် သိလား၊ နန်းဝေဝေတောင် တက်နိုင်ပါ့မလား မသိဘူး၊ တောင်ခြေကနေ တောင်ထိပ်အထိ နှစ်မိုင်ရှိတယ်”

နန်းဝေဝေ၏ ရင်ပန်းမှု ပြေပါစေရန် နယ်မြေဒေသ အကြောင်းတွေကို သူ တရစပ် ပြောကြားလာသည်။

လမ်းကလည်း ရှင်းသဖြင့် ကားမောင်းရသည်မှာ မခက်ခဲပါ။





“မြေပြန့်ပေါ်မှာ ကျောက်တောင်တွေ တစ်ပုံစီ တစ်ပုံစီ ရှိနေတာ လှတယ်နော် နန်းဝေဝေ၊ ကြည့်လိုက်စမ်း၊ အားလုံးထဲမှာတော့ “ဗန္ဓုဝဂိရိ”လို့ခေါ်တဲ့ ဇွဲကပင်က အလှဆုံးပဲနော်”

“ဟုတ်တယ်၊ ဒါကြောင့်လည်း နာမည်ကျော်တာပဲ”

“ကရင်ပြည်နယ်နေ့တော့ နန်းဝေဝေ သိတယ်နော်”

သိပါတယ်၊ နိုဝင်ဘာလ ၆ ရက်ပါ”

“ကရင်နှစ်သစ်ကူးပွဲတော်နေ့ရော”

“အဲဒါတော့ အသေအချာမသိဘူး”

“ပြာသိုလဆန်း တစ်ရက်နေ့တိုင်း ကျင်းပတာ၊ မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်ကတည်းကပဲ၊ အဲဒီတုန်းက အင်္ဂလိပ်အစိုးရအုပ်စိုးတယ်လေ၊ အစိုးရ ရုံးပိတ်ရက်အဖြစ် ခုချိန်ထိ သတ်မှတ်ပေးထားတာ ခုဆို နှစ်ပေါင်း ငါးဆယ် ပြည့်တော့မယ်”

“ဘာကြောင့် ပြာသိုလဆန်း တစ်ရက်ကို ရွေးရတာလဲ ဟင်”

“အဲဒီအကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ကရင်လူကြီးပိုင်းက ကရင်နှစ်သစ်ကူးနေ့ကို ဘယ်နေ့ထားကြမလဲလို့ ရွေးခဲ့စဉ်က နေ့သုံးနေ့ကို ရွေးခဲ့တယ်တဲ့. . .

ပထမက ဇန်နဝါရီလတစ်ရက်၊

ဒုတိယက ဆရာယုဒသန် မြန်မာပြည်ရောက်တဲ့နေ့၊

နောက်ဆုံးက ပြာသိုလဆန်းတစ်ရက်. . .

အဲဒီမှာ ဇန်နဝါရီလတစ်ရက်က ကမ္ဘာ့အရပ်ရပ်ရဲ့ နှစ်ဆန်းရက်အဖြစ် သတ်မှတ်ထားပြီးသားမို့ ပယ်လိုက်တယ်တဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကျပြန်တော့ ခရစ်ယာန်ဘာသာဝင်တွေ အတွက်သာ ပိုပြီး အကျုံးဝင်တာမို့ ပယ်ဖျက်လိုက်တယ်တဲ့. . .

တတိယဖြစ်တဲ့ ပြာသိုလဆန်းတစ်ရက်ကို ဘာကြောင့် ရွေးရသလဲဆိုတော့. . .

အဲဒီအချိန်ဟာ ကောက်သစ်ဦးများပေါ်ပြီး အိမ်သစ်များလည်း တည်ဆောက်ပြီး အိမ်သစ်တက်ပွဲတွေ လုပ်တဲ့အချိန်လည်းဖြစ်တယ်. . .

ပြီးတော့ စကောကရင်ရော ပိုးကရင်တို့ပါ အထွတ်အမြတ်ထားတဲ့ သလေးလ၊ ထိုင်ခုတ်ဖို့ ဆိုတာတွေနဲ့လည်း ကိုက်ညီနေလို့ပါ”

“ကိုစောထူးသာက ရှင်းပြတတ်သားပဲ၊ စကောကရင်နဲ့ ပိုးကရင်ဆိုတာ ဘာကွာလဲဟင်”

ကရင်မျိုးနွယ်စုတွေ အတော်များတယ်၊ စကောကရင် ပိုးကရင်၊ ပကူးကရင်၊ ဘွဲကရင်၊ ကယ်ခို၊ ကယ်ဘား၊ ကရင်နီ ကရင်ဖြူ ဆိုပြီး တချို့ကလည်း ဆယ့်တစ်မျိုး၊ တချို့ကလည်း ဆယ့်နှစ်မျိုး၊ တချို့ကလည်း ဆယ့်ခုနစ်မျိုး ခွဲခြားထားတာကို စာတမ်းအသီးသီးမှာ တွေ့ရပါတယ် နန်းဝေဝေ. . .

ဒါပေမယ့် ဒါတွေအားလုံးဟာ စကောကရင်နဲ့ ပိုးကရင် မျိုးနွယ်စုကြီး နှစ်စုက ခွဲဖြာထွက်သွားကြတာချည်းပါပဲ”

“ဘာကြောင့် နှစ်စုကွဲသွားကြတာလဲ”

“အမိုးတို့ ပြောပြောနေတဲ့ ငါးစပ်ဒဏ္ဍာရီရှိတယ်၊ အဲဒါကိုပဲ တချို့က အတည်ယူနေကြတယ်၊ တစ်ခါက ကရင်ဇနီးမောင်နှံနှစ်ဦး ရှိတယ်တဲ့. . .





ခင်ပွန်းနာမည်က “ဖားစကော”တဲ့၊ ဇနီးနာမည်က “နော်ပအို”တဲ့. . .

သူတို့ဇနီးမောင်နှံမှာ သားယောက်ျားလေးယောက်နဲ့ သမီးမိန်းကလေး သုံးယောက် ထွန်းကားတယ်. . .

တစ်နေ့တော့ လင်မယားချင်း ရန်ဖြစ်ပြီး ကွဲကြတဲ့အခါမှာ သားလေးယောက်က အဖေနဲ့ အတူပါသွားပြီး သမီးသုံးယောက်က အမေနဲ့ ကျန်ခဲ့တယ်တဲ့. . .

အဖေ ဖားစကောနဲ့ ပါသွားတဲ့သားတွေက ဆင်းသက်လာတဲ့ မျိုးရိုးစဉ်ဆက်က “စကောကရင်” ဖြစ်လာပြီး. . .

အမေ နော်ပအိုနဲ့ ကျန်ခဲ့တဲ့ သမီးမိန်းကလေးတွေက “ပိုးကရင်” ဖြစ်လာတယ်လို့ ပြောဆိုယူဆနေကြတာပဲ၊ သမိုင်းအခုထောက်အထား အတိအကျတော့ မရှိပါဘူး”

“ဒီနောက် နန်းဝေဝေ မေးချင်တာ တစ်ခုရှိတယ်”

တားမောင်းနေရင်း နန်းဝေဝေကို လှည့်ကြည့်လိုက်တော့ သူမအားမှာ နှစ်မျောပါလာကြောင်း စောထူးသာ တွေ့လိုက်ရသည်။ စောစောဆီက နန်းဝေဝေနှင့်အတူ ရှိနေသော သောကများ လွင့်စင်ကျန်ရစ်ခဲ့ပါလေပြီ။

“ဘာမေးချင်လို့လဲ၊ မေးလေ”

“ကရင်မလေးတွေမှာ တချို့က “နော်”တဲ့၊ တချို့က “နန့်”တဲ့၊ ဘာဖြစ်လို့ ကွဲပြားနေကြတာလဲဟင်”

“ဟာ. . . အဲဒါက စောစောကပြောတဲ့ စကောကရင်နဲ့ ပိုးကရင်တို့ရဲ့ ခွဲခြားမှုအထိန်းအမှတ်ပဲ”

“ဟုတ်လား၊ နော်ဆိုတာက. . .”



www.burmeseclassic.com

www.burmeseclassic.com



"နော်ဆိုတာက စကောကရင်၊ မိန်းကလေးရှေ့မှာ နော် ယောကျ်ားလေးရှေ့မှာ စော"

"ဥပမာ စောသိန်းဝင်းတို့ နော်လီဇာတို့ဆိုရင် စကော ကရင်ပေါ့နော်"

"ဟုတ်တယ်၊ စကောကရင်က မြစ်ဝကျွန်းပေါ်နဲ့ တောင်ငူ တစ်ဝိုက်မှာ အနေများတယ်၊ ပိုးကရင်ကတော့ ဒီဘက်နဲ့ တောင်ပေါ်တွေမှာ ပိုပြီး နေလေ့ရှိပါတယ်"

"ဒါဖြင့် နန့်ဆိုတာ ပိုးကရင်လူမျိုးရဲ့ အမှတ်အသား ပေါ့နော်"

"ဟုတ်တယ်၊ မိန်းကလေးနာမည်ရှေ့က နန့်ထည့်ရတယ်၊ အသက်ကြီးလာတော့ "ဂတ်" ထည့်ရတယ်၊ ဥပမာ နန့်ထွေး ကြည်ဆိုရင် မထွေးကြည်၊ အသက်ကြီးလာတော့ ဂတ်ထွေး ကြည် ဆိုတာ ဒေါ်ထွေးကြည်ပေါ့"

"အမျိုးသားကျတော့ရော"

"သူလည်း လူငယ်လူကြီးရှိတယ် "စ" နဲ့ "မန်း"

"မောင်နဲ့ဦးပေါ့နော်"

"ဟုတ်တယ် နန်းဝေဝေ၊ လူငယ်ဆိုရင် ဥပမာ စအောင် သောင်း ဆိုပါတော့၊ အသက်ကြီးလာရင် မန်းအောင်သောင်း ဖြစ်လာမယ်လေ"

"နန်းဝေ နားလည်ပါပြီ၊ စောထူးသာတို့ကျတော့ စကော ကရင်ပေါ့နော်"

"အဖေက မြန်မာလေဗျာ"

"အာ. . . ဟုတ်သားပဲ ကိုစောထူးသာကမှ ထတယ်





ကရင် မြန်မာ ချစ်ကြည်ရေးပဲနော်၊ ဒါနဲ့ ကိုစောထူးသာရဲ့ အမိုးနာမည်ကျတော့ရော နော်ဘယ်သူတဲ့လဲဟင်"

"နော်ဆေးဖောတဲ့"

"ဒီနာမည်မျိုး နန်းဝေတို့ သူနာပြုသင်တန်းသူထဲမှာ ရှိတယ်"

"ဇွဲကပင်နဲ့ ရေတံခွန်သွားပြီးရင် အမိုးရဲ့ခြံကို သွားမယ် လေ၊ ထမင်းလာစားမယ်လို့ မှာပြီးသား၊ ခုလောက်ဆို အမိုး တစ်ယောက် အားပါးတရ ချက်နေလောက်ပြီ"

"အားနာစရာကြီးရှင်"

"အားနာတယ်ဆိုတာ သိပ်တော့ မကောင်းဘူးဗျ၊ ခင်မင် ပူကြားမှာ သူက ဆူးလေးစူးနေသလိုပဲ၊ ကျွန်တော်တော့ သိပ်အားမနာတတ်ဘူး"

စောထူးသာ၏စကားကို နှစ်ခြိုက်စွာ ခံယူရင်း ပြုံးမိပါ၏။ ကတ္တရာလမ်းမှ ကားကို လက်ဝဲဘက်သို့ ကွေ့ဝင်လာသည်။ ကျောက်ခဲခင်း မြေလမ်းကလေး. . .

သစ်ပင်ကြီးများ မျိုးစုံစွာ ဒညင်းပင်၊ သရက်ပင်၊ မရန်း ပင်ကြီးများ၊ အင်ပင်ကြီးများ များစွာ အုပ်ဆိုင်းမှိုင်းညို့နေ သော. . .

ဇွဲကပင်တောင်ခြေ. . .

. . . သို့ ဆိုက်ရောက်ခဲ့ကြပါပြီ။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မောလားဟင်"

"အသက်တောင် ထွက်ချင်ပြီ"

စောထူးသာရယ်သော်လည်း လိုက်မရယ်နိုင်ပါ၊ နဖူးက ချွေး ခြေမကျရုံမက တစ်ကိုယ်လုံးကချွေး စေးြကျရပြီ။

နှလုံးခုန်နှုန်းသည် ကြောက်ခမန်းလိလိ မြန်နေ၏။

တောင်နံရံကို ဖက်မတက်ရုံမှတပြီ လှေကားတို့က မတ်စောက်လွန်းလှချေသည်။

တောင်ပေါ်တွင် လိုအပ်သော သာသနာပြုလုပ်ငန်း အတွက် တတ်နိုင်သမျှ ကူညီကုသိုလ်ပြုကြပါဟု စာရေးထိုးပြီး အုတ်ပုံတစ်ပုံ ပုံထားသည်။

တောင်စတက်စဉ်က ဟန်နှင့်မာန်နှင့် တစ်ပြားစီနှစ်ပြားစီ သယ်ယူလာခဲ့ကြဟန်တူသော အုတ်ပြားတို့သည် တောင်၏ သုံးပုံတစ်ပုံ မကျိုးမီမှာပင် အစီအရီ ကျန်ရစ်ခဲ့လေပြီ။

နန်းဝေဝေကတော့ ကုသိုလ်မရချင်လည်း နေပါစေ တော့၊ ဘုရားဖူးရလျှင်ပင် တော်ပါပြီဟု ပင်ကို အားလျော့စိတ် ဖြင့် အုတ်ချပ်များကို မသယ်ယူခဲ့ပါ၊

နန်းဝေဝေ၏ စလင်းဘက်(က်) အိတ်ကလေးမှာပင် စောထူးသာ၏ လက်ဝယ်သို့ ရောက်သွားရပြီ။

ချွေးသုတ်ရန် ကိုင်ထားသော လက်ကိုင်ပဝါလေးကိုပင် လွှင့်ပစ်ချင်စိတ်ပေါက်၏။

"ပြန်ဆင်းမလားဟင်"

"အတော်လိုသေးလား"

"တစ်ဝက်ကျော်လာပြီ"





"ဒါဆိုရင် မဆင်းတော့ဘူး၊ ရောက်အောင်တက်မယ်"

"ဒါမှပေါ့၊ ဇွဲကပင် အစိက လိုအပ်တဲ့ တောင်မို့ ဇွဲကပင် တောင်လို့လည်း တစ်နည်းအားဖြင့် ခေါ်တယ်လေ"

"နောက်တစ်နည်းရော ရှိသေးလို့လား"

"ရှိတယ် နန်းဝေဝေ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီဇွဲကပင်တောင်ခြေတစ်ဝိုက်ဟာ ပင်လယ်ပြင်ကြီးတဲ့၊ ပင်လယ် ရေ လွှမ်းခဲ့တဲ့ အမှတ်အသားတွေ အခုအထိ တွေ့နိုင်ပါသေး တယ်၊ နှစ်ပေါင်းများစွာ ပင်လယ်ရေ တိုက်စားခဲ့လို့ ကျောက်နံရံ ကြီးတွေ၊ ကျောက်စွန်းတွေ၊ ကျောက်ကလပ်တွေ ဖြစ်လာခဲ့ရ တာပါ"

"တစ်ချိန်က အိန္ဒိယနိုင်ငံဘက်က ကုန်ရောင်းကုန်ဝယ် သင်္ဘောတွေ ဒီနေရာကို လာလေ့ရှိတယ်တဲ့၊ အဲဒီသင်္ဘောတွေ ဟာ ဒီဇွဲကပင်တောင်မှာ ကြိုးချည်ပြီး သင်္ဘော ရပ်နားလေ့ ရှိတယ်တဲ့ နန်းဝေဝေ"

"ဟုတ်ကဲ့. . . ကိုစောထူးသာ"

"အဲဒါကို အစွဲပြုပြီး "သင်္ဘောကြိုးချည်တောင်"လို့ ခေါ်တယ်၊ အဲဒါကို ကရင်ဘာသာနဲ့ဆိုရင် "ခွဲကပေါင်"တဲ့။

"အဲဒီကရင်စကားအတိုင်းပဲ အားလုံးက "ခွဲကပေါင်"လို့ လိုက်ခေါ်ကြရင်းနဲ့ "ဇွဲကပင်" ဖြစ်လာတယ်လို့ မှတ်တမ်း တင်ထားတာ ဖတ်ရဖူးပါတယ်"

"ဇွဲကပင်ဟာ ကျော်ကြားထိုက်လောက်အောင်လည်း တောင်တည်နေပုံက သိပ်ဆန်းပြီး အင်မတန် ကြည်နူးစရာ ချစ်စရာကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဇွဲကပင်အလှကို တစ်ဝကြီး ခံစားပြီး ပြန်ရန်ပြင်ချိန်မှာ. . .

"အဲဒီဇွဲကပင်ကို အောက်ခြေကပတ်ပြီး အရှေ့တောင်ဘက်ကို သွားရင် ကျောက်နံ့ရုံကြီးမှာ ကရင်အဘိုးအိုတသင်တိုင်းနဲ့ ခေါင်းပေါင်းနဲ့၊ အဘွားအိုကလည်း ကရင်သင်တိုင်းနဲ့ ပလိုင်းကို လွယ်ထားတဲ့ပုံ အထင်းသား မြင်ရတယ် နန်းဝေဝေ"

"ထွင်းထုထားတာလား"

"မဟုတ်ဘူး၊ သူ့သဘာဝက ဖြစ်နေတာ၊ သဘော်ာနဲ့ သွားရင် ပိုပြီး ထင်ရှားတယ်၊ လူတိုင်းမြင်ရတယ်၊ သိပ်အံ့ဩစရာကောင်းတဲ့ သဘာဝဖြစ်ရပ်ပါပဲ"

"ဒါကြောင့်လည်း ဇွဲကပင်ဟာ မြန်မာပြည်မှာ မသိသူမရှိအောင် နာမည်ကျော်နေတာပေါ့လေ"

ကိုစောထူးသာ၏ ဗဟုသုတများကို နားဆင်ပြီး နန်းဝေဝေ မတ်တတ်ရပ်လိုက်ချိန်မှာ. . .

"ကျွန်တော့်လက်ကို ခိုလိုက်ခဲ့ပါ နန်းဝေဝေ"

လက်သီးဆုပ်ကို ရင်မှာတပ်လျက် လက်ကို တစ်ဆစ်ခိုးလုပ်ပေးထားသော စောထူးသာ၏ လက်ပြည့်ပြည့်ကျစ်ကျစ်ကြီးကို အားနှင့်ခိုပြီး တစ်ထစ်ချင်း တက်ခဲ့ရသည်။

ကျောက်တောင်၏ အနေအထားအရ ဖောက်လုပ်ရ၍ပင် ထင်သည်။ လှေကားထစ်တို့က မညီမညာ။

"သိပ်မောရင် နားဦးလေ နန်းဝေ"

ခြေထောက်တွေတုန်ပြီး မခိုင်ချင်တော့၍ မတ်တတ်





ရပ်ရင်း နားရသည့်တိုင် စောထူးသာကို ခိုထားသောလက်က မလွှတ်ဖြစ်။

ဘားအံသည် မုတ္တမပင်လယ်ပြင်နှင့် ၃၅ မိုင်သာ ဝေး၍ ပင်လယ်လေငွေ့ကြောင့်လားမသိ၊ ဇွဲကပင်ကို တိုက်ခတ်လာသော လေက ရှင်းသန့် လတ်ဆတ်စွာ အေးမြလှပါချေသည်။

ရင်ခုန်နှုန်းလေး အနည်းငယ် ငြိမ်သက်သည်နှင့် ဆက်၍ အားခဲတက်ရသည်။

"နောက်တစ်ကြိမ် မရောက်လိုတော့ပါ"

ဟူသော ဆန္ဒတို့ ဖြစ်ထွန်းလာအောင်ပင် မောဟိုက်ပင်ပန်းလွန်းလှပါ၏။

"ရောက်တော့မယ်"

"ရောက်တော့မယ် နန်းဝေဝေ"

နန်းဝေဝေက တွဲခိုခြင်း မဟုတ်တော့။

စောထူးသာက ဆွဲယူဖေးမ ခေါ်ရခြင်း ဖြစ်လာတော့သည်။

"ရောက်ပြီ"

တောင်ထိပ်ရင်ပြင်သည် ပေငါးရာခန့်သာရှိ၍ သိပ်ပြီးအကျယ်ကြီးတော့မဟုတ်. . .။

ဘုရားဖူး တစ်ယောက်စ နှစ်ယောက်စနှင့် ဘုန်းကြီးကျောင်းတို့ တွေ့ရ၏။

"ရှော့. . . ရေ၊ နန်းဝေဝေ ဖြည်းဖြည်းသောက်နော်၊ အမောဆို့သွားတတ်တယ်"

သူ့ခပ်ပေးလာသောရေကို တစ်ငုံချင်း ကျိုက်မျိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



သကြ်န်ရေ လောင်းခံထားရသည်သို့ပင် တစ်ကိုယ်လုံး ချွေးတွေဖြင့် နစ်ရွှဲနေ၏။

ရွှေတစ်ချပ်လျှင် တရာ့ရှစ်ဆယ်ကျပ်ဖြင့် အလှူခံနေဆဲမို့ စေတီမှာ ရွှေမပြည့်သေး။

နန်းဝေဝေသည် မြတ်စွာဘုရား၏ ဆံတော်စစ် ဌာပနာ ထားသည်ဆိုသော စေတီတော်ကိုပင် ရှုတ်တရက် မဖူးနိုင်သေးဘဲ ရင်ပြင်တော်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး လှုပ်စစ်မီးများ သွယ်ထားသည့် ဖွဲကပင်စေတီတော်၏ ထီးတော်ကို မော့ကြည့် နေမိ၏။

မမောတတ်ပါဘဲလျက် ရင်တွေ လှိုက်ခုန်လာ၏။

အဝတ်တို့ နစ်ရွှဲစိုကပ်နေသော နန်းဝေဝေ၏ ကိုယ်ခန္ဓာ ကို ဘေးတိုက်အနေအထားဖြင့် ငေးကြည့်နေမိသည်။

မိန်းကလေးများနှင့် စိမ်းဝေးစွာ နေဖူးသူ မဟုတ်ပါသော် လည်း ယခုလို မပွေ့ရရုံတမည် အနီးကပ် ထိတွေ့တွဲယူလာရ သည့် အဖြစ်မျိုးကို တစ်ခါမှ မကြုံဖူးခဲ့. . .

နန်းဝေဝေကဖြင့် အသက်မထွက်ရုံတမည် မောဟိုက် လှိုက်ဆို့နေပါ၍ စောထူးသာကို ယောကျ်ားတစ်ယောက်ပါလား ဟု မမြင်နိုင်ရှာ။

မှိုခိုအားကိုးရာ လူသားအဖော်အဖြစ်နှင့်သာ မှတ်ယူရှာ သည်။

သိပ်လှသော အပျိုစင်မလေးကို ထိတွေ့ခွင့်ရ၍ ပူနွေး တက်ကြွလာသော အချစ်သက်သက်ချည်း မဟုတ်ပါ။

နန်းဝေဝေ၏ ကြေကွဲဖွယ် ဘဝလေးတို့ ယခုပင် ကြားသိ





ခွင့် ရရှိလာခဲ့၍ အကြင်နာရင်သည်လည်း နန်းဝေဝေအတွက် လှိုက်လှိုက်ခုန်မိ၏။

"နန်းဝေဝေ"

ရင်ထဲမှာပင် စုံမက်မြတ်နိုးလွန်းစွာ ခေါ်လိုက်မိခြင်းနှင့် အတူ. . .

ဤမိန်းကလေးကို သူ့လက်နှင့်တွဲ၍ ပြန်လည် ခေါ်ယူမသွားချင်တော့ပါ။

ရင်တိုဖွင့်ခဲ့၍ နှလုံးအိမ်တွင်းမှာ ထာဝရ ထည့်ကာ ဆောင်ကျဉ်းသွားချင်ပါ၏။

တစ်ကြိမ်တစ်ခါမှ မဖြစ်ထွန်းဖူးသေးသော စောထူးသာ၏ ရင်မှာ ရုတ်ခြည်းပင် ကြီးမားခိုင်ကျည်သော "အချစ်"တို့ ဖြစ်ထွန်း လာ၏။

ရုတ်တရက် ဖြစ်ထွန်းလာသော အချစ်ဖြစ်ပါသော် လည်း. . .

ဘယ်သောအခါမှ ပြယ်ယွင်းသွားနိုင်မည် မဟုတ်ပါ။ တစ်သက်တာ ခိုင်မာတည်တံ့မည့် အချစ်စစ်၊ မေတ္တာစစ် ဖြစ်ကြောင်းလည်း စောထူးသာ သစ္စာပြုဝံ့ပါ၏။

နှစ်ပေါင်းများစွာက ဖြစ်တည်ခဲ့ပြီးနောက် နှစ်ပေါင်းမရေ တွက်နိုင်အောင် ဆက်လက်၍ ခိုင်မာစွာ တည်ရှိနေဦးမည့် ဤဖွဲကပင်တောင်ကြီး၏ ကျောက်သားကျောက်စိုင်လို ခိုင်မာ မည့် စောထူးသာ၏ အချစ်နှင့်သစ္စာ. . .

"လှလိုက်တာကွယ်"

"ကျောက်တောင် ကျောက်ဆောင်လေးတွေက အပုံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ လွင်ပြင်ပြန့်တွေ တောအုပ်ကလေးတွေ၊ ဝေးဝေးမှာ သံလွင်၊ ပြီးတော့ ဖားပုတောင်၊ ဟိုးဝေးဝေးမှာ တိမ်တိုက်တွေနဲ့ ရောနေတဲ့ ဒေါနတောင်တန်း ညိုညိုကြီး၊ အို. . . သိပ်လှတာပဲ နော် ကိုစောထူးသာ"

အမောပြေ ရင်မှ ကြည်နူးမှုစကားသံလေးများကို ကြားရပါလျက် ဘာမှ မပြန်ကြားဖြစ်. . .

စောထူးသာ၏ရင်မှာ အချစ်တို့ဖြင့် လှိုင်းခတ်နေ၏။

အဆင်းလမ်းတွင်ဖြင့် အတက်တုန်းကလို ကြမ်းတမ်း ကျစ်လျစ်စွာ တွဲမခေါ်ခဲ့တော့ပါ။

လက်ချင်း ချိတ်ဆက်၍သာ ဆင်းသက်လာကြပြီး မကြာမီမှာပင် တောင်အောက်သို့ ရောက်ခဲ့ကြသည်။

တောင်ခြေတွင် အပူရောင် နေမတိုးသာအောင် အရိပ်တွေ ဝေနေသည်။

စောထူးသာ၏ရင်မှ ချစ်ခြင်းမေတ္တာတို့သည်လည်း ဇွဲကပင်တောင်ခြေမှ အရိပ်ကဲ့သို့ ဝေ၏။

◈ ◈ ◈





အခန်း ။ ၁၀ ။

ရေဟု ပြော၍ မရနိုင်။

မြစ်တစ်ပြင်လုံး လှိုင်းတောင်ကုန်းများ အထပ်ထပ် ဖြစ်နေသည်။

နှစ်ထပ်တိုက်ကြီးလောက် မြင့်မားသော လှိုင်းလုံးကြီးတို့ သည် အရှိန်အဟုတ် ပြင်းလွန်းစွာ လှိုင်းထန်နေသည်။

တစ်ချက်တစ်ချက် လျှပ်ရောင် ဝင်းလိုက်သည်မှလွဲ၍ တစ်မိုးလုံး မှိုင်းမှောင်နေ၏။

လေသည် မာန်ဟုန်ကြီးစွာ ဝှေ့ယမ်းနေ၍ မိုးစက် မိုးသီးတို့သည် အရပ်ရှစ်မျက်နှာမှ ကြွေကျ ခုန်ဆင်းနေသည်။

သံလွင်မြစ်ပြင်ကျယ်ကြီး တစ်ခုလုံးမှာ ဒေါသကြီးသော လှိုင်း၊ မာန်ဟုန်ပြင်းသော လေတို့နှင့် အဆင်းကြမ်းသော မိုးပေါက်များကြောင့် ကမ္ဘာပျက်မတတ် ကစဉ့်ကလျား ဖြစ်နေ၍

"ဘယ်လိုမှ ကူးမရတော့ပါလား"

"ဘယ်လိုကူးရမလဲ"

"ဘယ်ဘက်ကို ကူးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရေကျွမ်းကျင်သူမို့ လှိုင်းပေါ် ပေါ်လာခိုက် အသက်ဝအောင် ရှူသွင်းရင်း အတွေးဝင်လာသော်လည်း လူကို ဘီလူးသဘက်တို့ ကိုင်ပေါက်နေသည်သို့ လွင့်လိုက် ခင်လိုက်ဖြင့် ကြာမြင့်စွာ ဖြစ်ချင်တိုင်း ဖြစ်နေပြီးနောက်ပိုင်းမှာ. . .

လေငြိမ်သွားသဖြင့် မိုးပြင်တို့ပါ ရပ်တန့်သွား၍ အားထက်မည်ကြံခိုက်. . .

"ဟာ"

"ရေစီးကြမ်းလာပါလား"

"အို"

သံလွင်မြစ်တို့ ရေစီးကြမ်းပြီ ဆိုလျှင် ဆေးမရှိတော့၊ ဘယ်လို အားအင်နှင့်မှ တားဆီး၍ မရနိုင်. . .

ကြောက်မက်ဖွယ် အော်မြည်သံကြီးနှင့်အတူ တရကြမ်း စီးဆင်းလာ၏။

မြင်းပြေးနှုန်းထက်ပင် လျှင်မြန်သော သံလွင်၏ ရေစီးကြောင်းအတွင်းမှာ ကစဉ့်ကလျား လူးလိမ့် မျောပါသွားသော "ဦးရဲသွေး"။

လူသား ဦးရဲသွေးသာမက မှောက်သွားသော လှေငယ်များ၊ သစ်မြစ်ပါ ပြိုလာသော တမ်းနားသစ်ပင်ကြီးများ သစ်ဖောင်ပျက်များမှ သစ်လုံးကြီးများ. . .

သံလွင်၏ လျှင်မြန်လွန်းသော ရေစီးကြောင်းအတွင်းမှာ အားလုံး လုံးထွေးထိခိုက် မျောလွင့်သွားကြချိန်မှာ. . .

ဦးရဲသွေးသည် တစ်လန့်ကျော်မျှ ရှည်လျားသော သစ်လုံးကြီးကို အမိအရ ဖက်မိနိုင်၏။





သစ်လုံးအလေးချိန်နှင့် လူအလေးချိန်တို့ ပေါင်းစည်းမိသွား၍ စောစောဆီကလောက် ဦးစောက်ကျွမ်းပြန် မဖြစ်တော့ဘဲ ရေကြောအတိုင်း လမ်းမှန်စွာ မျောလာ၍ အားတက်လာချိန်ကျကာမှ. . .

"အား"

"အမယ်လေးဗျာ"

အော်သံထွက်သလား၊ စိတ်ထဲကပဲလား ပြန်တွေးမရတော့၊

ကြီးမားလေးလံသော သစ်တုံးတစ်ခုသည် မိမိကိုယ်၏ ဘယ်နေရာပေါ် ကျလာမှန်းပင် မှန်းဆမရတော့။

ခေါင်း ကိုယ် ခြေလက်တို့ပါမကျန် ပြင်းထန်လွန်းသော ထိခိုက်နာကျင်မှုကြောင့် ရင်ထဲက စူးစူးဝါးဝါး အောင့်လာသည်ကိုသာ မှတ်မိလိုက်၏။

နောက်ဆုံး. . .

တွယ်ထားသော သစ်လုံးကို ဖက်ထားသောလက်က ပို၍ ကျစ်လျစ်သွားသည်ကို သူ သိလိုက်ပြီးချိန်မှာ. . .

ဦးရဲသွေးသည် လောကကြီးတစ်ခုလုံးကို မေ့လျော့ကာ အဟုန်ပြင်းစွာ စီးဆင်းသွားသော သံလွင်မြစ်ကြောအတိုင်း လွင့်မျောလိုက်ပါလာခဲ့ရသည်။

သံလွင်၏ ရေဆင်းနှုန်း ရပ်တန့်ရာအရပ် သို့မဟုတ်. . .

သံလွင်၏ ခရီးဆုံးသည်ကား. . .

"မုတ္တမပင်လယ်ပြင်"

ဦးရဲသွေးသည် သာယာကြည်လင်နေသော ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ကို ကြာမြင့်စွာ မော့ကြည့်ရင်း. . .

လွန်ခဲ့သော ခုနစ်နှစ်က အဖြစ်အပျက်တို့ကို ကြေကွဲစွာ တွေးနေမိသည်။

သူကဲ့သို့ပင် အသက်လုရာမှ အောင်မြင်လာခဲ့သော တံငါလေ့လေး တစ်စင်းက သစ်တုံးကြီးကို ဖက်လျက် သတိမေ့လာသော ဒုက္ခသည် ဦးရဲသွေးကို ဆယ်ယူကယ်တင်လျက်. . .

တံငါသည် အဘိုးအိုလင်မယားတို့သည် သူတို့၏ ဇာတိရွာ ဇာသပြင်အနီးမှ ကျုံမော်ဆိုသည့် တံငါရွာလေးသို့ ဦးရဲသွေးကို ခေါ်ဆောင်သွားကြပါသတည်း။

◈ ◈ ◈

ဘားအံလေယာဉ်ကွင်းသည် ဦးရဲသွေးရှိနေရာ ခြံနှင့် မဝေးလှ။

လေဆိပ်နှင့် ဂေါက်ကွင်းရှိနေရာက မြေပြန့်ခြင်းမို့ နီးလျက်နှင့် မမြင်သာသော်လည်း. . .

အရှေ့မြောက်ဘက်ဆီမှာ မိန်းမရှာ(မိန်းမလှျာ)တောင်ဟု အမည်ပေးထားသော ဘုလေးနှစ်လုံး ချွန်နေသည့် တောင်နှင့် နတ်မြင်းပျံခွာရာရှိသည် ဆိုသော ကျောက်ကလပ်တောင်၊ လှိုင်ပါထော်ခေါ် ပုဏ္ဏကတောင်၊ တောင်ဘက်ဆီမှာ ခုနစ်ဆူတောင်နှင့် ယှဉ်လျက် အဓိကရ 'ဇွဲကပင်'။

သံလွင်မြစ်ကမ်းနဖူးမှာ တည်လျက် သက်ရင့်ထုံးကျောက်





တောင်များ၊ ကျောက်ဂူများ၊ ဂရက်နစ်နှင့် အသွင်ပြောင်းကျောက်တောင်များစွာတို့ဖြင့် လှပစွာ ပတ်ဝိုင်းထားသော သာယာလှလွန်းသည့် မြို့ဘားအံ. . .

ဤဘားအံသို့ အားမာန်အပြည့်ဖြင့် စီးပွားရှာရန် လွန်ခဲ့သော ခုနစ်နှစ်က ရောက်လာခဲ့သော ဦးရဲသွေးသည်. . .

ယခုအချိန်မှာတော့. . .

ရွေ့လျားနေသော တိမ်ညိုတို့ကို မော့ကြည့်ရင်း မိမိ၏ အဖြစ် ပြန်လည်တွေးနေရာမှ ငံ့လိုက်တော့ မျက်ရည်တို့က အန်ကျလုလု။

တစ်ဘက်တည်း ရပ်နေမိသည်မှာ ကြာမြင့်ပြီမို့ "တစ်ဘက်တည်းသောခြေ"က ညောင်းလာသည်။

ချိုင်းထောက်ကို ပြန်လည် အားပြုကာ အနီးမှ ခုံတန်းလျားဆီသို့ ခြေတစ်ဘက်တည်း လျှောက်သွားရ၏။

ဦးရဲသွေး ဟူ၍ မမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေခြင်း မဟုတ်ပါသော်လည်း. . .

ဦးရဲသွေး၏ မျက်နှာတစ်ပြင်လုံးမှ ဒဏ်ရာများကို စနစ်တကျ မကုသခဲ့ရ၍ ကြမ်းတမ်းသော အမာရွတ်များက မျက်နှာပြင်မှာ အနှံ့မို့ ရုပ်ကို ပျက်နေစေ၏။

ဒုက္ခဒဏ်ကြောင့် ကိုယ်ခန္ဓာက ကြုံလှီသွားသဖြင့် အသားတွေလည်း မည်းခြောက်နေပြီး. . .

ခြေတစ်ဘက်ပြတ်နေသော ဒုက္ခိတကြီး ဦးရဲသွေးမှာ. . .

မိမိဘဝ ဆုံးရသည်ထက်ကို မိသားစုနှင့် အဆက်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည့်အဖြစ်က နှလုံးမကြေရုံ ရင်မကွဲရုံတမယ် ခံစားနေရဆဲပါ။

အသက်သခင် ကျေးဇူးရှင် တံငါအိုလင်မယားသည် လုံးဝ မထနိုင်သော ဦးရဲသွေးကို စေတနာဖြင့် ပြုစုကြပါသော်လည်း ရိုးသားကြသောကြောင့် ရိုးရာဆေးနည်းများဖြင့်သာ ကုသပေးခဲ့ကြသည်။

ဦးရဲသွေးသည် အိပ်ရာမှ လုံးဝ မထနိုင်သော အဖြစ်မှ ဘာကိုမှ မဖန်တီးနိုင်ခဲ့။

အဖျားကလည်း အမြဲတက်နေ၍ သတိကလည်း လစ်တစ်ချက် မလစ်တစ်ချက်။

နောက်ဆုံးမှာ လက်ယာခြေကို ထိခိုက်ထားသည့် ဒဏ်ရာက မခံမရပ်နိုင် ဖြစ်လာခဲ့သည်။

ကျေးရွာဆေးမှူးတစ်ယောက် ကွင်းဆင်းရင်း ကြည့်ပေးရာမှ ဆေးရုံတင်သင့်ကြောင်း အကြံပြုရာမှ ရွာသူရွာသားများ၏ ဝိုင်းဝန်း စေတနာပြုမှုကြောင့် မွန်ပြည်နယ်၏ မြို့တော်ဖြစ်သော မော်လမြိုင်ဆေးရုံကြီးသို့ တက်ရောက်ခွင့်ရခဲ့ပေသည်။

"ဝမ်းနည်းပါတယ် ဦးအောင်ဝေး"

ဆရာဝန်က မျက်နှာမကောင်းစွာဖြင့် စကား စသည်။

မှောင်ခိုသမားဘဝ၊ ကံနိမ့်ဘဝ၊ ဒုက္ခဘဝတို့၏ ကာလအတွင်းမှာ မိမိကိုယ်မိမိ ဘယ်သူဘယ်ဝါဟု မသိရှိစေလိုပါ၍ အောင်မြင်မှုအပေါင်းနှင့် ဝေးကွာခဲ့ရသူ ဟူသော အဓိပ္ပာယ်ဖြင့်. . .





"ဦးအောင်ဝေး"

ဟု သူကိုယ်တိုင် ပညတ်ခဲ့သော အမည်ဖြင့် ဆေးရုံပေါ်သို့ ရောက်နေခဲ့ရပါပြီ။

"ပြောပါ ဒေါက်တာ၊ ကျွန်တော့်ဝေဒနာဟာ ကျွမ်းပြီး ကုလို့မရတော့ဘူးလားဟင်"

"ဟာ. . . မဟုတ်ပါဘူး"

"ကျွန်တော် စိတ်ခိုင်ပါတယ် ဒေါက်တာ၊ ကျွန်တော့်ဘဝရဲ့ နောက်ဆုံးအချိန်လို့ သိရရင်လည်း ကျွန်တော့် မိသားစုနဲ့ တွေ့ချင်တယ်"

"တွေ့ချင်ရင်တော့ မှာပါ၊ ဒါပေမယ့် ဦးအောင်ဝေးရဲ့ ရောဂါက အသက်ကို ဒုက္ခပေးမယ့် ရောဂါတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲဟင်"

"ရက်လများစွာ ကြာပြီးမှ ဆေးရုံရောက်လာတဲ့အတွက် ကြေသွားတဲ့အရိုးက ကုမရတော့ပါဘူး"

"ဟင်"

"ဒါကြောင့် ဦးအောင်ဝေးရဲ့ ဒူးဆစ်အထက်ကနေပြီး ဖြတ်ပစ်ရပါလိမ့်မယ်ခင်ဗျာ"

"စိတ်ဓာတ်ကျခြင်း"

သည်လူသားတစ်ယောက်၏ ဘဝတာအတွက် ခါးသီးဆိုးရွားဆုံးသော ခံစားချက်ပါပင်။

"သွားပြီ"

"မျှော်လင့်ချက်မဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝဆုံးပြီ"

ဆိုသော အသိတရားတို့သည် နှလုံးသားကို နုတ်နုတ်စင်းပစ်သည်သို့ ရင်မှာ နာကျင်ကြေကွဲလှပါချေ၏။

"မိဘလက်ထက်ကတည်းက စိန်နားဆွဲဖော်၊ ရှင့်ကျောက်စိမ်းက မြတ်မယ်ဆိုလို့ အြတ်ပေးလိုက်ရတာ..."

"ဒီတစ်ခါတော့ အသေအချာလုပ်ငါ၊ မိန်းမငယ်ငယ်ချောချောကို ယူထားပြီး ဘာမှမဆင်နိုင်တဲ့လူ..."

"ဒီမှာ တစ်ခါတည်းမှာလိုက်မယ်၊ ရှင် မအောင်မြင်ရင် ပြန်မလာနဲ့၊ ငွေမပါရင် အိမ်ပေါ်မတက်ခဲ့နဲ့..."

ဒါပဲ...

ငွေကြေးမပါရုံမက လူ၏ ကိုယ်ခန္ဓာပင် အစုံအလင် မပါနိုင်တော့သော မြေပြတ်ဒုက္ခိတဘဝဖြင့် ဦးရဲသွေး ဘယ်နည်းနှင့်မှ အိမ်မပြန်ရဲတော့ပါ။

"ငါ့မိန်းမ ဖြူဖြူထွန်းအကြောင်း ငါသာ အသိဆုံးပါ"

"သူက ငါ့ကိုမချစ်ဘဲ ငါက သူ့ကို သိပ်ချစ်ပြီး ယူထားရတဲ့ မိန်းမ"

"ငါ့ထက်လည်း ဆယ်နှစ်ငယ်တော့ ငါက အလိုလိုက်လေ သူက ငါ့ပေါ် အနိုင်ယူလေ"

"ဒီကြားထဲမှာ ငါ့ရဲ့လုပ်ငန်းတွေကလည်း မအောင်မြင်ဘူး၊ ငွေက ကျပ်သည်ထက် ကျပ်လာလေ မိန်းမက ငြူ



သည်ထက် ငြူစူလာလေ"

"ငြူစူရုံ၊ ငါ့အပေါ် ဆိုးရုံဆိုရင် ခံနိုင်ပါတယ်လေ၊ ခုတော့..."

ဟိုယောကျ်ား သည်ယောကျ်ားများနှင့် စကားပြောရလျှင် ရွှင်နေတတ်သော ဖြူဖြူထွန်း...

ကိုတင်မောင် ဆိုသည့်သူနှင့် အလုပ်စပ်တူလုပ်မလိုလို ပြောပြီး တွဲနေတတ်သည့် ဇနီးသည် ဖြူဖြူထွန်း၏ လှုပ်ရှားမှုသဏ္ဌာန်များကို ရင်ထဲမှာ နာကြည်းစွာ မြင်ယောင်လာမိသည်။

ငွေမရှာနိုင်၍ အနှိမ်ခံရသည်ဆိုသော အသိကြောင့် ဥပဒေမတင်းသော မှောင်ခိုအလုပ်ကို စွန့်စား၍လုပ်ခဲ့ရာမှ ယခုလို အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်ပါ၏။

ဘယ်လောက်ပင် အချစ်ကြီးသည် ဆိုစေကာမူ သစ္စာဖျက်စ ပြုလာသော ဇနီးသည်ကို စွန့်လွှတ်ရပါသည်။

ပြတ်သားသော ဦးရဲသွေးပါ။

မိန်းမ သစ္စာဖျက်သည်ကို မျက်ရည်စက်လက်နှင့် လိုက်တောင်းပန်တတ်သော ပျော့ညံ့သည့် ယောကျ်ားစားမျိုး မဟုတ်။

ဖြူဖြူထွန်းကို ဖြတ်နိုင်သည်မှန်သော်လည်း ခွဲခွာ၍ မဖြစ်သည့်အကြောင်းက ရှိနေသည်။

"သမီးလေး"

"ချစ်လှစွာသော သမီးလေး နန်းဝေဝေ"

ဦးရဲသွေး၏ ရင်နှစ်ဖြစ်သည့် တစ်ဦးတည်းသော ချစ်သမီးလေး...

www.burmeseclassic.com

www.burmeseclassic.com



ဤသမီးလေးကို မခွဲနိုင်သော စိတ်၊ မိစုံဖစုံဖြင့် နေပါစေ ဆိုသော ဆန္ဒဖြင့် ငွေရအောင်ရှာမည်၊ အောင်မြင်ရမည်ဆိုသော အဆုံးအဖြတ်များဖြင့် ရောက်လာပြီးကာမှ. . .

"ဖြစ်ရလေခြင်းကွယ်"

ဘယ်လိုနည်းနှင့်မှ ဤဇနီးသည်ထံသို့ ပြန်ရန် မဖြစ်တော့ဟု သိရသောနေ့. . .

ခြေဖြတ်ရမည်ဟု သိရသော ထိုနေ့က ဦးရဲသွေး၏ဘဝ တစ်သက်တာအတွင်းမှာ. . .

အကြေကွဲဆုံး၊ အလှိုက်လှဲဆုံးသော ငိုရှိုက်ခြင်းဖြင့် ဆေးရုံ၏ ခုတင်ပေါ်မှာ သည်းထန်စွာ ငိုမိခဲ့ပါ၏။

သည့်နောက်. . .

သည့်နောက်တွင် ဤဘားအံသို့ . . . . . . . . .

ဦးအောင်ဝေးဟု အမည်သစ် ပေးထားသော ဦးရဲသွေးသည်. . .

သူ၏ စိုက်ပျိုးရေးခြံများရှိရာ လမ်းကျဉ်းလေးအတွင်းသို့ ပါပလစ်ကာကားလေးတစ်စင်း ဝင်လာသည်ကို လှမ်းကြည့်လိုက်ပြီး. . .

"ဩော်. . . ဒါ နော်ဆေးဖောရဲ့ သားလေး စောထူးသာ မောင်းလာနေကျ ကားလေးပဲ. . .

"သူ့ဘေးမှာ ကောင်မလေးတစ်ယောက်"

"ဘယ်သူများပါလိမ့်"

❖ ❖ ❖



အခန်း ။ ၁၁ ။

"အားမနာနဲ့နော်၊ အဝစား၊ တို့ကရင်လူမျိုးကတော့ ပွင့်ပွင့်လင်းလင်းပဲ၊ ဟန်ဆောင်တာ မကြိုက်ဘူး"

"သိပါတယ် အမိုး၊ တိုင်းရင်းသားထဲမှာ ကရင်ဟာ ဗမာနဲ့ နေတာလည်း အနီးဆုံးမို့ အရင်းနှီးဆုံးလည်း ဖြစ်ပါတယ်၊ ကရင်လူမျိုးတွေရဲ့ ရိုးသားမှု၊ သစ္စာရှိမှုနဲ့ အလုပ်ပေါ်မှာ တန်ဖိုးထားပြီး တာဝန်ကျေမှုတွေကိုလည်း နန်းဝေအလျင်ကတည်းက လေးစားပြီးသားပါ အမိုး"

"တို့တို ဒီလို အမန်အတိုင်း မြင်ပေးတာ ဝမ်းသာပါတယ်ကွယ်၊ ကဲ. . . စားကွယ့်"

"ဟင်းတွေကလည်း ချက်ထားလိုက်တာ စုံနေတာပါပဲလား အမိုးရယ်"

"သားတာ သူ့သူငယ်ချင်း ခေါ်လာမယ်၊ ကောင်းကောင်း ချက်ကျွေးပါဆိုလို့ တတ်သမျှ မတ်သမျှ ချက်ထားတာပဲကွယ်"

"စုံလွန်းအားကြီးလို့ ဘာစားရမှန်းတောင် မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမိုးချက်ထားသလောက်တော့ အစုံစားကြွယ်၊ ဟဲ့. . . ထူးသာ၊ ဩော်. . . ငါ့သားက ဘာငိုင်နေတာလဲ၊ ထမင်းထပ်ယူဦးလေ၊ နင် ခါတိုင်းစားရင် တဝတပြဲ သုံးလေးပန်းကန်ပဲဟာ"

စောထူးသာ၏မိခင် နော်ဆေးဖောမှာ အသက် သိပ်မကြီးလှသေးပါ။ မျက်နှာဝိုင်းဝိုင်း၊ နှာခေါင်းပြားပြား၊ အသားဖြူဖြူနှင့် ခပ်ဝဝမို့ ခန့်ချော ချောပေသည်။

စကားပြောလျှင် ဟထိုးသံမပါသည်ကလွဲပြီး သိပ်မစဲပါ။ ဥပမာ. . . "အမှန်အတိုင်း"ကို "အမန်အတိုင်း"သည်မျှလောက်သာ ဖြစ်ပါ၏။ စောထူးသာကတော့ မြန်မာဖခင်က မွေးလို့လားမသိ။ လုံးဝမဝဲပါ။

စောထူးသာတို့၏ ခြံကျယ်ကြီးအတွင်းမှ ပျဉ်ထောင်အိမ်ကလေးမှာ ရေခဲသေတ္တာနှင့် တယ်လီဗေးရှင်း မရှိသည်မှ လွဲ၍ အားလုံး ပြည့်စုံလို့ပါလား။

ကြမ်းခင်းကော်ဇောနှင့် ဆက်တီ၊ ကုလားထိုင်သစ်နှင့်၊ ဗီရို၊ ရှိုးကေ့စ်၊ ရေဒီယိုကက်ဆက် ဇာခန်းဆီး စသည်တို့ဖြင့် သစ်လွင်သန့်ရှင်းစွာဖြင့် သပ်ရပ်လှပနေပါ၏။

"ဟာ. . . တော်ပြီ၊ နန်းဝေ ပန်းကန်ထဲ ဟင်းတွေ ပြည့်နေပြီ၊ ကိုစောထူးသာလည်း စားဦးလေ"

"မောလို့ထင်ပါရဲ့၊ ရင်ပြည့်နေသလိုပဲ၊ သိပ်မစားနိုင်ဘူး"

နန်းဝေဝေက ပွင့်လင်းစွာ ပြုံးလိုက်ရင်း. . .

"ဟာ. . . ရှက်စရာလေးတွေတော့ ဖြစ်ကုန်ပြီ"

"ဘာဖြစ်လို့လဲ နန်းဝေဝေရဲ့"

"ဧဝ်ကပင်ကအပြန် ဧည့်သည်က ထမင်းစားလို့ သိပ်





ကောင်းနေလို့ပါ၊ အဟဲ. . . ဟဲ"

နန်းဝေဝေ၏ အပြုံးလေးများ၊ အပြောလေးများ၊ အားပါးတရ ထမင်းစားနေပုံများကို ကြည့်မဝနိုင်အောင် ရှိရပါပြီ၊ နန်းဝေဝေကတော့ ဘာမှမသိရှာ။

တောင်ပေါ်က အဆင်းမှာ ဆာရမည်မှာ ဓမ္မတာ၊ စောထူးသာကမူ ထူးခြားဆန်းသစ်သော ခံစားမှုဦးများကြောင့် ရင်နင့်အောင် ပြည့်နေ၍ ဘာမှမစားနိုင်။

ကြက်၊ ဝက်၊ အမဲချောက်၊ ငါးနှင့် ပုစွန်ကြော်အပြင် ချဉ်ရည်ဟင်းနှင့် အသီးအရွက်များစွာ အားလုံး မြန်မာဟင်းလျာချည်းပါ။

"အမိုးက မူလတန်းပြ ကျောင်းဆရာမလေ၊ ရန်ကုန်မှာ ဆရာဖြစ်သင်တန်း အောင်ခဲ့တာ၊ မွန်ပြည်နယ်မှာလည်း နေဖူးတော့ မြန်မာဟင်းလျာတွေအားလုံး ချက်တတ်တယ်။ ပြီးတော့ သူ့အဖေကလည်း မြန်မာမဟုတ်လား"

ကိုစောထူးသာကို ကြည့်လိုက်တော့ မျက်နှာပျက်ခြင်း ရှိလှပါ။

သူ့တွင် ဖခင်နှင့်ပတ်သက်သော ခံစားမှု သိပ်ရှိပုံမရ။ နန်းဝေဝေမှာဖြင့် ဖေဖေ့ကို သေမတတ် တွေ့ချင်နေပါသည်။

နန်းဝေဝေ၏ဖခင်ကြီးမှာ နန်းဝေဝေရောက်နေသော မြို့နှင့် တစ်ခြံကျော်မှာ ရှိနေသည်ဆိုသော အကြောင်းကိုသာ သိလိုက်ရလျှင် နန်းဝေဝေ ဝမ်းသာလုံးဆို့ကာ မေ့များလဲသွားလေလားမသိပါ။

"နော်ဝါးရေ လာသိမ်းတော့"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံး ထမင်းစားမှ လက်စသတ်လိုက်တော့ အိမ်၏ အကူဖြစ်ပုံရသော ကရင်မလေးက လာသိမ်း၏။

"ကဲ. . . လာဦး၊ ထန်းလျက်နဲ့ ရေနွေးကြမ်းနဲ့ အချိုတဲရအောင်"

ဘားအံမြို့၏ နာမည်ကျော် အုန်းထန်းလျက်၊ ပင်လယ်နှင့် နီး၍ အုန်းပင်ပေါ်ရုံမက ထန်းပင်များပါ လက်ညှိုးထိုးမလွဲ၍ ထန်းလျက် ဖြူဖြူနုနုလေးများကို အုန်းသီးအဖတ်လိုက်များ ထည့်ထား၍ စားရသည်မှာ ချိုဆိမ့်စွာ အရသာရှိလှပါ၏။

"ထန်းသီးနုလေးတွေ အပင်က ချထားတာရှိတယ်၊ နန်းဝေဝေ စားမလားဟင်၊ ကျွန်တော် ခွဲလိုက်မယ်"

"အမယ်လေး ဗိုက်တွဲထွက်တော့မယ်"

"ဆရာမလေး စားကောင်းတယ်ဆိုလို့ အမိုးတော့ အမောကို ပြေသွားတာပဲကွယ်၊ တို့ကရင်လူမျိုးတွေက သူများကို အားကြီး ကျွေးချင်တယ်လေ"

"ယုံပါပြီ အမိုးရယ်၊ ဘားအံရောက်မှ ဒီနေ့လောက် စားကောင်းတာ တစ်ခါမှမရှိသေးဘူး"

"ခြံထဲသွားကြည့်မလား နန်းဝေဝေ"

"တော်တော်ကြာမှဆင်းမယ် ကိုစောထူးသာ၊ ဗိုက်တအားတင်းနေလို့၊ ပြီးတော့လည်း အမိုးနဲ့ စကားပြောချင်လို့"

စောထူးသာက နန်းဝေဝေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်ပြီး နန်းဝေဝေကို ကြည့်နေသည်၊

စောထူးသာရင်မှာ အချစ်ဝင်သောအကြည့်နှင့် ကြည့်နေပြီဖြစ်ကြောင်းကိုမူ နန်းဝေဝေ မသိရှာသေး. . .။





ဒေါ်နော်ဆေးဖော့ကို မြင်မြင်ချင်း အဒေါ်သာချင်းလို ချစ်ခင်စိတ်နှင့် စောထူးသာကိုလည်း အားထားဖွယ် မိတ်ဆွေတစ်ယောက်အဖြစ်နှင့် ခင်မင်နေမိ၍ သူတို့သားအမိနှင့် အတူရှိနေရသည်ကို နန်းဝေဝေ ကြည်နူးပျော်ရွှင်နေမိပါ၏။

"အမိုးကို နန်းဝေ မေးစရာရှိလို့"

"မေးပါ ဆရာမ"

"နန်းဝေကို ဆရာမလို့ မခေါ်ပါနဲ့ အမိုးရာ"

"အေး. . . ဟုတ်တယ်၊ စိမ်းသလိုပဲ၊ ကိုယ့်သမီးအရွယ်ပဲကွယ်၊ သမီးလို့ ခေါ်လိုက်မယ်"

"ကောင်းတာပေါ့၊ နန်းဝေကို သမီးလို့ အခေါ်မခံရတာ ကြာပြီလေ"

"ကဲ. . . ဘာမေးချင်တာလဲ"

"ဪ. . . ဒီဘားအံ ရောက်တဲ့နေ့မှာပဲ ကိုစောထူးသာက ပြောတယ်၊ ဒီကရင်ပြည်နယ်ကို ရောက်လာတဲ့သူရဲ့ နာမည်က နန်းဝေဝေတဲ့လားဗျတဲ့၊ ကရင် ရာဇဝင်သမိုင်းမှာ စောနန်းဝေ ဆိုတဲ့ မိဖုရားလေးဟာ ရင်ကွဲနာကျပြီး. . . ဆိုတဲ့ စကားအရောက်မှာ ဒေါ်လှမြိုင်က ဟန့်တားလိုက်လို့ မပြောဖြစ်တော့ဘူး။ အဲဒါကို နန်းဝေသိချင်လို့"

"ရာဇဝင်ကလည်းရှည်၊ အမိုးကလည်း လေရှည်နဲ့တော့ တွေ့ကြပြီ"

စောထူးသာက စိတ်ပျက်သလို ပြောလိုက်၏။

"အို. . . တိုတိုနဲ့လိုရင်း ပြောမှာပေါ့ကွယ်၊ ကျောင်းဆရာမပဲကွယ်၊ ပြောတတ်ပါတယ်၊ သမီး မပျင်းစေရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီရာဇဝင်လေးက သိပ်သနားစရာကောင်းတာ"

"ကရင်ရာဇဝင်သမိုင်းပေါ့နော်"

"အင်း. . . ဒီလိုတော့လည်း ပြောလို့မရဘူး ပါးစပ်ရာဇဝင်တွေပေါ့ကွယ်၊ ဒီအကြောင်းနဲ့ ဒီဇာတ်လမ်းဟာတော့ တစ်ချိန်က တကယ်ရှိခဲ့ပါလိမ့်မယ်၊ ဒါပေမယ့် စာပေမပေါ်ခင်ခေတ်က ဖြစ်ပျက်ခဲ့တော့ အတိအကျ မှတ်တမ်းမတင်နိုင်ခဲ့ဘူးလေ၊ တစ်ဆင့် တစ်ဆင့်နဲ့ နှစ်ပေါင်းများစွာ ဖြတ်သန်းလာတဲ့အခါမှာ ဒဏ္ဍာရီဆန်တဲ့ ပုံပြင်ဆန်တဲ့ အကြောင်းအရာလေးတွေ ဖြစ်လာတာပေါ့"

"ဟုတ်ကဲ့"

"ဒီက စောနန်းဝေဟာ သူ့ခင်ပွန်း "ခရားသံလျှင်ဘုရင်ကြီး"ကိုလွမ်းလို့ လွမ်းစေတီတည်ခဲ့တာ အခုအထိ ဆဒ္ဒန်ဂူအနီး အိန္ဒုနားမှာ "လွမ်းညစေတီ"ရယ်လို့ အရန်စေတီ အဆူဆူ ဝိုင်းနေတဲ့ စေတီတော်ကြီး ရှိသေးတယ်၊ လွမ်းညဘုရားကနေ အချိန်တွေ ရွေ့ပြောင်းလာတော့ "လွန်းညဘုရား" နဲ့ လွန်းညရွာရယ်လို့ ဖြစ်လာတယ် သမီး"

"အမိုးကလည်းဗျာ၊ ဇာတ်ကို အဆုံးကနေပြောတာကို၊ အတိုချုံးပြီး အစကပြောလေ"

နော်ဆေးဖောက ဆေးလိပ်သောက်တတ်သူဖြစ်သည်၊ သနပ်ဖက်လိပ်ကို မီးညှိဖွာရှိုက်ပြီးနောက် လက်ကြားခုံညှပ်ထားရင်း. . .

"စောနန်းဝေရဲ့ ပထမပိုင်းကတော့ တကယ့်ဒဏ္ဍာရီပါပဲ၊ ဝိဇ္ဇာထိုရ်ရှိနဲ့ နဂါးမညားပြီး နဂါးတစ်ကောင်နဲ့ စောနန်းဝေဆိုတဲ့





လူမိန်းကလေးကို မွေးပြီး ထားရစ်ခဲ့ရာမှာ ရသေ့ကြီးက တွေ့လို့ မွေးပြီးနောက်ပိုင်းမှာ ကရင်အဘိုးအို ဇနီးမောင်နှံက မွေးထားသတဲ့၊ ဒါကတော့ ပုံပြင်ဖြစ်မှာပဲ၊ တကယ်စောနန်းဝေရဲ့ ဇာတ်လမ်းစတာကတော့ တစ်ချိန်က ခရားသံလျှင်ဆိုတဲ့ နေပြည်တော်ကြီးရှိတယ်၊ အဲ့ဒီဘုရင်ကြီးက တိုင်းခန်းလှည့်ရာကနေ သိပ်လှတဲ့ စောနန်းဝေကို ဘုရင်ကြီးက ကောက်သွားပြီး မိဖုရားခေါင်ကြီး မြှောက်လိုက်သတဲ့"

"ဟုတ်ပြီ အမိုး၊ ဒါကို တခြားမိဖုရားတွေက မကျေနပ်လို့ တုန်းချောတာနဲ့ ဘုရင်ကြီးက နှင်လွှတ်လိုက်တာပဲ ဖြစ်ရမယ်"

"ဟုတ်လိုက်တာ သမီးရယ်၊ ဒါပေမယ့် စောနန်းဝေကို နှင် မလွှတ်ခင် ကလေးရသေးတယ်"

"ဟုတ်လား၊ သူ့ ကလေးရော"

"လာမယ်လေ၊ အဲ. . . စောနန်းဝေ မီးဖွားချိန်မှာ ဘုရင်ကြီး မရှိဘူးတဲ့၊ အပျိုမွေးမို့ သွေးလန့်မယ်ဆိုပြီး စောနန်းဝေကို မျက်စိပိတ်နားပိတ်ထားပြီး မွေးပေးခဲ့ကြတယ်တဲ့"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဒါမှ ကလေးကို မမြင်ရ ကလေးငိုသံကို မကြားရမှာပေါ့"

"ဘာလေးမွေးလဲ အမိုး"

"ယောကျာ်းလေး၊ ဒါပေမယ့် ကလေးကို မွေးမွေးချင်း အိုးကြီးတစ်လုံးထဲမှာ ထည့်ပြီး ရေထဲ မျှောလိုက်တယ်တဲ့၊ ဘုရင်ကြီး ပြန်လာတဲ့အခါ စောနန်းဝေကို ပြောထား၊ ပြထားတဲ့အတိုင်းပဲ လူမမွေးဘဲ ခွေးကလေးမွေးကြောင်း ခွေးငယ်လေးတစ်ကောင်ကို ယူပြကြသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်ကြီးလည်း စောနန်းဝေကို ချစ်ဝေမယ် ရွှေနန်းတော်နဲ့ မတန်ဘူးဆိုပြီး နှင်လွှတ်လိုက်ရတယ်တဲ့၊ ခရီးကလည်း သိပ်ပန်းတော့ စခန်းချတဲ့နေရာမှာ စောစောက ပြောတဲ့ လွမ်းစေတီကို တည်လဲပြီးရော ရင်ကွဲနာကျပြီး သေဆုံးသွားရှာရောတဲ့"

"စေတီတော်က အထင်အရှားရှိတော့ တကယ်ဖြစ်ပျက်ခဲ့တာပဲ ဖြစ်ရမယ်နော် အမိုး"

"ဒါပေါ့ကွယ်၊ အဲဒီလို ဒဏ္ဍာရီထဲကနေပြီး လူ့ဘဝနဲ့ နီးစပ်တဲ့ တကယ်ဖြစ်ပျက်နိုင်တဲ့ ကိစ္စတွေကို ကိုယ်က တိုင်းဆ ဉာဏ်နဲ့ သုံးသပ်ယူရမှာပေါ့"

"စောနန်းဝေရဲ့ သားလေးရော"

"လာမယ်လေ၊ အဲဒီကနေ ဘားအံ ဘာကြောင့် ဖြစ်လာတယ်ဆိုတာ ပါလာမယ်"

"ဆက်ပြော အမိုးရာ"

"တစ်ယောင့်တစ်ည ပုံပြင်ထက် ဆိုးသွားပါဦးမယ်၊ ကြည့်လည်း လုပ်ကြပါဦး"

"အတိုဆုံး ပြောနေတာပဲ သားရဲ့"

"ဟုတ်သားပဲ ကိုစောထူးသာကလည်း သူပဲ ပြောရမှာ စိတ်မရှည်ဘူး၊ အမိုးကို မေးဆို၊ ကဲ. . . ပြောစမ်းပါ အမိုးရာ"

"စောနန်းဝေရဲ့သားလေးက မသေဘဲ အိုးကြီးနဲ့ မျောလာတာကို စောနန်းဝေရဲ့အစ်ကိုဖြစ်တဲ့ နဂါးကြီးက တွေ့ပြီး တောထဲမှာ ခေါ်ထားသတဲ့"

"သူတို့ချင်း တူဝရီးပေါ့နော်"





"ဒဏ္ဍာရီအရပေါ့လေ၊ ကဲ. . . ဘာပဲဖြစ်ဖြစ် ထားပါတော့"

"အဲဒီအချိန်မှာ "မဏ္ဍုက"ဆိုတဲ့ ဖားမည်းကြီးတစ်ကောင်ကလည်း ရှိသတဲ့"

"နားထောင် နန်းဝေဝေ၊ ဘာကြောင့် ဘားအံဖြစ်လာတယ်ဆိုတာ လာတော့မယ်"

"ကောင်းပါပြီ ကိုစောထူးသာ"

"စောစောကပြောတာ စောနန်းဝေရဲ့ သားတော်လေးနဲ့ နဂါးကြီး တွေ့ကြပြီနော်၊ အဲဒါ နဂါးကြီးတစ်နေရာ သွားနေတုန်းမှာ တာရင်မောင်နံ တစ်စုံကပဲ ကလေးကိုတွေ့တော့ မွေးမယ်ဆိုပြီး ခေါ်သွားကြတယ်တဲ့"

"အဲဒီအချိန်မှာ စောစောကပြောတဲ့ မဏ္ဍုကဆိုတဲ့ ဖားကြီးဟာ နဂါးရဲ့ရန်ကို ကြောက်တာနဲ့ ထွက်ပြေးရင်းက အိုးကြီးကို တွေ့တာနဲ့ အတော်ပဲ ပုန်းစရာရပြီ ဆိုပြီး ဝင်ပုန်းနေတုန်း နဂါးကြီး ပြန်လာပါလေရော. . .

နဂါးစိတ်ထင်က အိုးထဲက ကလေးကို ဒီဖားကြီးပဲ မျိုချလိုက်မှာပဲ၊ ဒင်းကိုလည်း ငါပြန်မျိုမယ်ဆိုပြီး နဂါးကြီးက လိုက်ဖမ်းချိန်မှာ ဖားကြီးက ထွက်ပြေးသတဲ့. . .

အဲဒီမှာ ဘားအံပတ်လည်က တောင်အမည်တွေ ပေါ်လာတော့တာပဲ သမီးရဲ့"

"ဟုတ်ကဲ့. . . အမိုး"

ဖားမည်းကြီးနေခဲ့တဲ့ နေရာကို ဖားမည်းတောင်. . .

ဖားကြီးကြောက်လို့ ပုနေတဲ့နေရာကို ဖားပုတောင်. . .



www.burmeseclassic.com

www.burmeseclassic.com



ဖားကြီးကပ်နေတဲ့ နေရာတိုး ဖားကာပ် . . .

နောက်ပြီးတော့ ဖားနွံ၊ ဖားလင်၊ ပြီးတော့ ဖားကြီးကို မိသွားပြီး မျိုချလိုက်သတဲ့"

"သေရောတဲ့လား"

"သေရင် ဘယ် ဖားအံ့ဖြစ်လာတော့မလဲ"

"ဟင်"

"ဖားကြီးကကြီးတော့ မျိုထားတဲ့ နဂါးကြီးက မျိုလာပြီးမှ အန်ချလိုက်တဲ့နေရာဟာ ဖားအံ့ပဲသမီးရဲ့"

"ဩော် . . . ဟုတ်ပြီ"

"အလျင်တုန်းကတော့ ဖောက်ထုပ်နဲ့ ပေါင်းတာ၊ အခုမှ ဘကုန်းဖြစ်သွားတာ"

"ဒီဒဏ္ဍာရီအတိုင်းဆိုရင်တော့ ဖားအံ့ပဲ ဖြစ်သင့်တာပေါ့"

"ဒါပေါ့"

"သံလွင်မြစ်ထိပ်က ရွှေယဉ်မျှော် တုန်းတော်ပေါ်မှာ ဖားရုပ်နဲ့ နဂါးကြီးရှိတာ ဒီအထိမ်းအမှတ်ပေါ့နော်"

"ဒီလိုသမီးရဲ့၊ ကွဲပြားတဲ့ ဒဏ္ဍာရီတစ်ခုကလည်း ရှိသေးတယ်"

"ဟင်"

"ဝိဇ္ဇာထိုက်ရဲ့ နဂါးမရပြီး ဥကြီး နှလုံး ဥသတဲ့၊ တစ်ဥက နဂါးဖြစ်ပြီး တစ်ဥက ဖားဖြစ်လာသတဲ့၊ သူတို့ကြီးလာတဲ့အခါမှာ ညီအစ်ကိုမန်း မသိဘဲ စောစောကပြောသလို နဂါးက ဖားကို လိုက်ပြီး ဖားမဲတို့၊ ဖားကပ်တို့ ဖြစ်လာပြီး နဂါးကမျိုပြီး ပြန်အန်တာကို ဖားအံ့လို့ သတ်မှတ်ကြတာ ဖြစ်ပါလိမ့်မယ်





ဒဏ္ဍာရီကသာ ကွဲပြားနေတာ၊ အဲ . . . နောက်တော့ ညီအစ်ကို မန်းသိပြီး ချစ်ချစ်ခင်ခင် ရှိသွားကြတယ်လို့လည်း ပြောကြတယ်"

"ပုံပြင်လေးကတော့ ဒါပါပဲကွယ်"

စောထူးသာက နောက်လိုက်သည်။ နော်ဆေးဖော က . . .

"မပြီးသေးဘူး သားရဲ့၊ ဇာတ်သိမ်းပိုင်းလေးတစ်ခန်း ကျန်သေးတယ်"

စောထူးသာက စိတ်ပျက်သွားသော်လည်း နန်းဝေဝေက စိတ်ထက်သန်စွာ . . .

"ဆက်ပြောပြပါနော် အမိုး"

"အိုးထဲက စောနန်းဝေရဲ့သားလေး ကြီးလာတယ်လေ၊ သူက ဘုရင့်သားဆိုတော့ နဂါးကြီးကို ပြန်တွေ့ရတဲ့အခါ မကြောက်ဘဲ သတ်မယ်လုပ်သတဲ့ . . .

အဲဒီမှာ သေလို့ နတ်ဖြစ်နေတဲ့ စောနန်းဝေက ကိုယ်ထင်ပြပြီး သားတော်ရဲ့ဘကြီးဖြစ်ကြောင်း ဒီနဂါးရဲ့ သွေးစက်စင်ရင် သားတော်လည်း နဂါးဖြစ်မယ်ဆိုတဲ့အကြောင်း ပြောပြီး ငိုရှာသတဲ့"

"ကိုယ်ထင်ပြတယ်ဆိုတာ ဘာလဲဟင်"

"ရုပ်လုံးပြလိုက်တာပေါ့၊ နတ်ဆိုတာ မမြင်နိုင်ဘူး မဟုတ်လား"

"ဩော် . . . သိပြီ"

"အဲဒီလို နတ်စိမ်းဖြစ်တဲ့ စောနန်းဝေ တားတာ မရဘဲ သားက နဂါးကြီးကို သတ်လိုက်တာ သွေးစက်စင်ပြီး သားက



www.burmeseclassic.com

www.burmeseclassic.com



နဂါးဖြစ်သွားရောတဲ့၊ အဲ. . . ဦးရိုးတော် နဂါးကျတော့ နတ်ဖြစ်သွားပြီး စောနန်းဝေနဲ့ နတ်မောင်နှမအဖြစ်နဲ့ ရွှေယဉ်ကျော်စေတီတော်မှာ စောင့်နေရှာတာ အခုထိပဲလို့ ပြောကြတယ်"

"ဘုရားအောက်မှာ ကျောက်ဖျာရှိတာပါ တစ်ခါတည်း ပြောလိုက်ဦးလေဗျာ"

"ဘုရားပစ္စည်း ကျောက်သံပတ္တမြား များစွာကို စောနန်းဝေတို့ မောင်နှမက ဥစ္စာစောင့်အဖြစ်နဲ့ စောင့်နေရသတဲ့၊ ပစ္စည်းတွေတော့ ကျောက်ဖျာကြီးနဲ့ အုပ်ထားသတဲ့၊ ရေကျချိန်မှာ ကျောက်သားကျောက်ပြင်ကြီးကိုတော့ မြင်ကြရတာ အခမန့်ပဲ သမီးရဲ့. . .

ကဲ. . . ဘားအံရွာဇာဝင်နဲ့ စောနန်းဝေရဲ့ အလွမ်းဇာတ်လမ်းလေးတော့ ပြီးသွားပါပြီ"

နော်ဆေးဖောသည် မီးသေအံ့ဆဲဆဲ ဆေးလိပ်ကို ပါးစပ်က မခွာဘဲ မှုတ်လိုက် ရှိုက်လိုက် လုပ်လေမှ ဆေးလိပ်မီးက ရဲတက်လာတော့သည်။

"ခြံထဲဆင်းကြစို့ နန်းဝေဝေ"

နန်းဝေဝေ ထလိုက်လာတော့ စောထူးသာရင်ထဲမှာ သိမ့်ခနဲနေအောင် ပျော်သွားတော့သည်။

"ဒီနေ့ နန်းဝေဝေ လာလည်မယ်လို့ ဆရာကတော်က ပြောလို့ ခြံရှင်းထားတယ်၊ ကျွန်တော်စိုက်ထားတဲ့ ပန်းကလေးတွေ ပွင့်နေတာလည်း ပြချင်လို့ပါ"

"ဟာ. . . ခြံကြီးက နောက်ဘက်မှာလည်း အကျယ်ကြီးပဲ နော်၊ ကိုစောထူးသာတို့ ဝယ်ထားတာ ကြာပြီလားဟင်"





"ကျွန်တော်တို့ခြံ မဟုတ်ပါဘူး၊ ဆရာဦးမြတ်သာရဲ့ခြံပါ"

"ဟုတ်လား"

"ဒီတစ်လျှောက်လုံး သူ့မြေသူ့ခြံတွေချည်းပဲ"

"ဦးမြတ်သာက တကယ်ချမ်းသာတယ်နော်"

"ဟုတ်တယ်၊ အမေနဲ့လည်း ခင်တယ်လေ၊ သူ ဒီကို တစ်ခါတလေ လာပါတယ်၊ ကျွန်တော်တို့သားအမိကိုလည်း သနားလို့ဆိုပြီး ဒီအိမ်လေး ဆောက်ပေးပြီး နေခွင့်ပေးထားတာ"

"ဒီလိုတော့လည်း စေတနာကောင်းရှာသားနော်"

"ဟိုဘက်တစ်ခြံကျော်မှာနေတဲ့ ခြေပြတ်နေတဲ့ အဘိုးကြီးတစ်ယောက်ကိုလည်း သူပဲ ခြံတစ်ခြံပေး ငွေကြေးထောက်ပံ့ပြီး ကြည့်ရှုထားတယ်"

"အဲဒီအဘိုးကြီးက ဘာဖြစ်လို့ ခြေပြတ်နေတာလဲဟင်"

"အတိအကျတော့ မသိဘူး နန်းဝေဝေရဲ့၊ ဇာသပြင်ဘက်က ပြောင်းလာတာ၊ နာမည်က ဦးအောင်ဝေးတဲ့"

"ဩော်. . ."

သာမန်အကြောင်းအရာ တစ်ခုသာမို့ နန်းဝေဝေ စိတ်မဝင်စားမိပါ။

အကယ်၍သာ စပ်စပ်စုစု မေးဖြစ်မည်၊ အဘိုးကြီး၏ ခြံသို့ သွားလည်ဖြစ်မည်ဆိုခဲ့လျှင် နန်းဝေဝေမှာ မေ့လဲသွားမတတ် ခံစားရမှာ သေချာပါသည်။

အမာရွတ်များ ထင်နေသော်လည်း ရုပ်ပျက်သွားခြင်းမျိုး မဟုတ်၊ မြင်ရုံနှင့် ကိုယ့်ဖခင်မှန်း သိနိုင်သည့် အခြေအနေပါ။

"ပန်းတွေက လှလိုက်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စိုက်ထားတာလေ၊ အမိုးကလည်း စိုက်ပျိုးရေး ဝါသနာပါတယ် နန်းဝေဝေရဲ့၊ ခြံပတ်လည်က ဒညင်းသီးပင်နဲ့ ဒူးရင်းသီးပင်ကြီးတွေကတော့ ဟိုးအလျင်ကတည်းကပေါ့၊ ဒီဘက်ခြံတစ်လျှောက်လုံး ဆရာဦးမြတ်သာပိုင်တာပဲ"

"ရန်ကုန်မှာက လူနေမှုကျဉ်းကျပ်လွန်းတော့ ခုလိုခြံကျယ်ကျယ်ကြီးတွေ တွေ့ရရင် စိတ်ထဲမှာ ကြည်နူးမိတယ် ကိုစောထူးသာ"

"ရန်ကုန်ဆိုလို့ နန်းဝေဝေ ဘယ်တော့လောက် ရန်ကုန်ပြန်မလဲဟင်"

စိုးရိမ်ပူပန်လွန်းစွာ မေးကြည့်ပြီး ရင်ထိတ်စွာဖြင့် အဖြေကို စောင့်နေမိ၏။

"နန်းဝေကို သူများက ငှားလာတာပဲလေ၊ အလုပ်ရှင်က မလိုအပ်တော့ဘူးဆိုရင် ပြန်ရမှာပေါ့၊ ဒါပေမယ့် ကိုစောထူးသာရယ်. . ."

"ဘာလဲဟင် နန်းဝေဝေ"

"ဖေဖေ့ကို မတွေ့ရဘဲနဲ့ ဒီပြည်နယ်က မပြန်ချင်ဘူးရှင်၊ ပြီးတော့ မေမေ့အကြောင်းကိုလည်း ကိုစောထူးသာကို ပြောပြပြီးခဲ့ပါပြီ"

"ကျွန်တော် မေးမိတာက နန်းဝေဝေ ပြန်သွားမှာကြောက်လွန်းလို့ပါဗျာ"

"ရှင်. . ."

"ဪ. . . ဟိုလေ နန်းဝေဝေ ဖေဖေ့ကို လာရှာတာမအောင်မြင်ဘဲ ပြန်မသွားစေချင်လို့ပါ"





"ဟုတ်တယ်နော်၊ နန်းဝေ ဒီမှာဆက်ပြီး နေချင်ပါသေးတယ်"

စောထူးသာ ရင်အေးစွာ သက်ပြင်းချရပါ၏။

သူ့ရင်မှာ ချစ်စိတ်တွေ ဝေနေပြီဆိုသည်ကို နန်းဝေဝေ မသိရှာသေး. . .

"အင်း. . . မသိတာပဲ ကောင်းပါတယ်လေ၊ ငါလည်း ဖွင့်မပြောသေးဘူး၊ ဖွင့်ပြောလိုက်လို့ ငါ့ကိုမမုန်းတဲ့တိုက် ဆက်ဆံရေးကတော့ ကျဲသွားမှာပဲ၊ ငါ့ကို ခင်မင်အားကိုးနေရှာတဲ့ သူလေးကို ဖွင့်မပြောတာဘဲ ကောင်းပါတယ်လေ. . .

"ဟုတ်တယ်. . . သနားပါတယ်ကွယ်၊ နန်းဝေဝေရယ်၊ နန်းဝေဝေကို မြင်နေရရင်၊ တွေ့နေရရင် ကိုယ့်ဘက်က ပေးဆပ်ခြင်းအချစ်နဲ့ ချစ်နေခွင့်ရရင်ပဲ ကျေနပ်ပါပြီလေ၊ နန်းဝေဝေ မသိပါစေနဲ့တော့"

"ကိုစောထူးသာ"

"အာ. . ."

"ခေါ်ရုံနဲ့ ဒီလောက်ကြီး လန့်သွားရအောင် ဘာတွေတွေးနေလို့လဲ"

"နန်းဝေဝေအကြောင်း"

"ဟင်. . . နန်းဝေအကြောင်း"

"ဟုတ်တယ်၊ နန်းဝေဝေရဲ့ဖေဖေကို ဘယ်လိုရှာပေးရပါလဲလို့ စဉ်းစားနေတာ"

"ကျေးဇူးတင်လိုက်တာ ကိုစောထူးသာရယ်၊ နန်းဝေကို ဆက်ပြီး ကူညီပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



စောထူးသာ၏ လက်မောင်းလေးကို ဆုပ်ကိုင်ပြီး အားကိုးသော မျက်ဝန်းလေးနှင့် ကြည့်နေရှာသော နန်းဝေဝေ၏ ရင်းနှီးမှုမျက်နှာ. . .

"စိတ်ချ. . . စိတ်ချတော့ နန်းဝေဝေ၊ ကိုယ့်အသက်ကို စွန့်ပြီးမှ ရှာလို့ရမယ်ဆိုရင်တောင် အသက်စွန့်ပြီး ရှာပေးမယ်"

"ဒီလောက်တောင်ပဲလားရှင်၊ နန်းဝေလည်းလေ ကိုစောထူးသာကို တကယ်ခင်တာပါ၊ ဒီမြို့မှာလည်း နန်းဝေရဲ့ တစ်ယောက်တည်းသောမိတ်ဆွေဟာ ကိုစောထူးသာပါ"

"ဝမ်းသာလိုက်တာဗျာ"

နန်းဝေဝေ၏လက်ကလေးကို ပြန်ကိုင်မည်လုပ်ပြီးမှ သူ့ရင်မှာ မရိုးသားသောစိတ် ဝင်နေပြီဖြစ်၍ နန်းဝေဝေကို သူ မထိတွေ့ရက်တော့ပါ။

"ကိုစောထူးသာ"

"ဟင်"

"အဒိုးပြောတဲ့ ပုံပြင်လေးကြားရတာ နန်းဝေရင်ထဲမှာ တစ်မျိုးကြီးပဲ၊ နန်းဝေဟာ စောနန်းဝေဆိုတဲ့ မိဖုရားလေး ဝင်စားတာများလား"

"ဟာ. . . မဟုတ်တာ၊ အာကာသနဲ့ ဆက်သွယ်နေတဲ့ ခေတ်မှာ. . ."

"ဟုတ်ပါတယ်၊ နန်းဝေလည်း ဒါတွေ မယုံကြည် လက်မခံပါဘူး၊ ဒါပေမယ့် ဖေဖေမှည့်ခဲ့တဲ့ နာမည်ဟာ လာတိုက်ဆိုင်နေလို့ တစ်ခုတော့ စိတ်ထင်မိသား ကိုစောထူးသာရဲ့"

"ဘာများလဲ နန်းဝေဝေရဲ့",





"နန်းဝေလည်း စောနန်းဝေ မိဖုရားလေးလို ချစ်သူစွန့်ပစ်ခံရပြီး ရင်ကွဲနာကျရမယ့် အတိတ်နိမိတ်များလားရှင်"

တကယ့်ကို မျက်နှာလေးညှိုးပြီး ပြောနေရှာသော နန်းဝေဝေကို ကြည့်ပြီး သနားသွားရသည်။

"မဖြစ်နိုင်ပါဘူး နန်းဝေဝေရယ်၊ ဖြစ်ချင်းဖြစ်ရင် သိပ်လှတဲ့ နန်းဝေဝေကို စွဲလမ်းလွန်းလို့ တစ်စုံတစ်ယောက်ကသာ ရင်ကွဲနာကျပြီး သေချင်သေသွားနိုင်မှာပါ"

"ယောကျ်ားတွေက ဒီလောက် မခံစားတတ်ကြပါဘူး ကိုစောထူးသာရဲ့"

နန်းဝေဝေ၏မျက်နှာမှာ အပြုံးလေး ပြန်ပွင့်လာတော့ ရင်ချမ်းမြရပါပြီ။

နန်းဝေဝေ၏စကားကို ပြန်လည်ချေပခြင်း မပြုတော့ပါ။

ရင်ထဲမှဖြင့်. . .

ဒီထက်သာ ခံစားရရင် ရင်ပွင့်ထွက်တော့မယ် နန်းဝေဝေရယ်. . .

တစ်ခါမှ မချစ်ဖူးသေးတဲ့ရင်ထဲကို အင်အားအကြီးမားဆုံးသောအချစ်က တရကြမ်းတိုးဝင်လာတော့ ရင်နဲ့မဆံ့အောင်ပါပဲ။

"သိပ်ချစ်တယ်"

"နန်းဝေဝေကို စောထူးသာဆိုတဲ့ကောင်က အသေအလဲစွဲလမ်းလမ်း ချစ်နေမိပါပြီဗျာ"

နန်းဝေဝေနှင့် ခြံထဲမှာ ယှဉ်လျက် လျှောက်လာကြရင်း နန်းဝေဝေမေးသော မေးခွန်းများကို ဖြေဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤခြံနှင့် မဝေးလှသော နေရာတွင် ထီရစ္စာန်မွေးမြူရေး ဦးစီးဌာန၏ ကြက်၊ ဝက် မွေးမြူရေးဌာနကြီးတစ်ခုရှိကြောင်း၊ နိုင်ငံခြားကြက်မျိုးများဖြင့် စနစ်တကျ မွေးမြူသဖြင့် အထူးအောင်မြင်နေကြောင်းများကိုပါ ပြောပြဖြစ်၏။

"ဒီအပွင့် အမြွာမြွာလေးတွေနဲ့ အပင်ကြီးဟာ ဘာပင်လဲ ဟင်"

"အဲဒါ ဗန့်ဗွေးပင်"

"သြော်. . . ကြားသာကြားဖူးတယ်၊ ခုမှ မြင်ဖူးတယ်၊ ဒူးရင်းမင်းဂွတ်၊ ကြက်မောက်ပင်တွေတော့ မြင်ဖူးပြီ၊ ဒီနယ်မှာ အဖိုးတန် သီးနှံတွေလည်း တကယ်ထွက်တာပဲ"

ခြံအဝင်ဝနှင့် မလှမ်းမကမ်းတွင်ရှိသော ဗန့်ဗွေးပင် အောက်မှ ဝါးတိုင် ဝါးခင်းလေးနှင့်ခုံမှာ ထိုင်ဖြစ်ကြသည်။

ခြံဘက်သို့ ကျောခိုင်းလုနီးနီး တစောင်းအနေအထားနှင့် ထိုင်နေကြရာမှ အရိပ်တစ်ခုလို ဖျပ်ခနဲ မြင်လိုက်ရ၍ စောထူး သာ လှည့်အကြည့်တွင်. . .

"ဟင်. . . ဟိုဘက်ခြံက အဘ ဦးဇအောင်ဝေးပါလား"

"ဘယ့်နှယ်ကြောင့် ချက်ချင်းကြီး ပြန်ထွက်သွားရတာ ပါလိမ့်"

ချိုင်းထောက်ကြီးကို အားပြုလျက် ခြံတွင်းမှ ခပ်မြန်မြန် ထွက်သွားသော ဦးအောင်ဝေးကို ခါတိုင်းလိုသာဆိုလျှင် လှမ်းခေါ်ဖြစ်မည်။

ယခုလို နန်းဝေဝေနှင့် နေခွင့်ရခိုက်မှာတော့ ဘယ်သူကိုမှ အနားမလာစေချင်။





"စောထူးသာ"

"ဘာလဲအမိုး"

နော်ဆေးဖော့တာ အိမ်ပေါ်မှ ဆင်းလာပြီး စာတစ်စောင် ကို ကမ်းပေးသည်။

"ငါ့သားပြန်ရင် ဦးမြတ်သာကို ပေးလိုက်"

"အဘဇအောင်ဝေး စာလာပေးတာလား"

"အေးကွယ် မင်းတို့နယောက်ကိုလည်း မြင်ပြီးရော တစ်ခါတည်း ပြန်ပြေးတော့တာပဲ"

"ဘာဖြစ်လို့လဲအမိုး"

"သြော်. . . ငါ့သားမှာ မိန်းကလေးညှော်သည် ပါလာလို့ အားနာလို့ ဖြစ်မှာပေါ့။ သူက သိပ်သိတတ်တယ် မဟုတ်လား"

ဘားအံမှာ ရောက်နေသူကို ဘားအံသို့ လိုက်လာပြီး ရှာသောသူနှင့် ကြုံကြပါလျက် မဆုံလိုက်ရသော နန်းဝေဝေတို့ သားအဖ။

ဦးအောင်ဝေးဆိုသော ဦးရဲသွေးသည် မမျှော်လင့် မထင်မှတ်သော အချိန်မှာ သူ၏ ချစ်လှစွာသော သမီးလေးကို သူက အလျင် မြင်တွေ့လိုက်ရသဖြင့် မတွေ့ရဲ မဆုံရက်သော ကြောင့် ပြန်ပြေးသွားခြင်းသာ ဖြစ်ပါမည်။

"ရော့. . . စာသိမ်းထားဦးလေ"

အမိုးပေးသောစာကို ခုံပေါ်မှာချထား၍ နန်းဝေဝေက ကောက်ပြီး ပေးလိုက်ရသည်။

လက်ရေးလည်း မကြည့်မိ။ ဖခင်၏လက်ရေးကို ဘယ် နေရာမှာ မြင်ခြင် မှတ်မိသော နန်းဝေဝေ ဖြစ်ပါလျက် စာအိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို မကြည့်လိုက်မိ။

"ကိုမြတ်သာ"

ဟူသော အမည်တစ်လုံးသာ စာအိတ်မှာ ပါရှိ၍ ကြည့်မိလျှင်လည်း သိနိုင်ဖို့တော့ လွယ်ကူမည်မထင်။

"ဒီလိုပဲ စာပေးနေကျလားဟင်"

"ဟုတ်တယ်၊ အဘအောင်ပေးတာ အကြောင်းတိုစ္စရှိတိုင်း စာရေးတယ်၊ ကျွန်တော့်ဆရာကလည်း အဘအောင်ပေး ပြောသမျှ အားလုံး လုပ်ပေးပါတယ်"

"ဦးမြတ်သာက ဒီလိုတော့လည်း ကြည့်ရှုသားနော်"

"ဟုတ်တယ်၊ ကျွန်တော်တို့သားအမိကိုလည်း အရမ်းပေးကမ်းတာပဲ၊ ဆရာက လူတစ်မျိုး နန်းဝေဝေရဲ့"

ဦးမြတ်သာ ဝေဖန်ရေးဘက် လှည့်သွားပြန်သည်။

ထိုနေ့က နှစ်ဦးလုံး ဖျော်ရွှင်ချမ်းမြေ့နေကြသည်။

အချိန်တန်တော့ အမိုးကို နှုတ်ဆက်ပြီး ပြန်ခဲ့ရသည်။

သူတို့ ကားထွက်လာမည့်လမ်းက သစ်ပင်ကြီးအကွယ်မှာ ခြေတစ်ဘက်မရှိသော ဦးရဲသွေးသည် မှိုရပ်လျက် ကြိုကြည့်နေရှာသည်။

ကားက တဖြည်းဖြည်းဝေးသွားတော့ ဦးရဲသွေး၏ မျက်ရည်တို့သည်လည်း အဖြိုင်ဖြိုင်. . .။



အခန်း ။ ၁၂ ။

"ရွှန်း လာနှုတ်ဆက်တာ ဒေါက်တာ။ မော်လမြိုင် ဒိဂရီကောလိပ်ကို ကျောင်းသွားတက်ရတော့မယ်လေ"

"ရွှန်း မရင်းဘိုင်အို(Marine Bio အဏ္ဏဝါဇီဝဗေဒ) ဘာသာတွဲနဲ့ သွားတက်မယ်ဆိုတာတော့ သိတယ်လေ၊ ဘယ်တော့ သွားမှာလဲ"

"နက်ဖြန်မနက်စောစော သွားမှာမို့ ဒီညနေ လာနှုတ်ဆက်တာပါ"

"ချက်ချင်းကြီးဆိုတော့ ရွှန်းကို ဘာလက်ဆောင်မှတောင် မပေးလိုက်ရဘူး"

"ရွှန်း ဘာမှမလိုချင်ပါဘူး၊ ဒေါက်တာ့ဆီက ခင်မင်မှုရရင်ပဲ တော်နေပ်ပါပြီ"

"ရွှန်းဟာ ကျွန်တော့်လူနာရဲ့သမီးပဲ၊ ဘာလို့မခင်ရမှာလဲ"

"ဒါဆို ဝမ်းသာရမှာပေါ့လေ၊ ဟိုရောက်ရင် စာရေးလိုက်မယ်နော်၊ ဆရာ စာပြန်မှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာနေမင်းထက် ပြုံးနေလိုက်သည်။

ပြန်ဖြစ်မည်မဟုတ်၊ ပြန့်စရာအကြောင်းလည်း မရှိပါ။

သူကိုယ်တိုင်က ရွှန်းကို သိပ်ကြည့်မရခဲ့. . .

တင်ဆာဝေဒနာရှင် မိခင်၏ တွန်းမာအသက်ရှည်ရေးကို ဘာတစ်ခုမှ မဆွေးနွေးသေးသော ရွှန်း. . .

"ဆရာ့နပ်စ်မလေးဆီ မသွားတော့ဘူးလား"

"အန်တီ့ကိုကြည့်ရင်း တွေ့နေတာပဲ၊ ဘာဖြစ်လို့လဲ"

ဒေါက်တာနေမင်းထက်၏မျက်နှာ တည်ပစ်လိုက်သည်။

နန်းဝေဝေကို ထိလို့တော့မရ၊ နန်းဝေဝေကို နှိမ့်ချသော စကား၊ အထင်သေးသော စကားများ ပြောကြားလာလျှင် ရွှန်းကို ပြန်လည်ထိုးနှက်ရန်အသင့်. . .

တော်ပါသေးသည်။

ရွှန်းက နန်းဝေဝေနှင့် ပတ်သက်ပြီး ဘာမှ ထပ်၍မပြောတော့. . .။

ဒေါက်တာနေမင်းထက်လို ဆရာဝန်က အရေးတယူ နှုတ်ဆက်တာတောင် နန်းဝေဝေက ခပ်တည်တည် ဆက်ဆံနေသည်ကို သူ တအံ့တဩ တွေ့နေရသည်လေ။

"နက်ဖြန် ကားအဝေးကြီးစီးရမှာမို့ ပြန်ပြီး အနားယူလိုက်တော့မယ်နော်၊ ဒေါက်တာ့ကို ဒါတ်သတ်လာနှုတ်ဆက်တာပါ"

"ကောင်းပြီ ရွှန်း"

ရွှန်း သွားရမည့်ခရီးစဉ်က ဘားအံမှ မြိုင်ကလေး ဘက်ကမ်းကို ကားရောလူပါ မောင်(ဇက်ခရပ်ဖ်)နှင့် ကူး. . .

မြိုင်ကလေးမှနေ၍ ဆယ့်ခြောက်မိုင်လောက်သွားပြီး





နောက်မှာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသော ဒုံသမိတံတားကို ကျော်ဖြတ်ကာ မွန်ပြည်နယ်အတွင်း ဖြတ်သန်းပြီးမှ မုတ္တမဘက်ကမ်းကို ရောက်မည်. . .

သံလွင်မြစ်ကြီးကိုပင် ထပ်မံ၍ ဇက်ဖောင်ဖြင့် ဖြတ်ရပေဦးမည်၊ ပြီးမှ မော်လမြိုင်မြို့သို့ ရောက်မည်။

ထိုမှတစ်ဆင့် မော်လမြိုင် ဒီဂရီကောလိပ်သို့ သူသွားရပေမည်။

ရွှန်းယူသည့် အင်္ဂလိပ်ဘာသာတွဲကလည်း ဝင်လယ်နှင့် အနီးဆုံးဖြစ်သော မော်လမြိုင် ဒီဂရီကောလိပ်မှာပင် ရှိပါ၏။

"ဪ. . . ဒေါက်တာ၊ မော်လမြိုင်ကို ဘာမှာဦးမလဲဟင်၊ ဆေးတွေဘာတွေ လိုသေးလား"

"မလိုပါဘူး ရွှန်း"

"ဒီဘားအံက မှောင်ခိုလမ်း သင့်ပေမယ့် ပစ္စည်းစုံမရဘူးလေ၊ မော်လမြိုင်ကတော့ ယိုးဒယားပစ္စည်းသာမကဘူး အိန္ဒိယပစ္စည်းလဲရ၊ တရုတ်ဆေးဆိုလည်း မျိုးစုံ၊ ဒေါက်တာလိုတာမှာလိုက်လေ"

"နေပါစေ၊ ကျွန်တော့်မှာ အပြည့်အစုံရှိနေတာပဲ"

"ဆရာက ရွှန်းကို တစိမ်းလို သဘောထားတာကို"

ပြန်မည်ဆိုပါလျက် မတ်တတ်ရပ်ရင်း စကားရှည်နေသဖြင့် ဒေါက်တာနေမင်းထက် အားနာစိတ်ဖြင့် သည်းခံကာ ပြုံးပြနေရပေသည်။

ရွှန်းသည် သိပ်မလှသော်လည်း ငယ်နုသူမို့ ကြည့်၍မဆိုး



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အဝတ်အစားအပြင်အဆင်၊ ဆံပင်ပုံစံလှလှနှင့် အကောင်းစား မျက်နှာလိမ်းခြယ်မှုများအပြင် အဖိုးတန် အဝတ်ဆန်းများ ထည်လဲဝတ်နိုင်၍ ဆွဲဆောင်မှုရှိစေသော မိန်းကလေးတစ်ဦးတော့ ဖြစ်ပေသည်။

"ရွှန်းက ခင်တတ်လို့ပါ၊ မေမေကဆို ဒေါက်တာကို သိပ်အားကိုးတာလေ"

"သိပါတယ်ရွှန်း"

"ဆရာနဲ့ နန်းဝေဝေက အလျင်ကတည်းက သိပ်ခင်ကြလို့လားဟင်"

"ဟုတ်တယ်၊ ရန်ကုန်ဆေးရုံကြီးမှာ အကြာကြီး ဆုံခဲ့ရတဲ့ သူငယ်ချင်းတွေလေ"

"ဟင်. . . ဆရာကလည်း၊ ဆရာဝန်နဲ့ နပ်စ်မဆိုတာ ဘယ်လိုလုပ် သူငယ်ချင်းဖြစ်နိုင်မှာလဲ"

"အို. . . ကျန်းမာရေး ဝန်ထမ်းအချင်းချင်းပဲဗျာ၊ ပြီးတော့ သက်တူရွယ်တူတွေပဲ၊ သူငယ်ချင်းပေါ့ ရွှန်းရဲ့"

"ထားပါတော့၊ ထားလိုက်ပါတော့"

ရွှန်းက ပေါ့ပေါ့ပါးပါး ရယ်တော့လည်း စိတ်မဆိုးသာ. . .

အောင်မြင်သော၊ ပညာရှိသော၊ ရုပ်ဖြောင့်သားနားသော အမျိုးသားငယ်များကို စိတ်ဝင်စားတတ်သည်မှ လွဲ၍ သဘောထားတော့ မဆိုးလှပါ။

ဖခင်က ကောက်ကျစ်သော်လည်း အလွန်စိတ်သဘောထား ကောင်းရှာသော မိခင်ကြီး၏သွေးတော့ ပါရပေမည်လေ။





"ကဲပါလေ. . . ပြန်တော့မယ်၊ ရွှန်းလာတာ အနှောင့်အယှက်များ ဖြစ်သွားပြီလား ဒေါက်တာ ဟင်"

"ဟာ. . . မဟုတ်တာ၊ မဖြစ်ပါဘူး"

"ဒီလိုဆို ဝမ်းသာပါသတဲ့ရှင်၊ ကဲ. . . ဒီတစ်ခါတော့ တကယ်ပြန်ပြီ"

ဒေါက်တာနေမင်းထက်၏ မေတ္တာဝေ ဆေးခန်းပေါ်မှ ဆင်းသက်ပြီး ကားပေါ်တက်သွားတော့သည်။

ကားမောင်းပို့ပေးရသူက စောထူးသာ။

ယောက်ျားတို့၏ လုပခြင်းအင်္ဂါနှင့် ပြည့်စုံစွာ ရှိနေသော စောထူးသာကိုဖြင့် သူ ဘယ်သောအခါကမှ ယခုလို ကန့်ကွယပုံစံနှင့် ပြောလေ့မရှိ။ ကိုယ့်ထက် အဆင့်နိမ့်ကျ၍ ပေလားမသိ။ စောထူးသာကို လုံးဝ စိတ်မဝင်စား။

ဒါပေမယ့် စောထူးသာကိုဖြင့် လေးစားစွာ ခင်မင်စိတ်ရှိပါ၏။

ဦးမြတ်သာကိုယ်တိုင်က စောထူးသာနှင့် ယခုလို အတူသွားလာခြင်း၊ တရင်းတနှီး ဆက်ဆံခြင်းများကို ဘယ်သောအခါကမှ ဟန့်တားကန့်ကွက်ခြင်း မရှိခဲ့ပါပေ။

ကိုယ့်ဆရာ၏ သမီးကို ပြန်၍ ကြံမည့်သူ မဟုတ်ဟု စောထူးသာအပေါ်မှာ ဦးမြတ်သာ စိတ်ချယုံကြည်၍လည်း ဖြစ်ပါလိမ့်မည်။

ရွှန်းနှင့် စောထူးသာတို့ ပြန်သွားပြီးချိန်မှာ ဒေါက်တာနေမင်းထက်သည် သူ့ဆေးခန်းလေးကို သူကိုယ်တိုင် ရှင်းသန့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှမြိုင်က မခေါ်သည့်တိုင် နက်ဖြန် နေ့လယ်ပိုင်းတော့ သုခမိန်လမ်းက ခြံကြီးရှိရာသို့ သွားမည်၊ နန်းဝေဝေနှင့် အကြေအလည် ဆွေးနွေးမည်။

ရွှန်းက သူနား ချဉ်းကပ်လွန်းသဖြင့် နန်းဝေဝေက ထမင်းရှောင်ဖယ်ပေးနေသည်ဟု ဒေါက်တာနေမင်းထက် ထင်မိသည်။

ယခုတော့ ရွှန်းရန်လည်း ရှင်းပြီ။

ဖူးစာပင် ထင်ပါ၏။ တြဲဖန်၍ ပြန်တွေ့ရသော နန်းဝေဝေကို သူရအောင် ချဉ်းကပ်မည်။

သူ့မေတ္တာအလုံးစုံကို ဖြန့်ခင်းပေးလျက် နန်းဝေဝေ နင်းလျှောက်ကာ သူ့ဘဝထဲ ဝင်လာခဲ့ပါဟု တိုက်တွန်းတောင်းပန်ကာ ဖိတ်ခေါ်ပါမည်၊

နန်းဝေဝေနှင့် ခွဲခွာပြီးနောက် နှစ်နှစ်ကျော်အတွင်းမှာ နေမင်းထက်၏ဘဝသည်လည်း ထူးထူးခြားခြား ပြောင်းလဲမလာခဲ့ပါ။

အလုပ်သင်ဆရာဝန် တစ်နှစ်ပြီးနောက် ဆဓ နံပါတ်ရပြီးကတည်းက အလုပ်လက်မဲ့ဘဝဖြင့် ကာလများစွာကို ဖြုတ်သန်းနေရသည်။

အတတ်ပညာရှင်များစွာ အလုပ်လက်မဲ့ ဖြစ်နေရခြင်းက ရင်နာစရာ ကောင်းလှပါချေသည်။

ဉာဏ်ရည်ထက်မြက်သော၊ တော်သော၊ ကြိုးစားသော လူငယ်များ ဉာဏ်ရည်မတုံးမီ၊ အသက်မကြီးမီ တိုးတက်ရာ တိုးတက်ကြောင်း အလုပ်အကိုင်ကောင်းတော့ ရဖို့လိုအပ်နေပြီ၊

သည်မှာ အလုပ်မရသဖြင့် ပြည်ပသို့ ထွက်သွားကြကုန်သော အတတ်ပညာရှင် အပေါင်းတို့အတွက် တိုင်းပြည်အနေနှင့်ရော လူမျိုးအနေနှင့်ပါ နစ်နာစရာ နှမြောစရာ ကောင်းလှပါ၏။

ထွက်နိုင်သူများ ထွက်သွားကြ၍ ကောင်းစားကြလျှင်ဖြင့် ဝမ်းသာမိပါသော်လည်း အလှမ်းအကမ်းမရှိ အသိအကျွမ်းမရှိ၍ မသွားနိုင်ကြသူများအတွက်မူ ရင်လေးစရာ သနားစရာပါ။

ဒေါက်တာနေမင်းထက်သည်လည်း ဉာဏ်ရည်ထက်မြက်ပါလျက် ဒုတိယတန်း အမျိုးအစားမှာ ပါဝင်နေရလေသည်။

ဖခင်က အလွန်ရိုးသားသော၊ လာဘ်မစားသော၊ လာဘ်ရသော ဌာနလည်း မဟုတ်သော နေရာမှ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်သည်။

တည်ငြိမ် အေးဆေး၍ ရိုးသားသော နေမင်းထက်တို့၏ မိခင်ကြီးက နေမင်းထက် ဆေးကျောင်းတက်ပြီး နောက်ဆုံးနှစ်မှာပင် ကွယ်လွန်ခဲ့၏။

မောင်နှမသုံးယောက် ကျန်ရစ်ခဲ့သည့် အထဲမှာ နေမင်းထက်က အငယ်ဆုံး။

မိခင်ဆုံးပြီး တစ်နှစ်တောင် မပြည့်သေး၊ ဆယ်လအကြာမှာပင် ဖခင် နောက်အိမ်ထောင်ပြု၏။

တခြား အမိမဲ့သားများထက် ကံကောင်းသေးသည်က မိထွေးဖြစ်သူသည် နေမင်းထက်တို့၏ အဒေါ် မေမေ၏ ညီမအရင်း အပျိုကြီး "ဒေါ်မိမိမွန်"။

နေမင်းထက်တို့ ယခုလို ခြံနှင့်၊ တိုက်နှင့်၊ ကားနှင့် နေနိုင်ခြင်းမှာလည်း မိခင်ဘက်မှ ချမ်းသာခြင်းကြောင့် ဖြစ်ပေသည်၊






www.burmeseclassic.com

www.burmeseclassic.com



"ဖခင် 'ဦးမင်းဦး'က ပညာတတ်ရုံမျှလွဲ၍ ချမ်းသာသော မိသားစုဝင်မဟုတ်ပါ။

"ဒေါ်အိအိမွန်" ကျန်ခဲ့သော ပစ္စည်းများမှာလည်း မိဘ လက်ထက်က ပစ္စည်းများမို့ ဒေါ်မိမိမွန်က ပိုင်နိုင်စိုးမိုးစွာ ချယ်လှယ်နိုင်ခဲ့သည်။

အဒေါ်မိထွေးဆိုသော်လည်း အပျိုကြီးမို့ အရစ်က မဆုံးနိုင်အောင် ရှည်သည်။

စည်းကမ်းအမှတ်စဉ်တွေ တစ်ခုပြီးတစ်ခု ထုတ်ပြန် ကြေညာနေ၍ နေမင်းထက်တို့ မောင်နှမတစ်တွေ တစ်နေ့ တခြား အနေကျုံ့လာကြရသည်။

အိမ်ထောင်သည် အစ်မအကြီးဆုံး 'ဝါဝါမင်း'မှာ ဒေါ်မိမိမွန်၏ဒဏ်ကို မခံနိုင်၊ မိထွေးနှင့် သူယောကျ်ားကလည်း အဆင်မပြေဖြစ်လာ၍ ကလေးတစ်ယောက် ရနေပြီဖြစ်သော သူတို့မိသားစုသုံးဦး ယောက္ခမအိမ်သို့ ပြောင်းနေကြ၍ အဆင်ပြေ သွားခဲ့ပြီ။

နေမင်းထက်,ထက်အကြီး "နေမင်းလွင်"က အင်ဂျင် နီယာဖြစ်ပြီး အလုပ်မရသေးသော်လည်း မန္တလေးမှာ သူ့ သူငယ်ချင်းများနှင့် အစုစပ် ဝပ်ရှော့လုပ်ငန်း လုပ်မည်ဟုဆိုကာ ထွက်သွားခဲ့ပြီ. . .

တစ်ယောက်တည်း အဖတ်တင် ကျန်ရစ်ရသူက နေမင်း ထက်. . .

တူအငယ်ဆုံးလေးမို့ ချစ်စိတ်ဖြင့် ရှိရှာပါသော်လည်း ဒေါ်မိမိမွန်၏ ကန့်ကွက်ကာယ အမူရာများကို မကြည့်ချင်၊ ကိုယ့်မျက်





ရှေ့တွင် ဖခင်နှင့် ငယ်မူပြန်နေကြသည်ကို လူပျိုလေး နေမင်း ထက် ရှက်မိသည်။

အိမ်မှာမနေချင်တော့. . .

ရန်ကုန် ဆင်ခြေဖုံးမှာလည်း ဆေးခန်းလေးများ မွှနေ အောင် ဖွင့်ထားကြ၍ တိုးမဝင်သာ. . .

ဤအချိန်မှာ ဘားအံရောက် ဦးမင်းဦး၏ ညီတစ်ဝမ်းကွဲ ရောက်ရှိလာပြီး ဘားအံချိုးမွမ်းခန်းကို ကြားသိရသဖြင့် ဦးလေး ကို အကူအညီတောင်းကာ နေမင်းထက် ဘားအံသို့ ရောက်လာ ခဲ့ရခြင်း ဖြစ်ပါ၏။

ဆေးခန်းဝင်ငွေက မကောင်းလှသော်လည်း မဆိုးပါ။

ဝင်ငွေထက် လူနာများ ချစ်ခင်အားကိုးသော ဆရာဝန် လေး ဖြစ်နေရသည်ကို ပို၍ အားတက်ဂုဏ်ယူမိပါသည်။

ဆရာဝန်ဖြစ်ပါလျက် ဆေးရုံကြီးနှင့် ကင်းကွာနေရသော အလုပ်လက်မဲ့ကာလများအတွင်းမှာ မိသားစု သောကနှင့်မို့ အချစ်မရှာဖြစ်. . .

ကြုံဆုံမှုလည်း မရှိခဲ့၍ သည်အတိုင်းနေဖြစ်ခဲ့သည်။

ချစ်ခဲ့ဖူးသော နန်းဝေဝေကို တစ်နေ့မှ မမေ့နိုင်အောင် သတိရနေခြင်းမျိုး မရှိပါသော်လည်း. . .

ရံခါဖြင့် သတိရရှိနေခဲ့ဖူးသည်။

ယခုလို သည်ပြည်နယ်မှာ တိုက်တိုက်ဆိုင်ဆိုင် ပြန်လည် ဆုံဆည်းခွင့်ရလာသည့်အချိန်မှာ. . .

နန်းဝေဝေသည် သူချစ်သူ. . .

နန်းဝေဝေသည် သူလက်ထပ်မည့် မိန်းကလေး ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ ဖြစ်လာစေရမည်ဟု ဒေါက်တာနေမင်းသက် ဆုံးဖြတ်လိုက်ပါသည်။

အလွန်ရိုးသားတည်ကြည်ပြီး သိပ်လှသော နန်းဝေဝေဆိုသည့် မိန်းကလေးကို ဒေါက်တာနေမင်းထက်သည်. . .

မြင့်မားသောအချစ်၊ လေးနက်သော သစ္စာတရားများဖြင့် လှိုက်လှိုက်လှဲလှဲ ချစ်မိပါသတည်း။

◇ ◇ ◇





အခန်း ။ ၁၃ ။

ဦးမြတ်သာသည် စာကို စားပွဲပေါ် ပစ်ချပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

"တောက်. . . ဒီကောင် ငါ့ကို တစ်သက်လုံး ဒီလိုပဲ လုပ်နေတော့မှာလား"

စိတ်ထဲက ကြိမ်းဝါးရင်း အံကို တင်းတင်းကြီး ကြိတ်ထားလိုက်မိသည်။

ကိုမြတ်သာ. . .

ခြံကို တိုးချဲ့စိုက်ပျိုးစရာရှိလို့ ငွေငါးထောင် ရချင်တယ်. . .

ဒီခြံကို ကျွန်တော့်နာမည်ပေါက်အောင် လုပ်ပေးမယ်ဆိုတဲ့ ကိစ္စလည်း အမြန်လုပ်ပေးပါ။

သင့်သစ္စာရှိမိတ်ဆွေ
အောင်ဝေး



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှ စာကို ပြန်ကောက်၍ တစ်ခေါက် ထပ်ဖတ်ပြီး အိတ်ထဲက ဝက်စ်လိုက် မီးခြစ်ကို ထုတ်ခြစ်၍ မီးရှို့ပစ်လိုက်သည်။

စာကို တောက်လောင်နေသော မီးကဲ့သို့ပင် ဦးမြတ်သာ၏ ရင်မှာလည်း ဒေါသမီးတို့ တောက်လောင်လျက်ရှိ၏။

"တောက်. . . ဒီကောင်ဟာ အသက်ပြင်းလှချည်လား"

"ပင်လယ်ထဲမှာ ဘာဖြစ်လို့များ တစ်ခါတည်း သေမသွားရတာလဲ"

သူဌေးကြီး ဦးမြတ်သာမှာ နောင်တကြီးစွာ ဖြစ်ထွန်းနေမိသည်က. . .

"ငါဟာ အဲဒီတုန်းက သူ့လက်ကို လွှတ်ပေးရုံပဲ ပေးမိတာ ငါ့အမှား"

"သူ့ခေါင်းကို တစ်ခုခုနဲ့ ထုချလိုက်ဖို့ အကြံရရင် ဘယ်လောက်များ ကောင်းလိုက်မလဲ"

"ဒီကောင် ငါ့ကို နှိပ်စက်ဖို့ အသက်ပြန်ရှင်လာရတယ်လို့ကွာ. . . တောက်"

သံလွင်မြစ်ပြင်ကျယ်မှာ မုန်တိုင်းမိစဉ်က ဦးမြတ်သာကိုယ်တိုင် ကြောက်လန့်တကြားဖြင့် ဦးရဲသွေးကို ပြေးဖက်လိုက်ခြင်းဖြစ်ကြောင်း သူ မမေ့သေးပါလျက် ဒီအကြောင်းကို ပြန်မစဉ်းစားမိအောင် တမင် နေပစ်လိုက်သည်။

"ငါ့ကံပဲလေ၊ သေတဲ့လူကသေ၊ ရေထဲကျသူကကျ၊ သူ့ဟာသူ ဖြစ်ကြတာပဲ"

"ငါ ချမ်းသာဖို့ ကံက ဖန်ပေးတာ"





"ငါ့ဘဝ အေးချမ်း ချမ်းသာနေကာမှ ဒီခြေတစ်ဘက်ပြတ်ကောင်က ပြန်ပေါ်လာရတယ်လို့ကွာ"

ဦးမြတ်သာသည်. . .

လွန်ခဲ့သော အတိတ်ကာလဆီမှ ပြဿနာများ. . . မုန်တိုင်းမိသည့်နေ့က သက်စွန့်စံဖျား ဖြစ်ရပ်များနှင့် ဦးရဲသွေး ပြန်လည်ရောက်ရှိလာသည့် အကြောင်းများကို ပြန်လည်သုံးသပ်ဆင်ခြင်တွေးတောနေမိသည်။

၁၉၈၁ ခုနှစ် မုန်တိုင်းမိသည့်နေ့က ထိခိုက်မိသော ဒဏ်ရာဖြင့်ပင် စက်လှေပေါ်မှာ မေ့လဲကျသွားခဲ့သည်။

သူ ဘာကိုမှ မသိတော့ပါ။

ကံကောင်းချင်တော့ လှေသည် မနစ်မမှောက်ဘဲ လေနှင်ရာဘက်ကို ရေစုံမျောသွားခဲ့သည်။

မုန်တိုင်းလည်း တဖြည်းဖြည်းစဲကာ လေပြင်းလည်း အားပျော့သွားချိန်မှာ မျောနေသော လှေသည် သောင်ထွန်းသော ကျွန်းငယ်လေးတစ်ခုကို ဦးထိုးဝင်ပြီး ရပ်တန့်သွားတော့သည်။

ထိုနေ့ ညဦးပိုင်းကျကာမှ ဦးမြတ်သာ ပြန်လည်၍ သတိရလာခဲ့သည်။

ခေါင်းက ဒဏ်ရာကလည်းနာ၊ အအေးမိ၍ အဖျားလည်း ဟက်နေသည့်အတွက် အားလျော့ကာ မျက်ရည်များပင် ဖြိုင်ဖြိုင်ကျခဲ့မိသော်လည်း. . .

နံနက်လင်းချိန်၌ နွေးထွေးသော နေရောင်ခြည်ကို ပြင်တွေ့ခံစားလိုက်ရချိန်မှာ လူ၏ အားအင်သာမက စိတ်၏



www.burmeseclassic.com

www.burmeseclassic.com



အင်အားပါ ပြန်လည် ပြည့်စုံလာသည်။

လှေဝမ်းထဲမှ ရွှေချောင်းများသည်လည်း နေရောင်အောက်မှာ ဝင်းနေ၏။

လောဘမီးကြောင့် သူ့တစ်ကိုယ်လုံး ရှိန်းနွေးလာပြီး ဤကျွန်းငယ်လေးပေါ်မှာ ရွှေချောင်းများ မြှုပ်ထားရန် နေရာရှာခြင်း၊ တွင်းတူးခြင်းများကြောင့် ချွေးထွက်လာတာ အဖျားပါ ပျောက်သွားခဲ့ပြီ။

"ရွှေချောင်းတွေတော့ မြှုပ်ပြီးပြီ"

"ကျန်တဲ့ အဝတ်အထည်တွေတော့ ရှိပစေတော့၊ ဒါမှလည်း တွေ့တဲ့လူ ကယ်မယ့်လူက ယုံမှာ"

"နေပါဦး၊ အခု ငါရောက်နေတာ ဘယ်နေရာလဲ၊ သံလွင်မြစ်ပြင်မှဟုတ်ရဲ့လား"

မိမိ ရေမြောကမ်းတင်နေသည့် ဒေသကို ပထမဆုံး သိချင်လှသည်။

တချို့နေရာမှာ ပေ ခြောက်ထောင်ကျော်အထိ မြင့်ပြီး ကရင်ပြည်နယ်ရဲ့ နံရံကြီးသဖွယ် ဖြစ်တဲ့ ဒေါနတောင်တန်းကို မြစ်ဖျားခံပြီး စီးဆင်းလာတဲ့ "သို်င်းဘွဲ့မြစ်"လား. . .

တောင်ဘက်က စီးဆင်းလာတဲ့ "ဝင်းယော်မြစ်"လား "ဇမိမြစ်"လား. . .

ဒါမှမဟုတ် မွန်ပြည်နယ်ထဲက "အတ္တရံမြစ်"များလား. . .

"ဂျိုင်းမြစ်"လား၊ "ဟောင်သရော်မြစ်"လား. . .





ဒီလိုမှ မဟုတ်သေးရင်လည်း သံလွင်မြစ်ထဲကို ပေါင်းဆုံစီးဝင်လာကြတဲ့ "ယွန်းစလင်းမြစ်"လား. . .

သံလွင်၏ မြစ်လက်တက်ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နယ်နိမိတ်ဖြစ်နေသော "သောင်းရင်းမြစ်"များလား. . .

"ဒိုသမီချောင်း"တော့ ဖြစ်နိုင်မည်မထင်။

ကရင်ပြည်နယ်တွင်းမှ မြစ်များစွာတို့၏ အမည်ကို တွေးဆရင်း စဉ်းစားမိသော်လည်း ဘယ်နေရာ ရောက်နေမှန်းကို မသိနိုင်ပါ။

"ဘာပဲဖြစ်ဖြစ် လုပ်စရာရှိတာတော့ လုပ်ရမည်"

ကျွန်းပေါ်က မြရာပင်အုပ်စုလေးအောက်မှာ အသေအချာ မှတ်သားပြီး ရွှေချောင်းများကို မြှုပ်နှံလိုက်သည်။

သုံးဦးစပ်တူ ကျောက်စိမ်းတုံးတစ်တုံးကို ကချင် ပြည်နယ်မှ ဖားကန့် အဆက်အသွယ်နှင့်ဝယ်ပြီး တစ်ဘက်နိုင်ငံမှာ သွားရောင်းခဲ့ကြသည်။

ရှစ်သောင်းပေးခဲ့ရပြီး စရိတ်စကနှင့်မှ တစ်သိန်းကျော်ကျသော ကျောက်စိမ်းတုံးသည်. . .

တစ်ဘက်နိုင်ငံ၌ ခွဲလိုက်ရာ ခါးပတ်အစိမ်းအတိုင်း အနှစ်ချည်းထွက်လာ၍ ဆယ့်ရှစ်သိန်းတိတိ ရရှိခဲ့ကြသည်။

ထိုအချိန်ကမို့ ယခုနှစ်ပိုင်းဆိုလျှင် ပို၍ပင် ရနိုင်ပါလိမ့်ဦးမည်။

သုံးယောက် သဘောတူညီစွာဖြင့် ရာတန်ငွေများကို ပေးသယ်တော့ဘဲ ရွှေချောင်းများဝယ်၍ ပြန်လာခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးဖြုန်းပြီး သောင်းဂဏာန်း ပို့ငွေကိုလည်း တခြားသော မှောင်ခိုပစ္စည်းနှင့် အဝတ်အထည်များ ဝယ်ဖြစ်ခဲ့ကြသေးသည်။

စက်လှေငယ်တစ်စင်းကိုပင် ကိုယ်ပိုင်ဝယ်တာ သုံးယောက်တည်း ပြန်လာခဲ့ကြရာမှာ. . .

"ကိုထွန်းပိုင်"

ဆိုသောသူက ရေထဲကျပြီး အစအန ရှာမတွေ့တော့. . .

ဦးရဲသွေးကိုဖြင့် ဆွဲတင်လျှင် ရုန်းပါလျက် ဆွဲဆုပ်ထားသောလက်ကို လွှတ်ပေးလိုက်သဖြင့် သူ လှိုင်းလေကြားမှာ ဘဝပျောက်သွားလောက်ပြီ။

"ငါကွနော်"

တစ်ဦးတည်းပိုင်ဖို့ ဖြစ်လာ၍ ကျွန်းပေါ်မှာ လက်နှစ်ဘက်မြှောက်ပြီး သူ့ရှုံးလိုပင် အော်ခဲ့မိသေးသည်။

ထိုနေ့ညနေမှာပင် သစ်ဖောင်လုပ်သားများနှင့်တွေ့၍ မုန်တိုင်းမိ မှောင်ခိုသမားတစ်ယောက်အဖြစ်နှင့် ကယ်ထင်ခေါ်ဆောင်လာခဲ့ကြသည်၊

ဦးမြတ်သာသည် ထိုနေ့ရာကို ဖောင်သမားများအား မေးစမ်းပြီး အသေအချာမှတ်သားလာခဲ့သည်။

ဘားအံသို့ပြန်ပြီး ဒုက္ခသည်တစ်ယောက်အဖြစ်နှင့် ငိုမြ[...]ရက်အတန်ကြာလေမှ. . .

သူ၏ ရွှေချောင်းများကို ပြန်လည်တူးဖော်ယူခဲ့[...]သတည်း။





သူဌေးကြီး ဂုဏ်သရေရှိလူကြီးတစ်ဦး ဖြစ်နေချိန်ကျကာမှ သူ့ဘဝကို တစ်စစီ ဖွဲ့ခြွေဖို့ ရောက်လာခဲ့သူက. . .

"ဦးရဲသွေး"

"ကျွန်တော်လည်း ခင်ဗျားတို့လိုပဲ ဒုက္ခရောက်လာတာပဲ၊ ဒီပစ္စည်းတွေဟာ နောက်မှရှာလို့ရတာ"ဟူသော မပိမရိ လိမ်လည်မှုများကို ဦးရဲသွေးက လက်မခံ. . .

"ခင်ဗျား ကျုပ်ကို ပင်လယ်ထဲမှာ နစ်သေအောင် တမင်လွှတ်ပေးခဲ့တယ်လေ. . ."

"ဒီမှာ ကျုပ်ဘဝကတော့ မြင်တဲ့အတိုင်း ခြေတစ်ဘက်ပြတ် ဘဝနဲ့ နေမထူး သေမထူးဘဲ. . ."

"ဒီတော့ ကျုပ်ရထိုက်တဲ့ သုံးပုံတစ်ပုံဖြစ်တဲ့ ငွေခြောက်သိန်းကို ပေးမလား၊ ဒါမှမဟုတ် ခင်ဗျားရဲ့ ယုတ်မာမှုတွေ ဖွင့်ချပြလိုက်ရမလား. . ."

"ဒီမှာ ကိုမြတ်သာ၊ အခုအချိန်မှာ ခင်ဗျား ဘာတွေလုပ်နေတယ်ဆိုတာ ကျုပ်သိတယ်နော်. . ."

"ကဲ. . . ခင်ဗျား ထောင်ထဲဝင်မလား၊ ငွေခြောက်သိန်းပေးမလား"

ဦးမြတ်သာတို့ဟာ လူလည်ပဲလေ၊ ဦးရဲသွေးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ. . .။

သူ့ခြင်ကွင်းအတွင်းမှာ ရှိနေမှဖြစ်မှာမို့ ဘုရားစူး ကျမ်းစူးကျိန်ပြောကာ ငွေသားမရှိပါ၊ ရွှေဆိုတာ ဝေလာဝေး၊ ခြံမြေတော့ရှိပါတယ်၊ အဲဒါယူပါ၊ သူရှာလို့ရသမျှထဲက ဦးရဲသွေးကို



www.burmeseclassic.com

www.burmeseclassic.com



ပေးပါမယ်ဟူ၍ မြေခွေးတို့၏ ကောက်ကျစ်နည်းများလို ဦးရဲသွေးကို အချိုသပ်လိုက်သည်။

ငွေမရဘဲ ရန်ကုန်သို့ပြန်ရန် မဖြစ်တော့သော ဦးရဲသွေးမှာလည်း သူနေရာချပေးသော ခြံထဲတွင်ပင် နေထိုင်ရင်း အချိန်တို့သည် အပြေးသန်သူကဲ့သို့ အကုန်မြန်လွန်းခဲ့သည်၊

ယခု နောက်ဆုံးစာအရ သူပြောခဲ့သည့်အတိုင်း ဦးရဲသွေးက ခြံကို သူ့အမည် လွှဲပေးခိုင်းနေပြီ. . .။

"မလွှယ်ဘူး"

"ဒီကောင်ရှိနေသမျှ ငါ့ဘဝတော့ မလွှယ်ဘူး"

"ခင်ဗျား ရေထဲမှာ မသေပေမယ့် မြေထဲမှာ အမြုပ်ခံရတဲ့ ဘဝကို မကြာခင် ရောက်ရစေ့မယ် ကိုရဲသွေး"

"မကြာခင်အတွင်းမှာ ခင်ဗျား လူပြည်က ထွက်ခွာသွားစေဖို့ ကျွန်တော်လုပ်ပြမယ်"

◇ ◇ ◇





အခန်း ။ ၁၄ ။

ဒေါက်တာနေမင်းထက်သည် ဒေါ်လှမြိုင်ကို ကြည့်ရှုကုသပြီးသည့်တိုင် မပြန်သေးဘဲ ဧည့်ခန်းမှာ ထိုင်နေသည်။

ရှွန်းကို ဦးမြတ်သာက မော်လမြိုင်သို့ လိုက်ပို့နေ၍ အိမ်တွင် တိတ်ဆိတ်လူရှင်းနေသည်။

ဦးမြတ်သာမရှိလျှင် အိမ်လည်း မစည်ကား. . .

သူစီးပွားရေး ဧည့်သည်များက သူရှိမှ လာလေ့ရှိသည်။

ဒေါ်လှမြိုင်မှာ ကျန်းမာရေး မချို့တဲ့ခင်ကပင် ခင်ပွန်းသည်၏ အလုပ်ထဲမှာ ဘယ်သောအခါမှ ဝင်ပြီး ပါဝင်လေ့မရှိပါ။

"တဲ့. . . ဒေါ်ဒေါ့်တိစ္စတွေ ပြီးပါပြီ၊ ဆရာ ဧည့်ခန်းမှာ ဖတ်နေတယ်၊ စကားသွားပြောလိုက်ပါဦး ဆရာမလေးရယ်"

နန်းဝေဝေ ဒေါ်လှမြိုင်၏ အခန်းတွင်းမှ ထွက်ခဲ့ရပါပြီ. . .

"နန်းဝေဝေကို စကားပြောချင်လို့ ကျွန်တော် တမင်စောင့်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် ဒေါက်တာနေမင်းထက်သည် သူ့ကိုယ်သူ "ကိုယ်"ဟုပြောပြီး တစ်ခါတစ်ရံကျပြန်တော့လည်း ယခုကဲ့သို့ "ကျွန်တော်"ဟု ပြောလေ့ရှိပြန်သည်။

"ဘားအံမှာနေရတာ အဆင်ပြေရဲ့လားဟင်၊ ဘယ်တော့လောက် ပြန်မယ်လို့ စိတ်ကူးထားလဲ နန်းဝေဝေ"

"မပြန်သေးပါဘူး ဒေါက်တာ"

"ဟာ. . . ဒီလိုမခေါ်နဲ့ဗျာ"

သူမကြိုက်လွန်းသည့် အခေါ်အဝေါ်ကို နန်းဝေဝေ မြင်ပါတော့မည်လေ. . .

"ကိုနေမင်းထက်လို့ပဲ ခေါ်ပါ့မယ်"

"အိုကေဗျာ၊ ပျော်သွားပြီ"

ပြုံးတူပြုံးမိကြ၏။

"နန်းဝေ ဒီဘားအံက မပြန်ချင်သေးပါဘူး ဘာဖြစ်လို့မပြန်ချင်ရတာလဲဆိုတဲ့ အကြောင်းကိုလည်း ခုပဲ ကိုနေမင်းထက်ကို နန်းဝေ ပြောပြပါ့မယ်"

"ပြောစမ်းပါ နန်းဝေရယ်၊ ခုလို အေးအေးဆေးဆေးကို တစ်ခါမှ မတွေ့ရသေးဘူး"

"နန်းဝေအကြောင်း မပြောခင် ဒေါ်ဒေါ်ရဲ့ အခြေအနေကို အလျင်မေးပါရစေ"

"အင်း. . . သိပ်တော့ မကောင်းလှဘူး နန်းဝေ"

"ဟုတ်တယ်၊ ခုရက်ပိုင်းအတွင်းမှာ အစားလည်း နည်းတယ်၊ လူလည်း အတော်ပိန်ကျပြီး အသားတွေလည်း ခြောက်လာတယ်"





"သားအိမ်ထုတ်လိုက်ပေမယ့် အထဲမှာ ကင်ဆာပျံ့နှံ့မှုဟာ ဘယ်အတိုင်းအတာအထိ ရှိနေပြီလဲ မသိနိုင်ဘူးလေ"

အသံတိုးနှိမ့်၍ ပြောရခြင်းနှင့်အတူ လူချင်းလည်း ပို၍နီးကပ်အောင် ထိုင်ဖြစ်ကြသည်။

"ဒေါ်ဒေါ့်ကို အသက်ရှည်စေချင်သေးတယ် ကိုနေမင်းထက်ရယ်"

"သူ့ကံအတိုင်းပေါ့လေ"

"ဒေါ်ဒေါ့်အပေါ်မှာ တကယ့်စေတနာနဲ့ မသေစေချင်သေးတာပါ။ ပြီးတော့ နန်းဝေလည်း ဒီမြို့က မပြန်ချင်သေးပါဘူး"

"အဲဒီအကြောင်း ပြောမယ်ဆို"

"ပြောပါ့မယ် ကိုနေမင်းထက်၊ ပြောရုံမဟုတ်ပါဘူး၊ အကူအညီလည်း တောင်းပါရစေရှင်"

စကားပလ္လင်ခံပြီး နန်းဝေဝေမှာ စောထူးသာကို ပြောပြသည်တဲ့သို့ပင် ဘဝဇာတ်အဖြစ်မှန် အလုံးစုံကို ပြောပြလိုက်သည်။

ထိုအချိန်မှာ ဝဲနေသော မျက်ရည် မကျဖြစ်အောင် ဇနည်းပင် အားခဲ၍ ထိန်းထားလိုက်ရပါသည်။

"ဖြစ်လာမှတော့ စိတ်မကောင်းမဖြစ်ပါနဲ့ နန်းဝေရယ်၊ ကိုယ်ဟာ မိတ်ဆွေတစ်ယောက်အဆင့်သာမကဘဲ နန်းဝေဝေရဲ့ အစ်ကို မောင်တစ်ယောက်အဖြစ်နဲ့ပါ အားကိုးပါ၊ ဒီကိစ္စကို ကိုယ် အစွမ်းကုန် ကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ တကယ်လည်း အားကိုးပါတယ်၊ ဘားအံကို ရောက်ချင်လွန်းလို့သာ လိုက်လာတာ၊ ဘယ်မှာမေး



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘယ်မှာစုံစမ်းရမှန်းလည်း မသိဘူး"

"ဖြစ်ရမှာပေါ့ နန်းဝေ၊ ကိုယ့်မှာလည်း လူနာမိတ်ဆွေတွေ အများကြီးပါ၊ ဒါနဲ့ နန်းဝေအမေဆီက အဆက်အသွယ်ရသေးလဲဟင်"

"ဟင့်အင်း. . . ဘာမှမရဘူး"

နန်းဝေဝေသို့ ချစ်ပြီးသား ဒေါက်တာနေမင်းထက်သည် နန်းဝေဝေ၏ ကြေကွဲစရာအဖြစ်လေးကြောင့် သနားကရုဏာ ဆင့်ကဲရပါလေပြီ။

"နန်းဝေ ဒီအိမ်ရောက်ပြီးမှ မေမေ့ဆီ စာထည့်လိုက်တယ်၊ တယ်လီဖုန်းနံပါတ်လည်း ပေးလိုက်တယ်၊ ဒါပေမယ့် မေမေ့ဆီက ဘာမှ အကြောင်းမပြန်ဘူး"

"တယ်လီဖုန်းတလည်း လက်နဲ့လှည့်ဆက်လို့ရတာပဲ၊ ငွေပေးဆက်ရုံနဲ့ ဖြစ်ရဲ့သားနဲ့ မဆက်သွယ်တာ အကြောင်းရှိလို့ပါပဲ၊ နန်းဝေ စိတ်မကောင်းတော့ မဖြစ်နဲ့လေ၊ ကိုယ် ပြောစရာရှိတယ်"

"ရှင်. . . ဘာလဲဟင်"

ဒေါက်တာနေမင်းထက်က ရုတ်တရက် ပြောမထွက်သေး။

"ပြောပါ၊ ဘာအကြောင်းလဲရှင်"

"နန်းဝေ မေမေရဲ့ သတင်းပါပဲ"

"အို. . . မေ. . . မေမေ ဘာဖြစ်လို့လဲဟင်"

"နန်းဝေ ဘာမှ မသိသေးတာ သေချာပြီ၊ ကိုယ်ပြပါ့မယ်"

ဒေါက်တာနေမင်းထက်က သူ့အတက်ချီကေ့စ်ကို





ဖွင့်လိုက်ပြီး အတွင်းမှ သတင်းစာနှစ်စောင် ထုတ်လိုက်သည်။ လုပ်သားသတင်းစာ။

သည်အိမ်မှာက ဗိုလ်တထောင်သတင်းစာပဲ ရှိသည်။

"သတင်းစာတွေက အရောက်နောက်ကျတယ်လေ၊ ဒါ လွန်ခဲ့တဲ့ ငါးရက်က သတင်းစာ၊ ဒီနေရာ နန်းဝေ ဖတ်ကြည့်ပါ"

သူညွှန်ပြရာသို့ နန်းဝေဝေ အာရုံစိုက်ကြည့်လိုက်တဲ့အခါမှာ. . .

"လက်ထပ်ပြီးစီးခြင်း"

ဆိုသော စာသားအောက်က ကျွန်တော် ကျွန်မတို့ ဆိုသည့် သူများမှာ. . .

တင်မောင် နှင့် ဖြူဖြူထွန်း. . . တဲ့လေ

"အို"

သတင်းကို ကြောက်လန့်စရာကြီးတစ်ခုလို လွှင့်ပစ်လိုက်ပြီး နန်းဝေဝေ မျက်နှာကို ငုံ့ချပစ်လိုက်သည်။

ခေါင်းမဖော်ရဲအောင် ရှက်စရာကောင်းလွန်းသည့် ဖြစ်ရပ်ပါလား။

လက်ရှိနေရာမှ မြေကြီးထဲသို့ ဖွင့်ခွဲဝင်ပုန်းနေချင်မိသည်။

"မငိုပါနဲ့ နန်းဝေရယ်"

နန်းဝေဝေ ခေါင်းမော့မလာတော့ပါ။

"ဒီကိစ္စက သိပြီးသားပဲလေ နန်းဝေရယ်၊ တွဲနေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



စာရင် အတိအလင်း ယူသွားတာကမှ ပိုပြီး သိက္ခာရှိပါသေး
တယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး"

နန်းဝေဝေက ငိုနေရာက ခေါင်းယမ်းလိုက်ပြီး. . .

"နန်းဝေဝေ စိတ်ထဲမှာ ဖေဖေဟာ မသေဘူး၊ တစ်နေရာရာမှာ ရှိနေတယ်လို့ အလိုလို သိနေမိတယ်၊ အဲဒီလို ဖေဖေ ရှိနေခဲ့ရင်. . . အို. . ."

ဟုတ်ပေသားဟု ဒေါက်တာနေမင်းထက်လည်း တွေးမိ၏။ ဤအကြောင်းနှင့် ပတ်သက်၍ ဘယ်လိုစကားများဖြင့် နှစ်သိမ့်ရမှန်းလည်း နေမင်းထက် မတွေးတတ်တော့ပါ။

သူ့ရင်မှ ဖွင့်ပြောချင်လှသော ချစ်ခွင့် ချစ်စကားကို ပြောခွင့်မရရင်လည်း နေပါစေ။

နန်းဝေဝေကိုသာ အငိုတိတ်စေချင်လှပါသည်။

"ဖေဖေ့ကိုလည်း ရှာလို့မရ၊ မေမေကလည်း ခုလိုဆိုတော့ နန်းဝေ သေဖို့ပဲ ရှိတော့တယ်၊ ဟုတ်တယ်၊ နေဖို့လည်း မကောင်းတော့ပါဘူး၊ နန်းဝေ သေချင်တယ်၊ နန်းဝေ သေပါရစေ"

"အို. . . နန်းဝေဝေရယ်"

နန်းဝေဝေ၏ ငိုရှိုက်သံကြောင့် ဒေါ်လှမြိုင်က မိန်းကလေးတစ်ယောက်ကို တွဲပြီး အခန်းတွင်းမှ ထွက်လာတော့မည်ကို မြင်လိုက်ရ၍. . .

ဒေါက်တာနေမင်းထက် အမြန်ပြေးသွားပြီး နန်းဝေဝေ ရှေ့သို့ မလာစေတော့ပါ။





အခန်းထဲ ပြန်ဝင်စေပြီး နန်းဝေဝေဖခင်၏ အကြောင်းကို ချန်လှပ်ကာ နန်းဝေဝေမေမေ၏ အကြောင်းကို ဒေါ်လှမြိုင်အား ပြောပြလိုက်ရသည်။

"ဖြစ်ရလေဆရာရယ်၊ အင်မတန်ချော၊ အင်မတန် သဘောကောင်းတဲ့ မိန်းကလေးကျမှ ဒီလိုဖြစ်ရတယ်လို့၊ သနားပါတယ်"

"ဟုတ်တယ် အန်တီရယ်"

"အင်း. . . မိဘတွေ မကောင်းရင်၊ မိဘတွေ အဆင်မပြေရင် သားသမီးတွေဟာ တယ်လည်း သနားစရာကောင်းပါလား"

"ကျွန်တော် နန်းဝေဆီ ပြန်သွားလိုက်ဦးမယ်နော် အန်တီ"

"သွားပါဆရာ၊ သွားပါ၊ နှစ်သိမ့်စကားလေး ပြောလိုက်ပါဦး"

"ဟုတ်ကဲ့ အန်တီ"

"ဆရာမလေး ဘာလုပ်ချင်သလဲ၊ ဒေါ်ဒေါ် အားလုံး ကူညီမယ်လို့ ပြောပေးပါနော်"

"ကောင်းပါပြီ၊ နန်းဝေဝေကလည်း ဒေါ်ဒေါ့်ကို သိပ်ပြီး ချစ်ခင်အားကိုးရှာပါတယ်ခင်ဗျာ"

ဒေါက်တာနေမင်းထက် ပြန်ထွက်လာသည့်တိုင် နန်းဝေဝေမှာ ခေါင်းငုံ့၍ ငိုနေဆဲပါ။

"နန်းဝေဝေ"

ခေါင်းလေးဆတ်၍သာ ထူးသည်။ အသံက ထွက်မလာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာ ခဏ နားထောင်ပါလား နန်းဝေ နော်"

"ဟုတ်. . . ဟုတ်ကဲ့"

"နန်းဝေကို တကယ်မချစ်လို့သာ သမီးပျိုလေးကို မင်္ဂလာမဆောင်ဘဲ အိမ်ထောင်ပြုသွားရက်တဲ့ နန်းဝေရဲ့ မေမေအတွက် မခံစားပါနဲ့တော့ နန်းဝေ"

နန်းဝေ ဘာမှပြန်မပြောသော်လည်း ဒေါက်တာနေမင်းထက်၏ စကားကို သူ မထောက်ခံပါ။

"နန်းဝေဝေ တကယ်ခံစားသင့်တာ၊ တကယ်ဆောင်ရွက်သင့်တာက နန်းဝေဝေကို ငုံထားမတတ် ချစ်ရှာတယ်ဆိုတဲ့ နန်းဝေဝေရဲ့ ဖေဖေ့အတွက်သာ ခံစားသင့်ပါတယ်"

"ဖေဖေ့ကို ဘယ်လိုလုပ်ပြီး ရှာရမှာလဲ ကိုနေမင်းထက်ရယ်"

"ကျွန်တော် အစွမ်းကုန် ကူညီပါ့မယ်၊ ဒီမှာ နန်းဝေ"

"ရှင်"

"ကျွန်တော်တစ်ခု စဉ်းစားမိတယ်"

"ဟုတ်ကဲ့. . . ပြောပါ"

"နန်းဝေဖေဖေက ၁၉၈၁ ခုနှစ်လောက်က ဒီဘားအံကို လာတာနော်"

"ဟုတ်ပါတယ်"

"အဲဒီအချိန်မှာ ဒီအိမ်က ဦးမြတ်သာတို့ဟာ ဒီနေရာမှာ အခြေကျနေလောက်ပြီ၊ ပြီးတော့ သူက ကုန်သည်တစ်ပိုင်း မှောင်ခိုတစ်ပိုင်းမို့ သူသိနိုင်မယ်"

"အယ်. . . ဟုတ်ပါရဲ့၊ တြည့်စမ်း၊ နန်းဝေ ဒီလို အကြောင့် မတွေးမိပါလိမ့်"





"ခုလည်း အချိန်မနှောင်းသေးပါဘူး နန်းဝေ၊ သုံးလေးရက် နေပြီးရင် သူပြန်လာမှာပါ"

"ဒီအိမ်က ဦးမြတ်သာက အမြဲအလုပ်ရှုပ်ပြီး စိတ်တိုတတ်တော့ နန်းဝေ ကောင်းကောင်း စကားမပြောရဲဘူး"

"နန်းဝေ အသာနေလေ၊ ကိုယ်မေးပေးမှာပေါ့၊ နန်းဝေ ဖေဖေ့နာမည်က ဦးရဲသွေးနော်"

"ဟုတ်ပါတယ်"

"ဦးမြတ်သာ ပြန်လာတာနဲ့ တစ်ပြိုင်နက် ဦးရဲသွေးရဲ့ ပုံသဏ္ဌာန်ကို ပြောပြပြီး သိသလား၊ ဆုံဖူးသလားလို့ မေးမယ်၊ သူမသိဘူးဆိုရင်တောင် သူကတစ်ဆင့် စုံစမ်းလိုက်ရင် ပိုပြီး လွယ်ကူမှာပါ"

"ဟုတ်တယ်၊ ဖေဖေနဲ့ ဦးမြတ်သာနဲ့က သက်တူရွယ်တူတွေပဲ၊ ဖေဖေသာ ဒီဘားအံကို ရောက်လာရိုးမှန်ခဲ့ရင် ဦးမြတ်သာနဲ့ မဆုံဖြစ်တောင် သတင်းတော့ ကြားချင်ကြားဖူးမှာပါ"

"ဟုတ်တယ် နန်းဝေ၊ ဦးမြတ်သာကို ခုလိုပဲ အကြောင်းစုံ ပြောပြပြီး အကူအညီတောင်းကြမယ်လေ"

"အကောင်းဆုံးပါပဲရှင်"

သူတို့ အားကိုးသောအကြည့်ဖြင့် ကြည့်လာရှာသော နန်းဝေဝေ၏ သနားစရာမျက်နှာလေးကို ကရုဏာရင်ဖြင့် ကြာမြင့်စွာ စိုက်ကြည့်နေမိသည်။

နန်းဝေဝေကဖြင့် သူ့အပူနှင့်သူမို့ ဒေါက်တာနေမင်းထက်၏ အကြင်နာလွှမ်းသော ချစ်မျက်ဝန်းကို မဖတ်တတ်ရှာ။



www.burmeseclassic.com

www.burmeseclassic.com



"နန်းဝေကို သိပ်ချစ်တယ်"

"နန်းဝေကို လက်ထပ်ချင်တယ်"

"သက်ဆုံးတိုင် အတူနေသွားမယ့် ဘဝအဖော်အဖြစ်နဲ့ သတ်မှတ်ချင်တယ်"

ဆန္ဒများ၊ စကားများကို ပြောကြားမည်ဟု အားခဲထားပါသော်လည်း. . .

ဒေါက်တာနေမင်းထက် ပြောခွင့်မသာတော့. . .

သူရင်မှ အနန္တမေတ္တာကို နန်းဝေဝေ၏ ရှေ့တော်မှောက်မှာ ခင်းကျင်းပြသခွင့် မရရှိ၍ သူရင်နှင့်အမျှ ပြန်လည် သိမ်းဆွေ့ထားရပါတော့မည်။

"နေပါစေတော့လေ၊ ဦးမြတ်သာပြန်လာမှပဲ ဦးရဲသွေးဆိုတာ သိပါသလား"

"အဲဒါ ဆရာမလေး နန်းဝေဝေရဲ့ ဖေဖေပါ၊ သူဇာတ်ကြောင်းက ဒီလို. . . ဆိုတာတွေ ငါကိုယ်တိုင် ဦးမြတ်သာကို ပြောပြပြီး အကူအညီတောင်းမယ်"

"ဩော်. . . အပြစ်မဲ့ လူငယ်နှစ်ဦးတို့သည် အန္တရာယ်စက်ဝိုင်းတွင်းသို့ ရောက်ရှိသွားကြလေပြီ"

သူတို့ ပါးစပ်ဟမိသည်နှင့် ပါးစပ်များ ပြန်ပိတ်သွားစေသောနည်းကို သုံးတော့မည့် လူယုတ်မာ ဦးမြတ်သာဆိုသည်ကို မသိရှာကြပါလား။

◇ ◇ ◈





အခန်း ॥ ၁၅ ॥

ဦးအောင်ဝေးဆိုသော အမည်သစ်ရှင် ဦးရဲသွေးမှာ. . .

ချစ်မြတ်နိုးလှစွာသော သမီးလေးနန်းဝေဝေကို ရုတ်တရက်ကြီး မြင်တွေ့လိုက်ရချိန်မှာ ရှော့(ခ်)ဖြစ်သွားသလို ခံစားလိုက်ရသည်။

အချိန်မီသာ သတိမထားလိုက်နိုင်လျှင် မေ့မြောလဲကျသွားနိုင်လောက်သည်။

ဘယ်လိုမှ မမျှော်လင့်သော အချိန်၊ မမျှော်လင့်သောနေရာမှာ ရုတ်တရက်ကြီး တွေ့လိုက်ရသဖြင့် ရင်ပွင့်သွားမတတ်ခံစားလိုက်ရရှာသည်။

စောထူးသာကား ဝင်လာသည်ကို မြင်လိုက်ရသဖြင့် အသင့်ရေးထားသော စာကိုယူပြီး ချိုင်းထောက်ကြီးနှင့် ဝင်လာချိန်မှာ နန်းဝေဝေတို့ကို မမြင်မိသေး. . .

နော်ဆေးဖောကို စာလှမ်းပေးခဲ့ပြီး ပြန်အထွက်မှာ. . .

"စောထူးသာနဲ့ ပါလာတဲ့ မိန်းကလေးက လှလိုက်တာ၊ ဘယ်သူများပါလိမ့်၊ ငါ့သမီးလေးလည်း ဒီအရွယ်လောက်ပဲ ၈၁-ခုနှစ်က ငါထွက်လာတာဆိုတော့ အခု ခုနစ်နှစ်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော တမ်းတတွေးဖြင့် လှမ်းကြည့်ရာ တကယ့်ကို သူ့သမီးလေး ဖြစ်နေသဖြင့် မေ့သွားမတတ် တောင့်တောင့်ကြီး ရပ်နေမိပြီးမှ. . .

"မဖြစ်ဘူး. . . မဖြစ်ဘူး"

"ဒီလိုဘဝနဲ့ ငါ့သမီးလေးကို မတွေ့စေရဘူး"

"မမြင်စေရဘူး"

ဆိုသော အတွေးဖြင့် အလျင်နှုန်းမြန်စွာ ထွက်ပြေးချင်လှပါသော်လည်း. . .

ခြေတစ်ဘက်သာရှိသော ဒုက္ခိတကြီးမို့ ခရီးက မတွင်လှ။

တော်ပါသေးသည်။ သူတို့က ဦးရဲသွေး နောက်ခိုင်း အနေအထားရောက်မှ မြင်သွားခဲ့ကြပေသည်။

"နန်းဝေဝေ. . . သမီး"

"သမီးလေးရယ်"

"သမီးလေး ဘာကြောင့် ဒီရောက်နေတာလဲ"

"ဘာလုပ်နေသလဲ၊ ဘာဖြစ်နေသလဲ"

"ဖေဖေ သိချင်လိုက်တာ၊ တွေ့ချင်လိုက်တာ"

"ဖေဖေ့သမီးလေးကို ဖက်ထားချင်လိုက်တာကွယ်"

အတွေးနှင့်အတူ မျက်ရည်စက်များက ယိမ့်ဆင်းလာပါတော့သည်။

ဦးရဲသွေး ခြံထဲသို့ ပြန်မဝင်နိုင်တော့ပါ။

သစ်ပင်ကွယ်မှနေပြီး သမီးလေးအပြန်လမ်းကို စောင့်နေမိသည်။

ခြေတစ်ဘက်သာ ရှိရှာသော ဦးရဲသွေးမှာ ကြာမြင့်စွာ





ရပ်စောင့်နေရရှာပေသည်။

တားထွက်လာသော ကြားချိန်တွင် သမီးလေးကိုလည်း ကြည့်ချင်. . .

သူတို့ မြင်သွားမှာလည်း စိုးရိမ်လွန်းသဖြင့် သစ်ပင်ကြီးဘေးမှာ တစ်ယောက်တည်း အရူးတစ်ပိုင်းဖြစ်နေရှာသော ဦးရဲသွေး. . .

ချစ်လှစွာသော သမီးလေး နန်းဝေဝေကို ရိပ်ခနဲ တွေ့လိုက်ရပြီးနောက် သူ့မျက်စိအောက်မှ ပျောက်ကွယ်သွားချိန်မှာ. . .

ဦးရဲသွေး၏ရင်ထဲမှ အသည်းအူများကို ဆွဲနုတ်ယူခြင်းခံရသကဲ့သို့ ဆတ်ဆတ်ခါ နာကျင်၍ ကျန်ခဲ့ရ၏။

သည့်နောက်ပိုင်းမှာ သမီးလေး၏သတင်းကို မေးရန် နော်ဆေးဖောအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့လေတော့သည်။

◇ ◇ ◇

"သူဌေးဦးမြတ်သာရဲ့ဇနီး ဒေါ်လှမြိုင်ကို ပြုစုဖို့ ရန်ကုန်က ငှားလာတဲ့ သူနာပြုဆရာမလေး"

ဆိုသော စကားကို ကြားရချိန်မှာ ဦးရဲသွေး ဘယ်လိုနည်းနှင့်မှ ဟန်ဆောင်ထိန်းချုပ်မထားနိုင်ရှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကြီးတန်မဲ့ ချုံးပွဲချကာ ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

နော်ဆေးဖောသည် ဦးအောင်ဝေးဟု သူသိနေသော အဘိုးကြီးကို စူးစိုက်စွာ ကြည့်ရင်း နုတ်နဲ့စွာ စဉ်းစားနေမိသည်။

ဦးရဲသွေးနှင့် နော်ဆေးဖောမှာ အသက်အားဖြင့် ဆယ်နှစ်မျှလောက်သာ ကွာခြားပါသော်လည်း သားအဖေ အရွယ်လောက် ကွာဟနေပေသည်။

ဘဝ၏ ဒုက္ခဒဏ်၊ သောကပရိဒေဝဒဏ်များကို ခံစားနေရရှာသော ဒုက္ခိတကြီး ဦးရဲသွေးနှင့်. . .

ပင်ကိုက ချောပြီး အေးငြိမ်းချမ်းသာစွာ နေရသော နော်ဆေးဖောမှာ ရှိရင်းစွဲ အသက်လေးဆယ်ကျော်ထက်ပင် ပို၍ နုနေလေသည်။

ဦးရဲသွေး အငိုမစဲမီမှာပင် နော်ဆေးဖောသည်. . .

"ကျွန်မမေးတာကို စိတ်မဆိုးနဲ့နော် ဦးအောင်ဝေ"

ဦးရဲသွေးက နှုတ်က မဖြေနိုင်ရှာ၊ ခေါင်းညိတ်၍သာ ပြ၏။

"နန်းဝေဝေဟာ ဦးအောင်ဝေးရဲ့ သမီးလေးများလား"

"ဟာ. . . အို"

ဦးရဲသွေး တုန်လှုပ်လွန်းစွာ နော်ဆေးဖောကို မော့ကြည့်လာသည်။

"လူတစ်ယောက်ဟာ ဒီလောက် ခံစားနေရတယ်ဆိုရင် သူတို့ရဲ့ အချစ်ရဆုံးသူတွေအတွက်ပဲဖြစ်မှာပဲ"





"ပြီးတော့ မိဘမေတ္တာထက် ကြီးမားတဲ့ မေတ္တာတရား လူသားတွေဆီမှာ မရှိဘူးလေ၊ ဒါကြောင့် ဦးအောင်ဝေး ခုလောက်တောင် ခံစားနေရတာဟာ သိပ်ချစ်ရတဲ့ သားသမီး အတွက်သာ ဖြစ်ရမယ်လို့ ကျွန်မ ယူဆလို့ပါ၊ ကျွန်မ မားရင်လည်း ခွင့်လွှတ်ပါ ဦးအောင်ဝေး"

"နော်ဆေးဖောသည် ကျောင်းဆရာမ ဖြစ်ခဲ့သည့်အတွက် စကားပြောလည်း ပြေပြစ်သည်။ ပညာရှိ ဖြစ်သည့်အတွက်လည်း အတွေးအခေါ် ကောင်းလေသည်။

ဦးရဲသွေးသည် တစ်ချိန်က အားပြည့်စွာ တက်ကြွစွာ လှုပ်ရှားခဲ့ဖူးသော်လည်း ယခုအချိန်မှာတော့ အရာအားလုံးကို အရှုံးပေးထားရသော ဘဝမို့ ဝမ်းနည်းအားငယ်စိတ်တို့သည်သာ သူ့ကို စိုးမိုးနေဟော့သည်။

"ကျွန်မမေးတာ ဟုတ်သလားဟင်"

"ဟုတ်. . . ဟုတ်ပါတယ်၊ ဒါ. . . ဒါပေမယ့်. . . "

"ခံစားမှု ပြင်းလွန်း၍ စကားသံတို့က တစ်ဆို့နေရှာ၏။ နော်ဆေးဖောက ဘာမှဝင်မမေးတော့ပါဘဲ သူ့စကားကိုသာ စိတ်ရှည်စွာ စောင့်နေရပေသည်။

"ဒါပေမယ့် မဆေးကို ဦးလေး တစ်ခုတောင်းပန်ပါရစေ"

"ပြောပါ၊ ဦးလေးနဲ့ ကျွန်မတို့ဟာ ဦးမြတ်သာရဲ့အရိပ်ကို အတူခိုနေကြရတဲ့သူတွေပဲလေ ဆွေမျိုးလို သဘောထားပြီး ပြောစရာရှိတာ ပြောပါ"

နော်ဆေးဖော၏ စကားမှာ ရိုးသားသော်လည်း ဦးရဲသွေး၏ ရင်ထဲတွင် ရင့်သီးတစ်ဆို့သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နန်းဝေဝေနဲ့ ဘာလို့ အဆက်ပြတ်နေကြတာလဲ၊ ကျွန်မကို တောင်းပန်မယ်ဆိုတာကရော ဘာလဲဟင်"

"စီးပွားလာရှာရာမှာ မအောင်မြင်ခဲ့မတာဘဲ ခုလို ဒုက္ခသည်ဘဝ ရောက်သွားရလို့ သားမယားတွေကို ဒုက္ခမပေးချင်တာနဲ့ မပြန်တာပါ"

"ဒီမှာလည်း ဦးမြတ်သာက ဦးအောင်ဝေးကို အတော်လေး ကြည့်ရှုထားတာပါပဲ"

ဘာမှ မသိရှာသော နော်ဆေးဖောက ဦးမြတ်သာ၏ ကောင်းသတင်းများကိုသာ ပြောပြနေတော့သည်။

"တောင်းပန်မယ်ဆိုတာ ဘာလဲဟင်"

"ဩော်. . . ကတိတစ်ခုပေးဖို့ တောင်းပန်မလို့ပါ"

"ပြောပါ ကျွန်မလုပ်ပေးနိုင်တာအားလုံး လုပ်ပေးမယ်"

"နန်းဝေဝေဟာ ဦးလေးရဲ့သမီးပါလို့ မဆေးကလွဲပြီး ဘယ်သူ့မှ မပြောပါနဲ့"

"ဟင်. . . ဒါဖြင့် နန်းဝေဝေတို့ ဦးလေးက အတွေ့မခံတော့ဘူးလား"

"ဟုတ်တယ်၊ မတွေ့ချင်တော့ဘူး မဆေးရယ်"

"မဟုတ်သေးပါဘူး ဦးလေးရဲ့ ကိုယ် ဘယ်ဘဝရောက်ရောက် သားသမီးဟာ သားသမီးပဲပေါ့"

ဦးရဲသွေး ခေါင်းသွက်သွက်ခါ၏။

"မဆေး၊ ဦးလေးကို ကတိပေးပါနော်၊ သမီးလေးကို မပြောပြလိုက်ပါနဲ့နော်"

"ကောင်းပါပြီ ဒါက ဦးလေးတို့သားအဖရဲ့ ကိစ္စမို့





ဦးလေးဆန္ဒအတိုင်း ဖြစ်စေရမှာပေါ့"

"စောထူးသာကိုလည်း မပြောပါနဲ့ကွယ်"

နော်ဆေးဖော ခေါင်းညိတ်၏။

"ဦးလေးဆုံးဖြတ်ပြီးပြီ၊ သမီးလေးအတွက် တစ်ခုခု ဆောင်ရွက်ပေးလိုက်မယ်၊ ပြီးရင် လုံးဝ အတွေ့မခံတော့ဘူး"

"စဉ်းစားပါဦး ဦးလေးရယ်"

"စဉ်းစားပြီးပြီ၊ ကျွန်တော့်ကိုတွေ့ရင် ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်ရှာမလဲ၊ ဒုက္ခလည်း မပေးချင်တော့ပါဘူး၊ ဒါကြောင့်. . ."

ဦးရဲသွေး စကားမဆက်ဘဲ အံကြိတ်လိုက်သည်။

ဦးမြတ်သာတွင် ရှိနေမည်ဟု ထင်ရသော ရွှေချောင်းများကို ရအောင်တောင်းမည်။ ဝေစုကို ရအောင်ယူမည်၊ အသက်နှင့်ပင် ရင်းရစေကာမူ ရအောင်ယူမည်ဟု ဆုံးဖြတ်လိုက်ပါပြီ။

သမီးသို့ တစ်နည်းနည်းဖြင့် ရွှေများပေးအပ်ပြီး သူကိုယ်တိုင်က သမီးလေးနှင့် မဆုံရာအရပ်မှာ သွား၍ ပုန်းနေပေးပါမည်ဟု သန္နိဋ္ဌာန်ချလိုက်ပြီးပါပြီ. . .

"သမီးလေး၊ ဘယ်တော့ပြန်မတဲ့လဲဟင်"

"မသိသေးဘူး၊ ဒေါ်လှမြိုင်ရဲ့ အခြေအနေကလည်း မကောင်းဘူးလို့ ပြောတယ်"

"သမီး ပီမြို့မှာ ကြာဦးမယ်ဆိုရင် ဦးလေး တခြားကို ထွက်သွားတော့မယ်"

"ရှုတ်တရက်ကြီး မဆုံးဖြတ်လိုက်နဲ့ဦးလေး၊ ဦးမြတ်သာနဲ့လည်း တိုင်ပင်ပါဦးလား"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမသိရှာသော နော်ဆေးဖော ကျေနပ်အောင်သာ ခေါင်းညိတ်ပြလိုက်ရသည်။

ချိုင်းထောက်ကို ဆွဲပြီး ပြန်လည်မတ်တတ်ရပ်ပြီးမှ. . .

"သမီးလေး နန်းဝေဝေကို လုံးဝ ပြောမပြပါနဲ့နော် မဆေး"

"စိတ်ချပါ၊ ကျွန်မ ကတိတည်ပါတယ်"

ဦးရဲသွေးသည် ခြေတစ်ဘက်ဖြတ်ထားရသည်မှာ ကာလကြာနေပြီဖြစ်၍ ချိုင်းထောက်ကို ကျင်လည်စွာ အားပြုပြီး လှေကားထစ်များမှတစ်ဆင့် မြေပြင်ပေါ်သို့ ဆင်းသက်ပြီး သူ့ခြံရှိရာသို့ ပြန်လျှောက်လာခိုက်မှာပင်. . .

"ကိုမြတ်သာရေ၊ ခင်ဗျားကို ကျုပ် မညှာနိုင်တော့ဘူး။ ကျုပ်သမီးလေးအတွက် ကျုပ်အသက်နဲ့ပဲ ရင်းရ ရင်းရ. . ."

"ခင်ဗျားဆီက ရွှေတွေကို ကျုပ်ရအောင် ပြန်ယူမယ်"

"ခင်ဗျား မပေးဘူးဆိုရင် ကျုပ်ဘဝက နေမထူး သေမထူး"

"ခင်ဗျားကိုသတ်ပြီးမှ ရမယ်ဆိုလည်း သတ်ပစ်ဖို့ လက်မနှေးတော့ဘူး ကိုမြတ်သာ"

◇ ◇ ◇





BURMESE CLASSIC .com

အခန်း ။ ၁၆ ။

စောထူးသာသည် ဦးမြတ်သာ အိမ်ပြန်ရောက်လာချိန်မှစပြီး အလုပ်များနေ၏။

ယခုတလော ဦးမြတ်သာ ယောက်ယက်ခတ်အောင် အလုပ်များနေပေသည်။

နှမြောတွန့်တိုသည်၊ လောဘကြီးသည်ဟု နာမည်ပျက်များ ရှိခဲ့သော်လည်း စောထူးသာ၏အပေါ်မှာဖြင့် ဘယ်သောအခါမှ ယုတ်ညစ်ခြင်း မရှိခဲ့ပါ။

စောထူးသာ၏ အလိုက်သိမှု၊ တာဝန်ကျေပွန်မှုများကြောင့် စောထူးသာအပေါ်မှာ ပြန်လည်သက်ညှာခြင်းလည်း ဖြစ်ပါလိမ့်မည်။

"ထူးသာ"

"ဟုတ်ကဲ့ဆရာ"

"နက်ဖြန်ကျရင် အိန္ဒြာဘက်ကို သွားပေးစမ်း"

"ဟုတ်ကဲ့ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒုဆိုသည်မှာ လွန်းညရွာ (လွမ်းစေတီ ရှိရာနေရာ) မရောက်မီ ဆဒ္ဒန်ဂူအနီးမှ ရွာတစ်ရွာဖြစ်သည်။

"ဪ... အဲ့ဒီမှာ ကိုကြီးငွေဆိုတဲ့ လူတစ်ယောက် ရှိလိမ့်မယ်၊ သူ့မိန်းမက မမိဇ္ဇတဲ့"

"ဟုတ်ကဲ့"

"နေရပ်တော့ အသေအချာ မသိဘူး၊ သူ့မိန်းမနာမည် မေးရင်တော့ တစ်ရွာလုံးက သိကြတယ်လို့ ပြောကြတယ်"

"ဘာအလုပ်လုပ်ကြသလဲ ဆရာ"

"သူ့မိန်းမက ဟိုတုန်းက လက်ထောက်အငြိမ့်မင်းသမီး လုပ်ခဲ့ဖူးလို့ တစ်ရွာလုံးက မသိသူ မရှိဘူးတဲ့၊ "မိဇ္ဇရွာ" မှာ မွေးခဲ့လို့ မမိဇ္ဇလို့ ခေါ်တာလည်း အိန္ဒုက သိကြတယ်တဲ့၊ အလုပ်ကတော့ ကျပမ်းပဲ၊ ဈေးလည်း ရောင်းတယ်လို့ ကြားတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တွေ့အောင် ရှာတတ်ပါတယ်"

"တွေ့ဖို့က မမိဇ္ဇကို မဟုတ်ဘူး၊ ကြီးငွေဆိုတဲ့လူကို တွေ့ဖို့ပဲ၊ ဒါပေမယ့် ဒီကောင်က ခပ်ကုပ်ကုပ်နေတော့ ရှာဖို့မလွယ်ဘူး၊ ဒါကြောင့် မမိဇ္ဇကို အလျင်ရှာပြီးမှ သူ့ယောကျ်ားနဲ့ နှစ်ယောက် ချင်းတွေ့ပါ"

"ဟုတ်ကဲ့ဆရာ"

"ငါက မှာလိုက်တယ်၊ သိပ်အရေးကြီးလို့ ချက်ချင်းလိုက်ခဲ့ ပါလို့"

"တစ်ခါတည်း ခေါ်လာရမလား ဆရာ"

"နေပစေ၊ မင်းနဲ့အတူ တွဲလာတာကို သူများတွေ မတွေ့ စေချင်ဘူး၊ သူဟာသူ လိုက်လာပစေ"





"ဟုတ်ကဲ့ဆရာ"

"ဒီမှာထူးသာ"

"ဟုတ်ကဲ့ဆရာ"

"ငါက ခေါ်ခိုင်းတယ်လို့ သူ့မိန်းမ လုံးဝမသိစေနဲ့နော်၊ ကြီးငွေကိုလည်း မှာခဲ့၊ ခင်ဗျားလိုက်လာတာကို ဘယ်သူမှ မသိစေနဲ့၊ မမိဇ္ဇကိုတောင် မပြောခဲ့နဲ့လို့၊ ငါက မှာလိုက်တယ်လို့ ပြောနော် ကြားလား"

"ဟုတ်ကဲ့၊ စိတ်ချပါဆရာ"

"အေး... စိတ်ချတယ်၊ တစ်လောကလုံးမှာ မင်း တစ်ယောက်ကို ငါ စိတ်အချဆုံးပဲထူးသာ"

ဆရာဖြစ်သူ၏ ယုံကြည်စိတ်ချမှုကို ခံရ၍ စောထူးသာ အတိုင်းမသိ ကျေနပ်သွားရပါ၏။

"ကြီးငွေဟာ တကယ့်လူမိုက်ပဲ၊ ထောင်ကထွက်လာတာ မကြာသေးဘူး"

"ခြေသံ"

"အလျှင်ကတော့ မှောင်ခိုစက်လှေသမားပဲ၊ ထောင်က ထွက်လာမှ ဘာအလုပ်မှ မရှိသေးဘူးလို့ ကြားတယ်၊ ငါ ခေါ်တယ်ဆို သူလိုက်လာမှာပါ"

"ဟုတ်ကဲ့"

"ဒီမှာ၊ ကြီးငွေကို ငါက ခေါ်ခိုင်းတယ်ဆိုတာ မင်းနဲ့ ကြီးငွေပဲ သိစေနော် ထူးသာ၊ သိပ်အရေးကြီးတယ် ကြားလား"

"စိတ်ချပါ၊ ဆရာက မပြောနဲ့ဆိုရင် အမိုးကိုတောင် ဘယ် တော့မှ ပြန်မပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မင်းအမိုးကလည်း အင်မတန်မှ သာစွာရှိတဲ့ မိန်းမပါ၊ ဒါပေမယ့် မိန်းမဆိုတာ ယောကျ်ားတွေရဲ့ လုပ်ငန်းကို မသိလေ ကောင်းလေပဲ မှတ်ထား၊ ကြားလား ထူးသာ"

"ကျွန်တော် မှတ်ထားပါ့မယ်"

"အေး. . . ရော့. . . လမ်းစရိတ် မင်းမှာရော သုံးစရာ ရှိသေးလား"

"ရှိပါသေးတယ်"

"ရော့ ရော့. . . သုံးရာ အပိုယူထားဦး"

"နက်ဖြန်မနက်စောစော သွားရမှာနော်"

"အေး. . . အိမ်ကကားနဲ့ မသွားနဲ့နော်"

"လူမသိစေချင်တဲ့ ကိစ္စကို ဆရာ့ကား ဘယ်ယူလို့ဖြစ်ပါ့မလဲ"

"အေးကွာ၊ ဒါပဲ၊ ငါ အပြင်သွားလိုက်ဦးမယ်"

"ကျွန်တော် ကားလိုက်မောင်းပေးရမလား"

"မလိုက်ခဲ့နဲ့၊ ငါ အရေးကြီးတဲ့ လူတစ်ယောက်နဲ့ ချိန်းထားလို့၊ သူက လူပိုပါရင် ကြိုက်ချင်မှကြိုက်မှာ"

တိုက်ပုံကို လက်သွင်းရင်း အိမ်ပေါ်မှ ဆင်းသွားသည်။

ယခုတလော ဦးမြတ်သာမှာ အလွန်အရေးကြီးသော အမှုကိစ္စများကို ဆောင်ရွက်နေရကြောင်း စောထူးသာ သိပါ၏။

သူ့ဆရာမပြောလျှင် သူက ဘယ်သောအခါမှ မမေး။

သူ့ကိုလည်း စိတ်အချရဆုံး တပည့်လေးအဖြစ်နှင့် အပေးအကမ်းလည်း အထူးရက်ရောပါ၏။

ဒေါ်လှမြိုင်တို့ သားအမိပင် မသိစေဘဲ စောထူးသာကို





သုံးထောင်ကျော်တန် နာရီ ဝယ်ပေးခဲ့သော ဦးမြတ်သာ။

သူ့ဆရာ၏ သူ့ပေါ် စေတနာကောင်းလှပုံများကို တွေးရင်း ညည့်ခန်းတွင် စောထူးသာတစ်ယောက်တည်း ကျန်ရစ်၏။

ယခု သည်အိမ်သို့. . .

ခါတိုင်းထက်စော၍ အလုပ်ဆင်းပြီး ခါတိုင်းထက် နောက်ကျမှ ပြန်သည်။

တွေ့ရသည်ဖြစ်စေ၊ မတွေ့ရသည်ဖြစ်စေ. . .

စကားပြောခွင့် ရသည်ဖြစ်စေ မရသည်ဖြစ်စေ. . .

"ဒီအိမ်မှာ ချစ်သော နန်းဝေဝေ ရှိနေပါလား"ဟူသော ဖသီကြောင့် သူ့ရင်ထဲမှာ အချိန်ပြည့် ကြည်နူးနေမိသည်။

စောထူးသာသည် သူ့ကိုချစ်သော သူကချစ်သော သူ့ယော ဦးမြတ်သာ၏ အလုပ်ခန်းစားပွဲကို ရှင်းသန့်ပေးနေရင်း လက်မအားသော်လည်း စိတ်အားနေသဖြင့် နန်းဝေအကြောင်းသာ တွေးနေဖြစ်သည်။

နန်းဝေဝေ သိချင်လှသည်ဆိုသော သူ့ဖခင် ဦးရဲသွေးအကြောင်းလည်း ခြေရာခံ၍ မရသေး။

နန်းဝေဝေ၏ အကြောင်းစုံကို အမိုးကို ဖွင့်ပြော၍ ပြီးဝန်းစုံစမ်းပေးပါဟု ပြောသည့်နေ့က. . .

"သူ့သမီးက သူ့အဖေကို လာရှာတယ်၊ ဟုတ်လား"

အမိုး၏ ဝိုင်းစက်ပြူးကျယ်သော မျက်ဝန်းနှင့် တအံ့တသြမေးကိုလည်း စောထူးသာ သတိမထားမိ။

ဤအကြောင်းစုံကို မိခင်ကြီး သိနှင့်နေပြီ ဆိုသည်ကို စောထူးသာ ဘယ်လိုလုပ်ပြီး မှန်းမိနိုင်ပါ့မလဲလေ။ နန်းဝေဝေ



www.burmeseclassic.com

www.burmeseclassic.com



ပြသော ဓာတ်ပုံထဲက ဦးရဲသွေးကိုလည်း ဦးအောင်ပေါ်ဗျားလားဟု တွေးပင် တွေးမကြည့်ဖြစ်ခဲ့ပါ။

အကြောင်းစုံ အဖြစ်အပျက်စုံတို့သည် ဤဘားအံမှာ အခြေခံ၍ အနီးကပ် ဖြစ်ပျက်နေကြပါသော်လည်း. . .

ကာယကံရှင်များအတွက်မူ သိကာစေ့ကာဖြင့် အနီးဆုံးဖြစ်ပါလျက် အဝေးဆုံးနေရာများကို မျှော်မှန်းရှာကြံနေမိကြသော အဖြစ်ပါလား။

"ကိုစောထူးသာက ဒီမှာကို နန်းဝေဝေ လိုက်ရှာနေတာ"

"ဟင်. . . ကျွန်တော့်ကို လိုက်ရှာနေတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာကိစ္စလဲဟင် နန်းဝေဝေ"

အံ့ဩဝမ်းသာစွာ မေးမိသည်။

"ကိစ္စအထူးတော့ မဟုတ်ပါဘူးလေ၊ နန်းဝေဝေကို ကူညီမယ်ဆိုတဲ့ကိစ္စ သိချင်လို့ပါ။ ပြီးတော့ ဒေါ်ဒေါ် အိပ်ပျော်နေချိန်မှာ ဒီစကား ပြောနေရရင် ရင် နည်းနည်း သက်သာလို့ပါ၊ ကိုစောထူးသာကိုလည်း နန်းဝေဝေက ခင်တယ်လေ"

ရိုးသားဖြူစင်လွန်းရှာသည့် နန်းဝေဝေရယ်. . .

စောထူးသာ၏ ရင်တွင်းချစ်စိတ်ကို သူမတွေ့မြင်သေး

သူ့ကို သူ့လိုပင် ရင်းနှီးစွာ ခင်မင်တတ်ရှာသော စောထူးသာ အဖြစ်သာ နန်းဝေဝေ သတ်မှတ်နေရှာဆဲဖြစ်သည်။

"လာလေ နန်းဝေဝေ၊ ဧည့်ခန်းမှာ ထိုင်ကြရအောင်နော်"

ဦးမြတ်သာ၏ အလုပ်ခန်းမှာ ဧည့်ခန်းထက်စာလျှင် များစွာ ကျဉ်းမြောင်းသည်။ တံခါးကလည်း တစ်ပေါက်တည်းရှိ





တစ်ခုတစ်ပေါက် ဝင်လာခဲ့လျှင် ဤအခန်းတွင်း၌ နှစ်ယောက်တည်း ရှိနေသည့်အတွက် နန်းဝေဝေ သိက္ခာကျမည် စိုးသည့်အတွက် အပြင်သို့ ခေါ်ခဲ့ရခြင်းပါ။

"ဆရာကတော် အိပ်နေလား"

"မအိပ်သေးဘူး၊ အိပ်တော့မယ်၊ သူက အိပ်ခါနီးတိုင်း တရားမှတ်တယ်၊ ဒါကြောင့် နန်းဝေဝေ အနားမှာရှိနေရင် အနှောင့်အယှက် ဖြစ်မှာစိုးလို့ အပြင်ထွက်ပေးနေရတာ"

"သိပ်အလိုက်သိတဲ့ နန်းဝေဝေကို ဆရာကတော်ကလည်း သိပ်ချစ်တယ်နော်"

"ကိုစောထူးသာကိုလည်း ဦးမြတ်သာက တကယ်အားကိုးပြီး တကယ်ချစ်တာပါပဲ"

"ဟုတ်ပါတယ် နန်းဝေဝေ"

ဒေါက်တာနေမင်းထက်သည် "နန်းဝေ"ဟု နန်းဝေကိုယ် နန်းဝေ တင်စားသလို ခေါ်သော်လည်း စောထူးသာကမူ 'နန်းဝေဝေ'ဟု အပြည့်အစုံခေါ်၏။

"နန်းလုံးကြိုင်လမ်းမှာ ကျွန်တော့်သူငယ်ချင်းရှိတယ်၊ သူ့အဖေက အလုပ်စုံလုပ်တယ်၊ အသိအကျွမ်းလည်း ပေါတယ်၊ အဲဒီသူငယ်ချင်းကိုလည်း စုံစမ်းခိုင်းထားပါတယ်၊ ကျွန်တော့် ဦးလေးလို့နေတဲ့ ကူးဆိပ်လမ်းက ဦးမြမောင်ကိုလည်း ပြောထားတယ် အမိုးကိုလည်း ပြောပြလိုက်တယ်"

"ဒီအိမ်က ဦးမြတ်သာကိုရော မေးဖြစ်သေးလားဟင်"

"အဲဒါတော့ မမေးဝံ့သေးဘူး၊ သူများကိစ္စ ဝင်မရှုပ်ရဘူးလို့ ပြောထားဖူးလို့ပါ ကျွန်တော် မေးပေးရမလားဟင်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"နေပစေ၊ နေပစေ ကိုစောထူးသာ"

ဦးမြတ်သာကို ဒေါက်တာနေမင်းထက် မေးပေးမည်ဆိုသည့် အကြောင်းကို ပြောမပြတော့ပါဘဲ စောထူးသာကိုသာ ပိတ်ပင်တားမြစ်လိုက်ရသည်။

"ဆရာကလည်း ခုတစ်လော အလုပ်တွေ သိပ်ခိုင်းထားတယ်၊ နက်ဖြန်တောင် သွားစရာတစ်ခုရှိနေလို့ မဟုတ်ရင် . . ."

"ဘယ်သွားမှာလဲဟင်"

နန်းဝေဝေ ဖြတ်၍မေးလေမှ စောထူးသာ သတိရသွားကာ . . .

"သူကိစ္စတစ်ခုပါ၊ အဲဒီလို ခိုင်းတာတွေ ဆက်နေလို့ နန်းဝေဝေကိုတောင် လိုက်မပို့ရဘူးလို့ ပြောမလို့ပါ"

"စောစောက ကိုစောထူးသာ ပြောတဲ့အထဲမှာ နန်းလုံးကြိုင်လမ်းက သူငယ်ချင်းဆိုလို့ ဒီဘားအံက လမ်းနာမည်တွေဟာ ပန်းနာမည်လေးတွေနော်၊ ခတ္တာလမ်း၊ စံပယ်လမ်း၊ ဒေါနလမ်း၊ ပိတောက်လမ်းတဲ့၊ ပြီးတော့ ဒီသုခမိန်လမ်းရဲ့ အရှေ့ဘက်လမ်းခွဲကျတော့ ခရယ်လမ်းတဲ့နော်၊ ခရေလမ်း မဟုတ်ဘူးလား"

"မသိပါဘူး၊ ဟိုတုန်းကတော့ ဒီနာမည်တွေ မပေးသေးဘူးတဲ့၊ အမိုးကပြောပြတယ်၊ ကျွန်တော်လည်း ဒီဘားအံကို အတော်လေး အသက်ကြီးမှ လာနေရတာပါ၊ ဘားအံဇာတိ မဟုတ်ဘူးလေ"

နန်းဝေဝေ ခေါင်းညိတ်ပြမိသည်။

"ဒီနေရာနဲ့ သိပ်မဝေးလှတဲ့နေရာမှာရှိတဲ့ ဖားမဲတောင်





ပေါ်ကို သွားကြရအောင်၊ သံလွင်မြစ်ကို အပေါ်စီးက မြင်ရတဲ့ ရှုခင်းက သိပ်လှတာပဲ"

"ဒီဘားအံမြို့လေးကတော့ ဘယ်နေရာ ဘယ်ရှုထောင့်က ကြည့်ကြည့် သိပ်လှတာပါပဲ ကိုစောထူးသာရယ်"

နန်းဝေဝေ၏ စကားသံလေးတို့သည် နားစည်မှာ ချိုမြိန်ဖွယ် ငြိမ့်ညောင်းစွာ တီးခတ်၏။

သူ့စကားလုံးတို့သည် ဦးနှောက်ထဲမှာ တစ်သက်တာ စွဲမြဲရော့မည်။

နန်းဝေဝေ၏ ရုပ်သွင်သည်မူ မျက်ဝန်းအိမ်နှင့် နှလုံးသားပေါ်မှာ ထာဝရ တင်ရှိနေပါမည်။

နန်းဝေဝေကို မြင်ရလေတိုင်း သနားရလွန်းသော ခံစားမှုက အလျင် ဝင်ရောက်လာပြီးမှ ချစ်ခြင်းမေတ္တာတို့ တည်ဖွဲ့၏။

ဤမိန်းကလေး၏ မျက်ရည်တို့ကို တိတ်စေချင်သည်။

လှပလွန်းစွာ ပြုံးတတ်ပုံလေးကိုသာ ထာဝရ မြင်ချင်မိသည်။

သူ့ဆန္ဒအားလုံးကို မိမိ၏ အသွေးအသား၊ အသက်တို့နှင့်ပင် စက်လဲပေးဆက်၍ ဆောင်ရွက်ပေးချင်မိသော စိတ်တို့သည် စောထူးသာ၏ရင်မှာ ဖြစ်ထွန်းလာသည်။

နန်းဝေဝေသည်မူ . . .

ဒေါက်တာနေမင်းထက်ကသာ သူ့ကို ချစ်နေသည့်သူ၊ သူ့အချစ်ကို တောင်းဆိုဖူးသည့်သူဟု သတ်မှတ်ထားသည်။

စောထူးသာကတော့ မိတ်ဆွေရင်း . . .

ပေါင်းသင်းဆက်ဆံရသည်မှာ ပွင့်လင်းရိုးသားသော၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းရှိသော ကရင်လူငယ်လေးတစ်ဦးဟု သတ်မှတ်ထားမိ၏။

သူ့ကို နက်နက်ရှိုင်းရှိုင်း လိုက်လိုက်လှဲလှဲဖြင့် နှလုံးသားအကုန်ပုံ၍ ချစ်နေရှာသော စောထူးသာဟု နန်းဝေဝေ လုံးဝမသိသေး. . .

နန်းဝေဝေ မသိရှာသေးပါဟုလည်း စောထူးသာ သိသည်။

စောထူးသာ၏ရင်ထဲမှာ အချိန်ပြည့် စိုးမိုးရှင်သန်နေသူက နန်းဝေဝေ ပါပဲ။

သူ ငါ့ကို တကယ်ခင်နေရှာတာ၊ ငါ့ရဲ့ မရိုးသားတဲ့စိတ်ကို အချစ်ဦးလေး နန်းဝေဝေ မသိပါစေနဲ့တော့လေ၊ သူ စိတ်အနှောင့်အယှက် ဖြစ်သွားပါ့မယ်. . .၊

အချစ်ဆိုတာ များပြားလာရင် ရင်ပွင့် ကွဲသွားတတ်တဲ့ အရာဆိုခဲ့ရင်လည်း. . .

ငါ့ရင် ပွင့်ကွဲပါစေတော့"

"မျိုသိပ်ထားတာပဲ ကောင်းပါတယ်ကွယ်"

ယင်းသို့သော စေတနာဆုံးဖြတ်ချက်များဖြင့် မြတ်နိုးစုံမက်စွာ ကြည့်နေမိသော အကြည့်ကိုပင် မျက်လွှာချလျက် နန်းဝေဝေရှေ့မှ မတ်တတ်ရပ်လိုက်ရသည်။

"ဘယ်လဲ ကိုစောထူးသာ"

"နန်းဝေဝေကို ပြစရာရှိလို့"

"ဘာများပါလိမ့်"





ဦးမြတ်သာ၏ အလုပ်ခန်းတွင်းမှာ ထားရှိသော သူ၏ မှတ်စုစာအုပ်ကလေးကို ယူထုတ်လာသည်။

သူ့ရင်မှ ပွင့်အန်အံ့ဆဲဆဲ အချစ်များ သွန်မကျဖြစ်အောင် ပိတ်ဆီးသည့်သဘောလည်း မည်ပါလေ၏။

"ဒီဘားအံကို နန်းဝေဝေက စိတ်ဝင်စားတယ်ဆိုလို့ ဘားအံသာမက ဘူး ကရင်ပြည်နယ်ရဲ့ သိသင့်ဖွယ်ရာလေးတွေကို မှတ်စုလေးထုတ်ထားတယ်၊ သိပ်မရှည်ပါဘူး၊ စိတ်ဝင်စားမယ်ဆိုရင်တော့ ဖတ်ကြည့်ပါနော်၊ စိတ်မဝင်စားခဲ့ရင်လည်း မဖတ်ပါနဲ့၊ ဗဟုသုတအဖြစ် နှစ်ခြိုက်မလားဆိုတဲ့ စေတနာနဲ့ ရှာဖွေစုဆောင်း ရေးသားထားတာပါ"

သူ့စာအုပ်ကလေးကို လှမ်းယူပြီး ဖတ်နေရှာသည့် ချစ်သော နန်းဝေဝေကို တစိမ့်စိမ့် ကြည့်နေခွင့်ရသည်။

"ကိုစောထူးသာက လက်ရေးလည်း လှတာပဲ"

"တျွန်တော် ဆယ်တန်းမအောင်ဘူး"

"ဘွဲ့ရတဲ့လူတွေလည်း လက်ရေးမလှတဲ့လူတွေ ပြည့်လို့ပါ"

"နန်းဝေဝေရော ဘွဲ့ရလားဟင်"

"ဒုတိယနှစ်တက်တုန်းမှာ သူနာပြုသင်တန်း စာမေးပွဲဝင်ဖြေတာ အောင်လို့ သင်တန်းတက်ခဲ့ပါတယ်၊ ဘွဲ့မရပါဘူး၊ ဘွဲ့ရအောင်လည်း မသင်နိုင်တာပါ ပါတယ်လေ၊ ဖေဖေမရှိတော့ မေမေက ကျောင်းစရိတ်လည်း မတတ်နိုင်ဘူးတဲ့"

ပင်ကို သနားနေရသည့်အထဲ အကြင်နာဆင့်စရာ စကားကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ ပြောချင်စရာတွေက ပြည့်နေပါသော်လည်း. . .

နန်းဝေဝေ ကြည့်ရှုင်လာစေမည့် နှစ်သိမ့်စကားမျိုးကို သူ့မရွေးချယ်တတ်. . .

စာပြန်ဖတ်နေသော နန်းဝေဝေကို ကြည့်နေရုံကလွဲ၍ စေတထူးသာ ဘာစကားမှ မပြောဖြစ်. . .

ကရင်ပြည်နယ်သည်. . .

မြောက်ပိုင်း တောင်ငူနှင့် လှိုင်ကော်တို့နှင့် နယ်နိမိတ်ထိစပ်နေပြီး တောင်ပိုင်း တနင်္သာရီတို့နှင့် ထိကပ်နေသော ရှည်မျောမျော ပြည်နယ်လေးဖြစ်သည်။

စတုရန်းမိုင်ပေါင်း ၁၁၇၃၁ မိုင် ဖြစ်၏။ ၁၉၈၃ သန်းခေါင်စာရင်းအရ လူဦးရေတစ်သန်း ရှိသဖြင့် ပျမ်းမျှ တွက်လိုက်လျှင် စတုရန်း ၁ မိုင်လျှင် လူဦးရေ ၉၀ ယောက်နေ၏။

လွင်ပြင်ပေါ်သော ဘားအံနှင့် ကော့ကရိတ်တို့တွင်သာ လူနေများပြီး ဖာပွန်၊ မြဝတီ စသော ဒေသတို့တွင် လူနေကျဲ၏။ မြဝတီတွင် စတုရန်းတစ်မိုင်လျှင် လူ ၃၀ ယောက်သာ ပျမ်းမျှအားဖြင့် နေထိုင်၏။

သံတောင်၊ ဖာပွန်၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး စသော မြို့များဖြင့် ကရင်ပြည်နယ်အဖြစ် ဖွဲ့စည်းထား၏။





ကျောက်တောင်ကိုးလုံးဖြင့် ဘားအံမြို့ကို ဝိုင်းရံထားလေသည်။

အထင်ရှားဆုံးက ဇွဲကပင်တောင် ဖြစ်ပါ၏။

ရှာသွန်းမြမိုးရေချိန် ၁၇၇ လက်မ. . .

မိုးကောင်း၍ "အမြဲစိမ်းသစ်တောများ" ဖြစ်ထွန်း၏။

ပုံမှန်ပေ ၃၀၀၀ ကျော်မြင့်သော ဒေါနတောင်၏ အရှေ့ဘက် သောင်းရင်းမြစ်ဝှမ်းမှာ ကျွန်းနှင့် သစ်မာထွက်သော "ရွက်ပြတ်တော" နှင့်. . .

ဘားအံလွင်ပြင်ပိုင်း ဝဲမြေများပေါ်တွင် "အင်တိုင်းတော" များ ပေါက်ရောက်၏။

စိုက်ပျိုးမြေက ခုနစ်သိန်းနီးပါး. . .

လယ်မြေတော ခြောက်သိန်းနီးပါး. . .

တောင်ယာမြေဧက ကိုးထောင်ကျော်. . .

ရာဘာစိုက်ဧက တစ်သောင်းနီးပါး. . .

သစ်သီးဥယျာဉ်ခြံမြေဧက တစ်သောင်းလေးထောင်ကျော်. . .

ကြံစိုက်ဧက ငါးထောင်နီးပါး. . .

(ကြံများကို ့နိုပြည်နယ် ဘီးလင်းသကြားစက်သို့ ပို့၏)

ကြိုးဝိုင်းဧက တစ်သန်းကျော်ရှိပြီး ကျွန်း၊ ပျဉ်းကတိုး၊ သက်န်း၊ အင်၊ တညင်၊ သစ်ရာ၊ ပီတောက်နှင့်. . .

ကြိမ်၊ ဝါး၊ အင်တွဲ၊ ထင်း၊ မီးသွေး၊ သစ်ခွပန်း၊ ပျားရည်၊ ဖာလာစေ့နှင့် ပရုဆေးပင်များ ထွက်ရှိရုံမက. . .



www.burmeseclassic.com

www.burmeseclassic.com



သတ္တုသိုက်များလည်းရှိသော သယံဇာတ ကြွယ်ဝလှသည့် ကရင်ပြည်နယ်မှာ. . .

ယုတ်စွအဆုံး ဖားကပ်ဂူမှ ထွက်ရှိသော လင်းနို့ချေးများသည်ပင်လျှင် မြေဩဇာအတွက် အထူးတောင်းမွန်လှပေသည်။

ဘားအံသည် သံလွင်မြစ်၏ အရှေ့ဘက်ခြမ်း ကမ်းနံပူးပေါ်တွင် တည်ရှိသော သာယာလှပလှသည့် ကရင်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဆက်သွယ်ရေးအနေဖြင့်. . .

မော်လမြိုင်နှင့် ရေလမ်း ၃၃ မိုင်သာ ကွာဝေး၏။ ဘားအံမှတစ်ဆင့် ရွှေဂွန်းသဘော်လမ်းရှိ၏၊

ရန်ကုန် ဘားအံကားလမ်းမှာ ၁၆၉ မိုင် ရှိ၏။ (ဘားအံတစ်ဘက်ကမ်း သံလွင်မြစ် အနောက်ဘက်ခြမ်း မြိုင်ကလေးအထိသာ ရောက်၏။)

ဘားအံမှ လှိုင်းဘွဲ့သို့ ၂၄ မိုင်. . .

ဘားအံမှ ကော့ကရိတ်သို့ ၅၅ မိုင် ၆ ဖာလုံ. . .

ဘားအံမှ အိန္ဒုနှင့် ဇာသပြင်တို့သို့လည်း ကားလမ်းရောက်၏။

ဒုံသမိတံတား. . .

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်ထားသောတံတား. . .

စတင်တည်ဆောက်သည့်နှစ် ၁၉၇၆. . .

ဖွင့်လှစ်သည့်နေ့ ၁၂. ၂. ၈၂. . .





တံတားအရှည် ပေ ၆၀၀. . .

ကုန်ကျငွေ ၉၁. ၃၅ သိန်း. . .

ကရင်၊ မွန် မြန်မာ၊ အင်္ဂလိပ်ဘာသာရပ်များဖြင့် ကျောက်တိုင်လေးဘက်မှာ အထက်ပါအကြောင်းများ ရေးထိုး၍ ကျောက်တိုင်စိုက်ထား၏။

ကရင်ပြည်နယ်ရှိ တောင်တန်းများနှင့် ကုန်းမြင့်များ၏ အောက်ခံကျောက်များသည် သက်ရင့်ထုံးကျောက်များ၊ ဂရက်နစ်နှင့် အသွင်ပြောင်းကျောက်များ ဖြစ်သည်။

သက်ရင့်၊ သက်လတ်၊ ထုံးကျောက်များဖြင့် ဖြစ်တည်နေသော မတ်စောက်သည့်တောင်များ၊

ထုံးကျောက်ဂူများကို တွေ့နိုင်သည်၊ ကရင်ပြည်နယ်တွင် ထင်ရှားသော ဂူများမှာ. . .

နာမည်ကျော် ဆဒ္ဒန်ဂူ၊ ဝဲပုံဂူ၊ ဘုရင့်ညီဂူ၊ (ဘင်ဂျီ သို့မဟုတ် ဘုရင်ဂျီဂူဟု နှုတ်ဖြင့် ခေါ်ကြသည်) တို့က ထင်ရှားပြီး ဖားကပ်ဂူလို ဂူငယ်များအပြင် လက္ခဏာဂူ၊ ကော့ဂွန်းဂူများလည်း ရှိ၏၊

တချို့နေရာတွင် ပေခြောက်ထောင်အထိ ဒေါနတောင်တန်းက မြင့်သော်လည်း. . .

ပြည်နယ်မြို့တော် ဘားအံသည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၀. ၈၉ ပေသာ ရှိလေသည်။

အမှိုးပြောပြသော နဂါးကြီးက ဖျို့အန်လာသဖြင့် သူမျိုထားသော ဖားကြီးကို အန်ထုတ်၍ ဖားအံ၊ ယခုတော့ ဘားအံဆိုသည်မှာ ဒဏ္ဍာရီထဲက အမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့စွယ်စုံကျမ်း အတွဲ ၇ စာမျက်နှာ ၂၃၆ တွင် ဘားအံသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က အိမ်ခြေ ၂၀၀ ခန့်သာ ရှိသော ရွာကလေးဖြစ်သည်။

ရှမ်း၊ ယိုးဒယား၊ ကရင်နှင့် တောင်သူများ နေထိုင်သည်။

သံလွင်မြစ်ကမ်းနှဖူးပေါ်တွင် အဓိက ကျောက်ဆောင်တစ်ခုရှိရာ ထိုကျောက်စွန်းကို ယိုးဒယား ရှမ်းဘာသာဖြင့် "ဖားအန်း"ဟု ခေါ်၏။

ဖား-ကျောက်၊ အန်း-အစွယ်အစွန်း

ဤသို့ အစွဲပြု၍ ဖားအန်းမှ ဖားအံ ဖြစ်လာသည်. . .

ဟု ပါရှိလေသည်။

တစ်နည်းအားဖြင့်. . .

မွန်တို့သည် ဗုဒ္ဓဘာသာ ထွန်းကား ကိုးကွယ်နေချိန်ဖြစ်သည်။

ထိုအချိန်မှာ ဤဘားအံတွင် ဘုန်းတော်ကြီးကျောင်းလုံးဝမရှိဘဲ လူနေကျေးရွာသာ ဖြစ်သောကြောင့် မွန်အမည်အားဖြင့် ဘားအံ(ဘုရားမဲ့ရွာ)ဟု ခေါ်ပေါ်သမုတ်ခဲ့ကြောင်း မှတ်တမ်းတစ်ခုမှာ တွေ့ရသည်။

ဘာပဲဖြစ်ဖြစ်. . .

သဘာဝအလှအပများဖြင့် ပြည့်စုံသော သယံဇာတပေါသော၊ မြေဩဇာကောင်းသော၊ သီးနှံမျိုးစုံထွက်သော ကျွန်တော်တို့၏ ကရင်ပြည်နယ် တစ်ခုလုံး ငြိမ်းချမ်းပါစေသတည်း။

(နန်းဝေဝေ ဖတ်ရှုရန်အတွက် စောထူးသာ ပြုစုသည်)





သူ လက်လှမ်းမီသမျှ စုဆောင်းရှာဖွေ ရေးသားထားသည့် ဤကျမ်းငယ်ကို နန်းဝေဝေ ဘယ်လိုများ မှတ်ချက်ချမလဲဟူ၍ စောထူးသာ စိတ်တထင့်ထင့်နှင့် စောင့်နေ၏။

နန်းဝေဝေသည် စာအုပ်ငယ်ကို ရင်မှာကပ်လျက် သူ့ကို မော့ကြည့်လာသည်။

"အတော့်ကိုပြည့်စုံတဲ့ မှတ်တမ်းလေးပါပဲ၊ တစ်ခါဖတ်လို့တော့ မှတ်မိမှာမဟုတ်ဘူး၊ နန်းဝေ ကူးသွားမယ်နော်"

"ဟာ. . . မကူးပါနဲ့၊ နန်းဝေဝေ လိုချင်တယ်ဆိုရင် အဲဒီစာအုပ် ယူသွားပါ"

"ကိုစောထူးသာမှာ လက်ခံရှိလို့လား"

"မလိုပါဘူး နန်းဝေဝေရယ်၊ ဒီပြည်နယ်မှာနေတဲ့လူပဲ၊ အချိန်မရွေး သိချင်တာ သိလို့ရနိုင်ပါတယ်"

"ဒါဖြင့် ယူသွားမယ်နော်၊ ကိုယ်ရောက်ခဲ့ဖူးတဲ့ ပြည်နယ်ရဲ့အကြောင်း မှတ်တမ်းငယ်လေး ရေးပေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နောင်ခွဲခွာပြီး နန်းဝေ ပြန်သွားတဲ့အခါကျတော့လည်း ကိုစောထူးသာကို သတိရနေနိုင်တာပေါ့လေ နော်"

သူ့ စာအုပ်ကလေးကို နန်းဝေဝေ သဘောကျသည် ဆို၍ဖြစ်ထွန်းလာသော ဝမ်းမြောက်မှုကို ပြည့်ဝစွာ မခံစားဖြစ်လိုက်။

တကယ်တမ်း နန်းဝေဝေ ကို အပြီးတိုင် ခွဲခွာရမည် ဆိုခဲ့လျှင်. . .

သူ့ရင် အဘယ်မျှ ကြေကွဲစွာ ခံစားရမည်ဆိုသည်ကို စောထူးသာ မှန်းဆနိုင်ခဲ့ပါပြီ။

"မခွဲပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွဲမသွားပါနဲ့"

"ပြန်မသွားပါနဲ့ နန်းဝေဝေရယ်"

သူ့ရင်ထဲမှ တောင်းပန်စကားများကို ချစ်သော နန်းဝေဝေ မကြားနိုင်ပါ။ ကြားလည်း မကြားစေချင်ပါ။

"အချစ်"ဆိုသော ခံစားမှုကို စောထူးသာ၏ နှလုံးသားတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ထွန်းခဲ့ဖူးသေးပါ၊

"ပထမဆုံး အချစ်သစ်နှင့် အချစ်စစ်ဖြင့် ချစ်ရပါသော အချစ်ဦးလေး နန်းဝေဝေရယ်"

စောထူးသာ၏ရင်မှ အနန္တ မေတ္တာတရားများကို မတွေ့လိုက်၊ မမြင်လိုက်၊ မသိလိုက်ပါဘဲနှင့်. . .

နန်းဝေဝေမှာ သူတာဝန်ရှိရာ ဒေါ်လှမြိုင်အခန်းဆီသို့ ဆင်မယဉ်သာခြေလှမ်းများဖြင့် သူ့ကို ကျောခိုင်းခွဲခွာသွားသည်ကို ငေးကြည့်ကျန်ရစ်ရင်း. . .

နန်းဝေဝေ၏ ကျောခိုင်းရာ အရပ်မှနေ၍ ကြွေကွဲသော ခံစားမှုမျိုး ရင်ထဲမှာ အားငယ်စွာ ဖြစ်ထွန်းလာသည်။

ချစ်ခြင်းမေတ္တာမှာ လွမ်းဆွတ်တမ်းတရခြင်းပါ ပေါင်းဆုံရောယှက်နေပါလားဟု စောထူးသာ သိရှိခံစားလိုက်ရပါ၏။

◇ ◇ ◇





အခန်း ။ ၁၇ ။

"ဘာ. . . ဦးရဲသွေး ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာကိစ္စသိချင်ရတာလဲ၊ ဘယ်သူက မေးခိုင်းတာလဲ၊ ဘာအတွက်လဲဟင်"

စိတ်လှုပ်ရှားမှုနှင့်အတူ ဦးမြတ်သာ၏ မေးခွန်းများက အသိတတန်းကြီး ဆက်တိုက်ထွက်သွားတော့သည်။

ဒေါက်တာနေမင်းထက်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ဦးမြတ်သာကို တအံ့တသြ ကြည့်မိသည်။

"၁၉၈၁ ခုနှစ်လောက်က ဒီဘားအံမြို့ကို ရောက်ရှိလာတဲ့ ဦးရဲသွေးဆိုသူကို အန်ကယ်လ် သိပါသလား"ဟု မေးမိသည့် စကားကို ဘာကြောင့်များ စိတ်ဆိုးသွားရပါလိမ့်ဟု ဒေါက်တာနေမင်းထက် မတွေးတတ်အောင် ဖြစ်သွားရသည်။

နားမလည်နိုင်သည့် အဓိပ္ပာယ်နှင့် သူ့ကို စိုက်ကြည့်နေသော သူတို့၏ မိသားစုဆရာဝန်လေး ဒေါက်တာနေမင်းထက်



www.burmeseclassic.com

www.burmeseclassic.com



ကို အသေအချာကြည့်ပြီးမှ ဦးမြတ်သာ၏ရင်သို့ သတိတရားများ လျှပ်ရောင်ဝင်းသလို ချက်ချင်း ထိုးဖောက်ဝင်ရောက်လာ၏။

ရွှန်းလက်ဝင်းပသွားစေသော ဟန်ဆောင်အပြုံးကို လှလှပပ ဖန်ဆင်းလိုက်ပြီးမှ ဦးမြတ်သာက. . .

"ဒီလိုလူတစ်ယောက်နဲ့ ဒေါက်တာနဲ့များ ဘာကြောင့် ပတ်သက်နေရသလဲ အံ့ဩသွားမိတာပါ၊ ဘာလဲ. . . ဦးရဲသွေး ဆိုတာ ဒေါက်တာတို့အမျိုးများလား"

"မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက်ရဲ့ ကိစ္စပါ၊ တတ်နိုင်ရင် ကျွန်တော့်ကို ကူညီပါအန်ကယ်လ်"

နန်းဝေဝေ၏ ဖခင်ပါဆိုသည်ကို ပြော၍ မဖြစ်သေးပါဘူး လေ ဆိုသော အတွေးသည် ရှေ့ချထားဖို့ ကောင်းသောတ် အောင် အဖိုးတန်လှချေသည်။

"ကူညီနိုင်ပါတယ်၊ အန်ကယ်လ် တတ်နိုင်တာဆိုရင် ဘယ်သူမဆို ကူညီနေတာ ဒေါက်တာ့အမြင်ပဲ၊ ဒေါက်တာ့ အမျိုးမဟုတ်ဘူး သူများကိစ္စဆိုရင်တော့ အန်ကယ်လ် ပြော[ပြ] ပါ့မယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ အန်ကယ်လ် သူ့ကိုသိသလားဟင်"

အန္တရာယ်စက်ဝန်းသည် တဖြည်းဖြည်းချင်း ကျဉ်း[ ] လာပြီဟု ဦးမြတ်သာ သိလာရလေပြီ။

"ဒီနာမည်ကို ကြားဖူးလိုက်တယ်၊ ကြာတော့ကြာပြီ၊ သူ[ ] အုပ်စုဟာ လူကောင်းသူကောင်းတွေတော့ မဟုတ်ဘူး"

"ဗျာ. . ."

"သြော်. . . ဒီလိုဗျာ၊ သူခိုးဓားပြတွေလို ဆိုးသွမ်းတာ[ ]





ပြောတာမဟုတ်ပါဘူး၊ ဥပဒေနဲ့ မကင်းတဲ့ အလုပ်တွေကို လုပ်ကြတာကို ပြောတာပါ"

နန်းဝေဝေ၏ စကားထဲမှာလည်း ကျောက်စိမ်းအရောင်း အဝယ်ကြောင့် ထွက်သွားပါသည်ဟု ပြောထားနှင့်၍ ဦးမြတ် သာ၏စကားကို ဒေါက်တာနေမင်းထက် ပိုမို၍ ယုံကြည်သွား [ ]ပါ၏။

"အဲဒီလူဟာ ရန်ကုန်ကရောက်လာပြီး ကျောက်စိမ်း ဘိန်းဖြူတွေကို. . ."

"ဘိန်းဖြူပါ ပါသလား"

"ပါတာပေါ့၊ ဒီက ကျောက်စိမ်းပို့၊ ဟိုက ဘိန်းဖြူသယ် [ ]ာနဲ့ လုပ်နေရင်းနဲ့ လှေနစ်သွားသတဲ့"

"ဗျာ. . . လှေနစ်တယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ လှေနစ်လို့ သေသွားကြပြီပဲ"

"ဟာ. . ."

"နှစ်တွေပဲ ကြာလှပါပြီ၊ ဒေါက်တာက ဘာကြောင့် [ ]ယ်သူ့အတွက် မေးရတာလဲ"

"ကျွန်တော့် မိတ်ဆွေတစ်ယောက်က ဘားအံရောက်ရင် [ ]မ်းပေးပါဆိုလို့ မေးကြည့်တာပါ၊ ဒါဖြင့် အဲဒီ ဦးရဲသွေး ဆိုတာ [ ]ကယ်သေသွားပြီပေါ့နော်"

"သေပြီလေ၊ အလောင်းကိုတောင် သူတို့မှောင်ခိုအဖွဲ့က [ ]ဟ်တိတ် သဂြိုဟ်ခဲ့ရတယ်လို့ ကြားလိုက်တာပဲ"

"ဖြစ်မှဖြစ်ရလေဗျာ"

ချစ်သူ နန်းဝေဝေနှင့် မျှဝေ ခံစားမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ သိပ်မျှော်လင့်နေရှာသူ ဖခင်ကြီးမှာ ဤလောက၌ မရှိတော့ ဟူသော သတင်းကို သူ မပြောရက်။

ဦးမြတ်သာက ဆက်၍. . .

"သူခိုးမယား မငိုဝံ့ ဆိုသလိုပေါ့ ဒေါက်တာရယ်၊ သူ့ အပေါင်းအသင်းတွေကတောင် ဒီကိစ္စကို မှောင်ချထားကြတာ၊ ဆရာမစုံစမ်းနဲ့တော့ သိလာ။ ကိုယ့်ကိုပါ ပြန်ပြီး အမှုပတ်မှာ စိုးရိမ်ရတယ်"

"ကျွန်တော်နဲ့ကတော့ မဆိုင်ပါဘူး"

"ဒါဖြင့်လည်း သက်ဆိုင်တဲ့သူကို ပြောပြလိုက်ပါတော့ ဆရာ၊ ဦးရဲသွေးဆိုတာ ရေနစ်ပြီး သေဆုံးသွားပြီ၊ မရှာနဲ့ တော့လို့"

ဦးမြတ်သာ၏ စကားကို စိတ်ချယုံကြည်စွာဖြင့် နမ်း ဝေဝေအတွက် စိတ်မကောင်းနိုင်တော့ပါ၊

"ဒေါက်တာ"

"ဟုတ်ကဲ့"

"အဲဒီ ဦးရဲသွေးမှာ သားသမီး ဘယ်နှယောက် ကျန်ခဲ့ သလဲ၊ အခုမေးခိုင်းတာရော သူ့မိသားစုဝင်က မေးခိုင်းတာလား"

ဒေါက်တာနေခင်းထက်သည် ချင့်ချင့်ချိန်ချိန် စဉ်းစားပြီး

"ကျွန်တော် အဲဒါတွေ ဘာမှမသိဘူး။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က တစ်ဆင့် မေးခိုင်းလို့ပါ"

"ဒါဖြင့်လည်း သေဆုံးပြီလို့သာ အကြောင်းပြန်လိုက် ပေတော့"





"ဒီလိုပဲ ပြောရတော့မှာပေါ့။ ကျွန်တော့်သူငယ်ချင်းက လည်း ကျွန်တော် ရန်ကုန်ပြန်မှ တွေ့မှာပါ"

"ကြော်"

လေးနက်နေသော ဒေါက်တာနေမင်းထက်၏ မျက်နှာကို ကြည့်ပြီး "လျှော့တွက်လို့မရဘူး"ဟု ဦးမြတ်သာ သိလိုက်ပြီး. . .

"အဲဒီ ဦးရဲသွေးမှာ သမီးလေးတစ်ယောက် ကျန်ခဲ့တယ်လို့ ကြားတယ်၊ သားရော ဘယ်နှယောက် ရှိသလဲ မသိဘူး"

ဒေါက်တာနေမင်းထက်သည် ဦးရဲသွေး၏သားများလား ဟူသော သံသယစိတ်ကြောင့် အကဲဖမ်းလို၍ တမင်မေးလိုက် ခြင်း ဖြစ်ပါ၏။

"အန်ကယ်လ်က ဦးရဲသွေးအကြောင်း အတော်သိနေ သားပဲ"

"သိဆို သူနဲ့တွဲတဲ့လူက ဒီဘားအံကပဲလေ"

"ဘယ်သူလဲဟင်၊ ကျွန်တော် တွေ့ပါရစေလား"

"မသေတဲ့လူက ဥပဒေအရ ထောင်ကျသွားပြီပေါ့ ဒေါက်တာရယ်"

"သူ့မိသားစုရော"

"ရန်ကုန်ပြောင်းသွားကြပြီ၊ လမ်းစပြတ်ပြီလေ"

ဒေါက်တာနေမင်းထက်မှာ ဦးမြတ်သာထံမှ နောက်ထပ် သတင်းတစ်စုံတစ်ရာ မရနိုင်တော့ဟူသော အသိဖြင့် ဘာမှ ထပ်၍ မမေးတော့ပါ။

ဦးမြတ်သာ၏စကားကိုလည်း သံသယကင်းစွာဖြင့် ယုံကြည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာကမူ. . .

အန္တရာယ်သည် တစ်စထက်တစ်စ နီးကပ်လာချေပြီ ဟူသော အသိဖြင့် ဒေါက်တာနေမင်းထက်ကို အာရုံစူးစိုက်စွာ အကဲခတ်နေ၏။

"သူသားတော့ မဖြစ်နိုင်လောက်ဘူး"

စိတ်မကောင်းသည့်မျက်နှာကို မြင်ရသော်လည်း ဖခင်သေကြောင်း ကြားလိုက်ရသည့် သားတစ်ယောက်၏ ကြေကွဲခြင်းမျိုး မတွေ့ရ။

"ချစ်သော နန်းဝေဝေကို ဘယ်လိုပြောရပါ့မလဲ"

"ငါ ဘာမှမသိသေးဘူး ဆိုတဲ့အနေနဲ့ပဲ နေလိုက်ဦးမယ်လေ"

"သနားလိုက်တာ အချစ်ရယ်"

တွေးနေသော ဒေါက်တာနေမင်းထက်ကို ဦးမြတ်သာက ကြည့်ပြီး ကျေနပ်သွားသည်။

သူ အောင်နိုင်ပြီလေ. . .

သံသယမျက်ဝန်းရိပ်ကို ဒေါက်တာနေမင်းထက်ထံမှာ မမြင်ရ။ ရင်ထဲမှနေ၍. . .

"သားအဖအရွယ်ပဲကွယ်၊ ငါက မင်းထက်လည်တယ်၊ မင်းထက် အတွေ့အကြုံရှိတယ်၊ ဘယ်ရမလဲ"

"အင်း. . . ဒါပေမယ့် ဒီကိစ္စ အေးနေလို့တော့ မဖြစ်တော့ဘူး"

ခြေတစ်ဘက်သာရှိစေကာမူ ဤကမ္ဘာပေါ်မှာ ဦးရဲသွေးရှိနေသမျှ ပြဿနာသည် မအေးနိုင်။





"ခင်ဗျားရဲ့ နောက်ဆုံးအချိန်တာ နီးကပ်နေပါပြီ ကိုရဲသွေး"

"ကျုပ်မှာထားတဲ့ ကြီးငွေလည်း မကြာခင် ရောက်လာတော့မှာပါ"

"ထူးသာ သွားခေါ်နေပါပြီလေ"

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ၁၈ ။

ဟိမဝန္တာ၊ မဟာဂနိုင်၊ မြိုင်၏အလယ် ငါးဆယ် ယူဇနာ၊ အတာကျယ်ပြော၊ ဘောဂနှစ်ဆယ့် ခြောက်ရပ်၊ တောင်ထပ်ခုနစ်ဆင့်၊ နိမ့်မြင့်ရပတ်၊ လွန်ထူးမြတ်သော၊ ဆဒ္ဒန်အိုင်ကြီး၏၊ အနောက် မျက်နှာ၊ သိင်္ဂါမင်းစံ၊ အလျှံပြိုးပြိုး၊ တစ်ဆယ့်နှစ် ယူဇနာရှိသော ရွှေဂူ၌. . .

◇ ◇ ◇

ခြောက်ထပ်သော တောင်ငယ် ပီတ်ကွယ်ကာဆီး တောကြီးလည်းဆယ့်တစ်တန် အားလုံးကိုလွန်မိမှ ဆဒ္ဒအိုင်မြတ်. . .

◇ ◇ ◇





တမွှတ်စွင့်စွင့်၊ ပင်လုံးပွင့်သော အင်ကြင်းပင်ပျို၊ မြရွက်ညိုညို၊ ရိပ်ခိုရပ်တဲ့၊ ယှုယန္တ၍. . .

◇ ◇ ◇

ဘဝဟောင်းက ငယ်ပေါင်းပီပီ၊ လည်ချင်းမှီ၍၊ နှုရဏီခိုင်၊ အင်ကြင်းမြိုင်နှင့်၊ မြစိုင်ပညောင် ရွှေဂူချောင်မှာ ဆွေမောင်နှင့်မယ်၊ ကျီစယ်သမှု ပန်းခိုင်လူ၍၊ ကယုကယင်၊ ချစ်တဲ့တင်လျက်. . . သခင်သက်နှင်း၊ ဆဒ္ဒန်မင်းသည်၊ ပြုပြင်းသော ထွေ၊ ဥတုနွေ၌ ရေမှလာသော်၊ စွေမွှေ့ညက် ပန်းရက်ရောပြွန်၊ လေညင်းခံ၍ စံတော်မူရာ အရပ်တည်း။

တမ္ဘာ့အံ့ဖွယ်ဝင် ဖြစ်နိုင်လောက်သော. . .

"ဆဒ္ဒန်ဂူ"

ကို လှမ်းမြင်လိုက်ရသည်နှင့်ပင် ငယ်စဉ်က သင်ခဲ့၊ ကြားခဲ့၊ အလွတ်ကျက်ခဲ့ဖူးသော. . .

"ဦးပုည၏ ဆဒ္ဒန်ဆင်မင်း ဝတ္ထု"မှ ထိမိလှပ နှုမွတ် ချောပြေသော အဖွဲ့အနွဲ့များကို ရင်တွင်းမှာ ပြန်လည် သတိရစွာဖြင့် ရွတ်ဆိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းဘဝက နေခဲ့သော ဂူဟု အယုံအကြည်ရှိကြသော ဆဒ္ဒန်ဂူ။

ဤဂူ၌ ဘုရားအလောင်း ဆင်မင်းသည် မိဖုရား မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါနှင့်အတူ ဆင်ပေါင်း ရှစ်ထောင်ဖြင့် နေခဲ့ဖူးသည်။

ခါချဉ်ပါသော အင်ကြင်းပန်းကို ပေးမိ၍ စူဠသုဘဒ္ဒါက ရန်ငြိုးဖွဲ့ကာ မုန်းဆုပန်၍ သေခဲ့သည်။

သူဆုပန်သည့်အတိုင်း မဒ္ဒရာဇ်မင်းကြီး၏ သမီးတော်၊ ဗာရာဏသီမင်းကြီး၏ မိဖုရားဖြစ်ပြီး ဇာတိဿရဉာဏ် ရသဖြင့် လာခဲ့ရာ ဘဝဟောင်းကို လှမ်း၍ မြင်နိုင်သည်။

သုဘဒ္ဒါသည် အချစ်ကြီး၍ အငြိုးကြီးဖွဲ့လျက် သောနုတ္တိုရ်မုဆိုးအား ဆဒ္ဒန်ဆင်မင်းကိုသတ်၍ အစွယ်ကိုဖြတ်ခဲ့ရန် စေခိုင်းလိုက်သည်။

တော အထပ်ထပ် တောင် အသွယ်သွယ်ကို ဖြတ်ပြီး သောနုတ္တိုရ်က ဂူအတွင်းမှ ဆဒ္ဒန်ဆင်မင်းကိုယ်တိုင် သူ့အစွယ်ကို ဖြတ်ပေးပြီးမှ သေဆုံးသွားရှာသည်။

သောနုတ္တိုရ်မုဆိုးသည် အစွယ်များကို ပွေ့ပိုက်လျက် ပြန်လာပြီး သုဘဒ္ဒါအား ဆက်သ၍ ဆဒ္ဒန်ဆင်မင်းကိုယ်တိုင် ဖြတ်၍ ပေးလိုက်ပြီးနောက် သောနုတ္တိုရ်အား မှာကြားသည့် အခန်းကို ရင်နင့်စဖွယ် ဦးပုည ဖွဲ့ခဲ့သည်မှာ. . .

တောဟေမာချောင်၊ အိုင်သာခေါင်တွင်၊
ငွေတောင်ကြီးအသွင်၊ ခင်မလင်ကို၊ အရှင်





လတ်လတ် သင်သေစေ၍ သတ်ခဲ့ပြီ။

စွယ်တော်မြတ်နှစ်ချောင်း၊ ခြောက်ရောင်မောင်း ကိုလည်း ရှင်းဆင်ကြီးမသေခင် ဖြတ်လှီး၍ သွေးစီးသံထွက် နာကျင်ဗျာနှိပ်စက်၍ အသက်ဆုံးစေခဲ့ပါပြီ။

ဤစွယ်စုံကို ရွှေဘုံသူ့မှန်ကူ သုံးရက်တော်မူသေးလျှင် ရန့်သူ၏အစွယ်ကို ရွှေလက်ဝယ် သပါမည်။

အားရစိတ်ရှင် ကျေနပ်အောင် စိရင်၍ ပြုချင်တိုင်း ပြုတော်မူပါတော့ဘုရားဟု. . .

မောင်မင်းသခင် မုန်းပင်စိုက်ပျိုး ပြေချိန်တန့်၍မှ မပြေငြိုးတတ်သည့် မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးကို ငါမှာတိုင်း ပြောပါလေ. . .

ရွှေသုံးရံခြယ်၊ ကြာရိုပ်လယ်မှာ၊ ရယ်ကာမောကာ၊ မျက်နှာငွေလ ရွှင်ပပနှင့်၊ ခင်မ ဝမ်းမြောက်ပါလေတော့. . .

မြားအိပ်မှူး၍၊ တောင်လူးမြောက်လည်း၊ နာကြည်းဝေဒနာ မချိရာက၊ မှာတော်မူလိုက်သည်. . .

ဟူသော ဆဒ္ဒန်ဆင်မင်း၏ အမှာစကားများကို ကြားရပြီးချိန်မှာ သုဘဒ္ဒါမိဖုရားသည် အစွယ်ကိုပိုက်လျက် ရင်ကွဲနာနှင့်



www.burmeseclassic.com

www.burmeseclassic.com



နတ်ရွာစံသည်။

ဤဇာတ်လမ်းကို ဦးပုည၏ တဗျာကာရန်အတိုင်း ရွတ်ဆို၍ ရေဒီယိုဇာတ်လမ်း လာဖူးသည်ကိုလည်း မမေ့နိုင်. . .

"ဆဒ္ဒန်အိုင်"

ဆဒ္ဒန်ဂူရှိရာ ကျောက်တောင်ကြီး၏ရှေ့မှာ အတော်လေးကျယ်သော ရေအိုင်တစ်ခု. . .

ဤဆဒ္ဒအိုင်နှင့် ဆဒ္ဒန်ဂူသည် ဖွဲ့ကာပင်တောင်ကြီး၏ တောင်ဘက်အစွန်းဆုံး တောင်စွယ်ကြီးဖြစ်၏။

ဘားအံမှ ဆယ့်ငါးမိုင်အကွာတွင် တည်ရှိသည်။

ဘားအံ၊ နောင်လုံ၊ အိန္ဒြူဘက်လမ်းမှလာလျှင် ဘုန်းကြီးကျောင်းဇရပ်နှင့် ဂူဝတွင် စေတီတို့ရှိရာဘက်ကို ရောက်မည်။

ယခု. . .

နန်းဝေဝေတို့အဖွဲ့သည် ဘားအံ၊ ပိုင်ရန်းလမ်းဘက်မှ လာ၍ ဂူ၏ အခြားဘက်ဖြစ်သော ဆဒ္ဒန်အိုင်ရှိရာဘက်ကို ရောက်နေကြသည်။

ဤဆဒ္ဒန်ဂူသည် တောင်ပိုင်းရှမ်းပြည်မှ ဝင်းတယနှင့် မုံတဝဂူများလို ဝင်လာသည့်ဘက်ကို ပြန်ထွက်ရသော ဂူမျိုး မဟုတ်. . .

သည်ဘက်ဂူဝမှ ဟိုဘက်ဂူဝသို့ တိုင်အောင် ပေ တစ်ထောင်ခန့် ရှည်လျားသော ထူးတ်ချင်းပေါက် ဂူထူးဂူဆန်းကြီး ဖြစ်ပါပေသည်။

ဘားအံမှ ကားနှင့်လာကြပြီး တားလမ်းဆုံး "သီတာ





ဝရိုးရွာ"မှာ ကားအပ်ခဲ့ပြီး လယ်ကွင်းပြင်နှင့် ကန်သင်းရိုးများ အတိုင်း သုံးမိုင်မျှလောက် လမ်းလျှောက်ပြီးမှ ဆဒ္ဒန်အိုင်အနီးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

ဒေါက်တာနေမင်းထက်၏ လူနာ ဖြစ်ခဲ့ဖူးသော ဒေါ်သီတာ မိသားစုက လိုက်ပို့ခြင်းဖြစ်၍ လူကြီးများအတွက် နွားလှည်းငှားရသည်။

နွေမို့သာ ရိုးပြတ်လယ်တောတွင်းမှ နွားလှည်းမောင်း၍ ရနေခြင်းဖြစ်ပေသည်။

တကယ့်ကို တောအဆင့်ဆင့်၊ တောင်အထပ်ထပ်တို့ အလယ်မှာ ရှိနေသော ဆဒ္ဒန်ဂူ. . .

လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမည်၊ လုံခြုံရေး အတွက်လည်း စိတ်ချရမည်ဆိုပါလျှင်. . .

ကမ္ဘာလှည့်ခရီးသည်တို့ပင် ရင်သပ်ရှုမော အံ့သြရမည့် သဘာဝကျောက်လိုဏ်ဂူကြီးတစ်ခု ဖြစ်ပါ၏။

"နန်းဝေ၊ ကိုယ့်လက်ကိုကိုင်ပြီး လှေပေါ်ကို ဖြည်းဖြည်း ဆင်း၊ ဟုတ်ပြီ၊ ငြိမ်ငြိမ်ရပ်နော်၊ လှေက လူးနေတယ်"

သစ်တစ်ပင်၊ သစ်တစ်လုံးကို ထွင်းထားသည့် လှေပေါ်မှာ နန်းဝေဝေနှင့် ဒေါက်တာနေမင်းထက်. . .

လှေက လှော်ခတ်ပေးသူနှင့်ပါမှ သုံးယောက်ထက် ပိုစီး၍မရ. . .

လှေသေး၍ အလေးချိန်များလျှင် မြုပ်သွားနိုင်သည်။

အတော်လေးကျယ်သော အိုင်ပေါ်မှ လှေစီး၍ သွားနေဆဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"မော့ကြည့်လိုက်စမ်းနှန်းဝေ၊ ဆဒ္ဒန်ဂူကြီးရဲ့ အပေါ်ဘက် တောင်ကြီးပေါ်မှာ ထရုတ်စံတားပန်းတွေ ပွင့်နေတာ မြေးလို့ နော်"

"ဟာ. . . ဟုတ်ပါရဲ့. . . လှလိုက်တာ၊ သာယာလိုက် တာ၊ အေးချမ်းလိုက်တာနော်"

"နှန်းဝေဝေ သဘောကျနေတယ်လား၊"

"ကျတာပေါ့၊ ရှောက်ဖို့ သိပ်ခက်ခဲတဲ့နေရာကို ခေါ်လာ လို့ ကိုနေမင်းထက်ကို နှန်းဝေ ကျေးဇူးတင်ပါတယ်"

"ကိုယ်ကလည်း စီစဉ်ပေးတဲ့ ဒေါ်သီတာတို့ကို ကျေးဇူး တင်ရမှာပါ"

"သွားတဲ့လူလည်း တစ်ယောက်မှ မရှိဘူးနော်၊ ကြောက် စရာကြီး"

"အစွန်အဖျားလည်းဖြစ်၊ တောထဲတောင်ထဲလည်းဖြစ်လို့ လုံခြုံရေးကလည်း စိတ်မချရဘူး"

"ဟင်. . ."

"ဒါပေမယ့် မကြောက်ပါနဲ့ နှန်းဝေ၊ ကိုယ်ရှိနေပါတယ် ကိုယ်ကတော့ နှန်းဝေနဲ့ အတူရှိခွင့်ရနေချိန်မှာ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရဲပါတယ်"

နှန်းဝေဝေမှာ ရှက်ရွံ့သည့်မျက်နှာကို ကွယ်စရာနေရာ မရှိ။

သစ်ထွင်းလှေငယ်လေးပေါ်တွင် အနီးကပ် မျက်နှာချင်း ဆိုင်. . .

စိမ်းနေသော သစ်ပင်များကြားမှာ ဖွေးဆွတ်နေသော





တရုတ်စံကားပွင့်များ. . . အညိုရောင် ကျောက်တောင် ပုံပုံကြီး နှင့် စိမ်းလဲ့ကြည်နေသော ဆဒ္ဒန်အိုင်သာ. . .

စသော သဘာဝအလှအပများစွာကို နောက်ခံထား လျက် အလှဆုံးချစ်သူ၏ ရုပ်လွှာကို အနီးကပ် ကြည့်နေခွင့်ရ သော ဒေါက်တာနေမင်းထက်. . .

"နှန်းဝေ"

"ဟင်. . ."

အချစ်ရင်ဖြင့်သာ ခေါ်မိသည်။ ပြောစရာစကားလုံး မရှိ. . .

ရင်၌ ချစ်ခြင်းတို့ ထုံမွမ်းပြည့်ကျပ်နေ၍ ပြောစရာစကား များ မထွက်နိုင်ခြင်းလား. . .

နှန်းဝေဝေသည်လည်း ငုံ့ထားသော ခေါင်းလေး ငုံ့စောင်း လျက် လက်တစ်ဘက်က ရေထဲချပြီး ရေကြည်များကို ဆော့ ကစားနေမိသည်။

နှန်းဝေဝေလည်း အနေကျဉ်းကျပ်ပါ၏။

ကိုယ့်ကို ချစ်နေပါသည်ဟု ပွင့်လင်းစွာ ပြောထားသူ၏ ရှေ့မှောက်မှာ အနေရခက် အထိုင်ရခက်။

ကိုယ့်ကို ချစ်နေပါလားဟု မသိရသေးသော စောတုန်းသာ ၏ ရှေ့မှာ နှန်းဝေဝေ အနေမကျုံ့ပါ။

"ခေါင်းငုံ့ကြနော်"

ကွမ်းတော့ငုံ့လျက် ကာရင်သံဝဲဝဲနှင့် လှေသမားကြီး 'ဖထီး' ၏ စကားသံက စေတနာပါလှသလို မျက်နှာကလည်း ချစ်စရာ ကောင်းလောက်အောင် ပြုံးနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရင်လူမျိုးတို့သည် ရိုးသားသည်၊ ပွင့်လင်းသည် အားနာခြင်း ကင်းသည်။ အမှန်တရားကို မြတ်နိုး၍ အထူးသစ္စာရှိလှသဖြင့် အလွန်ချစ်စရာကောင်းသော ပြည်ထောင်စုသားချင်းများ ဖြစ်ကြပါသည်။

နန်းဝေဝေရင်ထဲမှာ ကရင်လူမျိုးကို ချစ်မြတ်နိုးစိတ်ဝင်နေ၍ ဖထီးကို လှမ်းကြည့်တာ ရှင်းနှီးစွာဖြင့်. . .

"ရေပေါ်မှာ ဘာလို့ ခေါင်းငုံ့ရမှာလဲ ဖထီးရဲ့"

"မိန်းတလေးနောက်မှာ လှဲကြည့်လေ"

ဟထိုးသံမပါသော ဖထီး၏စကားကြောင့် နောက်ခိုင်းထားရာ အရပ်သို့ လှည့်ကြည့်လိုက်ရာ. . .

"ဟာ"

ရေပြင်အထက်မှာ ကျောက်လိုဏ်ခေါင်းကြီး။

"ဟင်. . . အဲဒီထဲဝင်ရမှာလား"

ကျောက်တောင်ကြီး၏အောက်မှာ ကျောက်သွယ်ကျောက်ခက်များ သွယ်တန်းနေသော်လည်း ဟိုတစ်ဘက်ကိုထွက်သွား၍ ရအောင် ဟောင်းလောင်းပေါက်ကြီး ဖြစ်နေသည်။

ရေလမ်းခရီးဖြင့်သာ သွားရမည့် ရေပြင်ကြီးကို ခြင်ရ၍. . .

"ဆဒ္ဒန်ဂူဆိုတာ ဒါလားဟင်"

"မဟုတ်ဘူးလေ နန်းဝေဝေရယ်။ ဒါက ရေကန်ပဲ၊ ဟိုတုန်းကတော့ ဆဒ္ဒန်အိုင်ဆိုတဲ့ နေရာ ဖြစ်တောင်းလိမ့်မယ်ထင်ပါရဲ့၊ ခေါင်းငုံ့နော်"





ဒေါက်တာနေမင်းထက်က နန်းဝေဝေ၏ ပခုံးလေးကို ကိုင်၍ နှိမ့်ပေးလိုက်သည်။

ပန်းဆိုင်းပန်းခက်လို သွယ်တန်းနေသော ကျောက်စွန်းတစ်ခုနှင့် သီသီလေး လွတ်သွားရသည်။

"အို. . . အေးစိမ့်နေတာပဲ"

အလာတုန်းက နားခဲ့ကြသည့် ရေတံခွန်တောင်မှာလည်း ကျောက်လိုဏ်ခေါင်းငယ်တစ်ခုကို တွေ့ရသည်။ လူသုံးလေးယောက်သာ ထိုင်လို့ရသော ကျောက်တုံးကျောက်ဆောင်အလယ်မှ ရေအိုင်ငယ်၊ ဘယ်အရပ်ကလေတွေ တိုက်ခတ်လာသည်မသိ။ အပြင်နှင့် ရာသီဥတုတစ်ခု ပြောင်းသွားသလိုပင် ခံစားခဲ့ရပြီးပါပြီ။

ဘားအံမြို့သူမြို့သားတို့ အပန်းဖြေ နားနေစခန်းဖြစ်သော ရေတံခွန်နေရာကဲ့သို့ပင်။

ယခု ဆဒ္ဒအိုင် လိုဏ်ဂူမှာ ရုန့်တုန်မှ သမ္မတရဲ့ အင်းလျားလိတ်ဟိုတယ် စသော အဲယားကွန်းဒီးရှင်း တပ်ထားသည့်အထဲကို ဝင်လိုက်ရသည်နှင့် ထပ်တူထပ်မျှ ပါပင်။

"ဒီဘက်တွေကျတော့ မတ်တတ်ရပ်လို့တောင်ရတယ်"

အောက်မှာ ရေပြင်၊ ဘေးနှင့်အပေါ်မှာ ကျောက်ဂူကြီးမို့ ျမ်းအေးစိမ့်ဖြာ သွားရခြင်းပါ၊

"ဟိုဘက်သွားရင် ဘယ်ရောက်လဲ ဖထီး"

"ဘယ်မှမရောက်ဘူး၊ ရေအိုင်ပဲ"

အရှင်းဆုံးဖြေပြီး တစ်ဘက်ထိပ်အရောက်မှာ ရေပြင်ပြန့် ဖတ်သို့ ဆက်မသွားတော့ဘဲ. . .



www.burmeseclassic.com

www.burmeseclassic.com



လာလမ်းအတိုင်း လှေကို တွေ့ရသည်မှာ ခက်ခဲသော်လည်း ကျွမ်းကျင်စွာ တွေ့လျက် ပြန်ထွက်လာခဲ့ကြသည်။

ရေအိုင်ကိုဖြတ်လျက် တျောက်တောင်မြင့်မြင့်ကြီး၏အောက်ခြေရှိ ကမ်းစပ်ပေါ်သို့ နှန်းဝေဝေ၏လက်ကို ဆွဲလျက် ဒေါက်တာနေမင်းထက်က တွဲယူကာတက်ခဲ့စေသည်။

"ရော့. . . ဆရာတို့က လက်နှိပ်ဓာတ်မီးယူကြ ကျွန်မတို့အဖွဲ့က မီးတုတ်နဲ့သွားနှင့်မယ်"

လိုက်ပို့သူ ဒေါ်သီတာက စီစဉ်ပြီး သူတို့အုပ်စုက အလျှင်ဝင်သွားနှင့်ကြတော့သည်။

"ကိုနေမင်းထက်၊ ဒီဆဒ္ဒန်ဂူထဲကို ရောက်ဖူးလားဟင်"

"တစ်ခေါက်တော့ ရောက်ဖူးပြီ"

"ဖထီးကို ခေါ်သွားရအောင်လေ"

နှစ်ယောက်တည်း သွားချင်သော်လည်း လမ်းခကျွမ်းလျှင် အခက်တွေ့မည်စိုးရိမ်၍ ဒေါက်တာနေမင်းထက်က လိုက်လျောရပေသည်။

"လိုက်ဆို လိုက်ကာပေါ့ကွယ်၊ ဂူက အကျယ်ကြီး၊ လမ်းမှားသွားတတ်တယ်"

ဖထီးက သူ့လှေကိုချည်၍ ကွမ်းထုပ်ကိုယူရန် ပြင်ဆင်နေချိန်တွင်. . .

"ကိုယ်တော့ သိပ်ပျော်နေတယ် နှန်းဝေရယ်"

"ဒီနေရာက ရောက်ခဲ့တယ်လေ၊ မြန်မာပြည်ရဲ့ အံ့ဖွယ်တစ်ပါးလည်း ဖြစ်ပါတယ်"

"အဲဒီနေရာ ရောက်ရလို့လည်း ပျော်တယ်၊ နှန်းဝေ





သွားခွင့်ရတဲ့အတွက်လည်း ပိုပြီးပျော်တယ်"

သူ့ စကားကို မကျေနပ်ခြင်း မဖြစ်မိပါ။

စကားဖြင့် မတုံ့ပြန်ဖြစ်ပါသော်လည်း အပြုံးဖြင့် တုံ့ပြန်ဖြစ်ပါ၏။

"နှန်းဝေရော ပျော်လားဟင်"

"ဒီလာရတဲ့အတွက်တော့ ပျော်ပါတယ်၊ ဒါပေမယ့် နှန်းဝေရဲ့ဘဝက ပျော်စရာမကောင်းသေးဘူးလေ၊ ဖေဖေနဲ့ တွေ့ခွင့်ရမှ ပြည့်ပြည့်ဝဝ ပျော်နိုင်မှာပါ"

ဒေါက်တာနေမင်းထက်၏ အပျော်လေး လွင့်သွားရလေပြီ။

ဦးရဲသွေး သေဆုံးသွားပြီဖြစ်ကြောင်း ဦးမြတ်သာ ပြောထားသည့်အတိုင်း လက်ခံယုံကြည်ထားသူဖြစ်သည်။

နှန်းဝေဝေကို မပြောရက်သေးသော်လည်း သိလာသော တစ်နေ့မှာ ပရိဒေဝ တောက်လောင်ရရှာတော့မည့် နှန်းဝေဝေလေးကို ကြိုတင်၍ ကြင်နာနေမိသည်။

"တိုင်း. . . သွားစို့"

ဖထီး ဦးဆောင်သည့်နောက်မှ လိုက်ခဲ့ကြရပါပြီ။

နှန်းဝေဝေတို့ ဝင်ကြမည့်ဂူ၏ အနောက်ဘက်အပေါက်တွင် ဇရပ်၊ ဘုန်းကြီးကျောင်း၊ စေတီ စသည်တို့ ဟိုဘက်ပေါက်မှာလို့မရှိ. . .

သွားလာရန် ခက်ခဲပြီး လူလာကျဲသည့်ဘက်ပါ။

နှန်းဝေဝေမှာ ရုပ်ရှင်မင်းသမီးတစ်ယောက်လို ဟိုမင်းသားနှင့်တွဲလိုက်၊ သည်မင်းသားနှင့်တွဲလိုက် ဖြစ်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဇွဲကပင်တောင်သို့ တက်စဉ်က စောထူးသာနှင့်. . .

ဆဒ္ဒန်ဂူသို့မူ ဒေါက်တာနေမင်းထက်နှင့်. . .

ဇွဲကပင်တောင်သို့ တက်သည့်နေ့က စောထူးသာကို ရိုးသားစိတ်နှင့် ခင်မင်ရင်းနှီးစွာ ခိုတွဲ၍ တက်ခဲ့ရစဉ်က ပန်းဟိုက်နွမ်းလျှမှုကိုသာ ခံစားခဲ့ရသည်။ ထို့င်၍ နှုးလိုက်တော့လည်း နှလုံးခုန်နှုန်းက ပြန်လည်ငြိမ်သက်သွားရသည်။

ယခု ဒေါက်တာနေမင်းထက်နှင့် ယှဉ်တွဲသွားရချိန်မှာ ခရီးမပန်းသေးပါဘဲလျက် မောဟိုက်သလို ရင်ထဲမှာ ခံစားနေရသည်။ ရင်ခုန်နှုန်းလည်း မြန်နေ၏။

သူ့လက်ကိုတွဲ၍ မသွားရဲသလိုလည်း ဖြစ်မိသည်။

ကြောက်ရွံ့ရှက်လန့်ခြင်းလည်း ဖြစ်၏။

ကြည်နူးခြင်းလည်း ရင်မှာ ဖြစ်ထွန်းမိသည်တော့ အမှန်ပါ။

ဆန့်ကျင်ဘက် ခံစားမှုများနှင့်အတူ ဒေါက်တာနေမင်းထက်၏ လက်ကို တွဲဆက်လျက် ဆဒ္ဒန်ဂူကြီးအတွင်းသို့ ဝင်ရောက်ခဲ့ကြပါပြီ. . .။

ဖယောင်းတိုင် အကြီးကြီးများကို မီးထွန်းထားသည့်အခါ ဖယောင်းရည်တွေ ပျော်ကျပြီးမှ ခြောက်မာသွားသည်ကို မြင်ဖူးကြပါလိမ့်မည်။

အဲသည့်အတိုင်းပါပင်၊ ကျောက်သွယ်ကျောက်ဆွယ်များ သည် ယခုပင် ပျော်ကျနေသည့်သဖွယ် အသွယ်သွယ် ကျနေ ကြသည်။

တောင်နံရံမှာချည်းမဟုတ်. . .





ဘေးမှာ၊ အလယ်မှာ သွယ်ဆင်းနေသဖြင့် လက်နှင့် ဆိုးယှူလျှင်ပင် ရနိုင်လောက်ပါ၏။

"ပန်းစုငွေဝတ်၊ စိန်ထွက်ပုလဲ ပန်းဆိုင်းဆွဲသကဲ့သို့၊ တွဲရ၍၊ စီရရီ"

ဆိုသည့်အတိုင်း ကျောက်သားကျောက်စိုင်တို့သည် ပန်းဆွဲပန်းခက်များသဖွယ် ပုံစံအမျိုးမျိုးနှင့် သွယ်ကျနေကြပေသည်။

ဂူအမြင့်ဆုံးနေရာမှာ ပေ ၁၀၀ ခန့်ရှိပြီး အနိမ့်ဆုံးနေရာမှာတော့ လေးဘက်ထောက်၍ ဝင်ရသည်။

ဂူ၏အကျယ်မှာ ပေ ၁၀၀ ခန့် ဖြစ်သော်လည်း ကျဉ်းသည့်နေရာများ မကြာခဏ ကြုံရသည်။

ဂူကြီး၏ ဟိုဘက်ထိပ်မှ သည်ဘက်ထိပ်အထိ အရှည်မှာ ပေပေါင်း ၁၀၀၀ ရှိလေသည်။

"အို. . . မှောင်လိုက်တာ မည်းလို့ပဲ"

ဂူဝမှ ဝင်လာပြီး ပေတစ်ရာလောက်အရောက်မှာပင် ဂူဝမှ ဝင်လာသော အလင်းရောင်တို့ ဆက်လက်မထိုးဖောက်နိုင်တော့။

"လာကြ၊ ဒီဘက်လမ်းကို အဘမီးပြပေးမယ်"

ဖထီးလက်မှ မီးတုတ်ငယ်ကို မထွန်းညှိမီမှာ တွေ့ရသော အမှောင်သည်. . .

တကယ့်ကို ပိန်းပိတ်နေ၏၊

တွယ်မမြင်ရသော လမိုက်ညလည်း သည်လောက် မှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာအလင်းရောင်မှ မရှိသည့်တိုင် ကိုယ့်ကိုယ်တော့ ကိုယ်ပြန်တွေ့နိုင်သည်ချည်းပါ။

ယခုအမှောင်က ဘာဆိုဘာမှမမြင်ရသည့် တကယ့်ကို ပိန်းပိတ်အောင် မှောင်နေသည့် အမှောင်ကြီးပါလား။

"မှောင်လိုက်တာ မည်းလို့ဆိုတာ တကယ့်ကိုပဲနော်၊ မည်းပိတ်နေတာပဲ၊ ဒီလောက်မှောင်တဲ့နေရာမျိုး ဒီကမ္ဘာပေါ်မှာ ရှိနေမှန်းတောင် မသိဘူး"

ဒေါက်တာနေမင်းထက်က နန်းဝေဝေ၏လက်ကိုပို၍ တင်းကျပ်အောင် ဆုပ်ကိုင်ပြီး. . .

"အောက်မှာလည်း ရေတွေက စိမ့်နေတယ်၊ ကျောက်တုံး ကျောက်သားတွေကလည်း မညီဘူး၊ ကိုယ့်လက်ကို မြဲမြဲ တွဲထားနော် နန်းဝေ"

"ဟုတ်ကဲ့ ကိုနေမင်းထက်"

ဖွဲ့ကပင်တက်စဉ်က စောထူးသာကို အဓောရင်ကြောင့် တွဲရသည်။

ဆဒ္ဒန်ဂူဝင်ရတော့ အကြောက်ရင်ဖြင့် ဒေါက်တာနေမင်း ထက်ကို တွဲရသည်။

မချော်အောင် မနည်းခြေကုတ်ရင်း ဖထီး၏ မီးရောင်ကို အားပြုကာ လိုက်ရပါ၏။

"ဒီနေရာ အတက်သိပ်ခက်တယ်၊ သတိထားကြနော်"

ကျောက်တုံးကျောက်ဆောင်များ ဆင့်ထပ်နေပြီး လူ တစ်ယောက်ထိုင်၍ မလွတ်သဖြင့် လေးဘက်ထောက်ပြီး တွားသွားရသော ဂူတွင်း ခရီးကြမ်း။





"ဘေးတွေအပေါ်တွေ မော့ကြည့်လိုက်ကြစမ်း၊ ဟဲဒါ စိန်တောင်ခေါ်တယ်"

"ဟယ်. . . ဟုတ်ပါရဲ့၊ ပြိုးပြိုးပြက်ပြက်နဲ့၊ စိန်ရောင်လို လက်နေတယ်နော်၊ အဲဒါ ဘာတွေလဲ ဖထီး"

"ငါလည်း မပြောတတ်ဘူးကွယ်၊ သူ့သဘာဝက ဒီလိုပဲ လေ"

ဖထီးလည်းမသိ၊ ဆရာဝန်လည်းမသိ၊ ဆရာမလည်းမသိ သော ကျောက်တောင်မှ ရောင်စဉ်များ။

ဘူမိဗေဒသမားများတော့ သိနိုင်ကောင်းပါရဲ့။

ဒါပေမယ့် ဒီနေရာကိုလာဖို့၊ လေ့လာဖို့ အချိန်ယူ၍ ပုတ်တမ်းတင်ဖို့ ကိစ္စများက မလွယ်ကူနိုင်။

"ဟာ. . . မီးသေသွားပြီ"

ဖထီး၏ အသံနှင့်အတူ ပိန်းပိတ်မည်းအောင် မှောင်ကြီး ကျသွားခဲ့လေပြီ၊ ဘာဆိုဘာမှကို မမြင်နိုင်တော့ပါ။

ဒေါ်သီတာတို့ ပေးလိုက်သော လက်နှိပ်ဓာတ်မီးကလည်း လုံးဝမလင်း။ လင်းသည့်တိုင် ဤအမှောင်ထုကြီးကိုတော့ ထွင်းဖောက်နိုင်မယ် မထင်။

"နန်းဝေ"

အသံလှိုင်းသည် နားစည်နှင့် နီးကပ်လှချေသည်။

ဖထီးမကြားသာအောင် တိုးတိမ်သောအသံဖြင့်. . .

"အမှောင်ထဲမှာ အခွင့်အရေးယူတယ် မထင်ပါနဲ့ နန်းဝေ ရယ်၊ နန်းဝေ ရှက်နေမှာစိုးလို့ ဘာမှမမြင်ရတဲ့အရပ်မှာ နေရ တုန်း ပြောပါရစေ၊ နန်းဝေကို ကိုယ်သိပ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

"နန်းဝေကိုလေ အလျှင်ကတည်းကလည်း ချစ်ခဲ့တယ် အခုလည်း သိပ်ချစ်တယ်၊ နောင်လည်း အသက်နဲ့အမျှ ချစ်နေမှာပါ နန်းဝေ"

"မှောင်ကြီးထဲမှာကွယ်၊ ဖထီးကြားသွားရင်လည်း မကောင်းပါဘူး"

"မကြားနိုင်ပါဘူး အချစ်ရယ်၊ ကိုယ့်အချစ်ကို လက်ခံမယ် မဟုတ်လားဟင်"

"ကိုနေမင်းထက်"

"ပြောပါ နန်းဝေ"

ချစ်ခွင့်ပန်နေသူ၏လက်ကိုပင် ဆုပ်ကိုင်ထားရသည့် အဖြစ်ပါလား။

"နပ်စ်လောကမှာ ဆရာဝန်ကို မုန်းကြတဲ့သူတွေ အများကြီးပါ၊ ခုလို နန်းဝေတို့ ပရိုပို့စ်လုပ်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နန်းဝေ တစ်ခုတောင်းပန်ပါရစေ"

"ဘာများလဲ နန်းဝေ"

"နန်းဝေ လာရင်းကိစ္စဖြစ်တဲ့ ဖေဖေ့ကို မတွေ့ရမချင်း အဲဒါတွေကို မစဉ်းစားပါနဲ့လို့ တောင်းပန်ပါရစေနော်"

"ကောင်းပါပြီ နန်းဝေ၊ တစ်ခုတော့ မေးပါရစေ"

"ဟုတ်ကဲ့"

"ခုလိုနေရာကြီးမှာ ပြောတဲ့အတွက် နန်းဝေ ကိုယ့်ကို မုန်းသွားလားဟင်"

"မမုန်းပါဘူး။ ဒါပေမယ့် နန်းဝေတို့ နောက်ထပ်ဘာမှ





မပြောပါနဲ့တော့နော်"

"ကောင်းပါပြီဗျာ၊ ကိုယ်သိပ်ချစ်ရတဲ့ နန်းဝေရဲ့ ဆန္ဒအတိုင်း ကိုယ်နေပါ့မယ်"

နှလုံးသားမှလာသော စေတနာစကားနှင့်အတူ နန်းဝေဝေ၏ လက်ကလေးကို မြတ်နိုးစွာ ဖျစ်ညှစ်လိုက်ချိန်မှာ. . .

မီးရောင်ဝင်းခနဲ လင်းလာသည်။

"ဆက်သွားကြစို့"

ဖထီး၏ မီးတုတ်နောက်မှ လက်တွဲလျက်ပင် လိုက်ခဲ့ကြရသည်။

"ဟာ. . . ရောက်တော့မယ်"

မျက်စိတစ်ဆုံးနေရာလောက်မှာ အဖြူကွက်ကလေးတစ်ကွက်။

"အလင်းရောင်၏ အစွန်းအစလေး"

ကမ္ဘာဦးလူသားတို့ နေကို မြင်ရချိန်မှာ ဝမ်းသာလွန်းစွာ ခုန်ကြသည် ဆိုခြင်းမှာ ဟုတ်နိုင်ပါသည်။

ခေတ္တမျှ အမှောင်တွင်း၌ ရောက်နေရချိန်မှာ မြင်ရသော "အလင်း"သည် စိတ်ခွန်အားကို ပြည့်ဖြိုးဖြစ်ထွန်းစေပါသတည်း။

"ဖထီးရှေ့မှာ လင်းနေပြီ၊ ဂူပေါက် ရောက်တော့မှာပေါ့နော်"

"အဲဒါမှ ဂူရဲ့တစ်ဝက်ပဲ ရှိသေးတယ်"

"ဟင်"

"အဲဒါ မုဆိုးဝင်လမ်းလို့ခေါ်တဲ့ ကောင်းကင်ပေါက်ကြီးပဲ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားကျောက်ဆောင်ကြီး၏ အလယ်မှာ အပေါက်ကြီးဖြစ်နေသည်မှာ အံ့ဩစရာ ကောင်းလွန်းလှပါလား

သောနုတ္တိုရ်မှုဆိုးသည် ဆဒ္ဒန်ဆင်မင်းအား ဂူအောက်မှ မြားနှင့် ပစ်ခဲ့ပြီးချိန်မှာ ဆင်မင်းသည် ဘယ်လိုရန်သူမျိုးပါလိမ့်ဟု သိချင်စိတ်ကြောင့် ခွာနှင့်ရှပ်ကြည့်လိုက်ရာ ဖြစ်နေသော အပေါက်ဟုလည်း ယုံကြည်သူများရှိ၏။

ဆဒ္ဒန်ဆင်မင်း၏သွေးများ ယိုစီးကျခဲ့ရာ နေရာမှာလည်း ကျောက်သွေးများအဖြစ် ထွက်လျက်ရှိနေသည်။

အပေါက်အောက် အရောက်တွင် ကောင်းကင်မှ အလင်းရောင်က ဖြာသွယ်ကျဆင်းနေ၏။ ခေတ္တမျှ ကွယ်ပျောက်သွားခဲ့သော ချစ်သူ၏မျက်နှာလေးကို ဒေါက်တာနေမင်းထက် လွမ်းဆွတ်စွာ ပြန်လည်ကြည့်မိသည်။

"တဲ့. . . ဆက်သွားကြစို့၊ ဟိုဘက်ဂူထိပ်မှာ ဘုန်းကြီးကျောင်းလည်းရှိတယ်၊ အဲဒီတော့မ နားကြ"

ချစ်စရာ ကရင်ဝဲသံနှင့် ဖထီး၏စကားအတိုင်း. . .

အခက်အခဲ အဆင်းအတက်နှင့် မညီညာသော ကျောက်ခင်းမြေများကို နင်းလျှောက်လာချိန်မှာ. . .

ကိုနေမင်းထက်၏လက်ကို ခိုင်မြဲစွာ တွဲဆက်ထားရသော နန်းဝေဝေ၏ ရင်မှာလည်း လှိုက်လှိုက်ခုန်လျက်ပါ။

ခက်ခဲပင်ပန်းလှသော လမ်းကို ရင်ခုန်ဖွယ် အတွေ့အကြုံများဖြင့် ဖြတ်သန်းလာခဲ့ရသော နန်းဝေဝေမှာ ဂုဏ်ယူသည်နှင့် နွမ်းလျလွန်းစွာ ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်မိတော့သည်။





"မောသွားပြီလား ဆရာမလေး"

"မောပေမယ့် အင်မတန် ရောက်ခဲတဲ့နေရာကို ရောက်ရလို့ လိုက်ပို့တဲ့အန်တီတို့ကို အထူးပဲ ကျေးဇူးတင်ပါတယ်"

"ဒီကရင်ပြည်နယ်မှာတော့ သွားစရာ လာစရာ ကြည့်ရှုလေ့လာစရာ သဘာဝအလှတွေ အများကြီးပါပဲလေ"

"ဟုတ်ကဲ့ ဒီဆဒ္ဒန်ဂူကတော့ အင်မတန်မှ နာမည်ကြီးတဲ့ ဂူပါပဲရှင်"

အလိုက်သင့်ပြန်ပြောပြီး ဂူထိပ်မှစေတီနှင့် ကျောင်းတော်ဆီ ကြည်ညိုစွာ ရှိခိုးမိပါ၏။

"တပည့်တော်မ၏ ဖခင်ကြီးကို အသက်ရှင်လျက် အမြန်ဆုံး တွေ့ခွင့်ရရှိပါရစေဘုရား"

တစ်ခုတည်းသော ပန်ဆုကိုသာ ပြုမိပါ၏။ ဂူပြင်မှ ဘုန်းကြီးကျောင်း အောက်ခြေနှင့် စမ်းချောင်မှာ တရုတ်စံကားပွင့်တွေ ဖွေးနေသည်။

မြင်ကွင်းတစ်ဆုံးမှာတော့ လယ်ကွင်းပြင်. . .

မိုးတွင်းဆိုလျှင်ဖြင့် ရေတွေဖွေးနေ၍ လှေနှင့် သွားရကြောင်း ကရင်ဘုန်းတော်ကြီးက ရှင်းပြပါ၏။

ဝေးဝေးဆီမှာ အိန္ဒြေရှိရာ တောတန်းညို့ညို့နှင့် မှိုင်းပျပျ တောင်တန်းကြီး. . .

"ရော့. . . နန်းဝေ"

"အို"

ရေတစ်ခွက် ခပ်ယူလာပေးသော ဒေါက်တာနေမင်းထက်. . . ရေကို လှမ်းယူသောက်ရင်း ဇွဲကပင်ဘုရားရင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



တော်မှာ. . .

"ရော့ရေ. . . နန်းဝေဝေ၊ ဖြည်းဖြည်းသောက်နော်၊ အမောဆို့သွားတတ်တယ်"

ဟူသော စောထူးသာ၏ အကြင်နာစကားကို မှုတ်ခနဲ သတိရလိုက်မိသည်။

သူတို့နှစ်ယောက်လုံးကို စိတ်မှ ပယ်ထုတ်လျက် တစ်ခု တည်းသော ဆန္ဒသာ ရှိစေရပါ၏။

"ဖခင်ကြီးကို အမြန်ဆုံး တွေ့ရပါစေသား ဆိုသော ဆန္ဒ"

ထိုနေ့က. . .

လှိုက်လှိုက်ခုန်သော ရင်ဖြင့်ပင် တစ်နေ့တာ အလည် ခရီးကို ပြီးဆုံးစေရပါ၏။

◇ ◇ ◇





အခန်း ။ ၁၉ ။

စောထူးသာ စိတ်ထင့်သွားမိသည်။

ဘာကြောင့်များ ဦးမြတ်သာသည် သူ့ကို မပြောဘဲနှင့် သူ့အိမ်သို့ ရောက်နေရပါသည်လဲ. . .

အံ့ဩစိတ်နှင့် ခြံတွင်းသို့ ထိတ်တဆိတ်ပင် ဝင်လာခဲ့ သည်။

ခြံထဲမှာ ဦးမြတ်သာ၏ ပါပလစ်ကာ ကားလေး. . .

ဤကားကို မောင်းသူလေးဦးရှိ၏။ ဦးမြတ်သာ၊ ရွှန်း၊ ဒရိုင်ဘာဦးလေးသိန်းနှင့် စောထူးသာကိုယ်တိုင်. . .

ဦးလေးသိန်းနှင့် ယခုပင် လူချင်းခွဲလာသည်။ ရွှန်းက မော်လမြိုင်မှာ၊ သည်တော့. . .

သည်ကားကို မောင်းလာသူမှာ ဦးမြတ်သာကလွဲ၍ မည်သူမျှ မဖြစ်နိုင်. . .

"ဦးစံရှင်းတို့အိမ်မှာ ဗီဒီယို သွားကြည့်ကြချေ၊ ကား ကောင်းတယ် ပြီးရင် ပြန်ခဲ့နိုင်ကြပြီ" ဟူ၍ ဦးမြတ်သာကိုယ်တိုင် ခွင့်ပြုလိုက်သဖြင့် ဗီဒီယိုသွားကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက မကြည်လင်၊ ကပ္ပလီမနှင့် ချစ်တင်းနှောပုံကို ရွံရှာစိတ်ဖြင့် မကြည့်ချင်၍ အစောကြီး အိမ်သို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။

သူ့ကို ခိုင်းစရာရှိလို့များ ဦးမြတ်သာ လာခေါ်သလားဟူသော အတွေးဝင်လာသည်နှင့် အိမ်ပေါ်သို့ ရုတ်တရက် ပြေးတက်လိုက်မိသည်။

"ဟင်. . ."

"အို. . ."

နှစ်ယောက်ထိုင် ကုလားထိုင်မှာ အနီးကပ်ထိုင်ရင်း တီးတိုးတိုင်ပင်နေကြသော. . .

"အမိုးနော်ဆေးဖောနှင့် ဦးမြတ်သာ"

စောထူးသာကို တစ်ခါမှ မမြင်ဖူးသော ဘီလူးသဘက်ကြီးကို ဘွားခနဲ မြင်လိုက်ရသလို သူတို့နှစ်ယောက်လုံး မျက်နှာများ ဖြူဆုပ်သွားကြတော့သည်။

"ဟင်. . . မင်း. . . မင်းက ဘယ်က ရောက်လာတာလဲ"

ဦးမြတ်သာက မူပျက်စွာ မေးလာသည်။ နော်ဆေးဖောက တခြားသော ကုလားထိုင်သို့ ရွှေ့၍ ထိုင်၏။

"ဆရာပဲ ပြန်တော့ဆို"

"ငါက ဗီဒီယိုကြည့်ခိုင်းတာကွ"

"ကျွန်တော် မကြည့်ချင်လို့ ပြန်လာတာပဲ၊ ဆရာကရော ဘာလာလုပ်သလဲ၊ အမိုး ဆရာနဲ့ ဘာပြောနေကြတာလဲ"

သူ့ဆရာနှင့် သူ့အမေကို မသင်္ကာစိတ်ဖြင့် ပြတ်သားစွာ မေးပစ်လိုက်တော့သည်။





မသင်္ကာစိတ်ဆိုသည်မှာ ဖောက်ပြန်ခြင်းကို ပဆိုလိုပါ. . .

အမိုးသည် အလွန်တည်ကြည်၍ ဣန္ဒြေရသော မိခင်ဆိုသည်ကို စောထူးသာ ယုံကြည်သည်။

သို့သော်လည်း ယခုလို လျှို့ဝှက်စကားကို အနီးကပ် ပြောကြားနေသော အဖြစ်ကို မြင်ရသောအခါ စောထူးသာ၏ ရင်မှာ မရှင်းလင်းနိုင်တော့ပါ။

"ကဲ. . . နော်ဆေးဖော၊ ကျုပ်ပြန်မယ်၊ ခင်ဗျားသားကိုသာ ခင်ဗျား ကြည့်ပြောလိုက်ပေတော့"

ဦးမြတ်သာက အိမ်ပေါ်မှ ကသုတ်ကယက် ဆင်းသွားတော့သည်။

သူ အလွန်အရေးပေးခဲ့ဖူးသော စောထူးသာကိုလည်း နှုတ်မဆက်၊ မျက်စိမျက်နှာလည်း ပျက်လျက်ဖြင့် ကားကို တရကြမ်း မောင်းထွက်သွားလေတော့သည်။

"ဆရာ ဘာလာလုပ်လဲအမိုး"

နော်ဆေးဖော ဘာမှမဖြေ. . .

"ထူးသာ မေးနေတယ်လေ အမိုး၊ ဆရာဘာလာလုပ်သလဲလို့"

"ကိစ္စရှိလို့"

"ဘာကိစ္စလဲ"

"မမေးနဲ့ သား"

"မေးရမယ်၊ ဘယ့်နှယ့် မမေးရမှာလဲ"

"အမိုးမဖြေနိုင်ဘူး သား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောကမှာ တို့သားအမိထက်ရင်းတဲ့လူ မရှိဘူးဆို၊ ပြောစမ်းဗျာ၊ ကျွန်တော် သိပ်သိချင်တယ်"

"အမေ သစ္စာပြုထားတယ်သားရယ်၊ အခုတော့ အခုတော့ ဘယ်လိုမှ မပြောနိုင်ဘူး၊ အချိန်တန်တော့ သိရမှာပေါ့"

မိခင်ကို စိတ်မရှည်သော၊ အခဲမကြေသော အကြည့်ဖြင့် ကြည့်မိသည်။

"ခုတစ်လော ဆရာ သိပ်မူပျက်နေတယ် အမိုး"

"ဟင်. . . သူ ဘာတွေဖြစ်နေလဲ"

"အမိုးကို ဘာလာပြောလဲ ပြောစမ်းပါ"

"သားကို မပြောပါနဲ့လို့ ပြောထားလို့ပါသားရယ်၊ အမိုးတောင်းပန်ပါတယ်"

"အမိုးကို ဆရာက မဟုတ်တာ တစ်ခုခုတော့ ခိုင်းနေပြီ မဟုတ်လားဟင်"

"အို. . . သား"

"ဟုတ်တယ်၊ အိန္ဒြာက ကိုကြီးငွေဆိုတဲ့လူကို သွားခေါ်ခိုင်းလို့ သွားခေါ်ခဲ့တာလည်း အခုရောက်နေပြီ"

"ဟင်"

"အဲဒီလူနဲ့တွေ့ရင် ပေါ်တင်မတွေ့ဘူး၊ တိတ်တိတ်တွေ့တယ်"

"ဒါတွေ အမိုးမသိဘူးလား"

"ဆရာ တစ်ခုခုဖြစ်နေတာတော့ သေချာပြီ၊ ဒီထဲမှာ အမိုးမပါပါနဲ့"

စောထူးသား၏ စကားသံတို့ ကျယ်လောင်နေသည်။





နော်ဆေးဖောသည် နက်ရှိုင်းသော အဓိပ္ပာယ်ကိုဆောင်သည့် အကြည့်ဖြင့် သားဖြစ်သူကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

တစ်စုံတစ်ခုကို သူ့ရင်မှာ ပင်ပန်းစွာ သိုဝှက်ထားရကြောင်း စောထူးသာ သိလိုက်ပြီ။

အဖမဲ့သော သားအဖြစ်နှင့် စောထူးသာသည် ဖခင်အဖြစ်လည်း အားကိုးသည်၊ မိခင်အဖြစ်လည်း အချစ်ကြီးချစ်ခဲ့သည်။

သူတို့သားအမိသည် ခန္ဓာကိုယ်နှစ်ခုနှင့် တစ်ဦးတည်းသော လူသားအဖြစ် စောထူးသာ ခံယူထားခဲ့မိသည်။

ဦးမြတ်သာပေးသမျှငွေကို တစ်ပြားမကျန် မိခင်၏လက်သို့ ပြန်အပ်ပြီးမှ ကလေးတစ်ယောက်လို မုန့်ဖိုးပြန်တောင်းခဲ့သော စောထူးသာပါ။

ယခု ဦးမြတ်သာ၏ တစ်စုံတစ်ခုသော လျှို့ဝှက်ကောက်ကျစ်မှုတွင် အမိုးပါ ပါနေပါလားဟူသော အသိအကြောင့် ရင်ထဲမှာ နာကျင်လာသည်။

ပထမဆုံးအကြိမ်အဖြစ်လည်း မိခင်အပေါ်မှာ စိတ်နာကြိတ် ဝင်မိတော့သည်။

ထိုစဉ်. . .

"ကိုမြတ်သာ ပြန်သွားပြီလား မဆေး"

"သြော်. . . ဦးအောင်ဝေး၊ လာပါ၊ ဦးမြတ်သာ ပြန်သွားပြီလေ၊ ကိစ္စရှိလို့လား"

"သူ ကျုပ်ဆီဝင်မယ် ထင်နေတာ၊ ပြန်လာဦးမတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မလာတော့ဘူးထင်တယ်၊ ကိစ္စရှိရင် သားနဲ့ ခာလိုက်လေ"

"သူ့ဆီ ငွေတောင်းထားတာ ဘာအကြောင်းမှ မပြန်လို့"

စောထူးသာတို့ သားအမိနှစ်ယောက်လုံး မျက်နှာမကောင်းကြ၍ ဦးအောင်ဝေးဆိုသည့် ဦးရဲသွေးလည်း ဦးမြတ်သာနှင့် ပတ်သက်သော စကားကို ထပ်၍ မပြောတော့ပေ။

ဦးရဲသွေးသည် ချိုင်းထောက်ကို ကျင်လည်စွာ ထောက်လှမ်း၍ ပြတင်းဝတွင် မျက်နှာတင်းတင်းနှင့် မတ်တတ်ရပ်နေသော စောထူးသာ၏ ပခုံးကို ကိုင်လျက်. . .

"ထူးသာရဲ့ သူငယ်ချင်းမလေး ဒီခြံတို ဘယ်တော့ အလည်လာဦးမလဲဟင်"

"ဘယ်သူလဲ၊ နန်းဝေဝေလား"

"ဟုတ်တယ်၊ ဟိုးတစ်နေ့က လိုက်လာတဲ့ မိန်းကလေးလေ"

"မသိပါဘူး အဘရာ၊ ဒေါ်လှမြိုင် ခွင့်ပြုမှ လာရမှာပေါ့"

"ဩော်. . . အေးအေး ဟုတ်တာပေါ့၊ တဲ. . . အဘ ပြန်ဦးမယ်ကွယ်"

အလိုက်သိတတ်သော ဦးရဲသွေးမှာ ချိုင်းထောက်ကြီးဝါ ထောက်လျက် ခြံတွင်းမှ ခေါင်းငိုက်စိုက်ချ၍ ထွက်သွားရှာတော့သည်။

"အမိုး"

"ဘာလဲ သားလေး"





"ဒီအဘက ဘာလို့ နန်းဝေအကြောင်း မေးရတာလဲ"

"ဩော်. . . သားနဲ့အတူ ဘယ်ညွှ့်သည်မိန်းကလေးမ မပါလာဘူးတော့ သူလည်း သတိတရ ဖြစ်နေဟန် တူပါရဲ့လေ"

ဦးရဲသွေးသို့ ကတိပေးထားသည့်အတွက် သားဖြစ်သူကိုပင် နန်းဝေဝေသည် ဦးရဲသွေး၏သမီး၊ နန်းဝေဝေ ရှာနေသောသူမှာ ဦးအောင်ဝေးပင်ဖြစ်ကြောင်း နော်ဆေးဖော မပြောပါ။

ဦးရဲသွေးတောင်း၍ ပေးထားရသောကတိက ပို၍တန်ဖိုးကြီး၏ဟု နော်ဆေးဖော စွဲမှတ်ထားပါ၏။

"နန်းဝေဝေ ဒီခြံကို လာတဲ့နေ့က သိပ်ပျော်ရှာတာ၊ ဒါပေမယ့် သူ့ဘဝသူ မပိုင်ရှာပါဘူးလေ၊ ဒေါ်လှမြိုင်လွှတ်မှ လိုက်ရရှာမှာ"

"ရှာ" ဆိုသော အကြင်နာစကားလုံးလေးများ သုံးလျက် နန်းဝေဝေအကြောင်းကို ပြောတတ်ရှာလေသော စောထူးသာကို နော်ဆေးဖော ငေးကြည့်နေမိသည်။

သူ၏ ချစ်လှစွာသော သားလေးသည် နန်းဝေဝေဆိုသော မိန်းကလေးကို သည်းအူကြွေမတတ် ချစ်နေပြီဖြစ်ကြောင်း သည်ခြံသို့ လာကြသည့်နေ့ကပင်. . .

အတွေ့ကြုံရှင် နော်ဆေးဖော သိခဲ့ရပြီးပါပြီ။

သားတလည်း သူ့လျှို့ဝှက်မှုနှင့်သူ။

မိခင်တလည်း ကိုယ့်လျှို့ဝှက်မှုနှင့်ကိုယ်မို့. . .

ထိုနေ့ည အိပ်ရာဝင်ကြသည်အထိ ယခင်ကလို စကားဝိုင်း မဖွဲ့ဖြစ်ကြတော့ပါ။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ॥ ၂၀ ॥

"ဆရာမ ရေကူးတတ်လား"

"မကူးတတ်ပါဘူးရှင်"

"ဩော်. . . ကိုမြတ်သာကလည်း၊ ရန်ကုန်သူပဲ၊ ဘယ်ရေကူးတတ်ပါ့မလဲ"

"ရန်ကုန်မှာ ရေကူးကန်တွေ ပြည့်လို့ကွ"

ဦးမြတ်သာထံမှ ဒေါ်သအသံနှင့် ဒေါ်သအကြည့်နှင့်မို့ ဒေါ်လှမြိုင် ငြိမ်သွားရသည်။

နန်းဝေဝေအနေနှင့် ငွေကုန်ခံနိုင်သော ရေကူးကန်မျိုးမှာလည်း မသင်နိုင်။ ငွေမကုန်သော အမျိုးသား ရေကူးကန်လိုနေရာမျိုးကိုလည်း မေမေက ကယိကထခံ၍ လိုက်မပို့ပါ။ နန်းဝေဝေနှင့် ရေကူးမှုအတတ်ပညာသည် ဝေးလံလှလေစွ။

"တခြားမဟုတ်ဘူး၊ မလှမြိုင်အတွက် ယတြာချေစရာလေးရှိလို့ ဟိုဘက်ကမ်းက ဖားကပ်ဂူ ဘုရားမှာ ယတြာချေဖို့ ကူညီပေးပါ"





နန်းဝေဝေသည် ဦးမြတ်သာကို အလိုလိုနေရင်းကြောက်နေသည်။

ယခုကိစ္စမှာလည်း သူဘာပြောရမှန်း မသိသဖြင့် ဒေါ်လှမြိုင်ကို အကူအညီတောင်းသော မျက်လုံးဖြင့် ကြည့်မိသည်။

"ကိုမြတ်သာက ဗေဒင်တွေ ယတြာတွေ ဘယ်တုန်းကမှ မယုံဘူးဆို"

"ဩော်. . . မင်းကျန်းမာဖို့အတွက် မိတ်ဆွေတစ်ယောက်က တွက်ပေးတော့လည်း လုပ်ရတော့မှာပေါ့ကွာ"

အရိုးခံ ဒေါ်လှမြိုင်သည် သူ့ခင်ပွန်း၏ ရင်တွင်းကောက်ကျစ်မှုများကို ဖုံးကွယ်ထားနိုင်သည့် ကြင်နာဟန် အပြုံးကို ကြည်နူးစွာဖြင့်. . .

"ယတြာက ဘာလုပ်ရမှာလဲဟင်"

"မင်းရဲ့ သက်စေ့ ထီးနဲ့ ဆီမီးပူဇော်ရမယ်တဲ့၊ အဲဒါက ဘယ်အချိန်လုပ်လုပ်ရပေမယ့် ခေါ်စာပစ်ရမှာက ညနေပိုင်းမှ လုပ်ရမယ်တဲ့"

"ခေါ်စာဆိုတာ ဘာလဲဟင်"

နန်းဝေဝေက သိချင်စိတ်ဖြင့် ဝင်မေးမိသည်။

"ထမင်းရယ်၊ မုန့်ဖြူ၊ မုန့်နီတွေရယ်ကို ဖက်နဲ့ထည့်ပြီး ပစ်ထားရမယ်၊ သဘောကတော့ ဒီလူနာအတွက် အနှောင့်အယှက်ရှိနေတဲ့ မကောင်းဆိုးရွား ဝိညာဉ်တွေ စားသောက်ဖို့ ပေးတာပေါ့၊ သူတို့ မနှောင့်ယှက်အောင် လုပ်တဲ့သဘောပါ"

လက်ခံနိုင်သောလုပ်ရပ် မဟုတ်ပါသော်လည်း မပြောဝံ့၍ ငြိမ်နေလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထီးနိုနဲ့ ဆီမီးက ဘယ်အချိန်လှုလှု ရထယ်၊ ခေါ်စာတ နေဝင်ရီတရော ပစ်ရမယ်တဲ့၊ အနောက်အရပ်ကိုလည်း ပစ်ရမယ်ဆိုလို့ ဟိုဘက်ကမ်းကို သွားပစ်ရမှာ"

"ကောင်းမယ်ဆိုရင်တော့ လုပ်ပေါ့ ကိုမြတ်သာရယ်"

"အေးကွာ၊ ငါကိုယ်တိုင်တော့ မလုပ်ချင်ဘူး၊ မင်းရဲ့ကိစ္စမို့ မင်းရဲ့ ဆရာမလေးကိုပဲ အကူအညီတောင်းရမှာပဲ"

"လုပ်ပေးပါနော် ဆရာမလေး"

"ဟုတ်ကဲ့၊ ဒေါ်ဒေါ်တို့ခိုင်းရင် ကျွန်မ လုပ်ပေးရမှာပေါ့၊ ကျွန်မနဲ့ အဖော်တစ်ယောက်ယောက်တော့ ထည့်ပေးပါနော်"

"ဟာ. . . ထည့်ပေးရမှာပေါ့"

ဦးမြတ်သာကိုယ်တိုင်က ပြောသော စကားပါ။

"ဘယ်တော့သွားရမှာလဲရှင်"

"ဒီညနေပဲ သွားလိုက်ပါ၊ မုန့်ဖြူ မုန့်နီတောင် လုပ်ခိုင်းထားပြီးပြီ"

"ဟုတ်ကဲ့ပါရှင်"

ဦးမြတ်သာ၏ အကွက်ဆင်သော လှည့်ကွက်တစ်ခု ဖြစ်ကြောင်း ဒေါ်လှမြိုင်ရော နန်းဝေဝေပါ လုံးဝ မသိခဲ့ကြပါ၊

အရိုးခံစိတ်နှင့်မို့ အားလုံးကို ရိုးသားစွာသာ မြင်မိပါ၏၊

ဦးမြတ်သာသည် သံလွင်မြစ်၏ အနောက်ဘက်ကမ်းသို့ နန်းဝေဝေ သွားဖို့အတွက် အလျင်အမြန် စီစဉ်ပြင်ဆင်ပေးတော့သည်။

◇ ◇ ◇





"စောထူးသာတလည်း ဒီနေ့မှ ဘယ်ရောက်နေပါလိမ့်"

အားကိုးလိုစိတ်နှင့် မျှော်မိပါသော်လည်း စောထူးသာကို နေ့လယ်ပိုင်းမှစ၍ မတွေ့မိတော့ပါ။

ရွှေယဉ်မျှော် ပြည်တော်အေးစေတီ၏ ခြေတော်ရင်းမှာ လှေဆိပ်ရှိသည်။

ယခင်က ဤနေရာမှာ သင်္ဘောဆိပ် ဖြစ်ခဲ့သည်။ ယခုတော့ တောင်ဘက်အရပ်မှာ ရွှေ့ထား၏။

ညနေပိုင်းမို့ လှေဆိပ်မှာ လှေသိပ်မရှိတော့။ မနက်ပိုင်းဆိုလျှင်ဖြင့် ဟိုဘက်ကမ်း ဒီဘက်ကမ်း ကူးကြသော ကူးတို့လှေများက အပြည့်။

အဖော်ထည့်ပေးမည် ဆိုသော်လည်း မိန်းကလေးအဖော်မပါ။

ဦးမြတ်သာကိုယ်တိုင် ကားနှင့်လိုက်ပို့ပြီး. . .

"အဲဒါ ဦးလေးရဲ့တပည့်ပဲ၊ လှေလည်း သိပ်ကျွမ်းကျွမ်းကျင်ကျင် လှော်တတ်တယ်၊ လူကလည်း စိတ်ချရတဲ့သူနဲ့ပဲသွား"

ဟုဆိုကာ အသက်လေးဆယ်နီးပါးရှိ မျက်စိတစ်ဘက်ပျက်နေသော မျက်နှာစိမ်း လူကြီးတစ်ဦးနှင့် ထည့်ပေးလိုက်သည်။

"ဆရာမလေးကို ဂရုစိုက်ခေါ်သွားနော်၊ ဟိုဘက်ကမ်းမှာ သိပ်လည်း မကြာကြနဲ့"

"စိတ်ချပါဆရာ၊ ချက်ချင်း ပြန်လာပါ့မယ်"

ဦးမြတ်သာက နန်းဝေဝေကို "နောက်ဆုံးနှုတ်ဆက်ခြင်း" အဖြစ်နှင့် တစ်ချက်ပြုံး၍ ကြည့်လိုက်ပြီးနောက် ကားမောင်း၍



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွားတော့သည်။

"ဟိုဘက်ကမ်းကို ဘယ်လောက်ကြာအောင် သွားရမှာလဲဟင်"

"ဘာကြာမှာလဲ၊ ခဏလေးရောက်သွားမှာ၊ ဟိုမှာ လှမ်းမြင်နေရတာပဲ"

"ဒီဘက်ကမ်းကို မမှောင်ခင် ပြန်ရောက်ပါ့မလား၊ ခုပဲ ငါးနာရီထိုးတော့မယ်"

"အသွားအပြန် နာရီဝက်တောင် မကြာစေရပါဘူး ဆရာမလေးရဲ့ အဟဲ"

ဤလှေထိုးသားကြီး၏ အပြုံးနှင့် အပြောက သူ့ကို နှစ်သိမ့်ခြင်း ဖြစ်သော်လည်း နန်းဝေဝေ စိတ်တွေ လေးနေသည်။ သူ့ကို အလိုလိုနေရင်း ကြောက်လာမိသည်။

လှေစထွက်ပြီ. . .

တကယ်ပင်ကျွမ်းကျင်စွာ လှေကို လှည့်ကွေ့၍ လှော်ခတ်သွားပါတော့သည်။

"အို. . . လှိုင်းကြီးနေပါလား"

ညနေပိုင်းတွင် လေထန်လေ့ရှိပြီး သံလွင်မြစ်ပြင်သည် လှိုင်းတို့ဖြင့် လှိုက်လှိုက်ခုန်နေတတ်၏။

ယနေ့ညနေမှာဖြင့် လှိုင်းကကြီးလှသည် မဟုတ်သော်လည်း ရေစီးက သန်နေ၏။

"ကြုံကြုံဖန်ဖန် အခိုင်းခံရလေခြင်း"

ဆိုသော အားငယ်စိတ်နှင့် မျက်နှာပျက်နေမိသော နန်းဝေဝေကို လှေသမားက စကားတွေဖွဲ့၏။





"အဲဒီကနေ တောင်ဘက်သွားရင် မော်လမြိုင်၊ အနောက်မြောက်မှာ ရွှေဂွန်း၊ ရှုခင်းတွေကြည့်လိုက်စမ်း၊ လှတယ်နော်"

"အို. . . မကြည့်ချင်ပါဘူး၊ လှေက လူးနေတော့ ကျွန်မကြောက်တယ်"

"ဟဲ. . . ဟဲ. . . မကြောက်ပါနဲ့ကွယ်၊ ဒီသံလွင်မြစ်ကြီးကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေတဲ့လူတွေ အများကြီးပါ၊ ဟောဟိုမှာ ဖားကပ်တောင်၊ သိလား"

သူပြသည်ကို လှည့်မကြည့်ပါ။

မျက်နှာမူထားရာ အရပ်ဖြစ်သော ဘားအံဘက်ကမ်းမှ ရွှေယဉ်မျှော်စေတီ၊ ဖားမဲတောင်နှင့် ဘုရားစေတီ၊ လွတ်လပ်ရေးကျောက်တိုင်နှင့် သီရိကုန်းပေါ်မှ မိုက်ကရိုဝေ့ဖ်(Micro Wave) တို့ကိုသာ ကြည့်ပြီး ရေစီးပို၍ကြမ်းလာသော မြစ်ပြင်တွင်းမှ လှေပေါ်၌ နန်းဝေဝေ အသက်ပင် မရှူရဲတော့. . .

"ဟောဒီမြောက်ဘက်ကိုသွားရင် ရွှေဂွန်းရောက်တယ်၊ ၂၂ မိုင်ပဲ ဝေးတယ်၊ ခဲတောက်ရွာ၊ ကျုံပိုက်၊ မုတ္တတိ၊ ပြီးတော့ ဖားနွဲ့ကျွန်းပဲ၊ မိကရင်ကြီးရွာ၊ ဝဋ်ကြီးရွာ၊ တကောင်းမိုးရွာလည်းပြီးရော ရွှေဂွန်းရောက်ရော၊ ရွှေဂွန်းဆိုတာကလေ. . ."

"အို. . . အဲဒါတွေ ကျွန်မ မသိချင်ဘူး၊ လှေ. . . လှေက လူးလိုက်တာ"

"ဟဲဟဲ၊ မကြောက်ပါနဲ့ကွယ့်၊ လှိုင်းကြီးလှေအောက် ဆိုတာ မကြားဖူးဘူးလား၊ လှေဆိုတာ မမှောက်ပါဘူး၊ အဲ. . . ဖွဲမှောက်မှသာ မှောက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြိုင်ကလေးဆိပ်ကမ်းဘက်သို့ မသွားဘဲ အနောက်မြောက် အရပ်ဆီသို့ ရေဆန်လှော်နေသည်။

"ဘယ်သွားမလို့လဲရှင့်၊ ကမ်းနဲ့ တဖြည်းဖြည်း ဝေးလာပြီ"

သောင်များရှိ၍ အရှိန်နှင့်စီးလာသော ရေကို ဦးခွဲလိုက်သလို ရှိ၍ ဝဲဖြစ်ပေါ်လာပြီး ရေစီးပုံကလည်း ကစဉ့်ကလျား. . .

အလင်းရောင် မကွယ်ပျောက်သေးသော်လည်း မြစ်ပြင်ပေါ်မှာ လှေသမ္ဗန်တို့ တစ်စင်းမျှမရှိတော့ပါ။

ညနေလေထန်ချိန်မှာ လှေသမ္ဗန်တို့ ထွက်လေ့မရှိကြောင်းလည်း နန်းဝေဝေ မသိ. . .

ရေစီးက ပိုကြမ်းလာပြီး လေက ပို၍ ထန်လာသည်။

"အို. . . လှေ. . . လှေ သိပ်လူးနေပြီ၊ ကျွန်မကြောက်တယ်၊ ကမ်းကို ကပ်ပေးပါ၊ ကပ်ပေးပါ"

"အဟား. . . ဟား. . . ဟား. . . ဟား. . . ဟား"

"မျက်စိတစ်ဘက်လပ်နှင့်လူ"က အော်၍ ရယ်လိုက်သည်။

"မှားပြီ"

ဆိုသောအသိ နန်းဝေဝေ ရရှိလာချိန်မှာ အရာအားလုံးသည် နောက်ကျသွားခဲ့ရလေပြီတကား. . .။

◈ ◈ ◈





"ယတြာသွားချေတယ် ဟုတ်လား၊ ကြဲကြဲဖန်ဖန်"

အိမ်ဖော်မိန်းကလေးဆီက ကြားရသော စကားကြောင့် ဒေါ်လှမြိုင်ကို မေးရန် အခန်းဝသို့ စောထူးသာ ရောက်လာခဲ့သည်။

ဒေါ်လှမြိုင်မှာ တစ်နေ့တခြား ကြုံလှီမည်းခြောက်လာသော ကိုယ်ခန္ဓာဖြင့် နွမ်းမောစွာ မှိန်းနေ၍ စောထူးသာ မမေးရက်တော့ဘဲ နောက်ဖေးသို့ ပြန်ဝင်လာခဲ့ပြီး. . .

"ဆရာလိုက်ပို့တာ သေချာလား"

"သေချာပါတယ် ကိုထူးသာရဲ့၊ လှေဆိပ်ကိုသွားမယ်ပြောတယ်၊ ယတြာက ဟိုဘက်ကမ်းမှာ ချေရမှာတဲ့"

"အတော်ထူးဆန်းနေပါလား၊ ငါလိုက်သွားမှပါပဲ"

ဆိပ်ဖလူးပင်မှာ ထောင်ထားသော စက်ဘီးကို ဆွဲပြီး သုခမိန်လမ်းအတိုင်း အမြန်နင်းခဲ့ပြီး ၎င်းလမ်းနှင့် ပြိုင်နေသော သံလွင်မြစ်ဘေးမှ ဥယျာဉ်လမ်းအတိုင်း လာပြီးမှ ရွှေယဉ်မျှော်ဘုရားလမ်း လှေဆိပ်ကို အပြေးဆင်းခဲ့သည်။

ကမ်းခြေလှေဆိပ်မှာ လူသူတို့ ရှင်းနေ၍ ဟိုပြေးသည်မေးလုပ်တော့မှ. . .

"ဟုတ်တယ်၊ လှေက ဟိုး အနောက်ဘက်ကိုသွားတာ၊ တောင်မလေး ချောချောတစ်ယောက်ကိုတင်ပြီး မျက်စိတစ်ဘက်လပ်နဲ့လူက လှော်သွားတာ"

"ဘာ. . . မျက်စိတစ်ဘက်လပ်နဲ့လူ ဟုတ်လား"

ဖြေကြားသူ၏ ခေါင်းညိတ်၍မျှ မဆုံးခင် စောထူးသာသည် စက်ဘီးပေါ်သို့ ခုန်တက်ပြီး စက်တပ်လှေများရှိရာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အားကုန် နင်းလာခဲ့သည်။

"မျက်စိတစ်ဘက်လပ်နဲ့လူ"

"မျက်စိတစ်ဘက်လပ်နဲ့လူဆိုတာ ငါသွားခေါ်တဲ့လူပဲ"

"ထောင်ထွက် လူမိုက် ကြီးငွေဆိုတဲ့လူ"

စက်ကုန်ဖွင့်၍ မောင်းနေသော အင်ဂျင်စက်သံထက်ပင် စောထူးသာ၏ ရင်ခုန်နှုန်းက မြန်လိမ့်မည်ထင်သည်။

"နန်းဝေဝေရယ်"

"ကျွန်တော်ကယ်ဖို့ အချိန်မှ မီပါတော့မလားဗျာ"

စိုးရိမ်ပူပန်စိတ်သည် ထက်လှစွာသော လက်နက်ပမာ စောထူးသာ၏ရင်ကို ဖွင့်ခွဲဝင်ရောက်လာ၏။

ရေစီးသန်၍ လေထန်နေသော်လည်း စက်၏ အင်အားဖြင့် ရေဆန်ခရီးကို တရိပ်ရိပ် ဖြတ်ကျော်နေသည်။

အနောက်ဘက် တောင်စွယ်တွင် နေကွယ်သွားပြီ။

လက်ကျန်အလင်းရောင်ဖြင့် သံလွင်မြစ်ပြင်တစ်လျှောက်လုံးကိုဖြင့် မြင်နိုင်ပါသေးသည်။

ဝေးဝေးဆီမှာ အမည်းတန်းလေးတစ်ခု။

တစ်မိနစ်အတွင်းမှာပင် ထင်ရှားလာသည်၊

လှေတစ်စင်း။

လူးနေသည်။

စောထူးသာသည် စက်ရှိန်ကို ထပ်မံပြီး အားမြှင့်လိုက်၍ စက္ကန့်ပိုင်းအတွင်းမှာပင် မြင်သာသည့်နေရာသို့ ရောက်လာပြီ။

"ဟာ. . . ဟာ"

မြင်ကွင်းက ရင်ဝကို ဆောင့်ကန်လိုက်သည်သို့ပါပင်။





ရေထဲမှနေ၍ လှေနံကို တွယ်နေရှာသောသူကို လှေပေါ်က လူက လှော်တက်နှင့် တအားလွှဲရိုက်ချလိုက်သည်။

ကိုင်တွယ်ထားသောလက် ပြုတ်ပြီး ရေထဲ မြုပ်သွားချိန်မှာ. . .

လှေပေါ်ကလူသည် သူ့လှေကို လှော်တက်နှင့် အားကုန်လှော်၍ ထွက်ပြေးရန် ကြံသည်။

စက်လှေကို ဦးလှည့်လိုက်ပြီး လူသတ်သမားနောက်ကို လိုက်တော့မည်ဟု မိုက်မဲစွာ ဆုံးဖြတ်ပြီးမှ ချက်ချင်း သတိရလာသည်။

"ရေထဲက နန်းဝေဝေ"

စက်တပ်လှေကို တရကြမ်း ကွေ့ချလိုက်ပြီး မြုပ်သွားသည့် နေရာကို ဝေ့မောင်းသော်လည်း ဘာမှမမြင်ရ။

ဝဲယာရှေ့နောက် ချာလပတ်ယမ်းမျှ လှည့်ရှာရာတွင်. . .

"ဟာ. . . ဟိုမှာ. . . ဟိုမှာ ပေါ်လာပြီ"

ရေနစ်သူတိုင်း ရေပေါ် ပေါ်လာတတ်ကြစမြဲပါ။

ရေမကူးတတ်၍သာ ရေထဲမှာ ဦးစောက်ကျွမ်းပြန် ဖြစ်ပြီး အသက်ရှူရာမှ အဆုတ်ထဲရေဝင်ပြီး အသက်ရှူမရတော့ဘဲ ဖန်းကျပ်သေဆုံးရခြင်းဖြစ်သည်။

"ဟော. . . နန်းဝေ. . . နန်းဝေ သတိရပြီနော်၊ ကိုယ်ပါ ထူးသာလေ"

"အား"

နှုတ်ခမ်းနားသို့ လက်ကလေးမြှောက်ကြွလာ၍ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ နဖူးမှ သွေးများ ယိုစီးကျနေသည်ကို ထိတ်လန့်စွာ မြင်ရသည်။

လှော်တက်နှင့် ခုတ်ချသော ဒဏ်ရာပါပင်. . .

နဖူးမှဒဏ်ရာက အရေးမကြီး၊ အဆုတ်ထဲမှ ရေများထွက်ဖို့က ပို၍ အရေးကြီးသဖြင့် နန်းဝေ၏ ကိုယ်ခန္ဓာကို ရေနစ်သူ ကယ်ဆယ်နည်းဖြင့် စနစ်တကျ ပြုစုပြီးသည်နှင့်. . .

"အရှေ့ဘက်ကမ်းကို အမြန်ပြန်မောင်းမှ"

ဟူသော အသိဖြင့် စက်၏အင်အားရှိသမျှ အငွမ်းကုန်ဖွင့်၍ ပြန်လာခဲ့သည်။

"ရေကလည်းအစုန်"

"လေကလည်း အပင့်နှင့်ကြုံ၍"

ဘားအံဆိပ်ကမ်းသို့ မိနစ်ပိုင်းအတွင်း ဆိုက်ကပ်နိုင်ခဲ့ပါပြီ။

မျက်စိတစ်ဘက်လပ်နှင့် ကြီးငွေဆိုသော သူကိုလည်းကောင်း. . .

သူ့လှေကိုလည်းကောင်း. . .

ကြည့်ရမှန်း၊ ရှာရမှန်း လုံးဝ သတိမရနိုင်တော့ပါ။

"ရေနစ်လာလို့ဗျို့"

"ကား. . . ကား. . . အမြန်"

ကမ်းခြေပေါ် ခုန်တက်ပြီး တအားကြုံးအော်သဖြင့် နီးရာကားတစ်စင်းက မေတ္တာဖြင့် ကူညီဖို့ ပြေးလာရှာသည်၊

စိတ်ဇောကြီးလှသဖြင့် နန်းဝေဝေ၏ ကိုယ်ခန္ဓာကို ပေါ့ပါးသော အရာတစ်ခုလို ပခုံးထက်မှာတင်၍ ပြေးတက်လာပြီ၊





ကားထဲသွင်းလိုက်သည်။

နန်းဝေဝေမှာ သတိမရတစ်ချက် ရတစ်ချက်။

စိုးရိမ်ရသည့် အခြေအနေ။

"ဆေးရုံကို မောင်းမယ်နော် ညီလေး"

"ဗိုလ်ချုပ်လမ်းက မေတ္တာဝေဆေးခန်းကိုပဲ အမြန်မောင်းပို့ ပေးပါ ခင်ဗျာ"

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com



အခန်း ॥ ၂၁ ॥

"တောက်၊ သွားပါပြီကွာ"

"ငါတော့ မလွယ်တော့ဘူး"

"ဒီလောက် ဆောက်သုံးမကျတဲ့ ခွေးမသားတို့မှ ငါ့ရွှေပြီး ခိုင်းမိတယ်"

"ဒင်းတို့သားအဖ တယ် အသက်ပြင်းကြပါလား"

"ရေနှစ်သတ်တာတောင် မသေကြတဲ့ သက်ပြင်း သားအဖ"

"တောက်. . . ကွာ"

ဦးမြတ်သာသည် အိမ်အပေါ်ထပ်တွင် တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းက ဂနာမငြိမ်နိုင်အောင် ယောက်ယက်ခတ်နေတော့သည်။





"မိန်းကလေးတစ်ယောက် ရေနစ်လို့"တဲ့

"စောထူးသာ ကယ်သွားပြီ"

"အခု ဒေါက်တာနေမင်းထက်ရဲ့ ဆေးခန်းမှာ"တဲ့။

မြို့ကျဉ်း၏ သတင်းသည် လေအလျဉ်ကဲ့သို့ လျှင်မြန်စွာ ပျံ့လွင့်လာ၏။

"ထူးသာက ထက်တယ်"

"ဒီမိန်းကလေးကိုလည်း သူ အသေအလဲ ချစ်နေတယ် ဆိုတာ ငါသိတယ်"

"သူ ဒီတိုင်း ငြိမ်နေမှာ မဟုတ်ဘူး"

"သူ. . . သူများ ရဲကိုတိုင်လိုက်ရင်. . . "

ဦးမြတ်သာသည် အနီးမှ ကုလားထိုင်ကိုသာ ကိုင်မထား လိုက်လျှင်. . .

ကြောက်လန့်လွန်းသည့်စိတ်ကြောင့် မူးမေ့လဲကျသွားနိုင် လောက်သည်။

သွေးကြောတွေ ပြတ်ထွက်မတတ် ခေါင်းထဲကို. . .

"ဒိန်း. . . ဒိန်း"နှင့် ဆောင့်တိုးနေ၏။

ပင်ကိုကလည်း သွေးတိုးရောဂါရှိ၍ စိတ်လှုပ်ရှား ပူပန်ရ လွန်းသဖြင့် သွေးတိုးနှုန်းသည် အသက်ဇီဝိန်ကို ခြွေယူတော့ မတတ် တက်နေပြီဖြစ်ကြောင်းလည်း သူ့ဘာသာသူ သိ၏။

"ကြီးငွေ. . . ကြီးငွေ"

"ဒီကောင် ဒီလောက်ပဲ ညံ့သလားကွာ၊ စောထူးသာနဲ့ လွဲအောင် သူ့ကို ဟိုဘက်ကမ်းက လှကာရွာကို ငါတမင်ခိုင်း ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဒီကောင်လေး အစောကြီး ပြန်ရောက်လာရတာလဲကွယ်"

"အင်း"

"ဒီဆရာမ မသေရင် ငါက ခိုင်းတာပါလို့ အစစ်ခံတော့မှာပဲ"

ကြီးငွေကို မိသွားရင်လည်း. . .

"အို"

"မတွေ့ဘူး၊ ငါမတွေ့ရဲဘူး"

သူတို့သားအဖကို သတ်ပေးပါ၊ မိခဲ့ရင်လည်း ခင်းပဲခံဆိုပြီး ငွေတစ်သိန်းတိတိနှင့် သဘောတူခဲ့ကြပြီးသား။

ယခုတော့. . .

အကြံကြီး ကြံထားသမျှ သူ၏ ချစ်လှစွာသော စောထူးသာ ကိုယ်တိုင် ဖျက်၍ ပျက်ခဲ့ရပြီ၊

ကြီးငွေကို မိခဲ့လျှင်လည်း ဒီကောင်မဖော်ဘဲ နေမည်မဟုတ်။

ဖြစ်နိုင်သည့်ကိစ္စ။

ဖြစ်လာနိုင်မည့် ပြဿနာများကို တွေးရင်း ဦးမြတ်သာ မျက်ရည်တွေ ကျလာသည်။

ဆုံးရှုံးခြင်း၊ ကြောက်လန့်ခြင်း၊ ရင်မဆိုင်ငုံ့ခြင်း ဆိုသော ခံစားမှုများမှ ကျလာသော မျက်ရည်များ။

အတော်ကြီးကြာအောင် မျက်ရည်တွေ တသွင်သွင် စီးကျလာပြီးမှ သူ အံကြိတ်လိုက်သည်။





ကောက်ကျစ်သော်လည်း သတ္တိကောင်းလှသည့် ဖြတ်ထိုးဉာဏ် ရှိလှသည့် ဦးမြတ်သာသည်. . .

သူမျက်ရည်များကို ကြမ်းတမ်းစွာ သုတ်ပစ်လိုက်သည်။

ဗီရိုဆီသို့ ခပ်သွက်သွက်လျှောက်ပြီး အပေါ်တွင် တင်ထားသော ခရီးဆောင်အိတ်ပြားကြီးကို ဆွဲချလိုက်သည်။

ဗီရိုကိုဖွင့်၍ သူ့အဝတ်တွေကိုထုတ်ပြီး ခရီးဆောင်အိတ်ထဲ ထည့်သည်။

သူ့ခါးကြားမှာ အမြဲရှိနေသော မီးခံသေတ္တာသော့ကို စမ်းလိုက်၏။

ရွှေငွေရတနာ နိုင်သမျှ သူယူသွားမှဖြစ်မည်။

ဤမြို့၊ ဤမြေတွင် သူနေ၍မဖြစ်တော့. . .

သူ့အတွက် စက္ကန့်တိုင်းသည် အရေးကြီးနေပြီ။

"အို. . . ဒီသေတ္တာကြီးနဲ့ဆိုရင် ငါခရီးထွက်တာ လူသိကုန်မှာပေါ့"

"ဟိုနှာ:ဒီနား သွားတဲ့ပုံစံမျိုးနဲ့လစ်မှ ဟုတ်တယ်"

အပေါ်ထပ်မှ လိမ့်မချရုံတမည် ပြေးဆင်းလာခဲ့သည်။

ခုတင်ထက်တွင် နွမ်းလျစွာ မှိန်းခွေနေသော ဇနီးသည်ကို ကြုံကွဲစွာ ကြည့်လိုက်မိသည်။

"အို. . . မတတ်နိုင်ဘူး၊ ငါလွတ်ဖို့ပဲ အရေးကြီးတယ်"

အတ္တသည် တစ်မုဟုတ်ချင်း ပြန်လည်ကြီးစိုးလာ၏။

မီးခံသေတ္တာကို ဖွင့်လိုက်တော့ ရွှေချောင်းများက အစီအရီ၊ ငွေတွေက အထပ်လိုက်. . . စိန်နှင့် ရတနာမျိုးစုံတပေါင်းများစွာတွင်းမှာ အပြည့်. . .



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သာ၏ မျက်လုံးများ ဝင်းဝင်းတောက်လာသည်။
နိုင်သမျှ ကျုံးယူသွားမည်။
စက္ကန့်မဆိုင်းဘဲ သူသည် အိမ်မှ အပြီးတိုင် ထွက်ခွာမည်။
သူဦးတည်ရာအရပ်. . .
သူသွားရမည့် ခရီးဆုံးနှင့်. . .
သူ ထာဝရနေထိုင် အခြေချသွားမည့်နေရာက. . .
တစ်ဘက်နိုင်ငံ။

◇ ◇ ◇





အခန်း ။ ၂၂ ။

"နန်းဝေ၊ သိပ်နာနေသေးလားဟင်"

ပတ်တီးဖွေးဖွေး စည်းထားသော နဖူးပြင်ကို ဖွဖွလေးကိုင်ရင်း ဒေါက်တာနေမင်းထက်က မေးလိုက်သည်။ သူ့လက်ထဲမှာလည်း ဆေးထိုးအပ်ကိုင်လျက်. . .

"ဆေးတစ်လုံး ထပ်ထိုးဦးမယ်နော် နန်းဝေ"

ရေမွှန်းထားသော မျက်နှာ နွမ်းနွမ်းလေးနှင့်ပင် ခေါင်းညိတ်ပြရှာသည်။

ဒေါက်တာနေမင်းထက် ငှားနေသော အိမ်ရှင် အမျိုးသမီးကြီး၏ အဝတ်များကို ငှား၍ ရေစိုအဝတ်များကို လဲလှယ်ထားရသည်။

နန်းဝေဝေ၏ ကိုယ်ပေါ်မှာ ဒေါက်တာနေမင်းထက်၏ ဂျင်းဂျက်ကက်အကျႌက ထပ်ဝတ်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



ဆေးတစ်လုံး ထပ်ထိုးသဖြင့် မျက်နှာလေးတစ်ချက် မဲ့သွားရုံမှလွဲပြီ၊ နန်းဝေဝေထံမှ အသံထွက်မလာ. . .

အကြောက်လွန် ခံစားမှုသာမက ခိုက်ခိုက်တုန်နေသော အချမ်းကလည်း မပြေရှာသေး. . .

ဘာမိတ္တွန်ထိုးဆေးက ကိုယ်တွင်းမှာ ပျံ့နှံ့နေဆဲဖြစ်မည်၊

ဒေါက်တာနေမင်းထက်သည် စိုးရိမ်စိတ် လွန်ကဲမှုကြောင့် ဆေးထိုးသော သူ့လက်များပင် တုန်နေသည်။

"ဘယ်လိုများ ဖြစ်ရတာလဲ ကိုစောထူးသာရှယ်"

ဒေါက်တာနေမင်းထက်အမေးကို မဖြေနိုင်သေးပါ။

ရေစိုအဝတ်အစားများနှင့်ပင် တုန်ယင်လှုပ်ရှားလွန်၊ သော ရင်နှင့် စောထူးသာ ငိုင်နေမိသည်။

"ခင်ဗျားကို ကျွန်တော် ကျေးဇူးတင်ပါတယ် ကိုစောထူး၊ သာ၊ တကယ်ပါ၊ ဘယ်လိုဆပ်လို့မှ မကုန်နိုင်တဲ့ ကျေးဇူးတရား၊ ပါပဲဗျာ"

"ကိုစောထူးသာ သာ မကယ်ပေးရင် ကျွန်တော့်ချစ်သ ဆုံးရတော့မှာဗျ"

"ကျွန်တော့် 'ချစ်သူ'တဲ့လား ဒေါက်တာရယ်"

ရင်ထဲမှ တုံ့ပြန်မှုဖြစ်သော်လည်း အမှတ်မထင်ပင် နှုတ်၊ ပြောမိလျက်သား ဖြစ်သွားရတော့သည်။

"ဟုတ်ပါတယ်၊ နန်းဝေဝေကို လွန်ခဲ့တဲ့နှစ်များ ကတည်းက ချစ်ခဲ့ရတာပါ၊ နန်းဝေဝေဟာ ကျွန်တော် သိပ်ချ ရတဲ့ သိပ်မြတ်နိုးရတဲ့ မိန်းကလေးပါပဲ ကိုစောထူးသာ"

ဒေါက်တာနေမင်းထက်၏ စကားသံလှိုင်းတို့သ





သံလှိုင်မြစ်ပြင်ကျယ်မှ လှိုင်းလုံးကြီးများထက်ပင် အဟုန်ပြင်းစွာ စော ထူးသာ၏နှလုံးသားကို ရိုက်ပုတ်၏။

"သူချစ်သူတဲ့"

"ဆရာဝန်နှင့် သူနာပြုဆရာမလေး"

"လိုက်ဖက် ညီမျှကြပါတယ်လေ"

"နန်းဝေဝေရယ်၊ ကျွန်တော့်အချစ်ဟာ နန်းဝေဝေကို ချစ်တာသက်သက်ပါ၊ နန်းဝေဝေကို ပိုင်စိုးလွှမ်းမိုးချင်တာမျိုး မဟုတ်ဘူး"

"နန်းဝေဝေရဲ့ဘဝ အဆင့်မြင့်ဖို့အတွက် ကျွန်တော့်ပခုံးနဲ့ ထမ်းတင်ထားမှ မြင့်နေမယ်ဆိုရင်လည်း ကျွန်တော် တစ်သက်လုံး ထမ်းပေးထားချင်တဲ့ အချစ်မျိုးပါ"

"နန်းဝေဝေရဲ့အသက်ကို ခုလို ကယ်ပေးခွင့်ရတာပဲ ကျွန်တော် ဝမ်းမြောက်ပါတယ်"

"အဲဒီအတွက် နန်းဝေဝေဆီက ဘာတစ်ခု မမျှော်လင့်တဲ့ စောထူးသာပါ"

"ကျွန်တော်လို ဆယ်တန်းမအောင်သေးတဲ့ တောသားနဲ့လည်း နန်းဝေဝေ မထိုက်တန်ပါဘူးလေ"

"နန်းဝေဝေရဲ့ အလှနဲ့ဆိုရင် ဆရာဝန်ကတော်ဆိုတဲ့ ဘွဲ့နဲ့ပဲ ထိုက်တန်ပါတယ်ဗျာ"

စောထူးသာ ရုတ်တရက် မတ်တတ် ထရပ်လိုက်ပြီး ပြန်ရန် ခြေလှမ်းပြင်လိုက်၍. . .

"ဟင်. . . ဘယ်လဲ"

"ကျွန်တော် ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ပြန်လို့ ဘယ်ဖြစ်ဦးမလဲ၊ ရဲမှာ အမှုဖွင့်ရင် ကိုစောထူးသာ ရှိမှလေဗျာ"

"အမှုဖွင့်မယ်. . . ရဲမှာ ဟုတ်လား"

"ဟုတ်တယ်လေ၊ အမှုဖွင့်မှပေါ့၊ နန်းဝေဝေက ခုနပဲ ပြောတယ်လေ၊ သူ့ကို ရေလယ်ခေါ်သွားပြီး လှေဘ်တက်နဲ့ ခုတ်တယ်၊ ရေနှစ်သတ်တယ်ဆို"

စောထူးသာ လက်သီးနှစ်ဘက် ဆုပ်၍ အံကို တင်းတင်း ကြိတ်ထားလိုက်မိသည်။

"နန်းဝေဝေက ရဲကို တိုင်စေချင်တယ်တဲ့လား"

"အို. . . တိုင်ချင်လည်း တိုင်ရမယ်၊ မတိုင်ချင်လည်း တိုင်ရမယ်၊ ဒါ လူသတ်မှုဗျ"

ဒေါက်တာနေမင်းထက်၏အသံ ကျယ်သွားသဖြင့် နန်းဝေဝေ လှုးလွန့်လာပြီး တိုးညင်းသောလေသံဖြင့်. . .

"ကို. . . စော. . . ထူး. . . သာ"

ခေါင်းရင်းဘက်တွင် ရပ်နေသော စောထူးသာကို မျက်လုံးလေး လှန်ကြည့်ပြီး အနားသို့လာရန် လက်ပြသဖြင့် နန်းဝေဝေ နားသို့ ရွှေ့ရပ်ရသည်။

"သူတို့. . . သူတို့ နန်းဝေကို ဘာလို့သတ်ကြတာလဲဟင်"

ဂွမ်းစောင်အောက်မှ လက်တစ်ဘက် ထွက်လာပြီး စောထူးသာ၏လက်ကို လှမ်း၍ ဆုပ်ကိုင်လာသော နန်းဝေဝေ၏ လက်ကလေးက အေးစက်နေဆဲပင်။

"ဟင်. . . နန်းဝေကို သူတို့ ဘာလို့ သတ်ပစ်ကြတာလဲ ရှင်"





"အဲဒါကို ကျွန်တော်ကိုယ်တိုင်လည်း သိပ်သိချင်နေပါတယ် နန်းဝေဝေ"

"ခေါင်းထဲက နာလိုက်တာ ကိုစောထူးသာရယ်"

သူ့လက်ကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လျက် ကလေးလေးလို အားကိုးတကြီး ပြောလာပြီး. . .

"ကို. . . ကိုစောထူးသာ. . . သာ လာမကယ်ရင် နန်း. . . နန်းဝေ သေပြီ"

"အို. . . မငိုနဲ့လေ"

နန်းဝေဝေ၏ ရှိုက်သံက ရင်ထဲမှ လိုဏ်သံပါလာ၏။ ဒေါက်တာနေမင်းထက်က နားကျပ်ပြေးယူပြီး နန်းဝေဝေ၏ နှလုံးအိမ်ရှိရာကို ထောက်စမ်းသည်။

နန်းဝေဝေ ဆုပ်ထားသောလက်ကို ဖြေလွှတ်ပြီး စောထူးသာ နောက်ဆုတ်ပေးလိုက်ရပါသည်။

နန်းဝေဝေ၏ ရှေ့မှာ နန်းဝေဝေ၏ အနီးမှာ တကယ်တမ်း ရပ်ခွင့်ရှိသူက ဒေါက်တာနေမင်းထက်ပဲလေ. . .

"နန်းဝေရင်တွေ သိပ်ခုန်နေတယ်၊ ခဏမှိန်းနေလိုက်နော်၊ မငိုပါနဲ့ နန်းဝေလေးရယ်"

နားသယ်စပ်သို့ စီးကျနေသော မျက်ရည်စများကို ဒေါက်တာနေမင်းထက်က ယုယစွာ သုတ်ပေးနေသည်ကို စောထူးသာ မျက်နှာလွှဲမထားမိဘဲ ငေးကြည့်နေမိ၏။

နှလုံးခုန် မြန်နေသည်ဆိုသော နန်းဝေဝေ၏ နှလုံးသားထက်ပင် သူ့နှလုံးသားက အဆတစ်ရာလောက် ခုန်နေပေလိမ့်မည်ဟု စောထူးသာ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းဝေဝေက သူရှိရာအရပ်သို့ မျက်ဝန်းကိုသာ ရွေ့လျားပြီး လိုက်ကြည့်လျက်. . .

"နန်းဝေကို သွားသတ်မယ်ဆိုတာ သိလို့ ကိုစောထူးသာ လိုက်ကယ်တာလားဟင်"

ခေါင်းညိတ်ပြလိုက်မိသလား ခေါင်းခါပြလိုက်မိသလားပင် မမှတ်မိတော့။ စောထူးသာ၏ရင်ထဲမှာ ပွက်ပွက်ဆူနေသည်။

"ကျွန်တော် တယ်လီဖုန်းသွားဆက်လိုက်ဦးမယ် ဒေါက်တာ"

"ဟုတ်တယ်၊ ဆက်လိုက်ပါ ကိုစောထူးသာ၊ ကျွန်တော်လည်း ဆက်ဖို့ သတိရတယ်၊ နန်းဝေကို စိတ်မချလို့၊ နန်းဝေနားက မခွာနိုင်သေးလို့. . . ဒီမှာ"

"ဟုတ်ကဲ့"

"ရဲကို အကျိုးအကြောင်း ပြောပြပြီး ဒီမှာ စစ်ချက်ပ[illegible] မလား၊ ဆေးရုံကြီးမှာ ယူမလား မေးကြည့်ပါ၊ ဒါက မားဒါးကေ့[illegible] ဆိုတော့ ဆေးရုံကြီးကို ပို့ရမယ့် လူနာလေ"

"ကျွန်တော်ကတော့ ဒေါက်တာ့ကို သတိရလို့ ဒီ[illegible] လာတာ"

"သိပ်ကောင်းတာပေါ့ဗျာ၊ ဒါကြောင့် ခင်ဗျားကို သ[illegible] ကျေးဇူးကင်တာပေါ့၊ ဆေးရုံကြီးမှာဆိုရင် ကျွန်တော် ခု[illegible] နန်းဝေလေးကို ကုသပြုစုခွင့်ရမှာ မဟုတ်ဘူး၊ ဒါပေမ[illegible] ဆေးရုံကြီးကိုတော့ သွားဆက်လေ၊ ဟုတ်ပါတယ်၊ ခင်ဗျ[illegible]





ဆက်တာ ပိုကောင်းပါတယ်၊ ဒါမှ ရဲကို စေ့စေ့စုံစုံ ပြောပြနိုင်မှာပါ"

ဒေါက်တာနေမင်းထက်၏ ရှည်လျားသော စကားများကို နားထောင်ရင်း စိတ်တို့က လွင့်ပြန့်ပြေးထွက်နေသည်။

ရင်တွင်းမှ ပြင်းထန်လွန်းသော ခံစားမှုများကြောင့် ဘာစကားမှ ပြော၍မထွက်နိုင်တော့ပါ။

"ခင်ဗျားလည်း အအေးမိနေဦးမယ်၊ ရေစိုအဝတ်တွေ လဲသွားလိုက်ပါ"

"နေပါစေ ဒေါက်တာ"

သူ့ကို ကြည့်နေသော နန်းဝေဝေကို စောထူးသာသည် ကြေကွဲသောရင်ဖြင့် မျက်ရည်ဝဲနေသော မျက်ဝန်းများနှင့် တုံ့ပြန်ကြည့်လိုက်ပြီးမှ မေတ္တာဝေဆေးခန်း၏ ပြင်ပသို့ ထွက်လာခဲ့တော့သည်။

ဒေါက်တာနေမင်းထက်က ရဲစခန်းသို့ အကြောင်းစုံတိုင်တန်းမည်ဟု ထင်နေလိမ့်မည်။

သို့သော်လည်း. . .

စောထူးသာ ဖုန်းဆက်သည်က ရဲစခန်းသို့မဟုတ်၊ ဦးမြတ်သာ၏အိမ်သို့ဖြစ်သည်။

"နန်းဝေဝေကို ဘာအကြောင်းကြောင့် သတ်ခိုင်းရတာလဲ"

"ကိုကြီးငွေ ဆိုတဲ့လူကို ခေါ်ခိုင်းတာ နန်းဝေဝေကို သတ်ပေးဖို့အတွက်လား"

"နန်းဝေဝေကို ဘာအတွက် သတ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် သတ်တာလဲ"

ဆိုသော မေးခွန်းများတို့သည် စောထူးသာ၏ ရင်ကို ဖောက်ထွက်တော့မတတ် ရုန်းကန်အားပြိုင်နေကြပေသည်။

တယ်လီဖုန်းဆက်မည်။

သူ၏ ချစ်လှစွာသောဆရာကို ရင်ဆိုင်၍ ပြတ်သားစွာ မေးမည်။

ပြီးတော့. . .

သူ နန်းဝေဝေရှိရာသို့ မပြန်တော့ပါ၊ အိမ်သို့လည်း ပြန်ချင်စိတ်မရှိ. . .

◇ ◇ ◇





အခန်း ။ ၂၃ ။

မိုးစုပ်စုပ်ချုပ်ပြီ. . .

စောထူးသာလည်း ပြန်ရောက်မလာ၊ နော်ဆေးဖော စိတ်ပူစပြုလာပြီ။

ခါတိုင်း ဤကဲ့သို့ မိုးချုပ်အောင် တစ်ခါမှ မနေဖူးသော သားလေး. . .

ဦးမြတ်သာကလည်း ပြန်ရမှာ ဝေးသောကြောင့် အမြဲ တမ်း အစောကြီး ပြန်လွှတ်လေ့ရှိကြောင်း နော်ဆေးဖော အသိပင်. . .

ဘားအံမြို့ထဲနှင့်ကလည်း ဝေးလံလှသဖြင့် မြို့ထဲက သတင်းကို ဘာမှမကြားရ။

"ငါ့ရဲ့အဖြစ်မှန်ကို ဘာမှသိခွင့်မရခဲ့လို့ ငါ့သားလေး ငါ့ကို စိတ်ဆိုးပြီး ပြန်မလာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ကိစ္စကလည်း သားကို ဘယ်လိုမှ ပြောလို့မဖြစ်တဲ့ လျှို့ဝှက်ကိစ္စပဲလေ"

ပထမ ထိုင်ရင်းမျှော်သည်။

နောက်တော့ ပြတင်းဝမှရပ်၍ သားကိုမျှော်သည်။

ယခုတော့ ခြံတွင်းဆင်းပြီး လာလမ်းဘက်သို့ လည်ဆန့်ရင်း စိတ်ပူစွာ သားကိုမျှော်နေမိတော့သည်၊

သားလေးပြန်လာမှ ညစာကို အတူစားနေကျ ဖြစ်သည်။ အဆင်သင့် ခွေးထားသော ဟင်းလျာများပင် အေးကုန်ပါပြီ. . .

ဆာရမှန်းလည်း သတိမရနိုင်တော့ပါ၊

သားအတွက် သောကဖြစ်ရသော မိခင်၏ နှလုံးသားထက် ပိုမိုနာကျင်သော နှလုံးသားမျိုး ဤလောကတွင် မရှိနိုင်ပါ။

"မနေ့က အဖြစ်ကြောင့် ငါ့သားလေး ငါ့ကို စိတ်ဆိုးသွားတာဖြစ်မှာ"

"ဦးအောင်ဝေးကို ပေးထားတဲ့ကတိ"

"ဦးမြတ်သာကို ပေးထားတဲ့ကတိတွေ"

"အားလုံးဖျက်ပြီး ငါ့သားလေးကို အားလုံး အမှန်အတိုင်း ပြောပြလိုက်ရင် အကောင်းသား"

"ငါမှားတာလား"

"ငါမှားပြီလား"

"အို. . . သစ္စာဆိုတာ လူ့ဘဝမှာ တန်ဖိုးအရှိဆုံးပါပဲလေ"

"သစ္စာပျက်ရင် ဘဝပျက်တယ်၊ စီးပွားပျက်တယ်၊





အသည်းနှလုံးမျှတ်တတ်တယ်"

"သစ္စာရှိတဲ့ မိခင်တစ်ယောက်ကို ငါ့သားလေး ခွင့်လွှတ်မှာပါ"

"သစ္စာရှင်မိခင်ရဲ့ သောကကို ငြိမ်းအေးအောင် စောင်မတော်မူပါဘုရား"

"သားလေး၊ ဘေးရန်မခဘဲ အန္တရာယ်ကင်းစွာ အမြန်ဆုံး ပြန်ရောက်လာနိုင်ပါစေ"

နော်ဆေးဖေသည် ခြံတွင်းမှာ ဟိုလျှောက် သည်လျှောက်ဖြင့် စိတ်ပူတိုင်း ဘုရားကို တိုင်တည်ကာ ဆုတောင်း မေတ္တာတွေ ပို့နေသော်လည်း ရင်က မငြိမ်းနိုင်။

"ဦးအောင်ဝေးဆီများ ဆက်သွယ်ကြမလား မသိဘူး"

တို့ခြံကို မလာဘဲ ဦးအောင်ဝေးဆီများ ကိုမြတ်သာ လာသွားသလား. . .

"အင်း. . . ဒီအဘိုးကြီးဆီ သွားရင်တော့ သတင်းလေး ရနိုင်ကောင်းပါရဲ့"

သည်အတွေးပေါ်သည်နှင့် နော်ဆေးဖော ခြံပြင်ထွက် လိုက်သည်။

"ဟဲ့. . . ခွား ခွား မလိုက်နဲ့၊ ခြံစောင့်ခဲ့"

နော်ဆေးဖော၏ ချစ်လှစွာသောခွေးလေး "ခွား ခွား"က ခြံတွင်း သွင်းမရတော့။ အတင်းလိုက်ကပ်နေသည်။

နော်ဆေးဖော ဘယ်သွားသွား အနီးကပ် လိုက်ပါတတ်သော ချစ်စရာ့ခွေးလေး။

ဤခြံမှာပင် ပေါက်ပြီး သူ့အမေသေသွားသဖြင့် နော်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဖောက နွားနို့တိုက်ပြီး မွေးလာရသော အင်းစပ်ခွေး။

အခုတော့ ခွားခွားက ဆိတ်တစ်ကောင်လောက်နီးနီး ထွားကျိုင်းနေသော ခွေးကြီးတစ်ကောင် ဖြစ်နေပါပြီ။

ခြံတစ်ခုလုံးကို ခွားခွားပဲ ထိန်းထား၏၊ ခြံနား လူဖြတ်သည်နှင့် အသံကြီး ဟိန်းထွက်လာအောင် ဟောင်တတ်သည်။

ယောင်လို့မှတော့ ခြံထဲ ခိုးဝင်မလာခဲ့နဲ့၊ ခွားခွားတိုက်လို့ အသားနိလန်ပြီသာမှတ်။

ခြံလုံလှသော ခွေးလေး။ သခင်ကို သစ္စာရှိစွာ ချစ်တတ်လှသော ခွေးလေး ခွားခွားနှင့်အတူ နေ့်ဆေးဖောသည် ဦးအောင်ဝေးဆိုသော ဦးရဲသွေး၏ ခြံတွင်းသို့ ဝင်လာခဲ့သည်၊

ခြံတစ်ခုလုံး တိတ်လို့. . .

တံခါးလည်း ပိတ်ထားသည်။

အချိန်က ညရှစ်နာရီပင် မထိုးသေး၍ ဦးရဲသွေးတော့ မအိပ်တန်သေးရာ. . .

"ဦးလေး"

"ဦးလေး ဦးအောင်ဝေး"

ခြံတွင်းမှ လှုမ်းခေါ်သော်လည်း မထူး. . .

အိမ်ထဲမှာ မီးလက်လက်တော့ မြင်ရသည်။ လူမရှိဘဲ မီးထွန်းထားမည်မဟုတ်. . .

"ဦးလေး ဦးအောင်ဝေး"

"ဟာ"

အိမ်ထဲမှ ဝုန်းခနဲ အသံကြီးတစ်ခုသာ ကြားလိုက်ရသည်။ ဦးအောင်ဝေး၏ ထသံကို မကြားရ။





"တာ. . . နောက်ဘက်မှာ"

အိမ်နောက်ဖေး ကပြင်မှ လူတစ်ယောက် ခုန်ဆင်းလိုက်သည့် သဏ္ဌာန်ကို မြင်လိုက်ရသည်။

"ဦးအောင်ဝေး၊ ဘာလုပ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟူသော သိချင်စိတ်နှင့် ငုံ့ကြည့်နေဆဲမှာ လျှင်မြန်သော အဟုန်နှင့် ထွက်ပြေးသွားသဖြင့်. . .

ထွက်ပြေးတယ် ဆိုကတည်းက ဦးအောင်ဝေး မဖြစ်နိုင်တော့ကြောင်း နေ့်ဆေးဖော သိသည်နှင့်. . .

"လူ. . . လူ. . . လူကပ်တယ်"

"သူခိုး. . . သူခိုး. . . သူခိုး"

"ခွားခွားလိုက်စမ်း၊ သွား လိုက်. . . လိုက်၊ ရှူး. . . ရှူး"

နေ့်ဆေးဖောမှာ "လူဆိုး" ဆိုသော အသိ ဝင်လာသည်နှင့် အသံကုန် ကြုံးအော်ရင်း ခွေးကိုလည်း ရှူးတိုက်လွှတ်လိုက်ရာ. . .

ခွားခွားသည် ပြေးမသွား၊ ခြေနှစ်ဘက် လက်နှစ်ဘက်ကို စုံဆန့်တန်း၍ လွှားခနဲ လွှားခနဲ ခုန်ကာ မည်းမည်းသဏ္ဌာန်နှင့် လူ၏နောက်သို့ လိုက်နေချိန်မှာ. . .

ဟိုဘက်ခြံ သည်ဘက်ခြံများက ပြေးထွက်လာကြသည်။

မည်သူကတစ်ဆင့် ထပ်အော်လိုက်သည်မသိ၊ ညကင်းသမားက သံချောင်းကို အဆက်မပြတ် ခေါက်တော့သည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဒေါင်"

ဆိုသော အသံကြောင့် ခြံတိုင်းအိမ်တိုင်းက တုတ်ဆွဲ၊ ဓားဆွဲ၊ မီးဆွဲလျက် ထွက်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မလဲ"

"ဘာဖြစ်တာလဲ"

"ဆေးဖော ဘာဖြစ်တာလဲဝေ့"

"ခွားခွား. . . ခွားခွား လိုက်ကိုက်နေပြီ၊ ခြံနောက်ကိုလိုက်ကြပါ"

လူလေးငါးယောက် ခြံနောက်ဘက်သို့ ပြေးလိုက်သွားကြပြီ။

ကူညီသော၊ ကူညီရိုင်းပင်းတတ်သော၊ အချင်းချင်း စောင့်ရှောက်ကြသော ကရင်ရွာလေး၏ ဓလေ့ကို အညည်မသိ လူဆိုးသည် ကျော်ဖြတ်သွားနိုင်မည်မဟုတ်ပါ။

ဟူသော ယုံကြည်စိတ်ဖြင့် စေ့ရုံစေ့ထားသော တံခါးကို တွန်းဖွင့်၍ အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

နွေး၍ စေးကပ်နေသော အရာများကို ခြေဖဝါးနှင့် နင်းမိ၍ ငုံ့ကြည့်လိုက်တော့. . .

"သွေး"

"သွေးတွေ"

"အိုင်ထွန်းလို့"

ထိုသွေးအိုင်အလယ် ကြမ်းပြင်ပေါ်မှာ ခွေခွေလေး လဲလျက် ငြိမ်သက်နေသော ဦးအောင်ဝေးဆိုသည့် ဦး၏ သွေး. . .

"အမယ်လေး. . . လာကြပါဦး"

"လာကြပါဦး၊ ဒီမှာ ဦးအောင်ဝေး သေနေပြီ၊ သွေးတွေ လည်း အိုင်ထွန်းလို့၊ အမယ်လေး. . . လုပ်ကြပါဦး"





နော်ဆေးဖော တစ်သက်နှင့်တစ်ကိုယ် သည်မျှလောက် ထိတ်လန့်တုန်လှုပ်စရာများကို မတွေ့ခဲ့ဖူးပါ။

သွေးပျက်မတတ် ကျူးအော်နေချိန်မှာ အားလုံး အိမ်ပေါ် ပြေးတက်လာကြသည်။

"ဟာ. . . ဓားတန်းလန်းကြီးနဲ့ပါလား"

"အလောင်းကို မရွှေ့ကြနဲ့"

"မသေသေးဘူးကွ၊ အသက်ရှူနေသေးတယ်"

"ဒါဖြင့် ဝါးပိုးနဲ့ စောင်ယူခဲ့ကြ"

"ပုခက်ဖြင့်"

"အမြန်ဆုံး ဆေးရုံပို့ကြမယ်"

"ဗိုက်မှာစိုက်နေတဲ့ဓားကို သွားမနုတ်ကြနဲ့နော်"

"ဟေး. . . စောဂျွန်ဆင်၊ ကောင်စီလူကြီးအိမ် သွားအကြောင်းကြား"

ဓိစဉ်ညွှန်ကြားသူနှင့်၊ ဆောင်ရွက်သူနှင့်၊ ပုခက်ပြင်သူနှင့်. . . အားလုံး ပြေးကြ လွှားကြနှင့် အစောတလျင် စီစဉ်နေချိန်မှာပင်. . .

"မီလာပြီဟေ့၊ လူသတ်သမား မိလာပြီ"

လူလေးငါးယောက် ချုပ်ဖမ်းလာသော လူသတ်သမား. . .

သူလည်ကုပ်နှင့် မျက်နှာတစ်ဝိုက်မှ ဒဏ်ရာများက သွေးများ ယိုစီးကျလျက်. . .

ခွားခွား ကိုက်ထားသည့် ဒဏ်ရာများသာ ဖြစ်လေမည်။

"သူ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကကောင်လဲ"

မိလာသော တရားခံကို သိချင်ဇောဖြင့် ဝိုင်းကြည့်ကြ၊ မေးကြ. . .။

လူသတ်သမားက ဘာမှမဖြေ. . .

ဖမ်းလာသူများ၏ လက်ထဲတွင် ပျော့ခွေနေ၏။

"မီးရောင် ဒီနားလာစမ်းဟေ့ ဒီကောင် ဘယ်သူလဲ ကြည့်ရအောင်"

ဘကြီးထော်၏စကားကြောင့် မီးတုတ်သမားက အနား ရောက်လာသည်။

ဘကြီးထော်က လူသတ်ကောင်၏ ဆံပင်ကို ဆုပ်ဆွဲ၍ မျက်နှာကို မော့ပစ်လိုက်ရာ. . .

"ဟင်. . . မျက်နှာစိမ်းပါလား။ မင်းဘယ်တကောင်လဲ"

သူ ဘာမှမဖြေ၊ ဘယ်လိုမေး၍မှ မရ။

နော်ဆေးဖောက သူများသိမလားဆိုပြီး အိမ်၏ ဖိနပ်ချွတ်မှဆင်း၍ အနီးကပ်ကြည့်တော့လည်း မမြင်ဖူးသူတစ်ဦး ဖြစ်နေသည်။

ဤတွင် နောက်ဘက်ဆီမှ လူငယ်တစ်ဦး၏ အံ့သြသံကို ကြားလိုက်ရသည်။

"ဟင်. . . လူသတ်သမားက မျက်စိတစ်ဘက်လည်း မရှိပါလား"

ဤမျက်စိတစ်ဘက်လပ်နှင့်လူကို တချို့က ဝိုင်းချုပ်ထားချိန်မှာ. . .





လူအများစုက ခြေတစ်ဘက်မရှိရှာသော ဒုက္ခိတ လူရိုး ကြီး ဦးအောင်ဝေး၏အသက်ကို မိလိုမိငြားဆိုသော စေတနာ ဖြင့်. . .

ပုခက်ထဲ ထည့်သူကထည့်ကြ၊ ဝါးပိုးဝါးကို လျှို၍ ထမ်းသူကထမ်းကြ

လမ်းထိပ်မှ ကားရှိသောအိမ်သို့ ပြေး၍ အကူအညီ တောင်းသူက တောင်းကြနှင့်. . .

အားလုံး လှုပ်လှုပ်ရှားရှား ရုတ်ရုတ်သဲသဲ. . .

နောက်ဆုံးတော့. . .

လူနာကို ဆေးရုံသို့ အမြန်ဆုံးရောက်အောင် ခေါ်ဆောင် သွားနိုင်ကြပြီ။

လူသတ်သမားကိုလည်း ရဲစခန်းသို့ အမြန်ဆုံးပို့နိုင် အောင် ဆွဲခေါ်သွားကြပါပြီ။

မိနစ်အနည်းငယ်အတွင်းမှာပင် အားလုံး ပြန်လည် ငြိမ်သက်သွားကြလေပြီ။

ခြံလယ်လမ်းမှာ အံကိုကြိတ်လျက် တောင့်တောင့်ကြီး ရပ်၍ ကျန်ရစ်နေသူက နော်ဆေးဖော. . .

သူ့ဘေးမှာတော့ ခွားခွားက အမြီးတနှံ့နှံ့နှင့်. . .

"တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပေးရှာသော ခွေးလေး ခွားခွားရယ်"

"ဒီလူသတ်သမားဟာ ဘယ်သူလဲဆိုတာ ငါမသိပေမယ့်"

"သူ့ဘာကြောင့် ဦးရဲသွေးကို လာသတ်ရတယ်ဆိုတာ ငါသိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မသိပေမယ့် ငါတစ်ယောက်တော့ သိပါပြီ"
"ကိုမြတ်သာ. . . ကိုမြတ်သာ"
"သူကလွဲလို့ ဒီခြေကျိုး အဘိုးအိုကြီးကို ဘယ်သူက လာသတ်မှာတဲ့လဲကွယ်"
"ရက်စက်ယုတ်မာမှုတွေ အဆုံးမသတ်နိုင်သေးတဲ့လူ"
"ကောက်ကျစ် စဉ်းလဲခြင်းတွေကိုလည်း ရှင် ဆောင်ရွက်နေတုန်းပဲလား ကိုမြတ်သာရယ်"

◈ ◈ ◈





အခန်း ။ ၂၄ ။

"နေသာရဲ့လား နန်းဝေဝေ ဟင်"
"အတော့်ကို နေသာသွားပါပြီ၊ ဒါနဲ့ ကိုစောထူးသာ ပြန်မလာတော့ဘူးနော်"
"ဟုတ်တယ်၊ မနေ့ညနေက တယ်လီဖုန်း ဆက်မယ်ဆိုပြီး ထွက်သွားလိုက်တာ အခုထိ ပြန်မလာတော့ဘူး"
ဆေးရုံခုတင်ပေါ်တွင် နန်းဝေဝေ ပြန်လည်ပြီး မှိန်းနေလိုက်ရသည်။
"နန်းဝေ နေကောင်းတော့ သူ့ကို လိုက်ရှာပြီး ကျေးဇူးဆပ်ကြတာပေါ့နော်"
"ဟုတ်တယ်၊ သူဟာ နန်းဝေရဲ့ အသက်သခင် ကျေးဇူးရှင်ပဲ၊ ဒါပေမယ့် ကိုနေမင်းထက်ရယ်. . ."
"ဟင်. . . နန်းဝေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်စရာ နန်းဝေမှာ ဘာမှမရှိဘူး၊ အမေ့ဆီ ပို့ပေးတာ မကြာသေးလို့ ငွေသုံးရာ တောင် ပြည့်အောင်မရှိဘူး"

"ဒါတွေ မပူပါနဲ့ ကိုယ့်ဆီမှာရှိတယ်၊ ကိုယ်ဆေးကုထားတဲ့ ငွေက ဘယ်မှပို့စရာ မရှိဘူးလေ၊ အားလုံး တစ်သောင်းနီးနီး လောက် ရှိမယ်၊ နန်းဝေ ယူသုံးပါနော်၊ အကုန်လုံးယူထား သိလား"

"အို. . . အဲဒီလိုလည်း မယူချင်ပါဘူး၊ ငွေတစ်သောင်း ပြည့်အောင်လည်း နန်းဝေ ဘယ်သောအခါမှ ရှာနိုင်မှာ မဟုတ်လို့ ပြန်လည်းဆပ်နိုင်မှာ မဟုတ်ပါဘူး"

"နန်းဝေ ပြန်ဆပ်စရာ မလိုပါဘူးကွယ်၊ နန်းဝေရဲ့ ငွေလို့ပဲ သဘောထားပါ၊ ကိုယ့်ရဲ့ရင်ထဲက စေတနာအစစ် ပေါ်မှာ နန်းဝေ သံသယမဝင်ပါနဲ့နော်"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မယူပါရစေနဲ့"

"ဒီလို သူစိမ်းမဆန်ပါနဲ့ နန်းဝေ၊ ကိုယ့်ကို ကိုယ့်လို သဘောထားမျိုး ပြန်မထားနိုင်တောင်မှ ဒီနယ်မြေသစ်မှာ ပြန်လည်ဆုံတွေ့ကြတဲ့ မိတ်ဆွေဟောင်းတွေအဖြစ် သတ်မှတ် ပါ"

"သတ်မှတ်ရုံမကဘူး၊ အားလည်းကိုးပါတယ်၊ နန်းဝေ နေကောင်းလာအောင် အသက်ရှင်လာအောင် ပြုစု ကုသပေးတဲ့ ကျေးဇူးကိုလည်း. . ."

"တော်တော့ နန်းဝေ၊ ကိုယ်ဟာ ဆရာဝန်ပါ၊ ဆရာဝန်ဆီ ကို ရောက်လာတဲ့ လူနာကို ကုသပေးရမှာ ဆရာဝန်တိုင်းရဲ့





တာဝန်ပဲ၊ ဒါကြောင့် ကိုယ့်ကို နန်းဝေ ကျေးဇူးတင်စရာ မလိုပါဘူး၊ ကိုယ်ပေးတဲ့အကူညီကိုသာ ယူသင့်ပါတယ် နန်းဝေ၊ နန်းဝေ တကယ်ကျေးဇူးတင်ရမယ့်သူဟာ ကိုစောထူးသာ ပါကွယ်"

ဒေါက်တာနေမင်းထက်ကို ကြည်ညိုစွာ မော့ကြည့်မိ သည်။

ကိုယ့်ဘက်ကို အသာစီးရအောင် ဆွဲယူချင်သော စိတ် ဓာတ်မရှိသည့် ယောကျ်ားမြတ်. . .

ဒေါက်တာနေမင်းထက်ကို ကြည်ညိုမိရာက အားကိုးချင် စိတ်များ ဝင်လာခဲ့ရပါပြီ။

အလျင်တုန်းကတော့ သူ့ဘဝနှင့် မထိုက်တန်ပါဟု ယူဆခဲ့မိသည်။

ယခုတော့ ဒေါက်တာနေမင်းထက်သည်လည်း သူ့လိုပင် အိမ်မှ လွင့်ခဲ့ရရှာသော အထီးကျန်သမား. . .

ကိုနေမင်းထက်အကြောင်းကို စဉ်းစားတွေးတောမိလေ တိုင်း အားငယ်သော မျက်ဝန်းများဖြင့် သူ့ကို ကြည့်ကြည့်နေ တတ်သော စောထူးသာ၏ရုပ်သွင်က ကြားဖြတ်ဝင်ရောက်လာ တတ်သည်။

"အေးလေ. . . သူမှ ငါ့ကို ချစ်တယ်လို့ မပြောတာ"

စောထူးသာနှင့် ပတ်သက်သော နှလုံးသားခံစားမှုကို ရုပ်သိမ်း အဆုံးသတ်လိုက်ရပါတော့သည်။

"ဒေါ်ဒေါ် ဘယ်လိုနေသေးလဲ သွားကြည့်ပေးလိုက်ပါ ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဆရာဝန်ကြီးတွေ ခေါ်ပြနေကြပါတယ် ကိုယ်လည်း အဲဒီအိမ်ကို သိပ်မသွားချင်ဘူး"

"အင်း. . . ဦးမြတ်သာရဲ့ ယုတ်မာမှုကို ကြားရတော့ သိပ်စိတ်ကောင်းရှိတဲ့ ဒေါ်ဒေါ် အတော့်ကို ခံစားရရှာမှာပဲ"

"ဟုတ်တယ်၊ အိပ်ရာထဲက မထနိုင်တော့ဘူးတဲ့"

"ဒေါ်ဒေါ့်အခြေအနေဟာလည်း တစ်နေ့တခြား ယုတ်လျော့ကျဆင်းနေပါပြီလေ"

"အင်း. . . ယောက်ျားအတွက် ရှက်ရှာမှာပဲ"

"ဒါဖြင့် အခုဆို ဒေါ်ဒေါ်က အကြောင်းစုံ သိသွားပြီပေါ့နော်"

"ဒေါ်ဒေါ်သာမက တစ်မြို့လုံး သိကြပြီ"

"ဒါနဲ့ မမိသေးဘူးဆို"

"ဟုတ်တယ်၊ တစ်ဘက်နိုင်ငံကို ထွက်ပြေးသွားပြီလို့ ယူဆရတာပဲတဲ့"

"ကိုနေမင်းထက်"

"ပြော နန်းဝေ"

"သူ ဘာကြောင့် နန်းဝေကို သတ်ခိုင်းတယ်ဆိုတာရော ပေါ်ပြီလားဟင်"

"ဟင့်အင်း၊ ဘယ်သူမှ မသိကြသေးဘူး"

"သူကိုမိမှ သိမှာပေါ့နော်၊ နန်းဝေ သိချင်လိုက်တာရှင်"

"သြော်. . . နန်းဝေပြောမှ တစ်ခု ပြောရဦးမယ် ညက ဆေးရုံကို လူနာတစ်ယောက် ရောက်လာတယ်"

"ဘယ်သူလဲ"





"ကိုစောထူးသာတို့ ခြံနားနီးချင်းပဲတဲ့"

"သြော်. . ."

"ညက နန်းဝေ အိပ်ဆေးရှိန်ကြောင့် အိပ်ပျော်နေလို့ ဘာမှမသိလိုက်တာ၊ ဆေးရုံမှာတော့ အတော်လေး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ ခြေတစ်ဘက်ပြတ်နေတဲ့ ခြံစောင့်အဘိုးကြီးကို လူဆိုးတစ်ယောက်က ဓားနဲ့ဝင်ထိုးသွားလို့တဲ့"

"ဟင်. . . ရက်စက်လိုက်တာ၊ ဘာရန်ငြိုးများ ရှိလို့ပါလိမ့်"

သာမန်သတင်းတစ်ပုဒ်အဖြစ် ကြားရသည်ကိုပင် သနားစိတ် ဝင်မိသော နန်းဝေဝေ. . .

"ဆေးရုံအထိ ဓားတန်းလန်းကြီး ပါလာတယ်၊ တစ်ခုကံကောင်းတာက ဓားက ဗိုက်ထဲဝင်ပြီး အူကို ထိုးမိလို့ အသက်ချမ်းသာရာ ရသွားပါပြီ၊ ဗိုက်ကိုခွဲပြီး အူကိုတော့ ဖြတ်ထုတ်လိုက်ရတာပေါ့လေ"

"ကံဆိုးလိုက်တဲ့ အဘိုးကြီးနော်၊ ခြေတစ်ဘက်လည်း မရှိရှာဘူးဆို"

"ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် အသက်မသေတာပဲ တော်သေးတာပေါ့ နန်းဝေရယ်၊ နှလုံးကိုသာ ထိုးမိရင်တော့ နေရာတင်ပွဲချင်းပြီးမှာ"

"သြော်. . . ဒါကြောင့် ဓားနဲ့ အထိုးခံရသူတိုင်း မသေကြတာကို၊ အူကိုထိုးမိရင် အသက်မိနိုင်သေးတယ်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . သွေးထွက်မလွန်ခင် ဆေးရုံကို အချိန်မီ ရောက်လာမယ်ဆိုရင်ပေါ့လေ"

"ဒါဖြင့် နန်းဝေရော အဲဒီအဘိုးကြီးရော ကံတူအကျိုးပေးပဲ၊ ကယ်မယ့်သူနဲ့လည်း တွေ့ကြတယ်၊ ဆေးရုံကိုလည်း အချိန်မီ ရောက်လာကြတယ်ပေါ့နော်"

"အဲ. . . နန်းဝေထက် အဘိုးကြီးက ပိုပြီး ကံကောင်းတာ တစ်ခုရှိသေးတယ်"

"ဘာလဲဟင်"

"သူ့ကို ဓားနဲ့ထိုးပြေးတဲ့ တရားခံကို မိထားကြပြီတဲ့"

"ဟုတ်လား၊ ဘာလို့သတ်တာတဲ့လဲဟင်"

"အခုအထိတော့ တိတိကျကျ မေးလို့ မရသေးဘူးတဲ့ ဒီအဘိုးကြီးနဲ့ သူနဲ့လည်း ဘာမှ မပတ်သက်ကြလို့ တာဝန်ခံ တစ်ယောက်က သတ်ခိုင်းတယ်လို့ ယူဆရတာပဲတဲ့"

"ဟင်. . ."

"တရားခံက ဖြောင့်ချက်မပေးသေးတော့ သူ့ကို သတ်ခိုင်းတာ ဘယ်သူလဲဆိုတာ မသိကြရသေးဘူးပေါ့"

"အဲဒီအဘိုးကြီးနဲ့ နန်းဝေနဲ့က တစ်နေ့တည်း ဖြစ်ကြတာပဲနော်၊ တိုက်ဆိုင်လိုက်တာ"

"ဆေးရုံပေါ်မှာတော့ လူနာတွေဟာ ဒီလိုပဲ လာပြီး တိုက်ဆိုင်တတ်ကြတာပါပဲ"

"လူသတ်သမားကရော ဆေးရုံမှာပဲလား"

"အချုပ်ထဲမှာပေါ့ နန်းဝေရဲ့၊ သူ့မှာ ခွေးကိုက်ခံရတဲ့ ဒဏ်ရာပဲ ရှိတာတဲ့၊ တွေ့တဲ့လူတွေက ပြောပြကြတယ်"





"အေးနော်. . . ရက်စက်လိုက်တာ၊ ဘယ်လိုလူပါလိမ့်"

"ထောင်ထွက်လူမိုက်တစ်ယောက်တဲ့၊ မျက်စိတစ်ဘက်လည်း မရှိဘူးတဲ့"

"ဟင်. . . ဘာ"

"အို. . . နန်းဝေက ဘာလို့ လန့်သွားရတာလဲ"

"လန့်တာပေါ့၊ အဲဒီလူသတ်သမားဟာ မျက်စိတစ်ဘက် မရှိဘူးဆို၊ မျက်စိတစ်ဘက်လပ်နဲ့လူဆို"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒါ နန်းဝေကို ရေနှစ်သတ်တဲ့လူပဲ"

"ဟာ. . ."

"ဦးမြတ်သာကိုယ်တိုင် နန်းဝေကို အဲဒီလူလက်ထဲ အပ်လိုက်တာ"

အံ့ဩလွန်း၍ ဒေါက်တာနေမင်းထက်ပင် ဘာပြောရမှန်း မသိတော့ပါ။

"ကိုဇော်ထူးသာ နန်းဝေကို ကယ်နေတုန်း ဒီမျက်စိတစ်ဘက်လပ်နဲ့ လူသတ်သမား လွတ်ပြေးသွားတာ၊ သူပဲ အဲဒီအဘိုးကြီးကို သွားသတ်မှာပေါ့"

"ဟုတ်မယ်၊ ဦးမြတ်သာက နန်းဝေကိုရော အဲဒီအဘိုးကြီးကိုပါ တစ်ခါတည်း သတ်ခိုင်းတာထင်တယ်"

"ဘာဖြစ်လို့လဲ၊ ဘာအတွက်လဲ၊ ဒီအဘိုးကြီးနဲ့ နန်းဝေကို ဘာလို့ ရွေးသတ်ခိုင်းရတာလဲဟင်"

"ကာယကံရှင်တွေမှပဲ သိမှာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . အဲဒီအကြောင်းကို နန်းဝေ သေမတတ် သိချင်နေတယ်"

"နန်းဝေကို ဘာကြောင့် သတ်ခိုင်းရသလဲလို့ မသိပေမယ့် အဲဒီ ခြေတစ်ဘက်မရှိတဲ့ အဘိုးကြီးကတော့ ဦးမြတ်သာ သူ့ကို ဘာကြောင့် သတ်ခိုင်းတယ်ဆိုတာ သိချင်သိမှာပေါ့"

"ဟုတ်တယ်နော်"

"အဘိုးကြီးကို မေးကြည့်ရအောင်လေ"

"ကောင်းတယ် ကိုနေမင်းထက်၊ နန်းဝေလည်း ထနိုင်ပါပြီ၊ လာ. . . သွားကြမယ်လေ"

"ဟာ. . . အခု ဘယ်သွားလို့ရမလဲ"

"ဒီဆေးရုံပေါ်မှာပဲဆို"

"ဟုတ်တယ်လေ၊ ဒါပေမယ့် ညကမှ ခွဲစိတ်ထားတော့ ဒီမနက် အရေးတကြီး လူနာအခန်းမှာပဲ ထားဦးမှာပေါ့၊ ဆရာဝန်တလည်း တွေ့ခွင့်၊ စကားပြောခွင့် ပေးမှာမဟုတ်သေးဘူး"

"ဒါဖြင့် ဘယ်တော့လောက်မှ တွေ့ရမှာလဲဟင်"

"တွေ့လို့ကတော့ ဒီညနေပိုင်းလောက်တောင် တွေ့ခွင့်ရမှာပါ၊ စကားပြောဖို့ ဆွေးနွေးဖို့ကတော့ တစ်ရက် နှစ်ရက်လောက် စောင့်ရလိမ့်ဦးမယ်၊ သူ့အခြေအနေပေါ်မှာ မူတည်မှာပေါ့လေ၊ အသက်ကလည်း ကြီးပြီမဟုတ်လား"

"သနားပါတယ်နော်၊ ဒီလောက် ခြေတစ်ဘက်ပြတ်တဲ့ အဘိုးကြီးကိုများ ဦးမြတ်သာက ဘယ်လိုရန်ငြိုးကြောင့် သတ်ခိုင်းရတာပါလိမ့်"





"မကြာခင် ပေါ်မှာပါ၊ တရားခံကလည်း ဖြောင့်ချက်ပေးမှာပါ"

"နန်းဝေကို ဦးမြတ်သာဟာ ဘာဖြစ်လို့ သတ်ခိုင်းရတယ်ဆိုတာ သိချင်တာမှ သေမတတ်ပဲ ကိုနေမင်းထက်ရယ်"

"သိရတော့မှာနန်းဝေရဲ့"

"အဲဒီအဘိုးကြီးကို တွေ့ခွင့်ရတာနဲ့ သွားတွေ့ကြရအောင်နော်၊ စကားပြောခွင့်ရတာနဲ့ တစ်ပြိုင်နက် မေးကြည့်ရအောင်နော်"

"ကောင်းပါပြီ နန်းဝေ၊ ကိုယ် ဆောင်ရွက်ပေးပါ့မယ်"

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



အခန်း ॥ ၂၅ ॥

"ဘာဖြစ်လို့ ဒီလောက် ခံစားနေရတာလဲ သားလေးရယ်၊ သူ့အသက်ကို ငါ့သား ကယ်ပေးလိုက်တာပဲ၊ ဖွင့်ပြောလိုက်ပေါ့"

"အဲဒါကြောင့် ပိုပြီး မပြောချင်တာပေါ့၊ အခွင့်အရေးယူပြီး ပြောတယ် ထင်မှာစိုးလို့ပေါ့ အမိုးရဲ့"

"နန်းဝေဝေဟာ ဒီလိုအတွေးနိမ့်ကျမယ့် မိန်းကလေးမျိုး မဟုတ်ဘူးသား"

"အမိုး"

"ထူးသာ. . . ပြောလေ သားလေး"

"ကျွန်တော် နန်းဝေဝေကို သိပ်ချစ်တယ်။ ကျွန်တော် သူ့ကို သိပ်ချစ်တယ်၊ သူ့အတွက် သိပ်ခံစားနေရတယ်ဆိုတာကို သူသိစေချင်တယ် အမိုးရယ်"

"အဲဒါကတော့ သားပြောပြမပဲ သူသိမှာပေါ့"

"ကျွန်တော် ပြောလို့ထွက်မှာမဟုတ်ဘူး အမိုး"

"ဒါဖြင့် အမိုး သွားပြောပြပေးမယ်ကွယ်"





"ကျွန်တော် သူ့ကို သိပ်ချစ်တယ်ဆိုတာကိုတော့ သူသိပ် သိစေချင်တယ် အမိုးရယ်၊ ဒါပေမယ့် သူသိသွားလို့လည်း မဖြစ်ပါဘူး"

"ဩော်. . . သားရယ်၊ မင်းစကားတွေက အဓိပ္ပာယ်မရှိတော့ဘူး"

"ကျွန်တော့်ရင်ထဲမှာတော့ ကျွန်တော့်အဓိပ္ပာယ်နဲ့ ကျွန်တော်ပဲအမိုး"

"ဘယ်လိုအဓိပ္ပါယ်လဲ သားရယ်"

"သူသိလို့ မဖြစ်ဘူးဆိုတာ နန်းဝေဝေလည်း ကျွန်တော့်ကို ခင်ပါတယ်၊ အခုကိစ္စမှာ သူပိုပြီး ခင်လာမှာပေါ့လေ၊ ကျွန်တော်ချစ်တယ်လို့ ဖွင့်ပြောလိုက်ရင် သူ့စိတ်တွေ တွေဝေသွားနိုင်တယ်၊ ကျွန်တော့်ကို ပြန်မချစ်နိုင်တောင်မှ သနားတဲ့စိတ်ဖြစ်သွားမှာပဲ၊ အဲဒါလေးတောင် သူမခံစားရဘဲ ကျွန်တော့်အပါးက ထွက်ခွာသွားပါစေတော့ အမိုးရယ်"

"ဟင်"

"ဟုတ်တယ်အမိုး၊ သိပ်လှတဲ့ နန်းဝေဝေဟာ ကျွန်တော်လိုကောင်နဲ့ မတန်ပါဘူးဗျာ ဒေါက်တာနေမင်းထက်နဲ့ပဲ တန်ပါတယ်"

"သူတို့ချင်း ချစ်နေကြပြီလား"

"ဟိုဆရာဝန်ကတော့ တကယ်ချစ်တာ သေချာပါတယ်၊ နန်းဝေဝေ ရေနစ်တဲ့နေ့တုန်းက သူ အရမ်းစိတ်ပူပြီး ပြုစုလိုက်တာ ပျာနေတာပဲ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူတို့ချင်းပဲ လိုက်ဖက်ပါတယ်လေ၊ ကျွန်တော်လို ပညာမဲ့၊ အဖမဲ့တဲ့ သားတစ်ယောက်အနေနဲ့ နန်းဝေဝေလို မိန်းကလေးနဲ့ မတန်ပါဘူးဗျာ"

"သားလေးရယ်"

"ကျွန်တော်သာ ငွေဆယ်သိန်းလောက် ချမ်းသာရင် နန်းဝေဝေကို ချစ်တဲ့အကြောင်း ပြောရဲ့မှာဘူး၊ တစ်ခါတည်း လက်ထပ်ခွင့်တောင်းပြီး စည်းစိမ်အပြည့်နဲ့ ထားလိုက်ချင်စမ်းပါဘိ အမိုးရယ်၊ ခုတော့. . ."

နော်ဆေးဖောသည် သူ၏ တစ်ဦးတည်းသောရင်နှစ်သား၊ ချစ်ကလေး၏ အဖြစ်ကို ရင်နင့်စွာ စိုက်ကြည့်နေမိသည်။

စောထူးသာ၏ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တို့က အပြည့်အလျှံ။

နော်ဆေးဖောပါ မျက်ရည်တွေ ဝဲလာပြီး သား၏ပခုံးကို တင်းတင်းကျစ်ကျစ်ကြီး ဆုပ်ကိုင်၍. . .

"သားရယ်၊ ဒီလောက်အထိလည်း အားမလျှော့စမ်းပါနဲ့ တို့သားအမိဘဝကလည်း ဒီလောက်နိမ့်ကျနေတာ မဟုတ်သေးပါဘူးသားရဲ့၊ ရှေ့မှာလည်း မျှော်လင့်ချက်နဲ့ပါ သားရှယ်"

မိခင်၏ အားပေးစကားက စောထူးသာကို ခွန်အားပြည့် မလာစေနိုင်ပါ။

စောထူးသာ၏ရင်ထဲမှာ အရာခပ်သိမ်း ဆုံးရှုံးသွားရသလို မျှော်လင့်ခြင်းများ လုံးဝကင်းမဲ့ခဲ့ရပါပြီ။

သူချစ်သော နန်းဝေဝေကိုလည်း သူအဆုံးရှုံးခံလိုက်ပါပြီ။ နောက်. .





သူအားကိုးသော၊ သူလေးစားသော၊ သူကြည်ညိုသော၊ သူခုံမင်သော သူ့ဆရာသည်. . .

အမိုက်မဲဆုံးအမှု၊ အရက်စက်ဆုံးသော လုပ်ရပ်များကို ဆောင်ရွက်၍ ထွက်ပြေးသွားသော လူသတ်သမားကြီး။

သူ့ဆရာ ဤမြန်မာ့မြေ၌ မရှိသည့်နောက်ပိုင်းမှာ သူလည်း အလုပ်ပြုတ်ပြီးသား ဖြစ်လေပြီ။

"ဖခင်မဲ့ ပစ္စည်းမဲ့ရုံသာ မကဘဲ အလုပ်မဲ့ အချစ်မဲ့နဲ့ ဘာမျှော်လင့်ချက်မှ မရှိတော့တဲ့ စောထူးသာဆိုတဲ့ကောင်"

သူကိုယ်သူ ပြောလိုက်သော စကားတို့သည် မိခင် နော်ဆေးဖော၏ရင်ကို ထုနှက်လိုက်သည်သို့ ရှိချေ၏။

"သား ငါ့သားကို အမိုး ပြောစရာတွေရှိတယ်"

"ပြောအမိုး"

"ပထမ နန်းဝေဝေနဲ့ ပတ်သက်လို့ပဲ"

"ဟင်"

"ဦးအောင်ဝေးကို ကတိပေးထားလို့ အမိုး ဖုံးအုပ်ထားခဲ့တာ၊ ခုတော့ သူတို့ချင်းလည်း တွေ့ကြတော့မယ် သိကြတော့မယ်လေ၊ ဒါကြောင့် အမိုးပြောပြတော့မှာ"

"ဘာကိုလဲ အမိုး"

"နန်းဝေဝေဟာ ဦးအောင်ဝေးလို့ အမည်ခံထားတဲ့ ဦးရဲ့သွေးရဲ့သမီးအရင်းပဲ"

"ဟာ"

"နန်းဝေဝေရှာနေတဲ့ သူ့ဖခင်ကြီးဟာ. . ."

"အို. . . အမိုးရယ် အဲဒါ အစောကြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်တာပေါ့၊ အမိုး ဘာလို့ လျှို့ဝှက်ထားရတာလဲဟင်"

"ဦးအောင်ဝေးက ကတိတောင်းထားလို့ပါသား"

"အမိုး ကတိကို သိပ်တန်ဖိုးထားတယ်ဆိုတော့ ကျွန်တော် သိပါတယ်၊ အခု အမိုးဖွင့်ပြောမှတော့ အမိုးသိသမျှ ကျွန်တော် သိပါရစေအမိုး"

"အေး၊ အမိုးအားလုံး ပြောပြမယ်"

ဦးရဲသွေးဆိုသောသူနှင့် ဦးမြတ်သာတို့၏ လွန်ခဲ့သော ခုနစ်နှစ်ကျော်က ဇာတ်လမ်းကို အသေးစိပ် ပြောပြလိုက်ပြီး ချိန်မှာ. . .

"တောက်"

"ဒီ ဦးမြတ်သာဆိုတဲ့ လူကြီးဟာ သူတော်ကောင်း ယောင် ဆောင်နေတဲ့ လူယုတ်မာကြီးပါလား"

"ဟဲ့. . . သား"

"အဘိုးကြီးတင်မကဘဲ နန်းဝေဝေကိုပါ သတ်ခိုင်းတာက တော့ သိပ်ယုတ်မာလွန်းပါတယ်"

"အို. . . မပြောနဲ့သား မပြောနဲ့"

"ပြောမယ်အမိုးရဲ့၊ သူခိုင်းလို့ လူသတ်ကောင်ကို ကျွန်တော်ကိုယ်တိုင် သွားခေါ်ပေးရတာ၊ အသည်းနာလှ တယ်. . . အမိုးရယ်"

"ဒီမှာ သား. . ."

"ဟင်"

"ဦးမြတ်သာဟာ ဘယ်သူပေါ်မှာ ဘယ်လိုပဲဆိုးဆိုး သား အပေါ်မှာတော့ လူကောင်းပါသားရယ်၊ တို့သားအမိရဲ့





ကျေးဇူးရှင်လည်း ဖြစ်ပါတယ်"

နော်ဆေးဖော၏စကားကို နားမဝင်နိုင်တော့ပါ။

စောထူးသာသည် တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေး တောကာ. . .

"နေစမ်းပါဦး အမိုး"

"ဘာလဲကွယ့်"

"နန်းဝေဝေဟာ ဦးရဲသွေးရဲ့ သမီးပါလို့ ဦးမြတ်သာက ဘယ်လိုလုပ်ပြီး သိသွားတာလဲ"

"အမိုးကိုယ်တိုင် ပြောပြလိုက်မိတာ"

"ဟာ. . ."

"သူ ဒီလောက်အထိတော့ ကြံစည်လိမ့်မယ် မထင်လို့ ပြောလိုက်မိတာပါ"

"အံ့ရောဗျာ၊ ကျွန်တော့်ကိုတော့ မပြောဘဲ ဦးမြတ်သာကို ဘာလို့ သွားပြောရတာလဲ"

"ဩော်. . . ငါ့သားကိုပြောရင် နန်းဝေဝေ သိမှာစိုးရိမ် လို့ပါ၊ ဦးရဲသွေးက သူ့ရဲ့ မလပတဲ့ဘဝကြီးကို သူ့သမီးလေး မသိစေချင်ဘူး၊ စောထူးသာကိုပါ မပြောနဲ့ဆိုလို့ အမိုး မပြော ခဲ့တာပါ"

"စောစောကသာ ကျွန်တော့်ကို အမိုးဖွင့်ပြောရင် ဒီလောက်အထိ ဖြစ်လာစရာအကြောင်း မရှိဘူး"

စောထူးသာသည် ဒေါသမျက်နှာသို့ ပြောင်းလာပြီး. . .

"ဆရာဆိုပြီး ကျွန်တော့်မှာ ကြည်ညိုလိုက်ရတာ၊ အလကား လူယုတ်မာကြီး၊ အမြန်မိပါစေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . သား၊ ဒီလိုမပြောရဘူး"

"ပြောမယ်ဗျာ၊ ရဲက ဖမ်းမိပါစေ၊ မမိလို့ သူထွက်ပြေးရင်လည်း လမ်းမှာ အန္တရာယ်နဲ့ တွေ့ပါစေ၊ ကားစီးရင်လည်း ကားမှောက်. . ."

စောထူးသာ ဆက်ပြောခွင့်မရတော့ပါ။

နော်ဆေးဖောက တအားပြေးလာပြီး စောထူးသာ၏ ပါးစပ်ကို အတင်းလှမ်းပိတ်ပစ်လိုက်သည်။

"မပြောနဲ့၊ မပြစ်မှားနဲ့၊ ကိုမြတ်သာကို မပြစ်မှားနဲ့ သားရယ်"

နော်ဆေးဖောသည် မျက်ရည်များ အသွယ်သွယ် လိမ့်ဆင်းလာရင်းက. . .

"သားကို ဘာဖြစ်လို့ အမိုး ဒီလိုတားရသလဲ သိလား၊ သား သိရဲ့လားဟင်"

"ဘာဖြစ်လို့လဲ အမိုး. . . ဟင်"

"ကိုမြတ်သာဟာ သားရဲ့အဖေ၊ သားရဲ့ အဖေအရင်းပဲ လူကလေးရဲ့"

"ဗျာ. . . အမိုး"

◈ ◈ ◈





အခန်း ။ ၂၆ ။

"သူနဲ့ စတင်ဆုံဆည်းရတာကတော့ ဆရာဖြစ်သင်တန်းက အပြန် မော်လမြိုင်ရထားပေါ်မှာပေါ့။

ဒီတုန်းက ဒုံသမိတ်တား မဆောက်ရသေးတော့ မွန်ပြည်နယ် ဖြတ်ပြီး ကရင်ပြည်နယ်ကို ကားနဲ့သွားဖို့ ခက်ခဲတယ်၊ ဒါကြောင့် မော်လမြိုင်ကို ရထားနဲ့လာပြီးတော့မှ ဘားအံကို သင်္ဘောစီးရတယ်၊ သုံးဆယ့်သုံးမိုင်ပဲဆိုတော့ နေ့ဝက်နဲ့ ရောက်တယ်လေ၊ အဲဒီကမှတစ်ဆင့် ကော့ကရိတ်ဘက်မှာရှိတဲ့ အမေ့ရွာကို သွားရမယ်။

ကိုမြတ်သာတို့ ဆိုးလိုက်ပုံများ. . .

အမိုးကို ရထားပေါ်မှာ ဆုံရပြီးကတည်းက သူ သိပ်သဘောကျသွားတယ်၊ မိတ်ဆွေဖွဲ့တယ်။

မုတ္တမဘက်ကမ်း ရထားလမ်းဆုံမှာ သူနဲ့ လမ်းခွဲရပြီလို့ ထင်မှတ်ခဲ့တာ ဘယ်ဟုတ်လိမ့်မလဲ သားရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



အမိုးတို့နဲ့အတူ ဘားအံသင်္ဘောလိုက်စီးတယ်၊ ပြီးတော့ အမိုးရဲ့ ရွာအထိ တစ်ခါတည်း လိုက်လာတော့တာပဲ။

တို့ကရင် လူမျိုးဆိုတာကလည်း ညှော်သည်ကို မြတ်နိုးကြတော့ သူ့ကို ဘကြီးတစ်ယောက် အိမ်မှာ တည်းခိုစေခဲ့ပါတယ်။

အမိုးက အသက်ကလည်းငယ် ဒါမျိုးအတွေ့အကြုံကလည်း မရှိဖူးတော့ သူ့ကို ချစ်သွားမိတယ်သားရယ်၊

အမိုးရဲ့မိဘတွေက သိသွားပြီး ဖျက်မရတာနဲ့ မင်းရဲ့မိဘတွေကိုခေါ်ခဲ့၊ တရားဝင်လက်ထပ်ပေးစားမယ်လို့ မာလိုက်တယ်။

သူပြန်သွားပြီး တစ်လကျော်ကြာတော့ အမျိုးသားကြီးနဲ့ အမျိုးသမီးကြီး စုံတွဲတစ်တွဲ ပါလာတယ်။

မိဘမရှိလို့ သူ့ဦးလေးနဲ့ အဒေါ် ဖြစ်ပါတယ်ဆိုပြီး အမိုးကို ရွှေနဲ့ငွေနဲ့ တင်တောင်းတယ်။

တရားရုံးမှာ တရားဝင်လက်ထပ်ကြပြီး အမေတို့ရွာမှာလည်း သူက အကုန်အကျခံပြီး ကျွေးမွေးခဲ့တယ်၊ ကရင်ထုံးစံအတိုင်း ကြက်ရိုးချိုး၊ ပြီးတော့ ဝက်ဆယ်ကောင်အထိပေါ်ပြီး ထမင်းကျွေးခဲ့တယ်။

အားလုံး သူ အကုန်အကျခံပါတယ်။

ပြီးတော့ အမိုးဆရာမလုပ်တဲ့ ရွာမှာပဲ သူအတူလိုက်နေပြီး ကုန်ရောင်း ကုန်ဝယ် လုပ်တယ်၊ အဲဒီတုန်းက တစ်ဘက်နိုင်ငံနဲ့ ကုန်သွယ်မှု၊ အဲလေ. . . မောင်ခိုမှုက ခုလောက် မဖွံ့ဖြိုးသေးဘူး၊ ထိုင်းနိုင်ငံကိုလည်း အခုလို မတိုးတက်သေးဘူး၊ စက်မှုထွက်ကုန်တွေ မဖြစ်ထွန်းသေးဘူး။





ဒီဘက်က ရာဘာတို့၊ သတ္တုရိုင်းတို့၊ ပုစွန်ခြောက်၊ ငါးခြောက်ကအစ. . . စွပ်ကျယ်၊ မျက်နှာသုတ်ပဝါ စတဲ့ ချည်ထည်တွေတောင် ဟိုဘက်ကိုပို့ပြီး ရောင်းကြရတယ်။

ဟိုဘက်က ပြန်လာရင် ယိုးဒယားပါတိတ်နဲ့ ရွှေလောက်ပဲ၊ အဲဒီတုန်းက မြန်မာပြည်ထဲကို ရွှေချောင်းတွေ ခိုးသွင်းလာတဲ့ အချိန်ပေါ့သားရဲ့။

ခုတော့ တို့တိုင်းပြည်က ရွှေချောင်းတွေနဲ့ အဆီအနှစ်ကုန်ကြမ်းတွေအားလုံး ပြန်ပို့နေရတယ်။

ကိုမြတ်သာဟာ အဲဒီကတည်းက အင်မတန်မှ ချမ်းသာချင်တဲ့လူ၊ အလုပ်တွေ အမျိုးမျိုး ကြိုးစားပြီး လုပ်ရှာတယ်၊ ဒါပေမယ့် ငွေရင်းက မရှိတော့ သူမျှော်မှန်းသလောက် ဖြစ်မလာခဲ့ဘူးလေ။

အဲဒီအချိန်မှာ သားလေးကို မွေးတယ်. . .

သားလေးကို "စောထူးသာလို့ သူကိုယ်တိုင် ပေးခဲ့တာပေါ့"

ကရင်အမျိုးသားလည်း ဖြစ်စေရမယ်၊ သူ့သားမှာ သူ့နာမည်လည်း ပါရမယ်တဲ့လေ။

ဒီလိုနဲ့ သားလေး တစ်နှစ်မပြည့်ခင်မှာ သူ ရန်ကုန်ပြန်ဦးမယ်၊ ဒီတော့ ရွာလေးမှာနေလို့ မကြီးပွားနိုင်ဘူး၊ တို့မိသားစု မြို့ပေါ်မှာတက်ပြီး နေနိုင်ဖို့ သွားကြိုးစားဦးမယ်ဆိုပြီး သူထွက်သွားခဲ့ပါတယ်သား။

ဘာအဆက်အသွယ်မ မရတော့ဘဲ ခြောက်လလောက် ကြာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အမိုးတို့ရွာဘက်တွေမှာ မငြိမ်မသက်တော့ဘူး။

ဆူပူသောင်းကျန်းမှုတွေ ဖြစ်လာတယ်။

အမိုးရဲ့မိခင်ကြီးလည်း လေဖြတ်ပြီး သေဆုံးသွားခဲ့တယ်။

ကံကြမ္မာဟာ ဆက်တိုက် ဆိုးရွားလာတော့ တယ်သား။

အမိုးတို့တစ်ရွာလုံး ဖျက်ဆီးခံရတယ်၊ တိုက်ပွဲတွေဖြစ်၊ မီးတွေရှို့နဲ့ ကမ္ဘာပျက်ခဲ့ရတယ်၊ အဲဒီအထဲမှာ အမိုးရဲ့ဖခင်ကြီးလည်း သေနတ်မန်ပြီး သေဆုံးခဲ့ရရှာတယ်လေ။

အမိုးဟာ သားလေးကို ပိုက်ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့ရတယ်သား။

ဒီရွာမှာလည်း ဘယ်သူမှ မနေရဲကြတော့ဘူး၊ အမိုးလည်း မော်လမြိုင်တစ်ဘက်ကမ်းက မွန်ရွာလေးတစ်ခုကို ရောက်သွားတယ်၊ သူငယ်ချင်းတစ်ယောက်က ကူညီလို့ အဲဒီရွာမှာ ဆရာမအလုပ် ပြန်ရခဲ့တယ်။

ဒီအချိန်မှာ အဲဒီသူငယ်ချင်းရဲ့ အကူအညီနဲ့ လူတစ်ယောက်လွှတ်ပြီး ရန်ကုန်က ကိုမြတ်သာကို သွားရှာခိုင်းခဲ့တယ်။

သူပေးထားတဲ့ လိပ်စာမှာ မရှိဘူး၊ ဘယ်မှာမလဲ ရှာမရတော့ လက်လျှော့ပြီး ပြန်ခဲ့ရတာပေါ့။

တို့သားအမိကို ပစ်သွားပြီဆိုပြီး အမိုးလည်း စိတ်နာနာနဲ့ အဲဒီရွာလေးမှာပဲ ဆရာမလုပ်ရင်းနဲ့ ဆင်းဆင်းရဲရဲ နေခဲ့ရပါတယ်။

ဒါပေမယ့် အမိုးထင်သလို မဟုတ်ရှာပါဘူးကွယ်။





ကိုမြတ်သာဟာ အမိုးတို့သားအမိကို ရန်ကုန်ခေါ်သွားဖို့ ရွာကိုပြန်လာချိန်မှာ တစ်ရွာလုံး ပျက်စီးပြီး လူတွေလည်း ကစဉ့်ကလျား ထွက်ပြေးကုန်ကြလို့ အမိုးတို့သားအမိကို သူရှာမရတော့ဘူးတဲ့။

သူ့သားလေးနဲ့ သူ့မိန်းမတော့ သေပါပြီဆိုပြီး ငိုလိုက်တာတဲ့လေ၊ အမိုး အသိတစ်ယောက်က ကိုယ်တိုင်မြင်တာ။

ဒီလိုနဲ့. . .

သူလည်း ရန်ကုန်မပြန်တော့ဘဲ စိတ်ဓာတ်ကျကျနဲ့ ဘားအံမှာနေရင်း စီးပွားရေးကို လုပ်ခဲ့တာပဲ။

အဲဒီမှာ သိပ်ချမ်းသာတဲ့ သူဌေးသမီး မလမြိုင်နဲ့ ရသွားတာပဲ။

အမိုး သိပါတယ်၊ သူ မလမြိုင်ကို မချစ်ပါ ဘူး၊ ချမ်းသာလို့ ယူတာပါ၊ မလမြိုင် ဗိုက်ခွဲရတုန်းကတောင် လိုက်မသွားတာ ကြည့်ပါလား၊ ဒါပေမယ့် လင်မယားချင်းဆိုတော့လည်း သံယောဇဉ်တော့ ရှိမှာပဲပေါ့။

အဲဒီလိုနဲ့ သူ တစ်စတစ်စ ကြီးပွားလာတော့တာပဲ၊ မလမြိုင်နဲ့ရတော့ ငွေရင်းကလည်း များများ ရင်းလို့ရပြီလေ။

ဒီလိုနဲ့ သားရေ. . .

ကွဲနေတုန်းကလည်း နှစ်ပေါင်းများစွာ၊ ပြန်တွေ့တော့လည်း ချက်ချင်းကြီး. . .

ကျောင်းပိတ်ရက်မို့ အမိုးလည်း မော်လမြိုင်တက်လာတုန်း မိုင်ဒါကွင်းမှာ သူနဲ့ ပက်ပင်းကြီး သွားတွေ့တော့တာပဲ။

အမိုးက သူ့ကို သိပ်စိတ်နာနေတယ်လေ၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူက အတင်းရှင်းပြပြီး အမိုးနေတဲ့ နေရာကို တစ်ခါတည်း လိုက်လာတော့တာပဲ။

အဲဒီတုန်းက သားက လူပျိုလေးဖြစ်ကာစ. . .

အမိုးကလည်း မင်းအဖေဟာ တို့သားအမိကို ပစ်သွားတဲ့ သစ္စာမရှိတဲ့လူလို့ ပြောထားမိတော့ အဖေဆိုတာကို သိပ်စိတ်နာနေတဲ့အချိန်. . .

သားမတ်မိလား။

သားကို အမိုးမေးတယ်လေ၊ ခုနေ သားရဲ့ အဖေကို ပြန်တွေ့ရင် ဘယ်လိုနေမလဲဆိုတော့. . .

"သတ်ပစ်မှာပဲ"

လို့ သားပြန်ပြောခဲ့တယ် မဟုတ်လား။

စိတ်သိပ်ထက်တဲ့သား။ စိတ်တက်ကြွနေချိန်မှာ "ဒါမင်းရဲ့အဖေ"လို့ ပြောလို့မဖြစ်တော့ဘူးဆိုတာ သူရောအမိုးပါ နားလည်ခဲ့ကြတယ်။

ဒါကြောင့်. . .

အမိုးဖခင်ကြီးလက်ထက်က ကျေးဇူးပြုဖူးတဲ့သူက အခုတို့သားအမိကိုပြန်ပြီး စောင့်ရှောက်မလို့တဲ့၊ အမေတို့သားအမိ ဘားအံကို လိုက်သွားရမယ်၊ ဟိုမှာ သားကျောင်းနေရမယ်၊ ချမ်းချမ်းသာသာလည်း နေရမယ်ဆိုတော့ သားလေးလည်း တအား ဝမ်းသာသွားရှာတယ်နော်။

အမိုးနဲ့ ကိုမြတ်သာဟာလည်း သားလေးရှေ့မှာဆို ဟန်ဆောင်ပြီး ခပ်တည်တည်ပဲ နေခဲ့ကြရတယ်။

အဲ နောက်ပိုင်းမှာတော့ သားသိတဲ့အတိုင်းပဲ၊ အခုခြံကို





အပိုင်ပေး အိမ်ဆောက်ပေးပြီးတော့ သားကို ကျောင်းထားပေးတယ်၊ သားက ဆယ်တန်းမအောင်တာနဲ့ သားရဲ့အဖေက ခေါ်ပြီး အလုပ်ပေးထားတာ။

အမိုးလည်း စဉ်းစားလိုက်တယ်၊ ကိုယ်က လက်ထပ်မယားကြီးဖြစ်တာတော့ မန်တယ်။

ဒါပေမယ့် ဒီဘားအံဝန်းကျင်သစ်မှာတော့ နောက်မ, ပေါ်လာတဲ့ မိန်းမပဲ။

ပြီးတော့. . .

ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်နေတဲ့ သားရဲ့ အဖေကိုလည်း ဂုဏ်သိက္ခာမညိုးနွမ်းစေချင်ဘူး။

နောက်တစ်ခုက. . .

မလမြိုင်ကိုလည်း ငဲ့ကြတယ်။

အပြစ်မရှိတဲ့မိန်းမ စိတ် မဆင်းရဲပါစေနဲ့တော့၊ သူတို့ အိမ်ထောင်ရေး သာယာမှုလေး မပျက်ပြားပါစေနဲ့တော့ ဆိုတဲ့ မိန်းမချင်း ကိုယ်ချင်းစာနာစိတ်နဲ့ အမိုးနားလည် ခွင့်လွှတ်ပေးလိုက်ပါတယ်သား၊ ဒီအချိန်မှာ သားရဲ့ညီမလေး ရွှန်းကလည်း အရွယ်ရောက်နေပြီလေ။

အမိုးရဲ့ ပင်ကိုသဘာဝကိုက ဘယ်သူနဲ့မှ မရောချင်ဘူး၊ ကိုယ့်သားလေးနဲ့ကိုယ် အေးအေးငြိမ်းငြိမ်း နေရရင် တော်ပြီ၊ ကျေနပ်ပြီ။

အမိုးဆန္ဒအရ အမိုးနဲ့ကိုမြတ်သာ နားလည်မှု ယူခဲ့ကြတယ်။

အမိုးဟာ ကိုမြတ်သာရဲ့ဇနီးပါဆိုတာ ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ပါဘူးလို့. . .

အမိုး သိပ်စိတ်ချမ်းသာခဲ့ရပါတယ်သား၊ သူ့အရိပ်ဟာ ကြီးမားခဲ့ပါတယ်။

ကျောင်းဆရာမအလုပ်ကလည်း ထွက်လိုက်ပြီ၊ ဒီခြံ ဒီအိမ်ကြီးမှာ ဘာမှမပူရဘဲ အေးအေးဆေးဆေးစားပြီး ပြည့်ပြည့်စုံစုံနဲ့ နေခဲ့ရတာ သူ့ရဲ့ကျေးဇူးပါ သားရယ်။

ဒါပေမယ့် သူကတော့လေ. . .

ချမ်းသာလေ လောဘတက်လေ ဖြစ်လာတော့တာပဲ။

အဲဒီအချိန်မှာ သူတစ်ချိန်က ကလိန်ကျခဲ့တဲ့ ဦးရဲသွေး ကလည်း ပြန်ပေါ်လာတယ် အဲဒီကိစ္စကို သူနဲ့အမိုးနဲ့ တိုင်ပင်ပြီး ဒီနားက သူပိုင်ခြံမှာ လာထားဖို့ အမိုးကပဲ အကြံပေးခဲ့တာပါ၊

စိတ်ဓာတ် အကြီးအကျယ်ကျပြီး သူ့မိသားစုဆီကို မပြန်ရဲ ရှာတော့တဲ့ ဦးရဲသွေးကို အမိုးကပဲ ဖျောင်းဖျပြီး ကိုမြတ်သာနဲ့ ဦးရဲသွေးကြားမှာ ပြေလည်အောင် အမိုးကပဲ ဆောင်ရွက် ပေးနေခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီသားရယ်၊

သားမရှိတဲ့အချိန် နေ့လယ်ဘက်မှာ ကိုမြတ်သာ အမိုးဆီ မကြာခဏ လာတာကို ဦးရဲသွေး မသင်္ကာဖြစ်နေတာ အမိုးသိလို့ အမိုးတို့ ဇာတ်ကြောင်းကို ဖွင့်ပြောပြီး သူ့ကို နှုတ်ပိတ်ထားရ တယ်၊ သူကလည်း သစ္စာရှိရှာပါတယ်၊ ဘယ်သူ့မှ မပြောဘူး၊

ဒီလိုနေကြရင်း မမျှော်လင့်ဘဲ နှန်းဝေဝေ ဒီခြံကို လိုက်လာတာ ဦးရဲသွေး မြင်သွားတော့ သူ့ခမျာ ရှူးမထာ ခံစားရရှာတယ်။

အဲဒီနောက်ပိုင်းမှာ ကိုမြတ်သာဆီက အခွင့်အရေးယူ





ပို့တောင်းတယ် ခြိမ်းခြောက်စာ ပို့တယ်၊ လူချင်းတွေ့ပြီး သူရသင့်တာ မရရင် ရဲကိုသွားတိုင်မယ်၊ မောင်ခိုလုပ်နေတာတွေ ဖော်မယ်ဆိုလို့ ကိုမြတ်သာ အတော့်ကို စိတ်ဆင်းရဲသွားရတာ ပေါ့။

အမိုးကလည်း ကိုယ့်ယောက်ျားဆိုတော့. . .

အခု အိမ်မှာရောက်နေတဲ့ သူနာပြုဆရာမ လေးဟာ ဦးရဲသွေးရဲ့သမီး၊ သူတို့ချင်းတော့ မဆုံမိကြသေးဘူး၊ ဒါပေမယ့် အဲဒီဆရာမလေးဟာ သူ့အဖေကို လာရှာတာလို့ ပြောလိုက်မိ တယ်သားရယ်။

ကိုမြတ်သာဟာ ဒီလောက်အထိ စိတ်ကူးရိုင်းလိမ့်မယ် ရက်စက်လိမ့်မယ်လို့ မထင်ခဲ့မိဘူး။

ခုတော့ သူ့လောဘတွေ၊ သူ့ဒေါသတွေက သူ့ကို နှိပ်စက် ခဲ့ပြီ၊ သူ့ကို ဘဝပျက်စေခဲ့ပြီ။

သားကို အမိုးတစ်ခုတော့ ပြောချင်တယ်။

ကိုမြတ်သာဟာ တစ်လောကလုံးအတွက် လူဆိုးကြီး၊ လူယုတ်မာကြီး၊ သိပ်ရက်စက်တဲ့ လူကြီး ဖြစ်ချင်ဖြစ်မယ်။

ဒါပေမယ့် အမိုးတို့သားအမိအပေါ်မှာ တော့ တကယ့်ကို မေတ္တာကြီးရှာတဲ့ လူတစ်ယောက်ပါသား။

ကိုယ့်အဖေကို ကိုယ်မပြစ်မှားနဲ့သား၊ မပြစ်မှားနဲ့။

ပြီးတာတွေလည်း ပြီးကုန်ပါပြီ။

ဘာပဲဖြစ်ဖြစ် သူလွတ်သွားပါစေ။

သူ့ကို မဖမ်းမိကြပါစေနဲ့လို့ အမိုးဆုတောင်းပေးနေပါ တယ် သား။



www.burmeseclassic.com

www.burmeseclassic.com



သားလည်း ဆုတောင်းနော် သားလေး။

သားကို သိပ်ချစ်ရှာတဲ့ ဖခင်တစ်ယောက်ပါ၊ ပြီးတော့ တို့သားအမိရဲ့ ကျေးဇူးရှင်ကြီးလည်း ဖြစ်ပါတယ် သားရယ်။

ဒါကြောင့် သားလည်း အမိုးနဲ့ထပ်တူဝိုင်းပြီး ဆုတောင်းပါနော် သား။

သူလွတ်သွားပါစေ။

သူ့ကို မဖမ်းမိကြပါစေနဲ့. . . လို့. . .

◈ ◈ ◈





အခန်း ။ ၂၇ ။

ရောဂါက မပြင်းထန်သော်လည်း သွေးဖျက်မတတ် ကြုံခဲ့ရသော အဖြစ်ကြောင့် နန်းဧဝေ လူကောင်းပကတိ မဖြစ်သေးပါ။

ကြောက်အားလန့်အားကြီးစွာဖြင့် ရေထဲမှာ မွန်းနစ်ခဲ့ရချိန်က ခံစားမှုကိုလည်း ယခုပြန်တွေးလျှင်ပင် ကြောက်ရွံ့လွန်းစွာ ချောက်ချားနေမိဆဲပါ။

"ဖြည်းဖြည်းလျှောက် နန်းဝေ"

အားနဲ့စွာ ယိုင်နွဲ့နေသည့် နန်းဝေဝေကို ဒေါက်တာနေမင်းထက်က ဖေးမတွဲယူ၍ ခေါ်လာသည်။

ယနေ့ နန်းဝေဝေ ဆေးရုံက ဆင်းခွင့်ရပြီ။

လောလောဆယ်မှာတော့ ဒေါက်တာနေမင်းထက်၏ မေတ္တာဝေဆေးခန်းသို့ပင် ပြန်ရပါမည်။

"ဆေးရုံမှာ ရှိနေတုန်း ဟိုခြေတစ်ဘက်ပြတ်နေတယ် ဆိုတဲ့ အဘိုးကြီးကို သွားကြည့်ရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော နန်းဝေဝေ၏ ဆန္ဒအရ အမျိုးသမီးဆောင်မှ နေ၍ အမျိုးသားလူနာများထားရာ အဆောင်သို့ ဒေါက်တာ နေမင်းထက်၏ လက်ကိုတွဲလျက် နန်းဝေဝေ ဖြည်းဖြည်းချင်း လျှောက်လာခဲ့ရသည်။

"အဲဒီ အဘိုးကြီးနဲ့ နန်းဝေ၊ အခြေအနေ ကောင်းသွားပါပြီတဲ့၊ ခုတော့ သူ အိပ်ပျော်နေတယ်"

"အင်းလေ. . . နန်းဝေနဲ့ ကံတူအကျိုးပေး လာဖြစ်ရတာ သနားစရာပဲ"

တစောင်းလှဲ၍ အိပ်နေသော အဘိုးကြီး၏ မျက်နှာကို မြင်သာစေရန် ခုတင်၏ အခြားဘက်သို့ နန်းဝေဝေ လှည့်ကွေ့လိုက်သည်။

အကယ်၍ ဒေါက်တာနေမင်းထက်သည်သာ နန်းဝေဝေ၏ နောက်မှာ ယှဉ်ကပ်လိုက်ပါမလာဘူး ဆိုပါလျှင် နန်းဝေဝေ ဆေးရုံကြမ်းပြင်ပေါ်မှာ ပုံလဲကျသွား ပါလိမ့်မည်။

ပထမတော့ အကြင်နာမျက်ဝန်းနှင့်သာ ကြည့်လိုက်မိသည်။ မြင်လိုက်ရပါလျက်နှင့်ပင် မရိပ်မိသေး. . .

"ငါ့အဖေများလား" ဆိုသော စိတ် လုံးဝမရှိပါဘဲနှင့် လူနာအဘိုးကြီးတစ်ဦးအဖြစ်နှင့်သာ နန်းဝေဝေ ရှေ့သို့ ခြေလှမ်းတိုး၍ ကြည့်လိုက်မိချိန်မှာ. . .

မျက်နှာ၌ အမာရွတ်များ မည်မျှထင်နေစေကာမူ၊ မည်မျှပိန်ကျနေစေကာမူ နန်းဝေဝေ မှတ်မိလိုက်ပါပြီ. . .။

"ဒါ ဖေဖေဦးရဲသွေး"

ဟု သိလိုက်ရချိန်မှာ နန်းဝေဝေ တောင့်မတ်သွားသည်။





တစ်ကိုယ်လုံးရှိ သွေးကြောများ တုံ့ဆိုင်းရပ်တန့်သွားပြီထင်၏။ ရှော့ခ်ဖြစ်သွားတယ်ဆိုတာ ဒါမျိုးပဲထင်ရဲ့. . .

"နန်းဝေ. . . နန်းဝေ"

မျက်လုံးအပြူးသားနှင့် လက်ကြီးဆန့်တန်းပြီး လက်ညှိုးထိုးလျက်. . .

"ဒါ. . . ဒါ. . ."

"ဟင်. . . နန်းဝေ၊ ဘာ. . . ဘာဖြစ်လို့လဲ"

သူတို့နှစ်ဦး၏အသံကြောင့် ဦးရဲသွေးကလည်း မျက်စိဖွင့်အကြည့်. . .

"ဒါ. . . ဒါ. . . ဖေ. . . ဖေဖေ"

"နန်းဝေရဲ့ ဖေ. . ."

"ဟာ. . ."

တောင့်မတ်နေရာမှ ပြန်လည်ပျော့ခွေလာသော နန်းဝေဝေကို ဒေါက်တာနေမင်းထက်က ဖေးမထားချိန်မှာ. . .

ဦးရဲသွေးသည်လည်း သူ့သမီးလေး ဤမြို့ပေါ်မှာ ရောက်နေပြီဆိုသည်ကို သိလျက်နှင့် ယခုလို ပက်ပင်းကြီး တွေ့လိုက်ရသည့်အခါ သူလည်း မေ့မြောမတတ် ရှိသွားပြီးမှ. . .

"သ. . . သ. . . သမီးလေး"

"ဖေ. . . ဖေဖေ၊ အမယ်လေး. . . ဖေဖေရဲ့"

တအားပြေးဖက်ပြီး နန်းဝေဝေ သိမ့်သိမ့်ခါအောင် ငိုရှာတော့သည်။

"ဖေဖေရယ်၊ အဖြစ်ဆိုးလှချည်လား ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို လာရှာတာ"

"သမီး ဖေဖေ့ဆီကို လိုက်လာတာ ဖေဖေရဲ့"

နန်းဝေဝေ၏ တစ်ကိုယ်လုံး နှတ်ဝင်သည်ကဲ့သို့ ဆတ်ဆတ်တုန်နေ၏။ ဦးရဲသွေးကလည်း ပြန်ဖက်လျက်. . .

"သမီး၊ ဖေဖေ့သမီးလေးရယ်"

"ဖေဖေ. . . ဖေဖေရယ်"

နှစ်ပေါင်းများစွာ ကွဲကွာနေရာမှ ဒုက္ခတဖခင်ကြီးနှင့် အဖေပျောက်ရှာသော သမီးငယ်တို့၏ ပြန်လည်ဆုံတွေ့ခန်းကို မြင်ရသူတို့ပင် မျက်ရည်စို့စေသည်။

"နန်းဝေ၊ ဘကြီးကို သိပ်ဖက်မထားနဲ့လေ၊ လက်မှာ ဒရစ်(ပ)သွင်းထားတယ်"

"အို. . ."

နန်းဝေဝေက အလန့်တကြား ကိုယ်ကို ခွာလိုက်သည်။

ဦးရဲသွေးသည်လည်း ကျန်လက်တစ်ဘက်ဖြင့် သူ့သမီးလေးကို လှမ်းဖက်ထားရှာသည်။

နန်းဝေဝေကလည်း ကိုယ်ကသာ ခွာလိုက်သည် လက်က တော့ ဆုပ်ကိုင်ထားဆဲပါ။ သူ့ဖခင် ပြန်လည်ပျောက်ဆုံးသွားမှာ ကြောက်သည်သို့ပါပင်။

"ဖေဖေ့ဆီကို ဘာလို့ ဒုက္ခခံပြီး လိုက်လာရတာလဲ သမီးလေးရယ်"

"ဒုက္ခ. . . ဟုတ်လား ဖေဖေ"

ဦးရဲသွေးလည်း ဘာမှ မပြောနိုင်ဘဲ မျက်ရည်များသာ ကျဆင်းလာပါ၏။





"ဖေဖေ့ကိုရှာရတာ ဒုက္ခမဟုတ်ပါဘူး ဖေဖေရယ်၊ ဖေဖေ ပျောက်ဆုံးနေတာ၊ ဖေဖေ့ကို မတွေ့ရတာ၊ ဖေဖေနဲ့ မနေရတာ ကမှ တကယ့်ဒုက္ခ၊ တကယ့်ဒုက္ခ ဖေဖေရဲ့ သိလား"

မိခင်၏ ရက်စက်မှုကိုလည်း ရည်ညွှန်းလျက် နန်းဝေဝေ မှာ မချိတင်ကဲပြောရင်း သည်းလှိုက်အူလှိုက် ငိုပစ်လိုက်သည်။

"သမီး ဒီကိုရောက်နေတာ ဖေဖေသိတယ်"

"ဟင်. . . သိတယ်၊ ဖေဖေသိတယ် ဟုတ်လား ဖေဖေ"

"ဟုတ်တယ်သမီး"

"ဒါ. . . ဒါနဲ့များ ဖေဖေရယ်"

"ဪ. . . သမီးရယ်။ ဖေဖေဟာ သမီးကို မကူညီနိုင်တဲ့အပြင် ဒုက္ခပေးရမယ့်ဘဝကြီး ဖြစ်နေလို့ သမီးလေးမသိအောင် ပုန်းနေရတဲ့အဖြစ်ပါကွယ်"

"အဲဒါ ဖေဖေမှားတာ"

"ဟင်"

"ဟုတ်တယ်ဖေဖေ၊ သိပ်မှားတယ်၊ သမီးဟာ ဖေဖေ့ကို တွေ့ချင်လွန်းလို့ တစ်ယောက်တည်း စွန့်စားပြီး လိုက်လာခဲ့ရတာပါ ဖေဖေရယ်၊ သမီးလေ. . . သမီး. . ."

အငိုဆာက်နေ၍ စကားစပြတ်သွားသော နန်းဝေဝေကို ဒေါက်တာနေမင်းထက်က ဖေးမထားမိရုံမှလွဲ၍ ဘာတစ်ခွန်းမှ ဝင်၍ မနှစ်သိမ့်တတ်တော့ပါ။

"ဖေဖေ"

"သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးဟာ ဖေဖေ့ကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် တမ်းတနေတယ်၊ ဘယ့်လောက် တွေ့ချင်နေတယ် ဆိုတာ ဖေဖေ မသိဘူးလား၊ မယုံဘူးလား ဖေဖေရဲ့ ဟင်"

"ယုံ. . . ယုံပါပြီ သမီးရယ်. . . ယုံပါပြီကွယ်"

"သမီးဘဝမှာ ဖေဖေဟာ အလိုအပ်ဆုံး တန်ဖိုးအရှိဆုံးပါ ဖေဖေရယ်၊ မေမေ. . . မေမေဟာလေ. . ."

"သိတယ် သမီး၊ ဖေဖေသိတယ်"

"ဟင်. . . ဖေဖေက မေမေ့အကြောင်း သိနေတယ် ဟုတ်လား"

"ဟုတ်တယ်သမီး၊ သတင်းစာနှစ်စောင်မှာတောင် ပါတယ်လေ၊ သမီးသိအောင်၊ ပြီးတော့ ဖေဖေ အသက်ရှင်နေသေးရင်လည်း သိရအောင် တမင်ထည့်လိုက်တာလေ၊ သူ့အကြောင်း ဖေဖေအသိဆုံး"

နန်းဝေဝေ ဘာမှပြန်မပြောဖြစ်၊ မပြောနိုင်တော့ပါ။

အကြည့်အမြင်တို့ကို ဝေဝါးစေသော မျက်ရည်များကို သုတ်ဖယ်ပစ်လိုက်ပြီး. . .

ကြုံလှီနွမ်းဖျော့နေသော ဖခင်ကြီး၏ အမာရွတ်များနှင့် မျက်နှာပြင်ကို သူ့လက်ဝါးလေးနှင့် အသာအယာ ဖိကပ်ကိုင်စမ်းလျက်. . .

"ဖေဖေ. . . သမီးရဲ့ဖေဖေ"

"ဖေဖေ့ကို သမီး တကယ်ရှာတွေ့ပြီနော်"

"သမီးမက်နေကျ အိပ်မက်တွေ ထပ်ပြီး မက်နေတာ မဟုတ်ပါဘူးနော် ဖေဖေ"





"သမီးလေ. . . ဖေဖေနဲ့ပဲ အတူနေမယ်၊ ဘယ်လောက်ပဲ ဆင်းရဲပါစေ ဖေဖေနဲ့ပဲအတူ နေပါရစေနော်. . . ဖေဖေရယ်. . . နော်"

"သမီးလေးရယ်"

"သမီးပထွေးနဲ့ အတူမနေပါရစေနဲ့၊ မေမေ့ဆီ ပြန်မသွားပါရစေနဲ့တော့ ဖေဖေရယ်နော်"

"တိတ်တော့သမီးလေး တိတ်တော့၊ ဖေဖေ့သမီးလေး ပင်ပန်းလှပါပြီကွယ်၊ အင်း. . . ဟုတ်ပါတယ်လေ"

ဒုက္ခတကြီးဘဝမှာ ဗိုက်ခွဲခံထားရသည့် လူနာအဖြစ်နှင့် အိပ်ရာထက်မှာ နွမ်းဖျော့နေသော လူနာ ဦးရဲသွေးထံသို့ ဘယ်အရပ်ဆီမှ အားအင်များ ချက်ချင်းကြီး ဝင်ရောက်လာသည်မသိ၊ အားမာန်ပြည့်သော အပြုံး၊ အင်အားကြီးမားသော လေသံဖြင့်. . .

"ဟုတ်တယ်. . . ဟုတ်တယ်သမီး၊ ဖေဖေရဲ့အတွေးတွေ မှားသွားပြီ"

"ဟင်. . . ဘာလဲ ဖေဖေ"

"ဩော်. . . ဖေဖေ့ကို တွေ့ရင် သမီး ဆင်းရဲမယ်လို့ အတွေးလွဲခဲ့မိတယ်၊ တကယ်တော့ လူသားတွေအတွက် မေတ္တာထက် တန်ဖိုးကြီးမားတဲ့ ရတနာ မရှိဘူး၊ မေတ္တာထက် အေးမြတဲ့ အရိပ် ဒီလောကမှာ မရှိဘူး၊ ဒီမှာ သမီးလေး. . ."

"ရှင်. . . ဖေဖေ"

"ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ တို့သားအဖ အတူနေခွင့်ရရင် အားလုံး ချမ်းသာသွားမှာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်လေ ဖေဖေရယ်"

မျက်ရည်များကြားမှ ပြုံးကြသော အပြုံးများက တမ္ဘာပေါ်မှ အတောက်ပဆုံး ကြယ်တာရာထက်ပင် ရွှန်းလက်ဝင်းပနေသေးသည်။

"ဖေဖေလည်း ဆေးရုံက ဆင်းရတော့မှာပါ။ သမီးလေးလည်း ဟိုအိမ်ပြန်စရာအကြောင်း မရှိတော့ဘူးလေ"

"ဖေဖေက သမီးရဲ့အကြောင်းတွေ သိနှင့်နေပြီပေါ့နော်"

"အားလုံး သိနေပါပြီ၊ မဆေးတို့ခြံကို လာတဲ့နေ့ကလည်း သမီးလေးကို ဖေဖေ တွေ့လိုက်ရပါတယ်၊ အသည်းအူတွေ ဆွဲထုတ်ခံလိုက်သလို ရင်ထဲမှာ နင့်ကျန်ခဲ့တာပါ သမီးရယ်"

"ဒါနဲ့များ ဖေဖေရယ်"

သားအဖနှစ်ယောက် ပြန်လည်ဖက်တွယ်ထားလိုက်ကြပြန်သည်။

"ဖေဖေ"

"သမီး၊ ဖေဖေ့ သမီး"

"ဖေဖေခုလို ဘာကြောင့်ဖြစ်ရတာလဲ၊ ဘာဖြစ်လို့အိမ်မပြန်ဖို့ ဆုံးဖြတ်ရတာလဲဟင် ဖေဖေ"

"ပြောမှာပေါ့ သမီးရယ်၊ ဒါပေမယ့် ဖေဖေ့ဇာတ်လမ်းကအရှည်ကြီး၊ မြတ်သာရက်စက်တဲ့ အကြောင်းတွေပါ၊ အကြောင်းစုံ သမီးကို အသေးစိပ် ပြောပြမှာပေါ့"

"ဒါဖြင့် ဦးမြတ်သာက သမီးကို ဖေဖေ့သမီးမှန်းသိလို့ သတ်ခိုင်းတာပေါ့နော်"





"ဒါပဲဖြစ်မှာပေါ့၊ မဆေးနဲ့ စောထူးသာ ဖေဖေ့ကို လာကြည့်တဲ့နေ့က သမီးအကြောင်းတွေ ပြောပြသွားပါတယ်"

"အကြောင်းစုံ ပြောပြစမ်းပါ ဖေဖေရယ်၊ သမီးသိချင်လှပြီ"

"နေဦးလေ သမီးရယ်၊ ဖေဖေ့ရဲ့ခြံရောက်မှ အေးအေးဆေးဆေး ပြောပြမယ်၊ ပင်လယ်ထဲမှာ ဖေဖေဒုက္ခရောက်ရတဲ့အကြောင်း၊ ဘာကြောင့် ခြေဖြတ်ပစ်ရတယ်ဆိုတဲ့ အကြောင်းတွေလေ၊ ခုတော့ မပြောပါရစေနဲ့ဦး"

"ဟုတ်သားပဲ နန်းဝေ၊ ဘကြီးက စိတ်ဆောင်ထားလို့ ကိုယ်ခန္ဓာက အားအင်မပြည့်စုံသေးဘူးလေ၊ စကားအရှည်ကြီး မပြောပါစေနဲ့ဦးနော်"

သူ့အနီးမှာ ဒေါက်တာနေမင်းထက် ရှိနေပါလားဟူသော အသိကို ယခုမှပင် နန်းဝေဝေ ပြန်လည်သတိရမိသည်။

ဦးရဲသွေးကလည်း သူ့သမီး၏လက်ကို ဆွဲလျက် ဖေးမလျက် ဂရုတစိုက် အနေးတယူ ရှိနေလေသော လူငယ်ချောချောလေးကို ယခုမှပင် သတိထား၍ ကြည့်လိုက်မိပြီး. . .

"သူ. . . သူက ဘယ်သူလဲဟင် သမီး"

"ဆရာဝန်ပါ ဖေဖေ"

"ဪ. . . ဒီဝဒ်မှာ တာဝန်ကျနေတာလား"

"မဟုတ်ပါဘူး ခင်ဗျ"

"မဟုတ်ဘူး ဖေဖေ၊ သူက သမီးရဲ့မိတ်ဆွေပါ၊ ရန်ကုန်ဆေးရုံကြီးမှာ အတူတူ တာဝန်ကျဖူးတယ်၊ သူက ဒီမှာ ဆေးခန်းလာဖွင့်နေတာ၊ အလုပ်မရသေးပါဘူး၊ သမီးရေနစ်တဲ့နေ့ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ကူညီပေးနေတာပါ၊ သူနာမည်က ဒေါက်တာနေမင်းထက်တဲ့"

"ဩော်. . . ဩော်၊ သမီးလေးကို ခုလို စောင့်ရှောက်ကူညီပေးတာ ကျေးဇူးတင်ပါတယ်ကွယ်"

ဦးရဲသွေးက သမီးဘေးမှ ဆရာဝန်လေးကို စူးစိုက်စွာ အကဲခတ်၍ ကြည့်လိုက်မိသည်။

သမီးလေးအတွက် ကောင်းမြတ်သောအဖော်၊ အားကိုးရသော မိတ်ဆွေဖြစ်ကြောင်း မြင်တွေ့လိုက်ရပါပြီ။

"ဖေဖေလည်း မကြာခင် ဆေးရုံက ဆင်းရတော့မယ် ထင်ပါတယ် သမီး"

"ဖေဖေ ဆေးရုံက မဆင်းမချင်း ဖေဖေ့အနားမှာ သမီးပြုစုနေမယ်၊ ဖေဖေ ဆေးရုံကဆင်းတော့လည်း ဖေဖေ့ခြံကို တစ်ခါတည်း လိုက်ခဲ့မယ်နော် ဖေဖေ"

"ဒါပေါ့သမီးရဲ့၊ ဒီမြေမှာပဲ အခြေချပြီး တို့သားအဖ တစ်သက်လုံး အတူနေသွားကြမယ်"

"ဝမ်းသာလိုက်တာ ဖေဖေရယ်၊ သမီး ဝမ်းသာလိုက်တာ"

◇ ◇ ◇





အခန်း ။ ၂၈ ။

"ရွှန်း ပြန်ရောက်လာပြီ"

"ဒေါ်လှမြိုင်၏အသက် မိရှုလေးသာ ရှိသည်"

ရွှန်းပြန်ရောက်ပြီး နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်မှာပင် စိတ်ထားကောင်းလှစွာသော ဒေါ်လှမြိုင်တစ်ယောက် လူ့လောကကြီးကို အပြီးတိုင် စွန့်ခွာလျက် အဆုံးမရှိသော သံသရာခရီးရှည်ကြီးကို တစ်ကိုယ်တည်း လျှောက်လှမ်းသွားရရှာလေပြီ. . .။

ရွှန်းသည်. . .

"လိုအပ်ခြင်း"ဆိုသော အဓိပ္ပာယ်ကို နားမလည်ခဲ့သော မိန်းကလေး. . .

"သောက"ဆိုတာ ဘယ်လိုခံစားမှုမျိုးလဲ ဟူ၍ပင် မသိခဲ့သော သူဌေးသမီးလေးပါ။

ယခုတော့. . .

ရက်စက်သော ကံကြမ္မာဆိုးသည် ရွှန်းထံသို့ တစ်ပြိုင်တည်း လက်တွဲလျက် ဝင်ရောက်လာခဲ့ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသိန်းက ရွှန်းကိုလာခေါ်သဖြင့် မော်လမြိုင်မှ ဘားအံသို့ ကားနှင့် အမြန်ပြန်လိုက်လာခဲ့ရသည်။

အိမ်ရောက်တော့. . .

အမောဆိုက်နေသော မိခင်ကြီးကို ရင်ဆို့စွာ မြင်တွေ့လိုက်ရသည်။

ရွှန်းကိုပင် ကောင်းစွာ စကားမပြောနိုင်ရှာတော့ပါ။

ဒေါ်လှမြိုင်၏ နောက်ဆုံးအချိန်တွင် သူ့အနီး၌ ရွှန်းမှလွဲ၍. . .

သူအလွန်အားကိုးသော ခင်ပွန်းသည်လည်း အနီးတွင် မရှိ။

သူချစ်သော ဆရာမလေး နန်းဝေဝေကလည်း ဆေးရုံပေါ်မှာ. . .

သူ အကုသခံချင်သော ဒေါက်တာနေ့မင်းထက်ကလည်း နန်းဝေဝေကို ပစ်ခွာ၍ သူ့ကိုလာကြည့်မပေးနိုင်. . .

ချစ်သော သမီးလေးရွှန်း၏လက်ကိုသာ အားလျော့စိတ်နှင့် ဆုပ်ကိုင်ပြီး သူ့အသက်ဇီဝိန်ကို အကြွေခံလိုက်ရရှာသည်။

အရှိန်အဟုန်ကြီးမားစွာ အောင်မြင်တိုးတက်နေသော ဆေးပညာရှင်တို့သည် "ကင်ဆာ"ဆိုသော ရောဂါအတွက် ပျောက်ကင်းစေနိုင်သော ဆေးများ မတွေ့သေးသမျှ. . .

ဒေါ်လှမြိုင် ကဲ့သို့သော ကင်ဆာရောဂါရှင်များ၏ အသက်ပေါင်းများစွာတို့သည် ကြွေမြဲကြွေလျက် ခြွေမြဲခြွေလျက် ရှိနေကြပေဦးမည်သာ. . .

ဤအိမ်တွင်. . .





"မီးခံသေတ္တာထဲ၌ ငွေရှိသည်။ ထမင်းစား စားပွဲပေါ်မှာ ထမင်းနှင့်ဟင်း ရှိသည်။

သွားချင်လျှင် ကားရှိသည်။

ဤအသိထက်ပို၍ ဘာမှမသိရှာသော ရွှန်းမှာ. . .

ဖခင်က မရှိတော့. . .

မိခင်က သေဆုံးသွားပြီ။

ဤအသုဘာတီစွ၊ ငွေကြေးကိစ္စ၊ လူမှုရေး စသည်တို့ကို ဘာမှ မဖန်တီးတတ်၊ ဘာတစ်ခုမှလည်း နားမလည်. . .

မိခင်ကြီးကို နှမြောတသ လွမ်းဆွတ်စိတ်နှင့် ဖခင်ကြီးကို တမ်းတစိတ်တို့သာ ရင်ထဲမှာ လျှံကဲ၍ ပွင့်ကွဲမတတ် ခံစားရလေတိုင်း. . .

မေမေနဲ့ ဖေဖေရယ်. . .

"ရွှန်း ဘာမှမလုပ်တတ်ဘူး"

"ရွှန်း ဘယ်သူနဲ့ နေရမှာလဲ"

"ဘာတွေ လုပ်ရမှန်းလည်း မသိဘူး"

"ကယ်ကြပါဦး၊ ကယ်ကြပါဦးရှင်"

မျက်နှာသိ လူကြီးများကို ပြော၍ငို၊ ဖက်၍ငိုနေရှာသော ပရိဒေဝသည်မလေး ရွှန်း. . .

စိတ်၏ဒုက္ခဆိုသည်များကို တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသော နုလုံးသားနုနုမှာ ဆိုးရွားရက်စက်သော ကံကြမ္မာရိုင်းက စုပြုံလျက် တရကြမ်း ဝင်လာသဖြင့် ရွှန်းခမျာ မရှုံးရုံတမည်သာ ခံစားနေရရှာလေတော့သည်။

ရွှန်း ကလေးဘဝမှစ၍ ဤအိမ်တွင် ကားမောင်းခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးသိန်းသည် ရွှန်းကို သနားကြင်နာလွန်းစွာ ကြည့်နေမိသည်။

သူ မပြောရက်. . .

ပြော၍မထွက်။

သို့ပါသော်လည်း ဘယ်လိုမှ မပြော၍မဖြစ်တော့။ သည်ပြဿနာက ရှောင်လွှဲလို့မရ၊ ရင်ဆိုင်မှသာ ဖြစ်တော့မည်မို့. . .

"ရွှန်း၊ တူမလေး"

မျက်ရည်လည်ရွဲနှင့် မော့ကြည့်နေသော ရွှန်း၏မျက်နှာလေးက အပြစ်မဲ့လွန်းလှချေသည်။

"လာ. . . ကလေး၊ ဦးလေးနဲ့ ခဏလိုက်ခဲ့ပါ"

"ဟင်. . . ဘယ်ကိုလဲ"

ဦးသိန်းသည် နင့်သောရင်မှ သက်ပြင်းကို ချလိုက်ရသည်။

"လာ. . . ကလေး လာ၊ အပြင်ရောက်တော့ ဦးလေးပြောပြပါ့မယ်ကွယ်"

အလောင်းစင်ပြင်ထားသော အသုဘအခန်းမှာ လူများရှိနေ၍ ဘာမှမပြောချင်သဖြင့် ရွှန်း၏ လက်ကလေးကို ဆွဲ၍ခေါ်လာရသည်။

"ဘယ်သွားရမှာလဲဟင် ဦးလေး"

"ရွှန်းရဲ့ဖေဖေ့ဆီကို"

"ဟင်"





ဦးသိန်းက ကားတံခါးကိုဖွင့်ပေး၍ ရွှန်းကိုဝင်ထိုင်စေပြီးမှ. . .

"ကြီးငွေဆိုတဲ့ကောင်က သူ့ကို ငွေတစ်သိန်းပေးပြီး လူနှစ်ယောက်ကို သတ်ခိုင်းတယ်ဆိုတာ ဖော်လိုက်လို့ ကိုမြတ်သာကို ဖမ်းလိုက်ကြပြီလေ"

"ဟာ"

"သူထွက်ပြေးတာ အတော်လေး ခရီးရောက်နေရှာပါပြီကွယ်၊ ဒါပေမယ့် ရဲတွေ ကောင်စီတွေက အဆင့်ဆင့် အကြောင်းကြားလို့ ကော့ကရိတ်ကနေ မြဝတီကို ထွက်တော့မယ့် ကားပေါ်မှာ ဖမ်းမိခဲ့တာတဲ့၊ အခု ဒီကို ပြန်ပို့လိုက်ပြီ"

"အို. . . ဦးလေးရယ်"

"အေးကွယ်၊ မြဝတီကိုသာ ရောက်သွားခဲ့ရင် ဟိုဘက်နိုင်ငံကို ကူးသွားလို့ရပြီလေ၊ ခုတော့. . . အင်း. . . "

ဦးသိန်းက သက်ပြင်းကို ချလိုက်ရင်း. . .

"ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတဲ့ ဆောင်ပုဒ်တွေက ခုခေတ်မှ ပေါ်တာပါ၊ တကယ်တော့ ဟိုးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကတည်း တို့ဘုရားက ဟောခဲ့တာပဲလေ"

"မိမိရဲ့ ပြုမှုမပြုမှု ကုသိုလ် အကုသိုလ်ကံဟာ နွားနောက်က လိုက်တဲ့ လှည်းဘီးရာကဲ့သို့ ထက်ကြပ်မကွာ ကိုယ့်နောက်က လိုက်နေမယ်ဆိုတာ ဓမ္မပဒတရားတော်မှာ ဘုရားဟောခဲ့တာပဲကွယ်"

ကိုမြတ်သာဟာလည်း သူ့ရဲ့အကုသိုလ်ကံက သူ့ကို နှိပ်စက်တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ဥပဒေက တားမြစ်ထားတာတွေကို ရှောင်ရမယ်။

ဘုရားဟောခဲ့တဲ့ အကုသိုလ်တရားတွေကို မပြုလုပ်ရဘူး။

လောကရဲ့ ဥပဒေနဲ့ သံသရာရဲ့ အကုသိုလ်ကို ရှောင်ကြရင် အခုလို အဖြစ်ဆိုးမျိုးနဲ့ ဘယ်သူမှ ကြုံစရာအကြောင်း မရှိဘူးပေါ့လေ။

ခုတော့ ကိုမြတ်သာရဲ့အဖြစ်က ဆိုးလှချည်ရဲ့ကွယ်

"သမီးလေးရွှန်းကို မှာခဲ့စရာတွေ၊ ပြောခဲ့စရာတွေရှိတယ် ခေါ်ခဲ့ပါဆိုလို့ ဦးလေး ရွှန်းကို ခေါ်သွားရမှာပါ၊ စိတ်ကို ထိန်းနိုင်အောင် ကြိုးစားကလေးရယ်"

"ဦးလေးသိန်း"

"ဟင်"

"ဖေဖေက ဘယ်မှာလဲ၊ အခု ရွှန်းတို့ ဘယ်ကိုသွားကြရမှာလဲဟင်"

"သူ့ကို ဖမ်းထားတဲ့ အချုပ်ခန်းကိုပေါ့ကွယ်"

◇ ◇ ◇





အခန်း ॥ ၂၉ ॥

"ခုလို သံတိုင်ကြားရောက်မှပဲ ကျွန်တော့်အဖေကို အဖေမှန်း သိရတော့တယ် အမိုးရယ်"

"ကျွန်တော် ဘယ်လိုလုပ်ပြီး ကယ်နိုင်တော့မှာလဲဗျာ"

"မငိုပါနဲ့ . . . မငိုပါနဲ့ သားကြီးရယ်၊ ယောက်ျားပဲ၊ စိတ်တင်းထား ငါ့သား"

ဦးမြတ်သာသည် မျက်ရည်တွေ ဝေနေသော်လည်း မျက်နှာတစ်ခုလုံး ပြုံးနေ၏။

သူအလွန်ချစ်မြတ်နိုးလှသော သူ၏သားလေးသည် သူ့အတွက် ခံစားချက်ရှိရှာသည်ဟု သူသိရ၍ ကြည်နူးနေမိသည်။

စောထူးသာသည် လူတိုင်းက ရွံရှာနေရှာသော ဦးမြတ်သာကိုကြည့်ပြီး သူ့အနေနှင့် ရွံရှာစိတ် မဖြစ်ထွန်းနိုင်တော့ပါ။

ငွေကြေးလည်း လိုလေသေးမရှိ၊ အဝတ်အစားဆိုလည်း ချက်ချင်း ဝယ်ပေးရုံမက သားဖြစ်သူကို အရိပ်တကြည့်ကြည့်နှင့် ချစ်ခဲ့ရှာသော ဖခင်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးဗေးပြ လူသတ်သမားကြီး ဖြစ်စေကာမူ ကိုယ့်သား သမီးအပေါ်မှာတော့ ဖခင်ကောင်းများဖြစ်အောင် နေပေးတတ်ကြပါလား။

"သား၊ ဖေဖေ့သားကြီး စောထူးသာ"

"ဗျာ. . . ဖ. . . ဖ. . . ဖေ. . . ဖေ"

"သားရယ်. . ."

သံတိုင်ကြားမှ လက်ထုတ်ပြီး သားလေးကို လှမ်းဖက်ထားရှာသော ဦးမြတ်သာ. . .

"မငိုပါနဲ့သားရယ်၊ ဒီမှာ ဖေဖေပြောတာတွေ နားထောင်စမ်း"

မျက်ရည်ကို ကြမ်းတမ်းစွာ သုတ်ပစ်လိုက်ပြီး နီမြန်းသော မျက်ဝန်းဖြင့် ဖခင်ကြီးကို ဆွေးဆွေးမြည့်မြည့် ကြည့်နေသော စောထူးသာသို့. . .

"ဖေဖေ့ရဲ့ သမ္မာအာဇီဝလုပ်ငန်းတွေကိုသားပဲ ဆက်လုပ်ပါ။ သားရဲ့မေမေကိုလည်း အားလုံးမှာပြီးပြီ၊ ရှေ့နေနဲ့လည်း တရားဝင်ပြောပြီး ဆိုပြီးပြီသား၊ ဖေဖေ့ရဲ့ ချမ်းသာကြွယ်ဝမှု ထက်ဝက်ကို သားကိုပေးခဲ့ပါတယ်. . . လို့"

"မလိုချင်ဘူး၊ ကျွန်တော် ဘာမှ မရချင်ဘူး၊ ဖေဖေ့ကို အပြစ်မဲ့တဲ့ ဖေဖေတစ်ယောက်အဖြစ်နဲ့ပဲ သားပြန်ရချင်တယ်"

သားဖြစ်သူ၏ စကားကြောင့် နောင်တတရားသည် ဦးမြတ်သာ၏ရင်ကို ကြမ်းတမ်းစွာ ဝင်၍ မွှေနှောက်၏။

"ဩော်. . . ငါသာ လောဘမကြီးခဲ့ရင် ဦးရဲသွေးပို့ သားအဖအပေါ် မရက်စက်မိခဲ့ရင် ငါ့သားလေး ဖြစ်စေချင်ပို့





ဖခင်မျိုး ဖြစ်မှာ၊ ခုတော့ ငါ့သား ငါ့သမီးတွေ ဘယ်လောက်များ ရှုတ်ကြရှာမလဲ"

ချမ်းသာလေ တပ်မက်စိတ်ကြီးလေဖြင့် လောဘကို ရှေ့တန်းတင်မိ၍ အရာခပ်သိမ်း ဆုံးရှုံးရုံမက ဘဝတစ်ခုလုံး ပျက်စီးရသည့် အဖြစ်သို့ ရောက်ရှိခဲ့ရပြီ။

ဘယ်လိုပြုပြင်လို့မှ မရနိုင်တော့သည့် အဖြစ်ဆိုး. . .

ဘာနှင့်မှ လဲလှယ်ယူ၍ မရနိုင်တော့သည့် ဆုံးရှုံးမှု. . .

ဤအသိများဖြင့် ကျလာမိသာ မျက်ရည်ကို သုတ်လိုက်ရ၏၊ အံကိုကြိတ်၍ စိတ်ကို တင်းပစ်လိုက်ပြီး. . .

"အခု ဖေဖေ မသမာတဲ့နည်းနဲ့ ရှာထားတဲ့ ပစ္စည်းတွေကို သက်ဆိုင်ရာက သိမ်းလိုက်ကြပြီ၊ ဒါပေမယ့် မလှမြိုင်ရဲ့ အတွင်း ပစ္စည်းတွေနဲ့ တရားသောနည်းနဲ့ရှာထားတဲ့ ငွေတွေ ပစ္စည်းတွေ အပြင် ကားနှစ်စင်း သင်္ဘောသုံးစီး၊ အခုနေတဲ့တိုက်၊ သားတို့နေတဲ့ ခြံမြေ အများကြီး၊ အဲဒါတွေစုလိုက်ရင် ကာလတန်ဖိုး သိန်းလေးဆယ်လောက်ရှိမယ်သား"

"သိန်းလေးဆယ် ဟုတ်လား"

"ဟုတ်ပါတယ် သား"

"ဒီလောက် ချမ်းသာတာများ နန်းဝေဝေနဲ့ ဦးရဲသွေးတို့ သားအဖကို နည်းနည်းခွဲပေးလိုက်ရောပေါ့ ဖေဖေရယ်"

"ဖေဖေမှားပါတယ်၊ အင်မတန်မှ မိုက်မဲတဲ့အမှားကို ကျူးလွန်ခဲ့ပါတယ်၊ လောဘဟာ အမှန်တရားအားလုံးကို ဖုံးအုပ်နိုင်ပါတယ်သားရယ်၊ ဖေဖေ့အဖြစ်ကို သံဝေဂယူကြပါလို့ လောဘသားတိုင်းကို မှာခဲ့ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စေတထူးသာ ဘာမှမပြောဖြစ်တော့ဘဲ ဆို့နစ်ကြေကွဲသော ရင်ဖြင့်သာ ဦးမြတ်သာကို ကြည့်နေရှာသည်။

"နော်"

ခပ်လှမ်းလှမ်းမှ ခုံတန်းလျားပေါ်တွင် ထိုင်နေသော နော်ဆေးဖောကို လှမ်းခေါ်လိုက်သဖြင့် မျက်ရည်သုတ်ပြီး နော်ဆေးဖောက ထလာရှာသည်။

"သားကို ဖျောင်းဖျပေးပါ နော်ရယ်"

"စိတ်ချပါ ကိုမြတ်၊ နော်တို့သားအမိအတွက် ဘာမှ မပူပါနဲ့"

ငယ်ချစ်ဦးလည်းဖြစ်၊ ငယ်လင်ငယ်မယားလည်း ဖြစ်ကြသော ဦးမြတ်သာနှင့် နော်ဆေးဖောတို့၏ သံယောဇဉ်များကို မြင်သာနိုင်ပေသည်။

"စောစောက ရှေ့နေနဲ့ ပြောခဲ့တဲ့ ကိစ္စတို နော်လက်ခံပြီး ကိုမြတ်တို့ရဲ့ခြံမှာ သွားနေကြပါနော်"

"အမွေထက်ဝက် ပေးမယ်ဆိုတာတော့ နော် လက်ခံပါတယ်၊ သားလေးအတွက် ရချင်တာပါ။ ဒါပေမယ့် ဟိုတိုက်ကြီးမှာတော့ နော် သွားမနေချင်ဘူး"

ဦးမြတ်သာက ခေါင်းညိတ်သည်။

ဒေါ်လှမြိုင်ဘက်က ရရှိလာသော တိုက်ပေါ်တွင် နော်ဆေးဖော တက်မနေချင်ဘူးဆိုသည်မှာ ဖြစ်ထိုက်ပါ၏။

"ဒီမှာ နော်"

"ဒါဖြင့်လည်း နော် မြို့ထဲကို ပြောင်းနေပါ၊ သားတာတော့ ကိုမြတ်တို့တိုက်မှာ မနေလို့ မဖြစ်ဘူးနော်"





"ဟင်. . . ဘာဖြစ်လို့လဲ"

"ပစ္စည်းတွေကို သားပဲ ထိန်းသိမ်းရမယ်၊ လုပ်ငန်းတွေကိုလည်း သားပဲ ဆက်လက်လုပ်ရမယ်လေ၊ ပြီးတော့ အရေးကြီးတာ ရှိသေးတယ်နော်"

"ဘာလဲဟင် ကိုမြတ်"

"ရှန်း. . . သမီးလေးရှန်း ကျောင်းပြီးလာရင် ဘယ်လိုလုပ်ပြီး တစ်ယောက်တည်းနေမလဲကွယ်၊ သူတို့မောင်နှမ နှစ်ယောက် အတူနေကြပါစေ၊ အဲဒါကို နော် ခွင့်ပြုပေးပါ"

"ခွင့်ပြုပါတယ် ကိုမြတ်ရယ်၊ ကိုမြတ်တို့ သားအဖချင်းသာ စီစဉ်ကြပါ၊ ဟိုတိုက်ကြီးပေါ်မှာ နော် လိုက်မနေချင်တာက လွဲလို့ ကိုမြတ်စီစဉ်ပေးတာအားလုံး နာခံပါ့မယ်"

"နော်ဟာ. . . ကိုမြတ်အပေါ်မှာ တစ်သက်လုံး ခွင့်လွှတ်အနစ်နာခံခဲ့တဲ့ မိန်းမပါ၊ ကိုမြတ်ရဲ့မေတ္တာကို ပေးအပ်ခွင့်မရတော့ပေမယ့် ကိုမြတ်ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ပေးအပ်နိုင်ခဲ့လို့ ကိုမြတ် ကျေနပ်ပါတယ်၊ ဒီမှာသား"

ဇနီးနှင့်သားကို တစ်ဆက်တည်း ပြောလိုက်ပြီ. . .

"သားရဲ့အမိုးကိုလည်း ဂရုစိုက်၊ ညီမလေးကိုလည်း ပစ်မထားပါနဲ့နော်သား"

"အဲဒီအတွက် စိတ်ချပါ၊ ရှန်းနဲ့ ကျွန်တော်ဟာ မောင်နှမ မို့လား မသိဘူး၊ ဟိုအလျင်ကတည်းက တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ရှိကြပါတယ် ဖေဖေ၊ ကျွန်တော် ညီမလေးကို အထူးဂရုစိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



စောထူးသာသည် ခပ်ကြာကြာ ငိုင်နေပြီးမှ ပြောတော့မည်ဟု ဆုံးဖြတ်လိုက်ဟန်ဖြင့်. . .

"ဖေဖေ့ကို ကျွန်တော် တစ်ခုပြောပါရစေ"

"ပြောပါသား"

"ဦးရဲသွေးနဲ့ နန်းဝေဝေတို့ သားအဖကို ကျွန်တော် ငွေပေးချင်တယ် ဖေဖေ၊ ပေးလည်း ပေးသင့်တယ်လို့ ထင်ပါတယ်"

"ကောင်းပါပြီသား၊ နော်နဲ့တိုင်ပင်ပြီး သင့်သလိုသာ ဆောင်ရွက်လိုက်ကြပါ။ ဖေဖေကတော့ သားတို့နဲ့ တစ်သက်တာ ဝေးပြီကွယ်"

"အို. . . ကိုမြတ်"

နော်ဆေးဖောသည် ဦးမြတ်သာ၏လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လျက်. . .

"ကိုမြတ်ကျူးလွန်တာ လူသတ်မှု ဆိုပေမယ့် ကိုမြတ်သတ်ခိုင်းတဲ့ လူနယောက်လုံး မသေကြဘူး၊ အခု နယောက်လုံး ကောင်းသွားကြပါပြီ၊ ဒါကြောင့် လူသတ်မှုနဲ့ ထောင်ကျမှာ မဟုတ်ပါဘူး၊ နစ်လည်း သိပ်ကြာမှာ မဟုတ်ပါဘူးကွယ်၊ ထောင်ကျနေတုန်းမှာလည်း နော်လာတွေ့မယ်၊ လိုအပ်သမျှ ဆောင်ရွက်ပေးမယ်၊ လွတ်လာမယ့်ရက်ကိုလည်း နော် သစ္စာရှိစွာ စောင့်နေမယ်"

"ယုံပါတယ်နော်ရယ်၊ ငယ်ငယ်တုန်းကတောင် သစ္စာမဖျက်ခဲ့တဲ့နော် ခုလိုအရွယ်ကျမှတော့. . .

ဦးမြတ်သာ စကားမဆက်နိုင်တော့ပါ။





အချုပ်ခန်းရှေ့သို့ ထိုးစိုက်လာသော ကားပေါ်မှ ငိုရင်းပြေးဆင်းလာသော သမီးလေး "ရွှန်း"။

အလူးအလဲ ငိုနေရှာသော သမီးလေးရွှန်းကို ဝိုင်း၍ နှစ်သိမ့်ကြရင်း အဖြစ်အပျက်စုံကို ရွှန်းအား ပြောပြလိုက်ပြီးချိန်မှာ. . .

"အ. . . အ. . . ကို. . . စောထူးသာရဲ့၊ ရွှန်းကို ကယ်ပါဦး"

အစ်ကိုကြီးအဖြစ်နှင့် အားကိုးစွာ ဖက်၍ငိုရှာသူ ညီမလေးအား စောထူးသာက ကြင်ကြင်နာနာ ဖျောင်းဖျ နှစ်သိမ့်ရှာသည်။

"သား. . . ဖေဖေ့သားကြီး စောထူးသာ"

"ဟုတ်ကဲ့ ဖေဖေ"

"အိမ်ကို ညီမလေးနဲ့အတူ ပြန်လိုက်သွားပါ၊ မလှမြိုင်ရဲ့ အသုဘကို လှလှပပဖြစ်အောင် သား စီစဉ်ပေးပါ၊ သူ့အတွက်လည်း ထိုက်ထိုက်တန်တန် လှူပေးလိုက်ပါကွယ်၊ သူ့ကြောင့် ဖေဖေရဲ့ဘဝ မြင့်တက်လာရတာပါ၊ အဲဒီမိန်းမဟာလည်း ဖေဖေရဲ့ ကျေးဇူးရှင်တစ်ဦးပါပဲသား"

"စိတ်ချပါ၊ ဖေဖေဖြစ်စေချင်တဲ့အတိုင်း သား အားလုံး ဖြစ်အောင် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ် ဖေဖေ"

"သားရယ်"

ဦးမြတ်သာ၏ မျက်ရည်မစဲမီမှာပင် နေခွင့် ကုန်ဆုံးသဖြင့် အားလုံးပင် မျက်ရည်စက်လက်နှင့် နှုတ်ဆက်၍ ပြန်ခဲ့ကြရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ရှိသည်ဟု သိရသည့်အချိန်မှာပင် ဖခင်ကို အဆုံးရှုံးခံလိုက်ရသဖြင့် ရင်နင့်ကြေကွဲသော နှလုံးသားဝေဒနာကို ခံစားနေရပါသော်လည်း. . .

သိန်းပေါင်းများစွာကို ပိုင်ဆိုင်ရတော့မည့် သူဌေးလေးစောထူးသာအဖြစ်. . .

◇ ◇ ◇





## အခန်း ॥ ၃၀ ॥

ဖခင်ကြီးနှင့် စတင်ဆုံဆည်းခွင့်ရသည့်နေ့က အကြောင်းများကို တွေးရင်း နန်းဓေဝေမှာ သူကိုယ်တိုင် ပြုတ်ထားသော ကြက်သားဆန်ပြုတ်ကို ဖခင်ကြီးအား တိုက်ကျွေးနေသည်။

ဦးရဲသွေးမှာလည်း သမီးလေး ခွံ့ကျွေးသော ဆံပြုတ်ကို သောက်ခွင့်ရနေသဖြင့် ကမ္ဘာပေါ်မှ အစွမ်းအထက်ဆုံး ဆေးဝါးများထက်ပင် ပို၍ အင်အားကို ပြည့်ဖြိုးစေမည်ဟု ခံယူခံစား၏။

"သမီးတို့ သင်တန်းပြီးတော့ အလုပ်လျှောက်လွှာ တင်ရကတည်းက ကရင်ပြည်နယ်ကို ပို့ပေးဖို့ လျှောက်လွှာမှာ ဦးစားပေး ရေးခဲ့တာ"

"ဖေဖေ ဒီနယ်မှာ ရှိတယ်ဆိုပြီးတော့ လာချင်တာမဟုတ်လား"

"ဒါပေါ့ ဖေဖေရဲ့၊ ကံကောင်းချင်တော့ အလုပ်မရခင် စပါယ်ရှယ်လ်နပ်စ် ဝင်လုပ်တုန်းမှာ ဒေါ်လှမြိုင်နဲ့တွေ့ပြီး ဘားအံကို လိုက်လာခွင့်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"မလှမြိုင်ရဲ့ ကျေးဇူးကြောင့်ပေါ့ကွယ်"

"ဖေဖေရယ်၊ ဒေါ်ဒေါ့်ကို သမီး သိပ်သနားတာပဲ၊ အင်မတန်မှ စိတ်ကောင်းစေတနာရှိတဲ့ အမျိုးသမီးကြီးပါ၊ သူသေဆုံးချိန်မှာ သမီးမရှိတာရယ်၊ သူ့အသုဘတောင် မပို့လိုက်ရတာရယ်အတွက် သမီး ဝမ်းနည်းလှပါတယ်"

"အေးလေ သမီးကိုယ်တိုင်ကလည်း ဆေးရုံတက်နေရတာဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ"

"နှမြောစရာကောင်းလိုက်တာ၊ သိပ်စိတ်ကောင်းရှိတဲ့ အမျိုးသမီးကြီးပဲ"

"အင်း၊ ဒီက နော်ဆေးဖောဟာလည်း စိတ်ကောင်းရှိရှဲမကဘူး၊ အင်မတန်မှ သဘောထား မြင့်မြတ်တဲ့မိန်းမ၊ ဒီလိုမိန်းမနှစ်ယောက်နဲ့ မထိုက်တန်တဲ့ကောင်ပဲ၊ မြတ်သာ ခုလို ဘဝဆုံးသွားရတာကို ဖေဖေ ဝမ်းတော့ မသာပါဘူး၊ ဒါပေမယ့် ဝမ်းမနည်းဘူးသမီး"

"ဒါပေါ့ ဖေဖေရယ်၊ သူကြံမှာ သူဝင်သွားတဲ့လူပဲ၊ သနားစရာမကောင်းပါဘူး၊ သမီးကိုတောင် မဆီမဆိုင် သတ်ခိုင်းရလို့"

"တို့သားအဖနှစ်ယောက်လုံး ကံစွတုံးမှ သူ့ဘဝအတွက် ရှင်းသွားမယ်ဆိုတာကိုပဲ တွက်တယ်၊ ငွေနဲ့ခိုင်းရင် ဘာမဆိုဖြစ်နိုင်တယ်လို့ပဲ အထင်ကြီးနေတဲ့ကောင်လေ၊ သူ့အန္တရာယ်တော့ သူမမြင်ဘူး"

"တကယ်ယုတ်မာတဲ့လူကြီး"

"ဒါပေမယ့် တစ်ခုတော့ရှိတာပေါ့ သမီးရယ်"





"ဘာလဲ ဖေဖေ"

"မြတ်သာက သတ်ခိုင်းပေမယ့် သမီးကိုကယ်ပေးတဲ့လူကသူ့သား၊ ဖေဖေ့ကို ကယ်ပေးတဲ့လူက သူ့မိန်းမပဲ"

"ဟုတ်တယ်နော်၊ စောထူးသာတို့ သားအမိကြောင့် သမီးတို့သားအဖ အသက်ချမ်းသာရာ ရကြတာ၊ သမီးတို့ရဲ့ အသက်သခင် ကျေးဇူးရှင်တွေပါ သူတို့သားအမိရဲ့ ကျေးဇူးကို တစ်သက်လုံး ဆပ်လို့တောင် ကုန်နိုင်မှာ မဟုတ်ပါဘူး ဖေဖေရယ် နော်"

"အေးပေါ့၊ ဟော ပြောရင်းဆိုရင်း မဆေး ခြံထဲဝင်လာပြီ၊ ဆံပြုတ်လည်း ဖေဖေဝယ်ပြီသမီး"

ခြံဝင်း ဝါးတံခါးကိုဖွင့်ပြီး နော်ဆေးဖော ဝင်လာသည်။

စောထူးသာတော့ မပါ။

နော်ဆေးဖော၏ဘေးမှာတော့ လျှာထုတ်ပြီး အမြီးနှံ့နှံ့နှင့် လျှောက်လိုက်လာသော ခွေးလေး ခွားခွား။

"ထိုင် အမိုး၊ ကိုစောထူးသာရောဟင်"

"ဟိုအိမ်သွားတယ်လေ"

"နန်းဝေကို ကယ်တင်ပေးပြီးတဲ့နေ့ကစပြီး သူ့ကို တစ်ခါမှ မတွေ့ရတော့ဘူး"

"အလုပ်တွေ ရှုပ်နေလို့ပါကွယ်၊ မလှမြိုင်ရဲ့ အသုဘကိစ္စကလည်း သူပဲ လုပ်ပေးနေရတယ်လေ၊ ပြီးတော့ ရွှန်း ဒီနေ့ မော်လမြိုင်ပြန်ပြီး၊ သူ ဟိုဘက်ကမ်းအထိ လိုက်ပို့မယ်ပြောတယ်"

"ရွှန်း ပြန်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ပြန်မလာတဲ့"

"အင်းပေါ့လေ၊ ကျောင်းပိတ်ရက်မှ မဟုတ်တာ၊ ရှန်းအဖြစ်ကလည်း သနားစရာ၊ ကိုယ်ချင်းစာမိပါတယ်အမိုးရယ်"

နော်ဆေးဖောတ ခေါင်းညိတ်ပြီး ထောက်ခံသည်၊ ပြီးတော့ ငြိမ်သက်နေ၏။

နော်ဆေးဖော၏မျက်နှာမှာ တည်ကြည်လေးနက်နေသည်။ တစ်ခုခုကို လေးလေးနက်နက် ပြောတော့မည်မှာ သေချာနေပါပြီ။

"ဦးလေး ဦးအောင်ဝေး၊ အဲလေ ဦးရဲသွေးလို့ပဲ ခေါ်ပါရစေတော့"

"ဘဝဟောင်း ပြန်ရောက်သွားပြီပဲဗျာ၊ ခေါ်နိုင်ပါတယ်"

"ဦးရဲသွေးရဲ့ နန်းဝေဝေကိုပဲ ကျွန်မအနေနဲ့ တိုက်ရိုက်ပြောပါရစေတော့၊ စိတ်လည်း မဆိုးကြပါနဲ့"

"ဟာ. . . စိတ်ဆိုးရမယ့်လူတွေမှ မဟုတ်တာ၊ ပြောစရာရှိတာ ပြောစမ်းပါ မဆေးရဲ့"

"စောထူးသာနဲ့ နန်းဝေဝေကို ပေးစားကြရအောင် ဦးရဲသွေး"

"ဟာ. . ."

"အို. . ."

သားအဖနှစ်ယောက်၏ အာမေဋိတ်သံက ပြိုင်တူ. . .

နော်ဆေးဖော ပြတ်သားမှန်းတော့သိသည်။ ဒါပေမယ့် ဒီကိစ္စမျိုးကို ခုလောက် မြန်မြန်ဆန်ဆန်ကြီး ပြောချလိမ့်မည်ဟု ဖြင့် သားအဖနှစ်ယောက်လုံး မထင်မိကြ၊





"သားလေးဟာလေ နန်းဝေဝေကို စွဲလမ်းလွန်းတာ၊ မစားနိုင် မအိပ်နိုင်အောင်ပါပဲကွယ်၊ ရူးသွားမလားတောင် စိုးရိမ်ရတယ်"

"ဟာ. . . အမိုးကလည်း မဟုတ်တာ"

အမိုးဟု ခေါ်လက်စနှင့် ဆက်ခေါ်ရသည်ပင် ရှက်ရွံ့လာမိသည်။

ခွေးမတော်ချင်နေသော ဤအမျိုးသမီးကြီးကို 'အမေ'ဟု ခေါ်နှင့်သည့်အတွက် ရှက်မယ်ဆိုလည်း ရှက်စရာပါပဲ၊ ဒီလို ဖြစ်လာလိမ့်မယ်လည်း မထင်ခဲ့ဘူးလေ. . .

"ဘယ့်နှယ် မဟုတ်ရမှာလဲ၊ သိပ်ဟုတ်တာပေါ့"

"သူနဲ့ နန်းဝေနဲ့ ဟိုအိမ်မှာ တစ်ချိန်လုံး တွေ့နေတာပဲ၊ သူဘာမှလည်း မပြောပါဘူး"

"အေး. . . မပြောတာက နန်းဝေဝေကို သူချစ်လွန်းလို့"

"ဟင်"

"တကယ်ပဲသမီး၊ သူဟာ ဆင်းရဲသားတဲ့၊ ပညာမဲ့တဲ့၊ ဒါကြောင့် သိပ်လတဲ့ နန်းဝေဝေနဲ့ မတန်ပါဘူးဆိုပြီး သူ တစ်ယောက်တည်း ကျိတ်ပြီး ခံစားနေရရှာတာ အမိုးအသိ ပါကွယ်"

ဖခင်ရှေ့မှာလည်းဖြစ်၍ နန်းဝေဝေ ခေါင်းငုံ့နေလိုက်ရပါသည်။

"ဟုတ်တယ်၊ သူပြောသလိုပဲ ဟိုတုန်းကတော့ အမိုး ကိုယ်တိုင်လည်း မစဉ်းစားရဲပါဘူး၊ ခုတော့ သားမာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေပေးခဲ့တဲ့ အမွေတွေ ပိုင်ဆိုင်နေပြီဆိုတော့ သမီး တောင်းရဲပြီ ဦးရဲသွေးရေ"

"အင်း"

ဦးရဲသွေး ခဏမျှ ငြိမ်သွားပြီးမှ. . .

"ကျုပ်လည်း သဘောတူတယ် မဆေး"

"ဟာ. . . ဖေဖေကလည်း"

နန်းဝေဝေ လူကြီးနှစ်ယောက်နားမှာ ထိုင်မနေရဲတော့၍ ဆန်ပြုတ်ပန်းကန်ကိုယူပြီး နောက်ဖေး ဝင်ခဲ့ရသော်လည်း အိမ်ကကျဉ်း၍ စကားသံများကို ဆက်သက် ကြားနေရပေသည်။

"ကျုပ်တို့သားအဖအနေနဲ့ ရန်ကုန်ကို ဘယ်နည်းနဲ့မှ ပြန်လို့မဖြစ်တော့ဘူးလေ၊ ဒီမှာပဲ အခြေချရတော့မှာပါ"

"ဒါပေါ့၊ ဒေါ်ဖြူဖြူထွန်း ဆိုတာတလည်း နောက်ထပ် ဘဝသစ်တစ်ခုကို ထူထောင်သွားပြီလေ"

"ဟုတ်တယ်၊ သူ့ကိုစွန့်လွှတ်ရလို့ ကျုပ် ဝမ်းမနည်းပါဘူး ကျုပ်သမီးလေး ကျုပ်ဆီရောက်လာတာ ရွှေတောင်ကြီး ပေါက်လာတာကို ပိုင်ဆိုင်ရသလို ဝမ်းသာမိတယ် မဆေးရယ်"

"သမီးဆိုလို့ ခုနစကား ဆက်ပြောရအောင် ဦးရဲသွေးရယ် ကျွန်မရဲ့သားလေးဟာ နန်းဝေဝေကို သိပ်ပြီး မြတ်နိုးရှာပါတယ်၊ အခုအချိန်မှာတော့ သားရဲ့ အခြေနေဟာလည်း ပြောင်းသွားပြီမို့ ကျွန်မ လာတောင်းဝံ့တာပါ"

"ဒီမှာ မဆေး"

"ဟုတ်ကဲ့"





"ဒီမြို့ပြင်က မြို့ထဲမှာဆိုရင် မဆေးနဲ့ ကျုပ်တို့ဟာ ဆွေမျိုး မကာ ခင်ခဲ့ကြတာပါ၊ အခု ကျုပ်သမီးနဲ့ ထူးသာကို သဘောတူ တယ်ဆိုတာ ထူးသာ ပစ္စည်းတွေရသွားလို့ မဟုတ်ဘူးနော်၊ ဒါတော့ ယုံ"

"သိပါတယ်. . . ကျွန်မ သိပါတယ်"

"စောထူးသာလေးဟာ ရိုးသားတည်ကြည်ရုံ မကဘူး သဘောထားလည်းပြည့်ဝလို့ ကျုပ်သဘောတူတယ်လို့ ပြော တာပါ"

"ဝမ်းသာပါတယ်"

"အဲ. . . ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ကျုပ်ကသာ သဘောတူတာ သမီးရဲ့သဘောကလည်း ရှိသေးတယ်၊ ပြီး တော့. . ."

ဦးရဲသွေး၏အသံက ခေတ္တ ပြတ်သွားပြီးမှ. . .

"ဆေးရုံမှာတုန်းက ကျုပ်အကဲခတ်မိတာ တစ်ခုရှိတယ်"

"ဘာများပါလိမ့်"

"ဟိုဆရာဝန်လေးနဲ့ သမီးနဲ့များ ချစ်သူဖြစ်နေကြတာလား မသိဘူး"

"ဟင်. . ."

"ကောင်လေးက သမီးကို အတော်ဂရုစိုက်တာပဲ၊ ရန်ကုန် မှာကတည်းက သိခဲ့ကြတာတဲ့"

"အင်းပေါ့လေ၊ ဆရာဝန်နဲ့ ထူးသာနဲ့ ပြိုင်ရမယ်ဆိုရင် တော့ သားလေးထူးသာ ကျိန်းရစ်ရမှာ သေချာသွားပြီပေါ့ ဦးရဲသွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်သေးဘူး မဆေး"

နော်ဆေးဖောက ဘာမှ ဝင်မပြောတော့ဘဲ ဦးရဲသွေး၏ စကားကိုသာ စောင့်နေသည်။

"ကျုပ်အနေနဲ့ ကျုပ်ကြိုက်တာပေးစား ဆိုရင်တော့ စောထူးသာနဲ့ပဲ ပေးစားမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ သားအဖနဲ့ ခင်ဗျားတို့သားအမိဟာ အံဝင်ခွင်ကျ ဖြစ်နေကြပြီလေ၊ ဒါပေမယ့်. . ."

ဦးရဲသွေးက စကားစ ဖြတ်ထား၍. . .

"ဒါပေမယ့် ဆိုတာကို ဆက်ပါဦး ဦးရဲသွေးရဲ့"

"အင်း. . . ဒါပေမယ့် သမီးလေးဟာ ငယ်တော့တဲ့ အရွယ် မဟုတ်ပါဘူး သူ့စိတ်ကြိုက် သူ့ဆန္ဒအရပဲ ရွေးပါစေ တော့ဗျာ"

နော်ဆေးဖော ခေါင်းညိတ်လိုက်ရပါပြီ။

"တကယ်လို့များ သမီးလေး နန်းဝေဝေဟာ နေမင်းထက် ဆိုတဲ့ ဆရာဝန်လေးကို ချစ်ပြီးသား ဖြစ်နေရင်လည်း ခွင့်လွှတ် ပါလို့ တောင်းပန်ပါတယ်"

"တောင်းပန်ဖို့မလိုတဲ့ကိစ္စပါ ဦးရဲသွေးရယ်၊ ဒါပေမယ့် နန်းဝေဝေကို ပိုင်ဆိုင်ခွင့်မရဘဲ ဆုံးရှုံး စွန့်လွှတ်ရမယ်ဆိုရင် ထူးသာတော့ ရူးလိမ့်မယ်ထင်တယ် မိန်းကလေးတစ်ယောက်ကို ဒီလောက်ချစ်တတ်တဲ့ ယောကျ်ားလေးမျိုး ရှိမယ်တောင် မထင်ပါဘူး"

"အေးဗျာ၊ ကျုပ်လည်း ဘာပြောရမှန်းတောင် မသိဘူး၊ မဆေးတို့ သားအမိဟာလည်း ကျွန်တော်တို့ သားအဖရဲ့





အသက်သခင်ဖြစ်နေတော့. . ."

"တော်ပါတော့ ဦးရဲသွေး၊ အဲဒါတော့ ထည့်မပြောပါနဲ့ လေ၊ ကျွန်မတာ ကျွန်မကိစ္စနဲ့ ကျွန်မလာရင်းနဲ့ ဦးရဲသွေး ဒုက္ခထိုးခံရတာကို တွေ့တာပါ၊ သားကလည်း သူ့ချစ်သူကို သူကယ်တင်တာ မဆန်းပါဘူး၊ အဲဒီလို ကျေးဇူးရှိတယ်ဆိုပြီး လာပြောတာလည်း မဟုတ်ဘူးနော်"

"ကျုပ်အားလုံး သိပါတယ်ဗျာ၊ ကျေးဇူးကလည်း တစ်သက်လုံး ဆပ်လို့တောင် ကုန်မှာမဟုတ်တဲ့ ကျေးဇူးပါ၊ ဒီလိုတော့ ပြောနေပါရစေ"

"ပြောချင်ပြော၊ စိတ်ထဲ ထားချင်ထားပါ၊ ဒါပေမယ့် ပြန်ဆပ်ဖို့ မလိုပါဘူး၊ ဆပ်လည်း လက်မခံပါဘူး"

အသံများ ငြိမ်သွားကြပြီးမှ. . .

"ကဲ. . . ကျွန်မပြန်မယ် ဦးရဲသွေး၊ နန်းဝေဝေကိုတော့ နှုတ်မဆက်တော့ဘူး၊ သူ ရှက်နေမှာစိုးလို့"

"တောင်းပါပြီဗျာ"

"ကျွန်မအနေနဲ့ ဒီထက်ပိုပြီး ဘာမှ မတတ်နိုင်တော့ဘူး လေ၊ ကျွန်မသားလေးရဲ့ ပျော်ရွှင်မှုနဲ့ ဝမ်းနည်းမှုတို့ဟာ နန်းဝေဝေအပေါ်မှာပဲ တည်နေပါတယ်၊ နန်းဝေဝေအတွက် သားလေး ပျော်ရွှင်ဝမ်းမြောက်ခွင့်ရပါစေလို့ပဲ ဆုတောင်းရတော့ မှာပဲပေါ့လေ. . ."

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ၃၁ ။

"နန်းဝေဝေ အပေါ်မှာပဲ မူတည်နေတယ်"

"နန်းဝေဝေ အပေါ်မှာပဲ မူတည်နေတယ်တဲ့လားရှင်"

ဖခင်ကြီးကို ရှာဖွေတွေ့ရှိပြီဖြစ်၍ သောကအေးမည်မှ မကြံသေး၊ နှလုံးသားပြဿနာက ဝင်ရောက်လာပြန်ပါပြီ။

အကြင်နာမျက်ဝန်း၊ ချစ်ရိပ်ဝေသော အကြည့်များဖြင့် အမြဲတစေ ကြည့်နေတတ်သော "ကိုစောထူးသာ"။

ကာလများစွာကပင် စတင်ချစ်ခဲ့ရှာသော "ဒေါက်တာနေမင်းထက်"။

အသက်ကို ကယ်ခဲ့သော ကျေးဇူးရှင်. . .

ကျန်းမာအောင် ဂရုတစိုက် ပြုစုတုသပေးခဲ့သော ကျေးဇူးရှင်. . .

နန်းဝေဝေ၏ ရင်ထဲမှာ နှစ်ယောက်လုံး အားပြိုင်နေကြသည်။

အကယ်၍သာ. . .





စောထူးသာသည် မိမိကို နက်ရှိုင်းစွာ ချစ်နေပြီဆိုသော ခံစားမှုကို ကြားသိခွင့် မရခဲ့ပါလျှင် နန်းဝေဝေသည် ဒေါက်တာနေမင်းထက်ကို ချစ်ဖြစ်လိမ့်မည် ထင်သည်။

အကယ်၍သာ. . .

ရှုန်းကြောင့် ဒေါက်တာနေမင်းထက်ကို ခပ်ခွာခွာ လုပ်နေချိန်က စောထူးသာသည် သူ့ရင်မှ အချစ်ခံစားမှုအကုန်ကို ဖွင့်လှစ်ပြသခဲ့မည် ဆိုပါလျှင်လည်း. . .

စောထူးသာကို နန်းဝေဝေ ချစ်ဖြစ်လိမ့်မည် ထင်ပါသည်။

လူတစ်ယောက်ကို "ချစ်နိုင်တယ်" "မချစ်နိုင်ဘူး" ဟူသော ဆန့်ကျင်ဘက် အဖြေနှစ်ခုအနက်မှ တစ်ခုခုကိုသာ ရွေးရမည်။

မိန်းကလေးတစ်ယောက်၏ဘဝမှာ ဖြစ်လေ့ဖြစ်ထရှိသည့် အတိုင်းသာ ဖြစ်လာရမည်ဟု ထင်ခဲ့သော်လည်း. . .

ယခု နန်းဝေဝေ၏ အဖြစ်က ဆန်းသစ်စွာ ခံစားစေဖို့ ဖြစ်လာသည်။

နှစ်ယောက်လုံးကလည်း အားကိုးထိုက်စရာ ယောကျ်ားမြတ်တွေ. . .

နန်းဝေဝေ ကိုယ်တိုင်ကလည်း နှစ်ယောက်လုံးကို သနားစိတ်တို့ဖြင့် ရင်မှာ လျှံပြည့်လျှက်ပါ။

ထိတွေ့ဆက်ဆံမှု ပိုများသော၊ ကျေးဇူးရှင်လည်းဖြစ်သော၊ စိုးသားစွာ ချစ်ခင်တတ်သော စောထူးသာကို စိတ်က ယိုင်လိုက်၊

ဆရာဝန်ဆိုသော်လည်း မိမိလို အထီးကျန် စွန့်ပယ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ဘဝဖြင့် ဤနယ်မြေသို့ လွင့်လာခဲ့ရရှာပြီး မိမိကို ကြာမြင့်စွာကတည်းက အချစ်ကြီး ချစ်ခဲ့ရှာသော ဒေါက်တာနေမင်းထက် အပေါ် စိတ်က ညွတ်လိုက်ဖြင့်. . .

"အို. . . နန်းဝေ ဘယ်လိုဆုံးဖြတ်ရမလဲရှင်"

သူတို့နှစ်ဦးအနက် တစ်စုံတစ်ဦးသည် ဤလောကသို့ မွေးဖွားမလာခဲ့ဘူးဆိုလျှင် အဘယ်မျှ ကောင်းလိုက်လေမလဲကွယ်။

ယခုလို ပတ်သက်နေပုံမျိုးနှင့် တစ်စုံတစ်ယောက်တည်းကိုသာ ကြုံခွင့်ဆုံခွင့်ရမည် ဆိုခဲ့ပါလျှင်. . .

သူ့အချစ်နှင့် တူမျှစွာ တုံ့ပြန်ချစ်မိမှာ အမှန်ပါ၊

ယခုတော့. . .

"ကိုနေမင်းထက်"နှဲ့

"ကိုစောထူးသာ"

"နန်းဝေ ဘယ်သူ့ကို ရွေးရမလဲ"

"နန်းဝေဟာ ဘယ်သူ့အတွက် ဖြစ်ထိုက်ပါသလဲ"

"နန်းဝေ မဆုံးဖြတ်တတ်ဘူး"

"နန်းဝေ ရူးရချည်ရဲ့ရှင်"

◈ ◈ ◈





အခန်း ။ ၃၂ ။

မီးခိုးရင့်ရောင် တိမ်ဆုပ်တို့သည် အနောက်ဘက်အရပ်ဆီသို့ လွင့်မျောရွေ့လျားနေကြ၏။

ညိုမှိုင်းသော တောင်တန်းသည် စိတ်ဓာတ်ကျသူတစ်ယောက်ကဲ့သို့ ငြိမ်သက်စွာ လဲလျောင်းနေလေသည်။

ပြာလဲ့သော သံလွင်မြစ်ရေသည် တောင်တန်းအောက်မှ ကျောက်ဆောင်မည်းမည်းကြီးများကို တွေ့ဝိုက်၍ စီးဆင်းနေသည်။

ပြည်နယ်သုံးခုတို့ ဖြတ်သန်းလျက် မိုင်ပေါင်းများစွာ ရှည်လျားသော တမ်းခြေများကို ဖြတ်သန်းစီးဆင်းလာခဲ့ရသော ခရီးသည် သံလွင်သည်. . .

တောင်ဘက်အရပ်ရှိ မွန်ပြည်နယ် မုတ္တမပင်လယ်ပြင်သို့ သူဝင်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်ကြီး သံလွင်၏ နောက်ဆုံးကာလများဆီက ညည်းညူသံသည် ဆွေးမြေ့ကြေကွဲဖွယ် ကောင်းလှချေ၏။

သံလွင်မြစ်၏ အရှေ့ဘက်ကမ်းသည် လည်းကောင်း၊ အနောက်ဘက်ခြမ်းသည် လည်းကောင်း၊ အထက်ဘက် ကောင်းကင်ပြင် တစ်ခွင်လုံးသည်လည်းကောင်း အုံ့မှိုင်းမှုန်ရီဝေနေကြပေသည်။

သဘာဝ ဝန်းကျင်တစ်ခုလုံးမှာ နီစွေးသောရောင်စဉ်၊ နေဝင်ချိန်ပန်းဆီသွေး စသည့် တက်ကြွဖွယ် အရောင်များကို ကောင်းကင်ပြင်တွင် မမြင်ရ။

အချိန်က ဆည်းဆာဖြစ်သော်လည်း နေဝန်း၏လက်ကျန် ပန်းနုရောင်ပင် ကွယ်ပျောက်နေလေပြီ။

ဒုက္ခဝေဒနာကို ညည်းညူနေဟန်ရှိသော သံလွင်မြစ်၏ အထက်ကျောက်ဆောင်ပေါ်မှာ "ဒေါက်တာနေမင်းထက်" ထိုင်နေသည်ကို နန်းဝေဝေ တွေ့လိုက်ရပြီ။

ခုန်ရှုန်းမြန်လွန်းနေသော နှလုံးသားကို ရင်တွင်း၌ လေးလံစွာ သယ်ပိုးလျက် သူရှိရာအရပ်သို့ နန်းဝေဝေ တက်လာနေပြီဆိုသည်ကို သူမမြင်သေး။

"သမီးဈေးသွားနေတုန်း ဟိုဆရာဝန်လေးလာတယ် သမီး"

"ဖေဖေနဲ့ စကားပြောရင်း သူစောင့်နေပါသေးတယ်"

"သမီး မလာနိုင်တာနဲ့ ပြန်သွားတာ၊ ညနေကျရင် တွေ့ပါရစေတဲ့ ခွင့်တောင်းသွားလို့ ဖေဖေကတိပေးလိုက်တယ်၊ လွှတ်လိုက်မယ်လို့"





"အဲဒါ သမီးသွားတွေ့လိုက်ပါ"

"သမီးလျှောက်ရမယ့်လမ်းကို သမီးကိုယ်တိုင်ရွေးပါ"

"ဘယ်သူ့ကိုမှ မငဲ့နဲ့၊ သမီးကိုယ်တိုင်ဆုံးဖြတ်၊ ကဲ ဒေါက်တာနေမင်းထက် စောင့်နေရှာရော့မယ်၊ သမီးသွားတော့"

ဟူသော ဖခင်ကြီး၏ စကားများကို နာခံ၍သာ လာခဲ့ရပါပြီ။ ဖခင်နှင့်လည်း ဘာစကားမှ မဆိုဖြစ်ခဲ့။

ခြေသံသဲ့သဲ့ကြောင့် သူလှည့်ကြည့်လိုက်ပြီးသည်နှင့်. . .

"ဟာ. . . နန်းဝေ"

ကြည်ဝင်းသော မျက်နှာနှင့် လှမ်းကြို၏။

သူရှိနေရာ ကျောက်တောင်ကုန်းထိပ်သို့ လှမ်းတက်ခဲ့ရသည်။ သူလက်ကမ်းမလိုလုပ်ပြီးမှ လက်ကိုရုပ်သည်။

"နန်းဝေမှ လာပါ့မလားလို့၊ ကိုယ်စောင့်နေတာကြာပြီ"

"ဖေဖေပြောပြောချင်း ထွက်လာတာပါ၊ လာရတာဝေးလို့ ကြာနေတာပါ ကိုနေမင်းထက်"

"ဘာပဲဖြစ်ဖြစ် နန်းဝေ ကိုယ့်ဆီ ရောက်လာတာပဲ ဝမ်းသာလှပါပြီ"

သူ့မျက်နှာက တည်တည်ငြိမ်ငြိမ်။

"နေ့လယ်က နန်းဝေဖေဖေနဲ့ ကိုယ်နဲ့ အကြာကြီး ဆွေးနွေးကြတယ်"

"ဟုတ်. . . ဟုတ်ကဲ့"

"နန်းဝေရဲ့ အခက်အခဲကို ကိုယ်သိရပါပြီ နန်းဝေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နန်းဝေဆုံးဖြတ်ရ ခက်နေတယ် မဟုတ်လား၊ မခက်ပါနဲ့ နန်းဝေရယ်၊ ကိုယ်ဆုံးဖြတ်ပေးပါ့တယ်၊ ကိုယ်ဖယ်ပေးပါ့မယ် နန်းဝေ"

"အို"

"နန်းဝေရဲ့ တစ်ဘဝလုံးအတွက် လျော်ကန်သင့်မြတ်ဆုံး အဖြေကို ကိုယ်ရှာဖွေ တွေ့ရှိခဲ့ပါပြီကွယ်၊ နန်းဝေဟာ စောထူးသာနဲ့သာ အထိုက်တန်ဆုံးပါ"

"နန်းဝေဝေ ခေါင်းငုံ့ချလိုက်သည်၊ ရင်ထဲမှာ ကြေကွဲသည်လား၊ ကျေနပ်သည်လား၊ ကိုယ်တိုင်မဝေခွဲတတ်။

"ရင်ထဲမှာ ခံစားနေရသည်ကတော့ အမှန်"

"ဘာကို ခံစားတာလဲ" "ဘယ်သူ့အတွက် ခံစားတာလဲ" ဟူ၍ဖြင့် သရုပ်ခွဲမရပြန်။

"မြန်မာပြည်မှာ အမြင့်ဆုံးပညာရေးဘွဲ့ဖြစ်တဲ့ ဆရာဝန်ဘွဲ့ကို ကိုယ်ရရှိထားပါတယ်၊ ဒါပေမယ့် ကိုယ့်လိုအလုပ်မရနိုင်သေးတဲ့ ရိုးရိုး အမ်ဘီဘီအက်စ် ဆရာဝန်တစ်ယောက်ရဲ့ ဝင်ငွေကို ကိုယ်တွက်ပြမယ်နော် နန်းဝေ"

"လူနာတစ်ယောက်ကို ကုသခဟာ ဆေးဖိုးနုတ်လိုက်ရင် တစ်ယောက် တစ်ဆယ်အောက်ပဲရတယ်၊ ထားပါတော့။ တစ်ဆယ်ပဲရတယ်လို့၊ တစ်နေ့ကို လူနာဆယ်ယောက် ဆယ့်ငါးယောက်ပဲရတယ်ဆိုတာ နန်းဝေအသိပဲ၊ တစ်နေ့ နှစ်ရာ တစ်လခြောက်ထောင်၊ တစ်နှစ် ခုနစ်သောင်းနှစ်ထောင်၊ ထမင်းတစ်စေ့မှမစားဘဲ ဆယ်နှစ်လုံး ထိုင်စုရင်တောင်မှ ခုနစ်သိန်း





နှစ်သောင်းပဲ ရှိဦးမယ်၊ စောထူးသာပိုင်ဆိုင်တဲ့ငွေရဲ့ ထက်ဝက်တောင် မရှိနိုင်သေးပါဘူး နန်းဝေ"

"အို. . . နန်းဝေကို ဒီလိုမပြောနဲ့"

"ဟင်"

"နန်းဝေဟာ အဲဒီ သူတို့နှစ်ယောက်ကြားက လေလံပစ္စည်း မဟုတ်ဘူး"

"ဟာ. . . နန်းဝေ"

"ကိုစောထူးသာရဲ့အမွေ သိန်းနှစ်ဆယ်ကျော် ဆိုတာကိုလည်း မမက်ဘူး၊ ကိုနေမင်းထက်ရဲ့ ဆရာဝန်ဘွဲ့ကိုလည်း မမက်ဘူး"

"နန်းဝေရယ်"

"နန်းဝေ မေတ္တာပဲရချင်တယ်၊ စိတ်အေးချမ်းသာ အခြေကျချင်တယ်၊ အခု နန်းဝေဘဝ အခြေကျပြီ၊ ဖေဖေနဲ့လည်း နေရပြီ၊ နန်းဝေဘာမှ မလိုဘူး"

"နန်းဝေရယ်"

သူ ဘာမှမပြောတတ်တော့သလို ထပ်တလဲလဲသာ နန်းဝေရယ်ဟု ရွတ်ဆိုနေတော့သည်။

အချစ်ဆုံးကို စွန့်လွှတ်ပေးရမယ့် အချိန်မှာ ဝင်ငွေကိန်းဂဏန်းတွေ တွက်ပြနေမိတာ သူ့ရဲ့အမှား။

"ဟုတ်တယ် ကိုယ့်ရဲ့အမှားပါ၊ ကိုယ့်ဘဝရဲ့ အားရစရာမရှိတဲ့အဖြစ်တွေကို တင်ပြမိတာ ကိုယ်မှားသွားတယ်၊ ကိုယ်တောင်းပန်ပါတယ် နန်းဝေ"

"အခု နန်းဝေကို ခေါ်တွေ့တာ ဘာကိစ္စပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဒီမြေက အပြီးတိုင် ပြန်သွားပါတော့မယ်လို့ နှုတ်ဆက်ဖို့"

"အို"

"ဟုတ်တယ် နန်းဝေ၊ နန်းဝေရဲ့ဘဝမှာ ကိုယ်ဆိုတဲ့ ဒေါက်တာနေမင်းထက်တစ်ယောက်သာ ဖယ်ထုတ်လိုက်ရင် အားလုံး အဆင်ပြေသွားမှာပါကွယ်"

တစ်ယောက်နှင့်တစ်ယောက် မကြည့်ဖြစ်ကြ၊ နှစ်ဦးလုံး၏ အကြည့်က သံလွင်မြစ်ပြင်မှာ။

"နေ့ခင်းက ဦးလေး ဦးရဲသွေးက လက်ရှိအခြေအနေ အားလုံးကို တင်ပြပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြပါတယ်"

"ရုပ်ရှင်ထဲကလို ကိုယ့်ကို ရှောင်ခိုင်းတာမျိုး မဟုတ်ဘူး နန်းဝေ၊ ဦးလေးဟာ သိပ်ပြီး အတွေးအခေါ် ရင့်ကျက်တဲ့သူပါ၊ သူတင်ပြတာက စောထူးသာနဲ့ဆိုရင် သူရော နော်ဆေးဖော ရော နောက်ဆုံး ရွှန်းပါ အားလုံး အဆင်ပြေမယ်တဲ့၊ ဒါပေမယ့် တကယ်လို့ နန်းဝေက ကျွန်တော့်ကိုပဲ လက်ထပ်မယ်ဆိုရင်လည်း မောင်နေမင်းထက်ကို သူ ကျေကျေနပ်နပ် လက်ခံပါမယ်တဲ့"

"ဟင်. . . ဖေဖေက. . ."

"ဟုတ်တယ် နန်းဝေ၊ ပြီးတော့ ကိုယ့်ကို တစ်ခုတောင်းဆိုတယ်၊ နန်းဝေကိုယ်တိုင် ဆုံးဖြတ်ခွင့်ပေးပါတဲ့"

"နန်းဝေမဆုံးဖြတ်ခင် ကိုယ်အလျှင်ဆုံး ဆုံးဖြတ်လိုက်တယ် နန်းဝေ၊ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းနှစ်ချက်ကြောင့်ပဲ"





နန်းဝေဝေ ဘူ့ကို လှည့်ကြည့်မိသည့်တိုင် ဘူ့အကြည့်ကို သံလွင်မြစ်ပြင်မှာ ချထားဆဲ. . .

"ပထမအချက်က စောစောက တွက်ပြမိသလို နန်းဝေအတွက် နေထိုင်မှုရော ကြွယ်ဝမှုပါ ပြီးပြည့်စုံမယ်၊ မိသားစုနှစ်စုလည်း အဆင်ပြေကြမယ်၊ ဒုတိယအချက်က. . ."

"နန်းဝေကိုယ်တိုင် စောထူးသာကို ချစ်နေပါပြီ"

"ဟာ. . . မဟုတ်ဘူး"

ရုတ်တရက် ယောင်ယမ်း၍ပင် အော်လိုက်မိသည်။ ဒေါက်တာနေမင်းထက်က နန်းဝေဝေဘက်သို့ လှည့်လျက် အသေအချာ ကြည့်ရင်းက. . .

"ဟုတ်တယ် နန်းဝေ၊ နန်းဝေကိုယ်တိုင်တောင် သိချင်မှ သိမယ်၊ ဘေးကမြင်လိုက်ရတဲ့ကိုယ်က ပိုပြီး အကဲခတ်နိုင်စွမ်း ရှိပါတယ်ကွယ်"

"အို. ."

"နန်းဝေရေနစ်ပြီး ကိုယ့်ဆေးခန်းကို ရောက်လာတဲ့နေ့က စောထူးသာရှိနေရာကို မျက်လုံးလေး လှန်လှန်ကြည့်နေတဲ့အထဲမှာ ကျေးဇူးတင်ခြင်း၊ သနားခြင်း၊ အားကိုးခြင်းဆိုတဲ့ အကြည့်တွေနဲ့အတူ ချစ်ခြင်းမေတ္တာတွေ ပြည့်လျှမ်းနေတဲ့ မျက်ဝန်းဆိုတာ ကိုယ် တွေ့ခဲ့ရပါတယ် နန်းဝေရယ်၊ အဲဒီလို အကြည့်မျိုးနဲ့ နန်းဝေ ကိုယ့်ကို တစ်ခါမှ မကြည့်ဖူးခဲ့ပါဘူး"

စောထူးသာနှင့် ပတ်သက်လာလျှင် ရင်၌ ပို၍လှုပ်ရှားမိခဲ့သည်တော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဆေးရုံကို ကိုစောထူးသာ လိုက်မလာဘူးလေ၊ အဲဒီအချိန်မှာလည်း နန်းဝေ သူ့ကိုမျှော်နေတယ်ဆိုတာ ကိုယ်သိပါတယ်၊ အိပ်ဆေးရှိန် မပြယ့်တပြယ်မှာ "ကိုစောထူးသာ" ဆိုတဲ့အမည်ကို မကြာခဏ ရွတ်ဆိုခဲ့တယ်၊ အနားမှာရှိနေတဲ့ ကိုယ်ဟာ နန်းဝေရဲ့အဝေးကို ရောက်နေပြီး အဝေးကြီးမှာနေတဲ့ ကိုစောထူးသာက နန်းဝေရဲ့အသိထဲမှာ၊ အာရုံထဲမှာ၊ နှလုံးအိမ်ထဲမှာ ရှိနေပြီဆိုတာလည်း ကိုယ် သိခဲ့ရပါပြီ"

ရုပ်တုတစ်ခုလို နန်းဝေဝေ ငြိမ်သက်နေမိသော်လည်း နှလုံးသားကတော့ ယောက်ယက်ခတ်အောင် လှုပ်ရှားလျက်ပါ။

"အဲဒီနှစ်ချက်ကြောင့် ကိုယ် ဖယ်ပေးရုံတင် မဟုတ်ပါဘူး နန်းဝေရယ်၊ ကိုစောထူးသာဟာ ဒီကမ္ဘာပေါ်မှာ ဘယ်လူသားမှ သူ့လို မချစ်နိုင်တဲ့ အချစ်တွေနဲ့ နန်းဝေဝေကို ချစ်တယ်ဆိုတာလည်း ကိုယ် တွေ့ရပါပြီ. . .

ဒါကြောင့် ကိုယ့်ချစ်သူ နန်းဝေရဲ့ဘဝ မြင့်တက်လာမယ်၊ ပြီးတော့ နန်းဝေကို သိပ်ချစ်တဲ့လူ၊ နန်းဝေကလည်း မသိစိတ်နဲ့ ရင်ထဲမှာ ဝှက်သိုချစ်နေတဲ့လူနဲ့သာ အထိုက်တန်ဆုံးပါကွယ်. .

ဟော. . . ပြောရင်းဆိုရင်း ကိုယ်မှာထားတဲ့ ကိုစောထူးသာလည်း ရောက်လာပြီ"

"ဟင်. . ."

သူကြည့်ရာအရပ်သို့ လှမ်းကြည့်လိုက်တော့ တောင်ကုန်းငယ်ပေါ်သို့ တက်လာသော စောထူးသာကို တွေ့ရသည်။

ရေနစ်သည့်နေ့မှစ၍ စောထူးသာကို နန်းဝေဝေ တစ်ကြိမ်တစ်ခါမှ ပြန်လည်၍ မတွေ့ရှိရသေး. . .





ညှိုးရော်သောရုပ်သွင်၊ ချောင်ကျနေသောမျက်နှာ၊ ကြေကွဲသောအကြည့်တို့ဖြင့် နှေးလေးစွာ ကိုစောထူးသာ လျှောက်လာနေဆဲမှာ. . .

"ကိုယ် တစ်ခါတည်း နှုတ်ဆက်ပါတယ် နန်းဝေ၊ ကိုယ် အခုပဲ ဟိုဘက်ကမ်းကူးပြီး ပြန်ဝါတော့မယ်"

"ဟာ. . ချက်ချင်းကြီး၊ ပစ္စည်းတွေရော"

"ဒီမှာ ခရီးဆောင်အိတ်တစ်လုံးလေ၊ ကျန်တာတွေတော့ အိမ်ရှင်ဆီမှာ အပ်ခဲ့တယ်၊ နေထိုင်နားခိုစရာ တွေ့တော့မှပဲ ပို့ခိုင်းတော့မယ်လေ"

"အို. . . ကိုနေမင်းထက်ရယ်"

သစ်ပင်နောက်ကွယ်မှာ ရှိနှင့်နေသော ခရီးဆောင်အိတ်ကို သူ ကောက်လွယ်လိုက်ချိန်မှာ စောထူးသာ သူတို့အနီးသို့ ရောက်ရှိလာခဲ့သည်။

သူ့မျက်ဝန်းမှာ မျက်ရည်တွေဝေလျက် နန်းဝေဝေကို သူ ကြည့်သည်။ "စုံတွဲ"ဆိုသော အသိ သူ့ရင်မှာ ခိုဝင်နေလေပြီ။

"ကွန်ဂရက်ကျူလေးရှင်း ကိုစောထူးသာ"

လက်ဆန့်တန်းပေး၍သာ ဒေါက်တာနေမင်းထက်ကို လက်ဆွဲနှုတ်ဆက်ရသည်။ ဘာအဓိပ္ပာယ်မှန်း သူမသိသေး. . .

"ကျွန်တော် ဒီဘားအံ့က အပြီးပြန်တော့မလို့ နှုတ်ဆက်တာပါ ကိုစောထူးသာ"

"ဟင်"

"ခင်ဗျားသိပ်ချစ်တဲ့ နန်းဝေဝေ၊ ခင်ဗျားကို ပြန်ချစ်နေတဲ့ နန်းဝေဝေ. . .



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ချစ်သူနှစ်ယောက်ရဲ့ ဘဝတစ်လျှောက်လုံး အမြဲတမ်း လန်းဆန်းအေးချမ်းတဲ့ ချစ်ရိပ်တွေ ဝေကြပါစေလို့ ကျွန်တော် ဆုတောင်းခဲ့ပါတယ်. . .

ကဲ. . . ကိုစောထူးသာ၊ ကျွန်တော် သွားတော့မယ်နော်”

“ကိုယ်ပြန်တော့မယ်နော် နန်းဝေ”

သူတို့နှစ်ဦးလုံး နှုတ်ဆက်စကားတွေ တစ်ဆို့နေကြဖြင့် ခေါင်းသာ ညိတ်ပြလိုက်ကြရသည်။

မျက်ဝန်းက ဝေရီနေသော်လည်း ဒေါက်တာနေမင်းထက်၏ နှုတ်ခမ်းများက လှိုက်လှဲစွာ ပြုံးလာသည်။

“မုဒိတာအပြုံး”

“ချစ်သူနှစ်ဦးအတွက် ဝမ်းမြောက်ခြင်းရှိလှသော အပြုံး”

“ခွင့်လွှတ်သည့်အပြုံး”

“သူ့အချစ်ဆုံးအတွက် တစ်စုံတစ်ခု ပေးဆပ်ခွင့်ရရှိလိုက်သလို ကျေနပ်နှစ်သိမ့်သော အပြုံး”

အမိပ္ပာယ်မျိုးစုံ ဆောင်ကျဉ်းထားသော အပြုံးမျက်နှာနှင့် နောက်ဆုံးနှုတ်ဆက်ပြီး သူ တောင်ကုန်းငယ်ပေါ်မှ ဆင်းသက်ပျောက်ကွယ်သွားတော့သည်။

“နန်းဝေဝေ”

“ဟင်”

“အခုဖြစ်နေတာတွေဟာ တကယ်လားဟင်”

“အို”

“မယုံနိုင်အောင်ပါလားဗျာ၊ နန်းဝေဝေကို ခုလို ချစ်ခွင့်၊ ပိုင်ဆိုင်ခွင့် ရလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ရဲခဲ့ဘူး ခုတော့





ခုတော့ ကျွန်တော်မျှော်လိုက်တာ နန်းဝေဝေရယ်”

လှုပ်လှုပ်ရှားရှား တုန်တုန်ယင်ယင်ဖြင့် နန်းဝေဝေ၏ လက်ကို ဆွဲယူပြီး သူ့ရင်မှာ ဖိအပ်ထားလိုက်သည်။

နန်းဝေဝေ၏ ရင်ထဲမှ နှလုံးသားထက်ပင် သူ့ရင်ခုန်နှုန်းက မြန်နေ၏။

“ကိုစောထူးသာ”

“ဗျာ. . . နန်းဝေဝေ”

“ကိုစောထူးသာ အမွေတွေရလို့ နန်းဝေက လက်ခံလိုက်တယ်လို့ ထင်မလားဟင်”

“ဟာဗျာ. . . နန်းဝေဝေရယ်၊ ဒီငွေက ဘာလုပ်ဖို့လဲ၊ ဒီအမွေနဲ့ နန်းဝေဝေနဲ့ နှစ်ခုအနက် တစ်ခုပဲ ရမယ်ဆိုရင် ကျွန်တော် နန်းဝေဝေကိုပဲ ရချင်တယ်၊ ငွေသိန်းနှစ်ဆယ်နဲ့လည်း မလဲနိုင်ဘူး၊ အို ဘာနဲ့မှ မလဲနိုင်တဲ့ ကျွန်တော့်ဘဝရဲ့ အဖိုးတန်ဆုံး ရတနာဟာ နန်းဝေဝေပါပဲ အချစ်ရယ်”

သူ့စကားသံလေးများက နန်းဝေဝေ၏ ရင်တွင်းသို့ အေးငြိမ်းစွာ အစီအရီ စီးမျောလာသည်။

တကယ့်ကို နန်းဝေဝေအတွက် သူခံစားခဲ့ရရှာသည်။ ယခုလည်း တကယ့်ကို မျှော်ရှင်ကြည်နူးနေရှာသော စောထူးသာကို မြင်တွေ့ရချိန်မှာ ရင်၌ ခံစားမှုသစ်တို့ ဖြစ်ထွန်းလာသည်။

ဤခံစားမှုသည် သနားခြင်း၊ အားကိုးခြင်း ဆိုသော အခြေခံများမှ ပေါက်ပွားလာသော “အချစ်”ပင် ဖြစ်ပါသတည်း။

“နန်းဝေဝေ”

“သူ့ရယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ထားသော နန်းဝေဝေ၏ လက်ကလေးကို တအား ဆွဲယူ၍ ကြမ်းတမ်းစွာ ပွေ့ဖက်ထားလိုက်ပြီး. . .

"နန်းဝေဝေ၊ ကျွန်တော်သိပ်ချစ်ရတဲ့ ကျွန်တော် သိပ် မြတ်နိုးရတဲ့ နန်းဝေဝေရယ်"

နန်းဝေဝေသည်လည်း ခွန်အားကြီးသောသူ့ကို ပြန်လည် ဖက်တွယ်ထားမိသည်။

"ချစ်တယ်၊ သိပ်ချစ်တယ်၊ သိပ်မျှော်တယ်ဗျာ"

စောစောဆီက မှိုင်းဝေနေသော ဝန်းကျင်တစ်ခုလုံး ကြည်လင်ပသွားလေပြီ။ ဖွဲကပင်တောင်ခြေ တစ်ဝိုက်ဆီမှ သဘာဝအလှအပများအားလုံး တောက်ပစွာ ပို၍လှလာကြသည် ထင်ရ၏။

အချစ်ဆုံးနှစ်ယောက်၏ ချစ်ခြင်းမေတ္တာသည်လည်း ဇွဲကပင်တောင်ခြေမှ အရိပ်ကဲ့သို့ဝေ၏။ သူတို့နှစ်ဦး၏ သစ္စာ တရားသည်လည်း ဇွဲကပင်တောင်ကြီး၏ ကျောက်သား ကျောက်ဆိုင်ကဲ့သို့ တည်မြဲခိုင်ခံ့ပါလေမည်။

"နန်းဝေဝေ"

"ရှင်"

"ကျွန်တော့်ကို ချစ်ရဲ့လားဗျာ"

"ပြောနေဖို့ လိုသေးလားကွယ်"

"ဟာ. . . ဗျာ"

တင်းတင်းကျစ်ကျစ်ကြီး ဖက်ပွေ့ထားသော စောထူးသာ ၏ ရင်ခွင်တွင်းမှာ နန်းဝေဝေ မျက်လုံးစုံမှိတ်၍ မှီကပ်ထားလိုက် မိသည်။





သံလွင်မြစ်ပြင်ထဲမှ ပဲ့ချိတ်လှေပေါ်တွင် သူတို့နှစ်ဦးကို ကျောခိုင်းလျက် လိုက်ပါသွားရှာသော ဒေါက်တာနေမင်းထက် ၏ ရုပ်လွှာကိုပင် အချစ်ဆုံးချစ်သူနှစ်ယောက်တို့ လုံးမမျှော်၍ မကြည့်မြင်ကြတော့ပါ။

◇ ◇ ◇

ပြီးပါပြီ

◇

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

ဇွန်လ၊ ၈ ရက်၊ ၁၉၈၈ ခု။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com